www.burmeseclassic.com

# ပန်းသိမ့်ခိုင်

# သူကျေနပ်ရင် ခွင့်လွှတ်တယ်

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုးပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
ံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စာမူခွင့်ပြုချက်အမှတ်
၁၅၆၃/၂၀၀၃ (၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၁၃၁၀၅၀၂

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
၂၀၀၅ ခုနှစ် ဇွန်လ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"သမီး...သေသေချာချာ စဉ်းစားပြီးပြီလား"

"ဟုတ်ကဲ့ ဒေါ်လေး"

ဒေါ်လေးနွေက စူးစူးစိုက်စိုက် အကဲခတ်သလို ကြည့်လာသည်မို့ သက်ပြင်းတစ်ချက်ကို တိတ်တခိုး ရှိုက်လိုက်မိသည်။

"တကယ် ဆုံးဖြတ်ပြီးပြီပေါ့"

"ဟုတ်ကဲ့"

ခေါင်းကို ခပ်ဆတ်ဆတ် ညိတ်မိသည်။

"အင်းပေါ့လေ။ ထက်ထက် ဆုံးဖြတ်ပြီးသားဆိုရင်တော့ ဒေါ်လေးနွေ မတားချင်ပါဘူး။ ထက်ထက်က တော်ပြီးတတ်ပြီးသားပဲ။ အရာရာကိုလည်း စဉ်းစားချင့်ချိန်တတ်နေပြီပဲ"

ဒေါ်လေးနွေက တွေးတွေးဆဆပြောရင်းမှ ကော်ဖီပန်းကန်လုံးကို လှမ်းယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေးနွေ့ သဘောမကျဘူးလား။ ထက်ထက် ဆုံးဖြတ်တာ မှားနေလို့လားဟင်"

ကော်ဖီကို တစ်ချက်မော့သောက်ပြီး ကော်ဖီပန်းကန်လုံးကို စားပွဲပေါ် ပြန်တင်လိုက်၏။ ပြီးမှ ဒေါ်လေးနွေ့က...

"ထက်ထက် သဘောပါလေ။ ဒေါ်လေးနွေ့က သမီး ပင်ပန်းမှာ စိုးတာ တစ်ခုပါပဲ"

"ဒေါ်လေးနွေ့ရယ်"

ထက်ထက်က ဒေါ်လေးနွေ့၏ စေတနာကို နားလည်ပြီးသားပါ။

ခုလည်း ဒေါ်လေးနွေ့ ထက်ထက် စိတ်ပန်းလူပန်းဖြစ်မှာကို စိုးရိမ်လို့ပြောနေမှန်း ထက်ထက်သိနေသည်။

"ကဲ... သမီး၊ ကော်ဖီသောက်လိုက်ဦး။ မုန့်စားပြီးမှ ဆက်ပြော တာပေ့ါ"

မေထက်ကို ကရားထဲမှ ကော်ဖီကို စိတ်မပါသလိုငှဲ့ပြီး မော့ချလိုက်သည်။ ပြီးတော့ ကိတ်မုန့်တစ်ချပ်ကို စိတ်မပါစွာ စားလိုက်၏။

တူမချောကိုကြည့်ရင်း ဒေါ်လေးနွေ့ အသနားပိုရသည်။

တကယ်ဆို သူလေးခမျာ အနားယူချိန်ရယ်လို့ မရှိရှာ။

အစားအသောက်ကိုလည်း မနည်းကြီး အချိန်ယူစားနေရသည်။

ခက်ခဲနက်နဲသည့် ဆေးကျောင်းစာများကတစ်ဖက်၊ တစ်လ





ခြား တစ်ခါ မှန်မှန်ထွက်နိုင်ဖို့ လုံးချင်းဝတ္ထုရေးရသည့်တာဝန်ကတစ်လုပ်။

'ဆေးကျောင်းသူ စာရေးဆရာမ'ဆိုသည့် ဂုဏ်ပုဒ်လေးကတော့ ထည်ဝါပါသည်။ ခံ့ညားပါသည်။ သို့သော် ရရှိသည့်ဂုဏ်လေးနှင့်မမျှအောင် တာဝန်တွေကြားထဲမှာ ပိနေလေသည်။

သို့ပေမယ့် ထက်ထက်က ပျော်နေသည်။ တာဝန်တွေကြားထဲမှာ မြုပ်နေသည်ကိုပင် ကျေနပ်နှစ်သိမ့်နေသည်ဆိုတော့လည်း မတားရက်။

မပိတ်ပင်လို။

ထက်ထက်လို ချောမောလှပပြီး ချမ်းသာသည့် မိန်းကလေး တစ်ဦးအဖို့ သည်လောက်ကြိုးစားနေစရာမလိုပါပေ။

ထက်ထက်က သည်အယူအဆကို လက်မခံ။

ထက်ထက်က အမြဲကြိုးစားနေရတာကို နှစ်သက်တယ်။ ကြိုး စားရင်းနဲ့ ရှင်သန်နေရတဲ့ဘဝက လောကကြီးမှာ အဓိပ္ပာယ်အရှိဆုံးပဲ။

သည်တော့ ဒေါ်လေးနွေ့ ဘာတတ်နိုင်တော့မလဲ။

ထက်ထက် ပင်ပန်းသည်ကို လက်ပိုက်ကြည့်နေရုံသာ ရှိတော့သည်ပဲ။

အခုလည်း ထက်ထက် ပင်ပန်းရမည့်ကိစ္စတစ်ခုက ဝင်လာပြန်သည်။

"ဒေါ်လေးနွေ့"

www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ သမီး"

"ဒေါ်လေးနွေက ထက်ထက် ပင်ပန်းမှာ စိုးရိမ်နေပြီလား ဒေါ်လေးရယ်။ သမီး မမသက်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ဒေါ်လေးနွေ အသိပါ။ ဒေါ်လေးနွေ ထက်ထက်ကို ချစ်သလို ထက်ထက်လည်း ထက်ထက် တူမလေးကို ချစ်တယ်"

သည်အကြောင်းများကို တွေးမိတိုင်းပြောမိတိုင်း စိတ်နိုင်သော ထက်ထက် မျက်ရည်ဝဲရစမြဲ။

"ထက်ထက်တူမလေးကို ဆွေမဲ့မျိုးမဲ့ သူစိမ်းတွေအလယ်မှာ ပစ်ထားနိုင်စွမ်း ထက်ထက်မှာ မရှိဘူး။ ထက်ထက် သူ့ဘဝလေးကို သနားတယ်။ တွေးကြည့်မိရင် အိပ်လို့တောင် မပျော်တော့ဘူး။ ထက်ထက်တို့ ခုလို တိုက်ကြီးပေါ်မှာ ပန်ကာအောက်မှာ ဇိမ်ကျနေခိုက် သူလေးခမျာ ဘယ်လိုနေရှာမလဲ"

"ဩော်... သမီးထက်ရယ်"

သည်လိုစိတ်ထားဖြူစင် မြင့်မြတ်လွန်း၍လည်း သည်လောက် အောင်မြင်မှု၊ ကျော်ကြားမှုတွေ တစ်ပွေ့တစ်ပိုက်နှင့် ဖြစ်နေရခြင်းပေလား မသိနိုင်။

ကိုယ်ချင်းစာတရားနှင့် အကြင်နာတရားတို့ကို လက်ကိုင်ထားပြီး သူ့ဘက်ကိုယ်ဘက် မျှကြည့်တတ်သည့် စိတ်ဓာတ်က လူတိုင်းမှာ မရှိနိုင်။

သည်လိုစိတ်ဓာတ်ကို လက်ကိုင်ထားသူများက တစ်နည်းနည်းဖြင့် ဘဝတွင် အောင်မြင်မှု ရကြသည်သာ။





ထက်ထက်ဆိုသည့် မေထက်ကို ကိုပင်ကြည့်။ ခုမှ အသက်က နှစ်ဆယ်ဝန်းကျင် ရှိသေးသည်။ အောင်မြင်မှုတွေက မနည်း။

ပညာရေးတွင်လည်း ပါရမီအကျိုးပေးက ထူးလေတော့ ဆေးတက္ကသိုလ် တက်ခွင့်ရသည်။

အနုပညာနယ်ပယ်တွင်လည်း အောင်မြင်နေသူ တစ်ယောက်။

ရုပ်ရည်ကလည်း သူများနှင့်မတူ။ တစ်ခါကြည့်ပြီးနောက် တစ်ခါ ထပ်မကြည့်ဘဲ မနေနိုင်။

သူမ၏ ဖြူစင်စိတ်က မျက်နှာတွင် လာရောက်ကပ်ငြိနေသည်လားမသိ။

ချစ်စရာလေး၊ ချစ်စရာလေးဟု လူတိုင်းပြောကြရသည်။

"ဒေါ်လေး စဉ်းစားကြည့်ပါ။ သူစိမ်းဆိုတာ ဘယ်လိုလုပ်ကောင်းနိုင်မလဲ"

ထက်ထက်အသံကြောင့် ဒေါ်လေးနွေ၏ အတွေးတို့ ပြတ်သောက် ကုန်သည်။

"သမီး မြင်ဖူးလား"

"မမြင်ဖူးပါဘူး။ ဘယ်လိုလုပ် မြင်ဖူးမလဲ ဒေါ်လေးရဲ့။ ထက်ထက်က မိဘမကြိုက်တာ မလုပ်ချင်ပါဘူး။ ခုလည်း သမီး လုပ်ချင်တာတွေကို ခွင့်လွှတ်ပါလို့ တမလွန်က ဖေဖေနဲ့မေမေကို တောင်းပန်ရမှာပဲ"

ထက်ထက်က နေရာမှထရင်း ပြောသည်။ ပြီးတော့ပြတင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ရှိရာသို့ လျှောက်သွားပြီး ပုစွန်ဆီရောင် လိုက်ကာလေးကို မ,တင်ရင်း အပြင်ဘက်ကို ငေးကြည့်လိုက်သည်။

ရောင်စုံပန်းပင်တို့ ဖူးပွင့်ဝေဆာနေသော ခြံကျယ်ကြီးက မျက်စိအေးစရာပါ။

သို့သော် ထက်ထက်ရင်ထဲ အပျော်တို့ ခိုဝင်မလာပါ။

ရင်ထဲမှာ ဆို့နစ်နစ်နှင့် ကြေကွဲနေရသည်။

ထက်ထက်ဘဝမှာ ခုလိုအဖြစ်မျိုးတွေနှင့် ကြုံတွေ့လိမ့်မည်ဟု ဘယ်တုန်းကမှ မတွေးမိခဲ့။

သတိတရားနှင့် ဉာဏ်ကိုယှဉ်ကာ ကြမ္မာဆိုးကို ကြံ့ကြံ့ခံနိုင်အောင် ကြိုးစားခဲ့ရသည်။

ခုတော့ ထက်ထက် တည်ငြိမ်စပြုလာပါပြီ။

လုပ်သင့်လုပ်ထိုက်သည်များကို ခေါင်းအေးအေးထားပြီး ဆောင်ရွက်ရပေမည်။

"သမီးထက်ထက်"

"ရှင်..."

ဒေါ်လေးနွေက ထက်ထက်ပခုံးလေးကို သိုင်းဖက်ရင်းမှ ခေါ်လာသည်။

"လူတစ်ယောက်ကို ပြုစုပျိုးထောင်တယ်ဆိုတာ လွယ်တဲ့အလုပ် မဟုတ်ဘူး သမီး။ သမီးမြင်နေရတဲ့ ပန်းခင်းတွေထဲက ပန်းလေးတွေလို ရေလောင်းပေါင်းသင် မြေဩဇာကျွေးရုံနဲ့ မလုံလောက်ဘူးသမီး"

"ထက်ထက် ဒေါ်လေးနွေပြောတာ လက်ခံပါတယ်"

"ပန်းဆိုတာ သက်မဲ့။ လူဆိုတာက သက်ရှိ။ ပန်းတစ်ပွင့် ရှင်သန်လာဖို့က လူတစ်ယောက်ဘဝ ဖြောင့်ဖြူးအောင်လုပ်ဖို့ထက် အများကြီး လွယ်ပါတယ်ကွယ်"

ဒေါ်လေးနွေကို ထက်ထက် တစ်ချက်မော့ကြည့်ဖြစ်သည်။

ရှင်းသန့်သော မျက်နှာနှင့် သေသပ်စွာ ဖြီးထားသော ဆံပင်က ကျက်သရေ ရှိလှပါသည်။

တပ်ထားသော မျက်မှန်ကပင် ဒေါ်လေးနွေကို ပိုခန့်စေသလိုပါ။

ဒေါ်လေးနွေကို ထက်ထက် ချစ်ပါသည်။

ဖေဖေနှင့် မေမေ ကွယ်လွန်ခဲ့ပြီးနောက်ပိုင်း ဒေါ်လေးနွေသာ ထက်ထက်၏ တွယ်တာစရာ အားယားစရာပင်။

ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ပေမယ့် လောကအလယ်မှာ တစ်ယောက်တည်း ရပ်တည်လို့ရသည်မှ မဟုတ်။

ဒေါ်လေးနွေကြောင့် ထက်ထက်ဘဝလေး လုံခြုံမှုရှိသည်။

"လူတစ်ယောက်ကို ပညာသင်ကြေး ထောက်ပံ့တယ် ဆိုတာ လွယ်ပါတယ်။ ဒါပေမယ့် အိမ်မှာခေါ်ထားပြီး အစစအရာရာ သင်ပေးဖို့ကျတော့ သမီးထင်သလောက် လွယ်ပါ့မလား"

"သမီး ဒီကိစ္စကို လေးလေးနက်နက် စဉ်းစားပြီးမှ ဆုံးဖြတ်ခဲ့တာပါ။ သမီးလိုပဲ သမီးရဲ့တူမလေးလည်း ထက်ထက်မြက်မြက် ဖြစ်လာစေရမယ်။ ပညာတတ်တစ်ဦးဖြစ်လာစေရမယ် ဒေါ်လေး"







www.burmeseclassic.com

www.burmeseclassic.com



"အင်း...သမီး စိတ်မလေးဖို့တော့ လိုတယ်နော်။ သမီး အချိန်ယူပြီး ကြိုးစားရလိမ့်မယ်။ စရိုက်ခပ်ကြမ်းကြမ်းတဲ့ သမီးရဲ့"

"ဟုတ်ကဲ့၊ ခက်ခဲတဲ့ကိစ္စဆိုတာ သမီး နားလည်ပါတယ်။ ပြောရမယ်ဆိုရင် သမီးအတွက် ဝတ္ထုတစ်အုပ် ရေးရတာထက် ပို ခက်မယ်ဆိုတာ ထက် သိပါတယ်"

"သမီးက ဒေါ်လေးနွေပြောချင်တာကို ဒက်ခနဲသိပါတယ် လေ"

"သမီးတူမလေးကို သမီး Standard (အဆင့်အတန်း) ရှိစေ ချင်တယ်"

"အခု သူ့အသက်က ဘယ်လောက်လဲ သမီး"

"ဆယ့်တစ်နှစ်တဲ့ ဒေါ်လေး"

"သိပ်မငယ်တော့ဘူး"

"ဟုတ်တယ် ဒေါ်လေး။ နောက် နှစ်နှစ် သုံးနှစ်ဆိုရင် အရွယ်ရောက်လာတော့မှာ။ သမီး ဘယ်လိုလုပ် ပစ်ထားရက်မှာ လဲ"

"ဒေါ်လေးနွေက ဒီအတိုင်းချည်း ပစ်ထားပါလို့ ပြောတာမှ မဟုတ်ဘဲ သမီးရယ်"

"ဒေါ်လေးပြောသလို အဝေးကနေ ကြည့်ရှုစောင့်ရှောက် ရင်လည်း ရတော့ရတာပါပဲ။ ဒါပေမယ့် ထက်က သူ့ကို အတတ် ပညာရော အသိပညာရော သင်ပေးချင်တာ"

"အင်း"





"အတန်းပညာတစ်ခုတည်းနဲ့ ဘဝမှာ မလုံလောက်ဘူး လေ။ အသိအလိမ္မာဆိုတာလည်း လူ့ဘဝမှာ တတ်ထားသင့်တဲ့ အရေးပါတဲ့ ပညာတစ်ခုပါ။ ဒီပညာကို သမီးကမှ မသင်ပေးရင် သမီးတူမလေး ရမှာ မဟုတ်ဘူး"

"ဒေါ်လေးနွေကလည်း မြေးတော်တာပါပဲ။ ဒါပေမယ့် အဝေးက မြေးထက် အနီးက တူမကို ပိုချစ်နေတယ်လေ။ သံယော ဇဉ်ဆိုတာ နီးစပ်ရာကို တွယ်မိတတ်တာကိုး"

ဒေါ်လေးနွေက ပြုံး၍ပြောရင်း ထွက်ခွာသွားသည်မို့ ထက်ထက် တစ်ယောက်တည်း ထမင်းစားခန်း၌ ကျန်ရစ်ခဲ့သည်။

အင်းစိန်တစ်ဖက်ကမ်းရှိ ရွာလေးကို မထက်သွားရဦး မည်။

မထက်တူမလေးက အဲသည်မှာ ရှိနေသည် မဟုတ်လား။

ဘယ်လိုအခြေအနေရှိသည်ကို မသိရသေး။

ရှိုင်းရှိုင်းစိုင်းစိုင်းလေးလား။

ဘာပဲဖြစ်ဖြစ် အခြေအနေအဆိုးကြီး မဟုတ်ပါစေနှင့်ဟု သာ ဆုတောင်းရသည်။

မမသက်ရယ်။

မမသက်က မချစ်လို့ ပစ်သွားရက်ပေမယ့် မထက်က မမသက်လို အသည်းမမာနိုင်ဘူး။

နေရာတကာ ပျော့ညံ့တဲ့ အားငယ်တတ်တဲ့ မမသက်က ပြတ်ပြတ်သားသား ပြသွားခဲ့သော်လည်း မထက်က လျစ်လျူ မရှုနိုင်။



www.burmeseclassic.com

www.burmeseclassic.com



"လောကကြီးမှာနေရတဲ့ လူ့သက်တမ်းက တိုတိုလေးရယ်။ စိတ်ဆင်းရဲနေလို့ ဘာလုပ်မလဲ။ စိတ်ချမ်းသာဖို့က အရေးကြီးတာ။ နောက်တော့လည်း အားလုံးပြေလည်သွားမှာပဲ"

မမသက်၏ စကားများက ခုထက်ထိ ကြားယောင်နေဆဲ။

နောက်တော့ ပြေလည်သွားမှာပါတဲ့။ မပြေလည်လို့သာ မေထက် အခု လိုက်ရှင်းနေရတာပေါ့။

မမသက်က လောကကြီးကို စိတ်ချမ်းသာစွာထားခဲ့ပြီး ထွက်သွားပေမယ့် မမသက်ရဲ့ ရင်သွေးလေးက ဒုက္ခတွေဝေပြီး ကျန်ရစ်ခဲ့ရှာတယ်။

"ဒီမှာ မမသက်။ ကိုယ်လုပ်ခဲ့တဲ့ အပြစ်ဆိုတာကို ကိုယ်တစ်ယောက်တည်း ခံရရင်တော့ ကောင်းတာပေါ့။ ဘာမှ အပြစ်မရှိတဲ့ မေထက် တူမလေးကို ဂျူးစက်လာမှာ မေထက် စိုးရိမ်တာ"

မမသက်ကို မေထက် သည်လိုပြောခဲ့တုန်းက မမသက်က...

"အို... ဒါကတော့ မေထက်က ကိုယ့်အပူ ကိုယ်ရှာတာပဲ။ သတ္တဝါတစ်ခု ကံတစ်ခုပဲ။ သူ့ဘဝနဲ့သူ ဖြစ်လာမှာပေါ့။ သူ့ဘဝမှာ ကောင်းဖို့ကံ ပါရင် ကောင်းမယ်။ ဆိုးဖို့ကံ ပါရင် ဆိုးမယ်။ ဒါ ဆန်းသလား"

မေထက်ကို သက်ပြင်းနက်နက် ရှိုက်မိပြန်သည်။

မမသက်ရေ အခုကော မမ ထက်ကို ကိုယ့်အပူ ကိုယ်ရှာတယ်လို့ တမလွန်ကနေပြီး ပြောနေဦးမှာလား။





မေထက်တူမလေးကို သူစိမ်းတွေအလယ်မှာ သည်လိုပဲ ခဲ့ထားရမလား။

သူ့ဘဝလေး ယိုင်လဲသွားမှာ မိခင်ဖြစ်တဲ့ မမသက်က မစိုးရိမ်နိုင်ပေမယ့်...

ပူပန်မှုကင်းစွာ နေနိုင်ပေမယ့်...

စိတ်ချစွာ ထားရစ်ခဲ့နိုင်ပေမယ့်...

မေထက်က မနေနိုင်ဘူး။

မေထက်တို့ရဲ့ တစ်ဦးတည်းသော မျိုးဆက်လေး။

ဟုတ်တယ်လေ။

မမသက်ရယ်၊ မေထက်ရယ်ရှိတာကမှ ညီအစ်မ နှစ်ယောက်။

အခု ကျန်ခဲ့ဟဲ့ တူမလေးက မမသက်ရဲ့ မျိုးဆက်လေး။

နောက်ထပ် လိုချင်ပါတယ်ဆိုရင်တောင် မရနိုင်တော့ပါဘူး။

မေထက်ရဲ့ မေတ္တာတွေကို သေတဲ့အထိ မမသက် နားလည်မသွားတာ မေထက် ရင်နာတယ်။

တွေးမိတိုင်း ဝမ်းနည်းတယ်။

တကယ်ဆို ညီအစ်မ နှစ်ယောက်တည်းရှိတာ မမသက်ယောက် ကို သည်လောက် ဥပေက္ခာပြုနိုင်လိမ့်မယ်လို့ မထင်ဘူး။

သေဆုံးတာကိုတောင် အကြောင်းကြားခိုင်းခြင်း မရှိတဲ့ယောက်ကို မေထက်ဘယ်လိုနားလည်ရမလဲ။

www.burmeseclassic.com

www.burmeseclassic.com



မေထက် မမသက်ကို ဘယ်တုန်းကမှ နားမလည်ခဲ့ပါဘူးလေ။ အသက် ကွာဟချက်ကိုက မေထက်နဲ့ မမသက်ကို စိမ်းစေသလိုပါ။

မေထက် မမသက်ကို မမုန်းပါဘူး။

ဒါပေမယ့် စိတ်နာတယ်။

ဖြစ်များဖြစ်နိုင်ရင်လေ မမသက်ရဲ့သမီးလေးကို သည်အတိုင်း ပစ်ထားလိုက်ချင်တယ်။

မေထက်ကို ဘယ်သူကမှ အပြစ်တင်မှာ မဟုတ်ပါဘူး။

မေထက်က အသည်းမမာဘူးလေ။

မိဘအသိုက်အဝန်း ဆွေမျိုးဆိုတာကို မေထက်က ချစ်တတ်တယ်။

အဲသည်လို ချစ်တတ်ခြင်းကပဲ မေထက်ကို နှောင့်ယှက်နေတာပါလေ။

မေထက် စိတ်ဆင်းရဲစရာကြုံလာရင် ဆွေမျိုးကြောင့်ပဲ။

အထူးသဖြင့် မမသက်ကြောင့်ပါပဲ။

လောကကြီးမှာ နေရတဲ့အချိန်လေးက တိုတိုလေး။

မမသက်ပြောခဲ့သလိုပဲ မမသက်ဘဝက တိုခဲ့ပါတယ်။

ကျန်ရစ်ခဲ့တဲ့ မေထက်မှာသာ မလူးသာမလွန့်သာ။

အင်း… ငါ့တူမလေးက မွေးကတည်းက ကံဆိုးသူပါလေ

အဖေနဲ့အမေက ရှေ့ဆင့်နောက်ဆင့်ဆုံး။

အဘိုးအဘွားတွေကလည်း စိတ်နာလို့ လှည့်ပင်မကြည့်





ခုတော့ အဘိုးအဘွားတွေကလည်း မရှိရှာတော့။

မေထက်ရယ်၊ ဒေါ်လေးနွေရယ်သာ သူ့အတွက် အနီးစပ်ဆုံး ဆွေ မျိုးတွေပေါ့။

ကလေးမလေးရဲ့ နာမည်ကိုတောင် မေထက် မသိရသေး။

မမသက်ရယ်၊ သည်လောက်တောင် မေထက်တို့ကို သံယောဇဉ် ဖြတ်နိုင်လိုက်တာ။

❷



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

မေထက်ကို သိုးမွေးခံပုလေးကို ဆွဲယူထိုင်ချလိုက်ရင်းမှ…

"နေခြည်…ရောက်နေတာ ကြာပြီလား"

"ဟင့်အင်း…အခုပဲ။ ဒေါ်လေးနွေက မေထက် ရေချိုးနေတယ်ဆိုလို့"

"အင်းလေ… နေခြည် အဆင်ပြေရဲ့လား"

"မဆိုးပါဘူး။ ဘွားလေးက တော်တော် အသည်းအသန် ဖြစ်နေတာပာ။ နေခြည့်ကို မပြန်စေချင်ဘူး။ သွားပါ။ အခုမှ လာမေးမနေနဲ့။ ခေါ်တုန်းက မလိုက်ဘဲနဲ့… ဟွန်း"

နေခြည်က မျက်စောင်းထိုးရင်း စစ်တုရင်ရုပ်များကို စီနေလေသည်။

"နေခြည်ရယ်၊ မေထက် လိုက်ချင်တာပေါ့"

"ဘာလဲ။ မအားလို့ပါလို့ ပြောမလို့လား။ ကျောင်းလည်း ပိတ်ထားတာပဲ"





"အားပါတယ်ကွာ။ မေထက်ဘဝမှာ ဒီတစ်ခါပဲ လူက အားပြီး စိတ်က မအားတာ ကြုံဖူးသေးတယ်"

"ဘယ်လို…"

နေခြည်က မေထက်ကိုကို အထူးအဆန်းဖြစ်စွာ မော့ကြည့်သည်။

"မေထက်… ဘာဖြစ်လို့လဲ"

ပြီးမှ စိုးရိမ်ကြီးစွာ မေးလာသည်။

"မေထက်လည်း နေခြည်ပြန်အလာကို စောင့်နေတာ"

"အင်း… ဆိုပါဦး"

"ဖြည်းဖြည်းပေါ့ နေခြည်ရယ်။ မေထက်တို့ တစ်ပွဲလောက် အရင် ကစားရအောင်"

"အင်းလေ။ ကောင်းသားပဲ"

စစ်တုရင်ရုပ်လေးများကို ငေးကြည့်ရင်း မေထက် တွေဝေနေမိသည်။

ဘုရင်နှင့် ဘုရင်မကို အရှေ့က ပွန်းလေးတွေက အကာအကွယ် ပေးထားသည်။ ဘုရင်တွေ ဘုရင်မတွေတောင် အကာအကွယ် လိုသေးရင် မေထက်တို့မလေးက ပိုမလိုဘူးလား။

မေထက် မဆီမဆိုင် တွေးနေမိသည်။

"မေထက်"

"ဘာလဲ နေခြည်"

"မေထက်ကိုကြည့်ရတာ စိတ်မပါသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



မေထက်ကို ငြိမ်နေလိုက်သည်။

နေခြည် သူငယ်ချင်းမကို စူးစိုက်စွာကြည့်မိသည်။

မေထက်ကိုက မျက်တောင်လေးစင်းရင်း စစ်တုရင်ရုပ်လေးတွေကို ငေးနေသည်မို့ နေခြည်က မေထက်ကိုကို တစ်ချက်ငေးကြည့်ဖြစ်သွားသည်။

ရေချိုးပြီးစ မေထက်မျက်နှာလေးက ဝင်းမွတ်နူးညံ့နေသည်။

အခြယ်အသကင်းသော မျက်နှာဖွေးနုနုက အပြစ်ကင်းစွာလှနေသည်။

မျက်တောင်ကော့ကော့ကြီးများနှင့် နှာတံလုံးစင်းစင်းလေးက အသည်းယားစရာ။

နီထွေးထွေး နှုတ်ခမ်းဖူးဖူးလေးနှစ်မြွာက ရဲရဲစိုနေသည်။

မည်းမှောင်နေသော ဆံပင်ထွေးထွေးကြီးက ကျောလယ်မရောက် တရောက်ခန့် ရှိသည်။

ကြက်ဥနှစ်ရောင် ပါတိတ်ဝမ်းဆက်လေးနှင့်မို့ ဖြူသော အသားက ထင်းနေသည်။

အိမ်နေရင်း လက်ပြတ်လေးနှင့်မို့ လက်မောင်းသားဝင်းဝင်းလေး များကို အတားအဆီးမဲ့စွာ မြင်နေရသည်။

"မေထက်"

"ဟင်..."

"နောက်မှ ကစားတာပေါ့ဟာ။ ဘာပြောမှာလဲ။ ပြောလေ"





"မဟုတ်ပါဘူးဟာ။ ငါ စိတ်ငြိမ်သွားအောင် အရင်ကစားချင်တာ"

မေထက်ကို၏ဆန္ဒကို လိုက်လျောသည့်အနေဖြင့် နေခြည်အစား လိုက်ရသော်လည်း စိတ်က မပါလှ။

ထို့ကြောင့် ခါတိုင်းမပြီးနိုင်သောပွဲက သည်နေ့တစ်ခဏနှင့် ပြတ်သွားသည်။

မေထက်ကိုနှင့် နေခြည်စိမ့်က လက်ညီသည် မဟုတ်လား။

"နေခြည်"

"ဟင်..."

"ဘာဖြစ်နေတာလဲ"

"မေထက်ပြောမှာ သိချင်နေလို့ ကစားရတာ စိတ်မပါဘူး"

"ဖြစ်ရမယ်လေ"

မေထက်ကိုက အားမပါဘဲ ဖျော့တော့စွာပြုံးသည်။

"နေခြည် မန်းပြန်လက်ဆောင်တွေ ယူလာတယ်။ မေထက်နဲ့ နေခြည် ဆင်တူဝတ်ရအောင်လည်း ကြိုးချိတ်ကြီးတွေ ဝယ်လာခဲ့တယ်။ ဒါပေမယ့် မေထက်ကို ကြည့်ရတာနဲ့တင် နေခြည် စိတ်ပျက်သွားပြီ။ မေထက်မျက်နှာ အရမ်းညှိုးနေသလိုပဲ"

မေထက် သက်ပြင်းကို ဖွဖွရှိုက်ရင်း ခပ်တိုးတိုး ညည်းမိသည်။

"နေခြည်ရယ်၊ မေထက် နေခြည်သွားခါနီး လာခါနီး မပြောချင်လို့ စိတ်မကောင်းဖြစ်နေမှာစိုးလို့ မပြောတာ။ နေခြည်ပြန်



www.burmeseclassic.com

www.burmeseclassic.com



အလာကို နေ့တိုင်း မျှော်နေတယ်"

"ဒါကြောင့် နေခြည် ဟိုမှာ ကြာကြာနေလို့မရတာ ထင်ဟယ်။ ရန်ကုန်ပဲ ပြန်လာချင်နေတယ်"

နားဆွဲ ရှည်ရှည်ကြီးနှင့် လှပသော နေခြည်ကို မေထက် ပြုံးပြမိ သည်။

နေခြည်နှင့် မေထက်က သူငယ်ချင်းတွေ။

သူငယ်ချင်းဆိုသည့်စကားက မေထက်နှင့် နေခြည့်အတွက် မသုံး သင့်သည့်စကား။

တကယ်တော့ နေခြည်နှင့် မေထက်က ညီအစ်မအရင်းများ သဖွယ် ချစ်ခင်ကြသည်။

တစ်ယောက်နှင့်တစ်ယောက် တိုင်တိုင်ပင်ပင် ရှိကြသည်။

တစ်ယောက်အခက်အခဲတွေ့လာလျှင် တစ်ယောက်က ဖြေရှင်းပေးစမြဲ။

စိတ်ဆိုးလည်း ခဏ။

မခေါ်ဘဲ မနေနိုင်ကြပါပေ။

ဆယ်တန်းအောင်တော့ မေထက်ကိုက ဆေးတက္ကသိုလ် တက်ဖို့ အမှတ်မီသည်မို့ ဆေးကျောင်းတက်ခဲ့ရသလို နေခြည်က အင်္ဂလိပ်ဂုဏ်ထူးဖြင့် အောင်မြင်သူမို့ အီးမေဂျာ (အင်္ဂလိပ်စာ အဓိက)ယူပြီး ကျောင်းတက် သည်။

အခုဆို မေထက်က ဒုတိယနှစ် (MB) စာမေးပွဲကို ဖြေထားသလို နေခြည်က တတိယနှစ်။





"နေခြည်"

"ဟင်... ပြောလေ"

"မမသက်လေ"

"မမသက်ဟုတ်လား။ သူ ပြန်ရောက်နေပြီလား"

နေခြည်က မျက်လုံးလက်လက်များဖြင့် အိမ်ဘက်သို့ လှမ်းကြည့်ရင်း တအံ့တသြဆိုနေသည်မို့ မေထက် ငိုချင်နေသည့်ကြားမှ ရယ်ချင်သွားရသည်။

"သူ ဘယ်လိုပြန်ရောက်လာတာလဲ။ သူ့သမီးလေး ဆိုတာကော ပါလား"

"ခက်ပါလား နေခြည်ရယ်"

မေထက်ကို ခေါင်းကိုဖြည်းညှင်းစွာ ခါယမ်းရင်းမှ ရေရွတ်မိသည်။

"ဟင်... ဖြေလေ မေထက်"

မေထက် ခေါင်းအငုံ့ဝယ် မျက်ရည်နှစ်စက်က ပါးပြင်ပေါ်သို့ လွင့်စဉ်ကျလာသည်။

မငိုဘူးဟု အားခဲထားရင်းမှ မမသက်အတွက် ပထမဆုံး မျက်ရည်နှစ်စက်က တားမရ ဆီးမရစွာ ကျဆင်းလာပြီကော။

"နေခြည်ရယ်၊ မမသက်လေ အဲဒီလောက်သာ မေထက်တို့ကို ချစ်ရင် မေထက် သိပ်ကျေနပ်မယ့်သူပါ။ မေထက်တို့အိမ်မှာ ပြန်လာနေဖို့များ မမသက် စိတ်ကူးရင်လေ မေထက်လောက် ပျော်တဲ့သူ ကမ္ဘာပေါ်မှာ ရှိပါ့မလား နေခြည်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



တုန်တုန်ခိုက်ခိုက် အသံကြောင့် နေခြည် လန့်သွားမိသည်။

မေထက် ငိုနေသည်ပဲ။

"မေထက်"

"ဘာလဲ နေခြည်"

"ဘာပဲဖြစ်ဖြစ်ပေါ့ဟာ။ စိတ်ဆိုတာကို နိုင်ရတယ်ကွလို့ မေထက် ပြောဖူးတယ်လေ"

"အင်း... မေထက် မမသက်နဲ့ပတ်သက်ပြီး ဒီတစ်ခါ ငိုတာ ပထမဆုံးပါပဲ"

"ဩော်"

နေခြည်က မမသက် ပြန်ရောက်နေလို့လားလို့မေးတော့ မေထက် အရှမ်းစိတ်မကောင်း ဖြစ်သွားရတယ်။

"ဆောရီးကွာ။ နေခြည်က စွတ်ပြောလိုက်မိတာ"

"ရပါတယ်။ ထက်ထက်တို့က တောင်းပန်ရမယ့် သူတွေမှ မဟုတ်ဘဲ"

"ဒါနဲ့မေထက်။ မမသက်က ဘာဖြစ်လို့လဲ"

"မမသက် ဆုံးသွားပြီ"

"ဘာ... ဘာပြောတယ်"

နေခြည်က တုန်လှုပ်စွာနှင့် ခုန်ထလိုက်၏။ ပြီးမှ သက်ပြင်း တစ်ချက်ချရင်း ပြန်ထိုင်လိုက်သည်။

ပြီးတော့ မေထက်ကိုလည်း အံ့ဩသလိုကြည့်မိသည်။

အစ်မတစ်ယောက်လုံး ဆုံးသွားသည့်ကိစ္စကို မေထက်





သည်လောက် စိတ်အေးနေတာကို နေခြည် အံ့ဩမိသည်။

ခံစားရဖန်များလွန်းတော့ ရိုးသွားသည်ထင့်။

"မေထက်"

"ဟင်..."

"မေထက်ရယ်"

နေခြည်က မေထက်လက်လေးကို ဖွဖွလေးဆုပ်ကိုင်ပြီးမှ အားပေးသလို ဖျစ်ညှစ်လိုက်မိသည်။

"နေခြည်က မေထက်ကို အားပေးတာလား"

မေထက်ကိုက တစ်ချက်ပြုံးရင်း ခနဲ့သလိုပြောလာသည်။

မေထက်အကြောင်းကို နေခြည်အသိဆုံး။

ဘယ်သူ သနားတာမှ မေထက်မခံချင်ဘူး။

မေထက်ပြောဖူးသည့်စကားသေးကို အမှတ်မထင် ပြန်ကြားယောင်လာမိသည်။

"မဟုတ်ပါဘူး မေထက်ရာ"

မေထက် စိတ်ကျေနပ်စေရန် နေခြည်အလိုက်သင့် ပြန်ဖြေရင်း မေထက် လက်ကလေးကို လွှတ်လိုက်ရသည်။

"မေထက်"

"ပြောလေ"

"နေခြည် မေထက်ကို တကယ် လေးစားတယ်။ သဘော ထည်း ကျတယ်"

"ဘာလဲ၊ နေခြည်က အချင်းချင်း ကပ်မြှောက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးဟာ။ နှင့်စိတ်ခံစားကို ငါတကယ်ကြိုက်တာပါ"

"အဟင်း... မကြိုက်နဲ့။ အခုလေးတင် နှင့်ရှေ့မှာ ငိုပြီးပြီ"

နေခြည် ခေါင်းကို အသာယမ်းသည်။ ပြီးတော့ လက်ချောင်းတွေ ကို ဆံပင်ထဲထိုးသွင်းကာ ဆံပင်တိုတိုလေးကို ဖွပစ်လိုက်၏။

စိတ်ရှုပ်ထွေးလာသည့်အခါ နေခြည် သည်လိုပဲ ပြုမူတတ်သည်။

"ဘာလဲ နေခြည်စိတ်ညစ်သွားပြီလား"

"မညစ်ပါဘူး။ ဒါနဲ့ မေထက် သကြိုဟ်ဖို့ မစီစဉ်ဘူးလား"

"ဆုံးတာဖြင့် သုံးနှစ်ကျော်ပြီဥစ္စာ"

"ဟ... ဘယ်လိုကြီးလဲ။ မေထက် ပြောပုံက ခုမှ ဆုံးသွားပုံမျိုးကြီး"

"အင်းလေ... မေထက်က ခုမှ သိတာကိုး"

"ဟင်... ပြောလေ ပိုနားမလည်လေပါပဲလား"

"ရှင်းအောင်ပြောမယ်။ နားထောင်"

"အင်း"

"နေခြည် မန္တလေးမသွားခင် တစ်ရက်လောက်က ညဘက်ကြီး ဖုန်းလာတယ်။ မမသက်ဆုံးသွားတာ သုံးနှစ်ရှိပြီ ဖြစ်တဲ့အကြောင်းရယ်၊ ကလေးလေးတစ်ယောက် ကျန်ရစ်ခဲ့တဲ့အကြောင်းရယ်ကို ဖုန်းဆက်ပြောတာပဲ"





"ဪ..."

"ငါလေ မမသက်လုပ်ပုံတွေကို ပြန်တွေးကြည့်ရင် တကယ်ရင်နာတယ်"

"အခုမှတော့ ခွင့်လွှတ်လိုက်ပါတော့ဟယ်"

"အင်းလေ... ငါလည်း ခွင့်လွှတ်ပြီးသားပါပဲ"

"သူတို့က သုံးနှစ်ကြာမှ ဘာလို့ပြောရတာလဲ"

"အခုမှ စုံစမ်းလို့ရလို့ နေမှာပေါ့။ မမသက်က မေထက်ဆီကိုသာ တစ်ခါတစ်ခါ စာရေးတာ။ သူ ဘယ်မှာနေလဲ မေထက်မှ မသိတာ"

"အင်းကွာ... စိတ်ခံစားကတော့ တကယ်ပြတ်တာပဲ"

"အဲဒါ ငါလည်း ကြားကြားချင်း တော်တော်လန့်သွားတယ်။ မေထက်တို့က မွေးချင်းနှစ်ယောက်ပဲရှိတာ မဟုတ်လား"

"ငါဆိုရင်တော့ အဲဒီနေရာမှာတင် လဲမှာပဲ။ မေထက်က ခံနိုင်ရည် ရှိပါသေးတယ်"

"အဟင်း... မေထက်လည်း ခံစားရတာပါပဲ"

"အခု အဲဒီကလေးကလေးကရော"

"အင်း... မေထက် ပြောချင်တာက အဲဒီအကြောင်း"

နေခြည်က စစ်ဘုရင်ရုပ်များကို ဘူးလေးထဲ ပြန်ထည့်နေခြင်းမှ နားစွင့်နေသည်။

"မေထက် အဲဒီကလေးကို သွားခေါ်မလို့"

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



နေခြည် အံ့သြစွာနှင့် မေထက်မျက်နှာကို မော့ကြည့်မိသည်။

နေခြည်က စူးစူးစိုက်စိုက်ကြည့်လာသည်မို့ မေထက် မသိမသာ အကြည့်လွှဲနေမိသည်။

"ဒေါ်လေးနွေက ဘာပြောလဲဟင် မေထက်"

"မေထက် သဘောပဲတဲ့။ မေထက် ပင်ပန်းမှာကို မလိုလားဘူးနဲ့ တူပါတယ်"

"အင်း... အဲဒါလည်း ဟုတ်တာပဲ။ ပြီးတော့ မေထက်က အားနေတဲ့သူ မဟုတ်ဘူး"

"မေထက် စဉ်းစားပြီးပါပြီ။ ကလေးကလည်း သိပ်ငယ်တော့တာမှ မဟုတ်တာ"

"အဝေးကနေ ထောက်ပံ့ရင်ကော"

"ဒေါ်လေးနွေကလည်း အဲဒီလို အကြံပေးတာပါပဲ။ မေထက်တို့ ခြံက အကျယ်ကြီးပဲဟာ။ လူတစ်ယောက်လာနေလို့ ဘာမှမဖြစ်ပါဘူး"

"အင်း..."

"ဒါပေမယ့် ဒေါ်လေးနွေက ဟိုဘက်က အမျိုးတွေ ရှုပ်မှာကိုသာ စိုးရိမ်နေတာ"

မေထက်က လာချပေးသွားသော ဘာလီနှစ်ခွက်ကို ကောက်ယူရင်း တစ်ခွက်ကို နေခြည်ထံ လှမ်းပေးလိုက်သည်။

"သောက်လိုက်လေ"





နေခြည်က ဘာလီရည်ကို စိတ်မပါသလို မော့ချလိုက်သည်။

"နေခြည်"

"ဟင်..."

"မေထက်တို့ကိစ္စကြောင့် နေခြည်လည်း စိတ်ညစ်သွားပြီထင်တယ်"

"မဟုတ်တာ။ ဘာလို့စိတ်ညစ်ရမှာလဲ။ မေထက်ကိစ္စက နေခြည့် ကိစ္စလိုပါပဲ"

"ဝမ်းသာပါတယ် နေခြည်"

မေထက်ကိုက ဖန်ခွက်ကိုချထားရင်း နေခြည်ကို လှမ်းပြောသည်။

"နေခြည်ရယ်၊ သူ့ခေါ်မှတော့ သူ့အမျိုးတွေက ဘယ်လိုလုပ် မပါဘဲ နေမလဲ"

"အင်း... အဲဒါ ခက်တာပဲ"

"မေထက်လည်း အဲဒါတစ်ခုပဲ စိတ်ညစ်နေတာ"

"ကလေး အခြေအနေကရော"

"မေထက်မှ မမြင်ဖူးသေးပဲ"

"မေထက် ဘယ်လိုထင်လဲ"

"အူမတောင့်မှ သီလစောင့်နိုင်မယ်ဆိုတာ နေခြည်ကြားဖူးတယ်မဟုတ်လား"

"အင်းလေ"

"အရမ်းကြီး ဆင်းရဲနေတော့ စာရိတ္တက ဘယ်ကောင်းနိုင်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခြေအနေမကောင်းဘူးလို့ ဆိုချင်တာလား"

"မေထက်တော့ အဲဒီလိုထင်တာပဲ"

"ကိုယ့်လက်ထဲရောက်မှ ပြုပြင်ယူရမှာပေါ့နော် မေထက်"

"အင်း"

"မေထက်က စဉ်းစားတွေးခေါ်တတ်သူပဲ။ မေထက် ဆုံးဖြတ်တာ မှန်မှာပါ။ အကောင်းဆုံးကို မေထက် ရွေးပြီး ဆုံးဖြတ်နိုင်မှာပါ"

နေခြည့်စကားကြောင့် မေထက် ပြုံးလိုက်သည်။

"မေထက် ဘယ်တော့ သွားမလဲ"

"ရှေ့အပတ်ထဲမှာ သွားတာပေါ့"

"တစ်ခါတည်း ခေါ်ခဲ့မှာလား"

"အဲဒါကတော့ အခြေအနေအရပဲ"

"အင်းလေ... စဉ်းစားနိုင်လေ အမှားနည်းလေပဲလေ"

"ပြဿနာတွေထဲမှာ လူမှုရေးပြဿနာက အခက်အခဲဆုံးနဲ့ ရှင်းရအခက်ဆုံးပဲလို့ မေထက် ဆိုချင်တော့တယ်"

"ကဲပါ မေထက်ရယ်၊ ပျော်ပျော်နေရအောင်ပါ။ ညနေစာကို နေခြည်တို့အိမ်မှာ လာစား။ လက်ဆောင်တွေလည်းကြည့်ရင်းနဲ့ မကောင်း ဘူးလား"

"ကောင်းသားပဲ"

❷



အခန်း (၃)

"ကလင်... ကလင်"

မေထက်ကို ဖတ်လက်စ စာအုပ်ကို ခဏချရင်း တယ်လီဖုန်းနား ရောက်သွားရသည်။ ခုနလေးတင် နေခြည်က ဖုန်းဆက်သည်။

ခြံချင်းကပ်လျက်ပေမယ့် နေခြည်က ဖုန်းအမြဲသုံးတတ်သည်။

အခုတစ်ခါ ဘယ်ကမှန်းမသိသောဖုန်းက မြည်လာပြန်သည်။

စာပေတိုက်ကများလား။

ဇဝေဇဝါအတွေးနှင့်အတူ ဖုန်းခွက်ကို ကောက်ကိုင်လိုက်မိသည်။

"ဟုတ်ကဲ့... အမိန့်ရှိပါရှင်"

"ထက် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်...ကိုခ၊ ကိစ္စထူး ရှိလို့လားဟင်"

"ဟင့်အင်း... မရှိပါဘူး။ ထက်မမ ဆုံးသွားလို့ဆို"

"အင်း..."

"ကိုယ် စိတ်မကောင်းပါဘူး"

"ကျေးဇူးပါပဲရှင်"

"ထက် ဘာလုပ်နေလဲ"

"စာဖတ်နေတယ်လေ"

"အနှောင့်အယှက်ဖြစ်သွားပြီလား"

"အင်း..."

"ဟောဗျာ... ဟန်တောင်မဆောင်ပါလား။ ကိုခကို အားမနာဘူး လား"

"ဟင့်အင်း"

"ကောင်းရောပဲ"

မေထက်ကို လွင်လွင်လေးရယ်ရင်းမှ...

"မေထက်မှ ညာမပြောတတ်တာ"

"မှသားမပါ လက်ာမ်ချောတွဲ"

"ဟင့်အင်း... မကြားဖူးပါဘူး"

"လုပ်ပြီ၊ စာရေးဆရာမကြီးကတော့"

"ကိုခကော ဘာလုပ်နေလဲ"

"ဂစ်တာတီးနေတာ။ မေထက်ကို သတိရလို့ ဖုန်း လှမ်းဆက်တာလေ"





မေထက်ကို သက်ပြင်းတစ်ချက်ကို မသက်မသာ ချဖြစ်သည်။ အခုတလော မေထက်မှာ အလုပ်တစ်ခုပိုနေသည်။ သက်ပြင်းချရသည့်အလုပ်။

"မေထက်"

ရှူးရှူးအသံက မေထက်နားထဲ စိမ့်ဝင်သွားသည်။

"မေထက်"

"ဘာလဲ ကိုခ"

"ကိုယ် မေထက်ကို အားပေးဖို့ မလိုဘူး မဟုတ်လား။ မေထက်က စိတ်ခိုင်တာပဲ"

"ကိုခ မေထက်ကို လှောင်တာလား"

"ဟာ... မဟုတ်ပါဘူး မေထက်ရာ။ ကိုယ် တကယ် ပြောတာပါ"

"အဲဒါဆိုရင်တော့ ထပ်ဆင့် ကျေးဇူးပါပဲ"

"မေထက် နေကောင်းရဲ့လား"

"လူလား၊ စိတ်လား"

"နှစ်ခုစလုံးပေါ့"

"လူက နေကောင်းပါတယ်"

"စိတ်က နေမကောင်းဘူးပေါ့ ဟုတ်လား"

"အင်း..."

"မေထက်ကလည်းကွာ၊ ဘာကို စိတ်ဆင်းရဲနေတာလဲ"

"ဘာကိုမှန်း မေထက်ကိုယ်တိုင်လည်း မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်တော့ မေထက် မလွယ်တော့ဘူး"

ပြုံးသံပါပါနှင့်ဆိုလာသည်မို့ ကိုခ နောက်နေမှန်း မေထက် သိလိုက်သည်။

"မေထက်"

"ဘာလဲ ကိုခ"

"မေထက် စိတ်ချမ်းသာအောင်နေပါကွာ"

မေထက် ဘာမျှပြန်မဖြေမိ။

"မေထက်"

"ဟင်..."

"ကြားရဲ့လား"

"အင်း..."

"ကိုခပြောတာ နားထောင်မယ် မဟုတ်လား"

"ဟင့်အင်း"

"တောက်"

"ဟင်းဟင်း... ဟင်းဟင်း"

"စိတ်ညစ်တဲ့လူက ရယ်နေပြန်ပြီ။ မေထက် ဒီနေ့ တကယ့်ကို တစ်မျိုးဖြစ်နေတာပဲ"

"စတာပါ ကိုခရယ်"

"ကျောင်းပြန်ဖွင့်တော့မယ်နော် မေထက်"

"အင်း"

"မေထက် ပျော်လား"





"ပျော်သားပဲ။ ဘာဖြစ်လို့လဲ"

"အခု ကျောင်းပိတ်ရက်မှာ မေထက် လူကြီးဆန်သွားသလိုပဲ"

"ဟောတော့်... ကိုခက ကြံကြံဖန်ဖန်"

"တကယ်ပြောတာ မေထက်ရဲ့။ ကိုခ မေထက်ဆီ မရောက်တာ ကြာပြီ။ ဒါပေမယ့် မေထက် စကားပြောပုံကိုက အရင်လို ကလေးမဆန်တော့ဘူး"

"ဟုတ်လို့လား"

"ဟုတ်တယ်။ ကိုခ မေထက်ကို မြင်ချင်လာပြီ"

"အားရင် လာခဲ့ပေါ့"

"မေထက် ဘယ်နေ့အားလဲ"

"အခု အားနေတာပဲ"

"ဒါဆို ကိုခ လာခဲ့မယ်"

"အင်း"

"မေထက် စောင့်နေနော်"

"အင်းပါ"

"နေခြည်ကော ရှိလား"

"ရှိတယ်။ အခုပဲ မေထက်ဆီ ဖုန်းဆက်သေးတယ်"

"ဒါဆို ကောင်းတာပေါ့။ နေခြည် မန္တလေးက ပြန်ရောက်တာ ကြာပြီလား"

"ဟ... အင်း၊ နှစ်ရက်ပဲ ရှိသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်လာရင် ဘက်မင်တန် (ကြက်တောင်) ကစားရအောင်နော် မေထက်"

"ဟွန်း... ကိုခက နိုင်ဖြင့်မနိုင်ဘဲနဲ့ မကစားချင်ပါဘူး ပျင်းစရာကြီး"

"သက်သက်ညှာပြီး အလျှော့ပေးထားတာကို"

"ကိုခနော်။ ရှုံးလည်းရှုံးသေးတယ်။ အဲဒီလို မခံချင်အောင် မပြောနဲ့"

"စတာပါကွာ။ ကဲ ကိုယ်လာခဲ့မယ်"

"အင်း"

မေထက် တယ်လီဖုန်းလေးကိုချရင်း ဒရင်းဘက်(ဒ်)ပေါ် ထိုင် လိုက်မိသည်။

ကိုခနှင့် မေထက် ကျောင်းပိတ်ကတည်းက မဆုံဖြစ်။

ကိုခက ဟောက်ဆာဂျင် (အလုပ်သင်ဆရာဝန်) ဆင်းနေရသူ။

မေထက်အပေါ် ဂရုစိုက်သလို ကူညီမှုလည်း ရှိသည်။

မေထက်ကလည်း ခင်မင်မိပါသည်။

"သမီးလေး"

"ဟာ... ဒေါ်လေးနွေ ပြန်လာပြီ"

ဗိုလ်ချုပ်ဈေးမှ ပြန်လာသော ဒေါ်လေးနွေကို အတွေးကောင်းနေ၍ မေထက် မမြင်မိ။

"ဒီမှာ သမီးလေးအတွက်"





"ဟယ်... လှလိုက်တာနော်"

မေထက်က ခရမ်းရောင် သစ်ခွခိုင်လေးကို ကြည့်ရင်း မြူးမြူးလေး ဆိုလာသည်မို့ ဒေါ်လေးနွေ ပြုံးလိုက်မိသည်။

"ငါ့တူမက ဒီနေ့တော့လည်း ကလေးလိုပါပဲလား"

"ဒေါ်လေးနွေကလည်း"

"ကဲ... သမီး လုပ်စရာရှိတာ လုပ်တော့။ ဒေါ်လေးကော်ဖီ ဖျော်လိုက်ဦးမယ်"

"အင်းပါ"

ဒေါ်လေးနွေက မေထက်အခန်းထဲမှ ခပ်သွက်သွက် ထွက်သွားသည်မို့...

"ဒေါ်လေး"

"ပြောလေ သမီး"

"ကိုခ လာမယ်တဲ့"

"ဟုတ်လား။ အေး... အေး။ ဒါဆို ဒေါ်လေးနွေ စားစရာ ညှပ် ထားပေးမယ်"

ဒေါ်လေးက သည်လို အလိုက်သိသည်။

မေထက်ပြောချင်တာကို မပြောခင်ကတည်းက ကြိုသိနေဘာ်သည်။

"မေထက်ရေ"

"လာပြီ ကိုခ"

ကိုခက ကားထဲမှဆင်းရင်း မေထက်ကို ပြုံးပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"လာလေ ကိုခ"

လူခ မေထက်ကို စူးခနဲကြည့်ဖြစ်သွားသည်မို့ မေထက်က မလုံ မလဲပြုံးရင်းမှ...

"ကိုခ ဘယ်လိုစိတ်ကူးပေါက်ပြီး ရောက်လာတာလဲ"

ကိုခက ဘာမျှပြန်မဖြေဘဲ မေထက်ဆီမှအကြည့်ကို လွှဲဖယ်သွား သည်။

"ဟာ... မေထက်တို့ခြံက သဇင်တွေ ပွင့်လှချည်လား။ အချိန်မဟုတ် အခါမဟုတ်"

"အင်းလေ အဲဒီသဇင်တွေက တစ်နှစ်လုံးလိုလို ပွင့်နေတာပဲ"

"မေထက် မပန်ဘူးလား"

"မေထက်မှ ပန်းမကြိုက်ပဲ။ ဟိုလေ ပန်းကိုကြိုက်ပါတယ်။ မပန်ချင်တာ"

"တစ်မျိုးပါလား"

လူခ မေထက်မျက်နှာ ဖွေးအိအိလေးကို တစ်ချက်ကြည့်ရင်း ဆို မိသည်။

"မေထက်က ပန်းလေးတွေဆိုရင် အပင်မှာ ပွင့်နေတာပဲ ကြိုက်တယ်။ ခူးရမှာ နှမြောတယ်။ ပန်ရမှာ ပိုတောင် နှမြော သလိုပဲ"

"အင်း... မေထက်က မိန်းကလေး မဟုတ်သလိုပဲ"

"အဟင်း"





မေထက်ကို အရှက်ပြေ ရယ်လိုက်မိသည်။

"မေထက်"

"ဟင်..."

"တကယ့်ကို ပြောင်းလဲသွားတာပဲ"

"ဘာကိုလဲ ဟင်"

"မေထက်ကို ပြောတာ"

"ဘာဖြစ်လို့လဲ"

"အရမ်း လူကြီးဆန်သွားတယ်"

လူခနှင့် မေထက် ဧည့်ခန်းဆီသို့ လျှောက်လာခဲ့ကြသည်။

"ထိုင်လေ ကိုခ"

လူခက ဧည့်ခန်းဆက်တီတွင် ဝင်ထိုင်လိုက်သည်။

"မေထက်"

"ဟင်"

"စာကော ရေးဖြစ်ရဲ့လား"

"မရေးလို့မှ မရဘဲဟာ"

"အင်း... တကယ်ပင်ပန်းတယ်ကွာ"

"မေထက်က ပင်ပန်းတယ်လို့ မတွေးမိပါဘူး"

"မေထက်ပင်ပန်းတာ မေထက် မျက်နှာက ဖော်ပြနေ သလိုပဲ"

"ဟင်... ဘာဖြစ်လို့"

"အမြဲတမ်း နွမ်းနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ကိုခရယ်... မေထက် ဒီအတိုင်းချည်း နေကို နေလို့ မရတော့ဘူး။ ပင်ပန်းတယ်လို့ ကိုခတို့ ထင်တဲ့ဘဝမှာပဲ မေထက် ပျော်နေ ပြီ"

"ကိုခ မေထက်ကို နိုင်အောင် မပြောနိုင်တာ ခက်တာပဲ"

မေထက် ဖွဖွလေးပြုံးသည်။

"သမီးထက်၊ မုန့်ရဲ့ကော်ဖီ စားရအောင်"

"ဟုတ်ကဲ့ ဒေါ်လေးနွေ"

မေထက် ကိုခဘက်လှည့်လိုက်သည်။

"ကိုခ လာလေ"

"အင်း... အားနာစရာကွာ"

"ဟွန့်..."

မေထက်က မျက်စောင်း လှမ်းထိုးလိုက်သည်မို့ လူခ ရယ်လိုက်မိ၏။

သူက မေထက်တို့အိမ်မှာ စားနေကျ။ သောက်နေကျ။

အခုမှ အားနာလိုက်တာဟု ပြောလာသည်ကို မေထက် ဘယ် ကျေနပ်ပါ့မလဲ။

"မေထက်"

"ဟင်..."

"ဒေါ်လေးနွေက တကယ် အချက်အပြုတ် ကောင်းတယ်။ မေထက် သင်မထားဘူးလား"

"ဟင့်အင်း"





"ဘာလို့ မသင်တာလဲ"

"ချက်တတ်ရင် ချက်မိမှာစိုးလို့"

"ဟာ... တယ်ကောင်းတဲ့ စိတ်ကူးပဲ"

"အင်းလေ... မတတ်တော့ မလုပ်မိဘူး။ မကောင်းဘူး လား"

"မေထက် တကယ် မချက်တတ်ဘူး ဟုတ်လား"

"အင်း... အဟုတ်ကို မချက်တတ်တာ"

"ကိုခ ယုံတောင် မယုံချင်ဘူး"

"မေထက် တကယ်ပြောတာ"

"အင်းလေ... မေထက်က ချက်ပြုတ်ဖို့ အချိန်မှ မရှိပဲ"

မေထက်ကို တစ်ဖက်သို့လှည့်ကာ ပြုံးနေမိသည်။

မေထက်ကို ဘယ်လိုထင်သွားပြီလဲ မသိ။

အထင်သေးသွားပြီလား။

"...ဘက်မှာက အထင်ကြီးစရာချည်းပါပဲ။ တစ်ခုလောက် တော့ အထင်သေးစရာ ရှိထားဦးမှ။"

❷



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"နေခြည်"

"ဟင်…"

"တော်တော် ဝေးသားနော်"

"အင်းလေ… နေခြည် ဆာနေပြီ"

"မေထက်လည်း ဆာတာပါပဲ"

ကုန်းလမ်းတစ်သွယ်၊ ရေလမ်းတစ်ထွောက် လာခဲ့ရသော ခရီး ကြောင့် မေထက် မျက်နှာပြင်တွင် ချွေးစကလေးများ စို့နေ ပေပြီ။

ကမ်းနားကို မော်တော်ကပ်တော့ ရွာရှိလူတွေက မေထက် တို့ နှစ်ယောက်ကို အထူးအဆန်းသဖွယ် ကြည့်နေကြသည်။

"မေထက်"

"ပြော"

"အိမ် သိလို့လား"





"ဟင့်အင်း"

"စုံစမ်းကြည့်ရမှာပဲ"

နေခြည်က အနီးရှိလူကြီးတစ်ဦးအား လှမ်းမေးလိုက်သည်။

"ဘဘ"

"ပြော ကလေးမ၊ ဘဘတို့ ဘာကူညီရမလဲ"

"ဒီလိုပါ၊ ဒီရွာမှာ မမသက်၊ အဲလေ… 'မေသက်ကို'ဆိုတာ နေခဲ့ဖူးပါတယ်နော်"

"သြော်… သမီးတို့ ရောက်လာပြီကိုး။ မေထက်ကိုဆိုတာ သမီး လား"

ဘဘက နေခြည့်အမေးကို မဖြေဘဲ ပြန်၍မေးခွန်းထုတ် နေသည်မို့ နေခြည် အမ်းသွားရသည်။

"ဘဘပဲ ဖုန်းဆက်ပြောခဲ့တာပဲ"

"ဖြော… ဟုတ်လားဘဘ။ မေထက် ကျေးဇူး တကယ့်ကို တင်တာပါ"

မေထက်ကိုက ကျေးဇူးတင်စကား ဝင်ရောက်ပြောဆိုရင်း မှ မေထက်ကို မေထက်မှန်း သိအောင် ပြောလိုက်ရသည်။

"မယုံပါဘူးကွယ်။ ဘဘက ဒီလောက်မြန်မြန်ကြီး သမီးတို့ ရောက်လာလိမ့်မယ် မထင်ဘူး။ ပွင့်ပွင့်လင်းလင်းပြောရရင် ဒီ ကလေးမလေးအပေါ် ဒီလောက် သံယောဇဉ် ရှိကြလိမ့်မယ်လို့ မထင်ဘူး"

ဘဘ၏စကားကြောင့် မေထက်ရင်ထဲ ကျဉ်ခနဲ ဖြစ်သွားရ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကလေးခမျာ သူဝမ်းသူကျောင်းရင်း နေရတာ သုံးနှစ်တောင် ရှိပြီ မဟုတ်လား"

မေထက် သက်ပြင်းရှိုက်မိပြန်သည်။

မေထက်တို့အဖြစ်ကို သည်ရွာကလူတွေ ဘယ်သိပ့်မလဲလေ။ မမသက်ရေ၊ မေထက်ကို ပြောနေကြပြီ။

မမသက် မေထက်တို့ကို ရက်စက်သွားတာကျတော့ သူတို့ မသိကြဘူး။

"လာလေ သမီးတို့၊ ဘဘအိမ်မှာပဲ နားကြပေါ့"

နေခြည်နှင့် မေထက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့် လိုက်ကြသည်။ ဇော်လေ့ဆယ် အချိန်မှာတော့ တည်းခိုဖို့ အိမ်ရပြီမို့ ကျေနပ်သွားရသည်။

"လာ... လာ... တက်ကြ"

ခြေတံရှည်အိမ်မြင့်ပေါ်သို့ ဘဘ၏ ဦးဆောင်မှုဖြင့်ရောက်လာခဲ့ ကြသည်။

"ဘဘအမည်က ဦးသာအောင်တဲ့။ ဒီရွာမှာတော့ ပျာ ရေးနာရေးကအစ ဘဘပဲ ဦးစီးလုပ်နေရတာပါပဲကွယ်"

"ဟုတ်ကဲ့ ဘဘ။ သမီးက မေထက်ကိုပါ။ သူက နေခြည် စိမ့်တဲ့"

မေထက်ကိုကလည်း အလိုက်သင့် ပြန်ပြောလိုက်သည်။

"မမသက်က မေထက်တို့ကို အဆက်အသွယ် မလုပ်တော့မေထက်တို့ ဒီကလေးကို ဘယ်မှာရှိမှန်း မသိကြဘူးလေ"





"ဪ... ဟုတ်လား"

"ဟုတ်တယ် ဘဘရဲ့။ အခုလည်း ဘဘပြောမှသာ မမသက် ဆုံးသွားတာ မေထက်တို့ သိရတာပါရှင်"

မေထက်ကိုက သိသင့်သည်များကို ပြောပြလိုက်သည်။

မေထက်တို့အပေါ် အမြင်ကြည်လင်စေရန်ပါ။

ဘဘဦးသာအောင်၏ အဖြစ်တင်သောလေသံက မေထက် တို့ကို မကျေနပ်မှန်း သိသာစေသည် မဟုတ်လား။

"အေးကွယ်။ ဘဘက မသိပါဘူး။ တမင်ပစ်ထားတယ် အောက်မေ့တာကွ"

"အဟင်း...ဟင်း..."

"ကဲ... ရေနွေးလေးဘာလေး သောက်ကြဦး။ သမီးတို့ နေ့လယ်စာစားဖို့ ဘဘ စီစဉ်ခိုင်းလိုက်မယ်"

"ဟာ... နေပါစေ ဘဘ။ မေထက်တို့ကြောင့် အလုပ်ပိုနေပါ့မယ်"

"မဟုတ်တာကွယ်။ သမီးတို့ ပင်ပန်းလာတာဆာရောပေါ့။ ဘဘ တို့ရွာက အစားအသောက် တကယ်ပေါပါတယ်။ ကျွေးဖို့ သည်း ဝန်မလေးကြဘူးလေ"

မေထက်လည်း အားနာ၍သာ ပြောလိုက်ရသည်။

တကယ်တော့ မေထက်တို့ ဆာနေပါပြီ။

ဘဘဦးသာအောင်က သွက်လက်စွာ ပြန်ဆင်းသွားသည် မှာ မေထက်နှင့် နေခြည်သာ ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့… မမတို့ အဆာပြေစားလိုက်ပါဦး။ ထမင်းက ချက်တုန်း"

ကောက်ညှင်းပေါင်း ပူပူနွေးနွေးနှင့် ငါးခြောက်ဖုတ် ဆီဆမ်းထား သည့်အနံ့က မေထက်တို့ကို ပိုလို့ဆာစေသည်မို့ မေထက်တို့ အားပါးတရ စားလိုက်မိ၏။

"မမ လိုတာပြောနော်"

"အေးကွယ် အေးအေး။ သြော် ဒါနဲ့ ညီမလေးက…"

အသားဖွေးဖွေးလေးနှင့် ချစ်စရာကောင်မလေးက မေထက်တို့ကို ပြုံးကြည့်ရင်းမှ…

"ညီမက ဘဘဦးသာအောင်ရဲ့ သမီးပါ"

"ဟုတ်လား"

"ဟုတ်ကဲ့။ မမက 'ဖွေး'နဲ့ အရမ်းတူတာပဲ"

မေထက်ကိုကို သေသေချာချာကြည့်ရင်း ပြောလာသည်မို့ မေထက်အံ့ဩသွားသည်။

"ဖွေး ဟုတ်လား"

"အင်းလေ… မမတို့ ဖွေးကိုခေါ်ဖို့ လာတာဆို"

မေထက်ကို စိတ်ထဲမှ ခေါ်ကြည့်မိသည်။

ဖွေး…။

ဖွေး…။

ဖွေးတဲ့လား။

"ဖွေးသူက မမနဲ့ တော်တော်ဆင်တယ်"





"အင်း"

"အရမ်းချစ်ဖို့ကောင်းတာပဲ။ ဒါပေမယ့်လေ မမမြင့်က သိပ်ဆိုးတာ။ ဖွေးသူလည်း သူ့နားမှာနေလို့လားမသိဘူး အရမ်းခိုင်းတာပဲ"

နေခြည်က မေထက်ကို လှမ်းကြည့်သည်။

"မမမြင့်ဆိုတာ ဘယ်သူလဲ"

"ဖွေးသူ အဒေါ်ပေါ့"

"သြော်…"

"ဖွေးသူက မမမြင့်အိမ်မှာ နေတာလား"

နေခြည်က သိချင်သည်ကို ဝင်မေးလိုက်သည်။

"ဟင့်အင်း…. ဖွေးသူက တစ်နေကုန် လျှောက်သွားနေတာ။ အိမ်မကပ်ပါဘူး"

သူမစကားကြောင့် မေထက် လန့်သွားမိသည်။

"ဘယ်တွေများ လျှောက်သွားနေတာပါလိမ့်"

"ဟိုအိမ် ဒီအိမ်ပေါ့။ အလုပ်လည်းလုပ်ပေးတယ်။ ကျွေးရင်လည်း စားတယ်ပေါ့"

မေထက်ကို ရင်ထဲတစ်မျိုးကြီးဖြစ်သွားရသည်။

"ညီမတို့က ဖွေးသူကို တကယ်ချစ်တာပါ။ ဘဘတလည်း ခေါ်ထားမလို့ပါပဲ။ ဒါပေမယ့် မမမြင့်ပါးစပ်ကိုကြောက်လို့"

နေခြည်က တွေတွေလေး အဝေးကို ငေးနေလေသည်။

"အခု မမတို့ရောက်နေတာ ဖွေးသူ သိပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ဖွေးသူဆိုသည့် အမည်လေးကို ပထမဆုံး ခေါ်ဖြစ်ခြင်း ရယ်ပါ။

"ဟင့်အင်း။ မသိသေးဘူး ထင်တယ်။ မနက်စောစောက တောင် ဒီဘက်ရောက်လာသေးတယ်။ ဒေါ်ကြီးဉနဲ့ ဈေးလိုက်သွား မယ်လို့တော့ ပြောသွားတာပဲ"

"အင်းစိန် ဈေးကိုလား"

"ဟုတ်ကဲ့မမ"

"ဟင်း... ခက်ပါလား"

မေထက် တိုးတိုးလေး ညည်းလိုက်မိသည်။

"ဦးမ ထမင်းအိုး သွားငှဲ့လိုက်ဦးမယ်"

"အင်း"

ကောင်မလေး အိမ်ပေါ်က ဆင်းသွားသည်နှင့် နေခြည်က စကား စလာသည်။

"အခြေအနေက သိပ်မလွယ်ပါလား"

"မေထက်လည်း အဲဒါပဲ တွေးနေတာ"

"လိုက်တောင် လိုက်ပို့မလား"

"မလိုက်တော့လည်း သူ့ထိုက်နဲ့ သူ့ကံပေါ့လေ"

"အဲဒီလိုတော့ မလုပ်လိုက်ပါနဲ့ မေထက်ရယ်"

"ဟင်... ဘာဖြစ်လို့"

မေထက်က နေခြည်ကို နားမလည်နိုင်စွာ ကြည့်မိသည်။

"နေခြည် သနားတယ်"





"သနားတယ် ဟုတ်လား"

"အင်း... မေထက်နဲ့တူတယ်ဆိုတော့ ရုပ်လေးက လှမှာ သေချာတယ်။ ဒီလိုနေရာမှာ မထားခဲ့ချင်ဘူးဟာ။ ပါအောင် ခေါ် ရမှာပဲ"

အားတက်သရော ပြောနေသော နေခြည်ကို မေထက် ပြုံး ပြလိုက်သည်။

မေထက်အပြုံးက အားမပါ။ အင်မပါ။

"မေထက် တို့တစ်တွေ ရွာထဲလျှောက်ကြည့်ရအောင်... လာ"

နေခြည်က ပြောလည်းပြော၊ လုကလည်း လမ်းပေါ် ရောက်သွား ပြီမို့ မေထက်လည်း မငြင်းသာတော့။ နေခြည့်နောက် မှ လိုက်လာခဲ့ရသည်။

"နေပါဦး နေခြည်ရဲ့၊ သူများရွာထဲ အရမ်းစွတ်မသွားနဲ့ လေ။ မေထက်တို့ကို ဝိုင်းကြည့်နေကြပြီ"

"ကြည့်ပစေပေါ့ဟာ။ ဘာဖြစ်လဲ"

"ဟာ... မမတို့ ဖွေးသူတို့အိမ် သွားမလို့လား"

ဘဘဦးသာအောင်၏သမီးကို လမ်းတွင်တွေ့လိုက်ရသည်။

"အေး... ဘယ်နားမှာလဲ။ ညွှန်စမ်းပါဦး"

မေထက် ဘာမျှမပြောရသေးခင် နေခြည်က ဝင်ပြော သည်။

"ဒီကနေ တည့်တည့်သွား။ ဟိုးမှာ ဇီဇဝါပင်အေး တွေ့ လား။ အဲဒီ အိမ်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း... သွားမယ်နော်"

"ဟုတ်ကဲ့"

"နေခြည်ရယ်... ခက်ပါလား။ တော်ကြာ ဒုက္ခရောက်နေဦးမယ်။ အိမ်ရှင်က ကိုယ့်ကို မသိဘဲနဲ့ဟာ"

"အိုး... မေထက်ကလည်း ဒီရွာမှာ တို့အသိတစ်ယောက်မပြော နဲ့ တစ်ပိုင်းတောင် ရှိတာမဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ် အခုထမင်းစားဖို့ အိမ်လည်း တွေ့ထားပြီးပြီ။ လောလောဆယ် ဗိုက်လည်း မဆာဘူး"

"စကားကိုတော့ ကြည့်ပြောနော်"

"အေးပါ... နေခြည်ပါဟဲ့။ မေထက်လို စာမရေးတတ်ပေမယ့် စကားတော့ ပြောတတ်ပါတယ်။ ဟိုမှာ မြင်နေရပြီ။ ဟင်... အိမ်ကလေးက ပုသေးသေးလေးပါလား"

နေခြည်က ဇက်ကလေးပုရင်း ဆိုလာသည်။

ပတ်ဝန်းကျင်ရှိ ကလေးများက မေထက်တို့ကို ဝိုင်းအုံကြည့်နေကြသည်မို့ မေထက်မျက်နှာ ပူနေမိသည်ကအမှန်။

အိမ်ရှေ့ရောက်လာတော့လည်း အိမ်ထဲဝင်ဖို့ ခက်နေပြန်သည်။

"လာဟာ ဝင်သွားမယ်"

"ဟဲ့... ငါမဝင်ရဲဘူး။ ဒီကစောင့်နေမယ်"

နေခြည်က အိမ်ပုပုလေးထဲ ဝင်သွားသည်။

"လာလေ ညီမ"





အိမ်ထဲမှ အမျိုးသမီးတစ်ဦးထွက်လာပြီး မေထက်ကို မ်းခေါ်သည်။

"တက် ညီမ၊ အိမ်ကတော့ မခိုင့်တခိုင်ပဲ"

အသားညိုညို၊ အဝတ်အစား ညစ်ညစ်ပတ်ပတ်နှင့်မို့ လို ည်ထက်ပို၍ ရုပ်ဆိုးသယောင် ထင်နေရသည်။

ဝါးကြမ်းခင်းကို ဖွဖွနင်းနေရသလို ကျွံကျလေမည်လောဟု မ်နေရသည်။

အိမ်က တစ်ဖက်သို့ယိုင်နေသည်မို့ ကျားကန်ထားရသည်။

ခနီမိုးကလည်း မလုံတော့သဖြင့် နေရောင်က ဟိုတစ်ကွက် ည် တစ်ကွက် ဖြာကျနေသည်။

အိမ်လေးက ပုရသည့်အထဲ အလင်းဝင်ပေါက် လေဝင် ပေါက်က မရှိလေတော့ မေထက် စိတ်ထဲ အသက်ရှူကျပ်သလိုပင်။

အိမ်ထဲမှာ ပစ္စည်းဆို၍ သိပ်မရှိ။

ခေါင်မိုးတွင် သံနှင့်ချိတ်ဆွဲထားသော မီးအိမ်ကလေး ခ်လုံး။

ထောင့်တစ်ထောင့်တွင် ထင်းရှူးသေတ္တာယယ်တစ်လုံးနှင့် င်းအိုးဟင်းအိုးဖြစ်ဟန်တူသော အိုးမည်းမည်းလေးနှစ်လုံးနှင့် ာန် သုံး လေးချပ်။

အဖာအစပ်များလွန်းသော ခြင်ထောင်က နံထက်ထိ င်ထားဆဲ။ မသိမ်းရသေး။

မေထက် စိတ်ပျက်စွာ ခေါင်းယမ်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မေထက်တို့ထိုင်ဖို့ ဖျာတစ်ချပ်ကို ခင်းပေးလာသည်။

ညှဉ်းသိုးသိုး အနံ့တစ်မျိုးက တစ်အိမ်လုံးကို လွှမ်း[illegible] ထားသလိုပင်။

"ညီမတို့ရောက်တာ ကြာပြီလား"

"မကြာသေးပါဘူး။ ဘဘဦးသာအောင်တို့ အိမ်က[illegible] ထွက်လာခဲ့ တာလေ"

"သြော်… မိဖွေးတစ်ယောက်တော့ လည်ကောင်းတုန်[illegible] စားခါနီးမှ ပေါ်လာလိမ့်မယ်"

"အို…"

ဘယ်လိုပြောလိုက်တာပါလိမ့်။

မေထက် မျက်လုံးအဝိုင်းသားနှင့် ထိုအမျိုးသမီးကို ကြည့်[illegible] မိသည်။

"အင်း… သူ့အမေ မိသက်ကလည်း သမီးကို အပူအ[illegible] ကင်းကင်း ထားသွားတယ်လေ"

မိသက်တဲ့။

မမသက်ရယ်။

ထိုအမျိုးသမီးခေါ်သံမှာ အကြင်နာတစ်စက်မှ မပါ။

"သူတို့လင်မယားကိုလည်း ကျွန်မတို့ပဲ တင်ကျွေး[illegible] ရတာပါပဲ။ ဘာမှ မလုပ်တတ် မကိုင်တတ်နဲ့"

မေထက် ခေါင်းငုံ့လိုက်မိသည်။

မမသက်တစ်ယောက် သည်လိုအိမ်လေးမှာ ဘယ်လို[illegible]





[illegible]ခဲ့သည်မသိ။ ပြီးတော့ ဒီအိမ်မှာနေရတာ မမသက်ပြောသလို [illegible]ချမ်းသာနိုင်ပါ့မလား။

"ထိုင်ကြဦးနော်။ နောက်ဖေးဘက်မှာ ကန့်စွန်းသွားနုတ် [illegible]ဦးမယ်"

နေခြည်က ခေါင်းညိတ်ပြလိုက်သည်။

"ငါမနေတတ်ဘူး မေထက်။ အပြင်ထွက်ရအောင်"

"လာချင်တော့လည်း သူပဲ"

မေထက်ကိုက မျက်စောင်းဝင့်ရင်း ခပ်တိုးတိုးဆိုသည်။

"အသက်ရှူကျပ်တယ်ဟာ"

"အင်းနော်။ မေထက်တို့က နေနေကျမှမဟုတ်တာ။ [illegible]… ပြန်ကြ မယ်"

"ဖွေးလေးကို မစောင့်တော့ဘူးလား"

"နောက်မှတစ်ခေါက် လာတာပေါ့။ အခု ဘဘဦးသာ[illegible]အောင်တို့ စောင့်နေကြတော့မှာဟ"

"အေး… အဲဒါလည်း ဟုတ်တာပဲ"

မေထက်နှင့် နေခြည် အိမ်ယွဲ့ယွဲ့လေးထဲမှ ပြန်ထွက်ခဲ့ကြ[illegible]သည်။

လမ်းမပေါ်ရောက်သည်နှင့် ကလေးမလေးတစ်ယောက် [illegible]လာနေသည်ကို မြင်လိုက်ရသည်။

"အာလူးမရှေ့ပြီးရင် ဖွေးလာခဲ့မယ်။ ကြီးမေကို ပြောထား[illegible]"

"အေးပါ နဖွေးသူရဲ့"



www.burmeseclassic.com

www.burmeseclassic.com



လမ်းတွင်တွေ့သော ကလေးမလေးကို လှမ်းပြောလိုက်သေးသည်။ ပြီးတော့မှ မေထက်တို့ကို မြင်သွားဟန်တူ၏။

မျက်မှောင်လေးကြုတ်ရင်း တအံ့တသြ ကြည့်နေ၏။

"ဖွေးသူဆိုတာ သမီးလား"

နေခြည်ကပင် စတင်နှုတ်ဆက်လိုက်သည်။

"အင်း..."

ဖွေးသူက မဖြေချင်သလို ပြန်ဖြေရင်း...

"ဘာလာလုပ်တာလဲ"

မာဆတ်ဆတ်မေးသံကြောင့် နေခြည်မျက်နှာဝင်းသွားသည်။

"ညည်းလေးကို ခေါ်ဖို့လာတာ"

"ဘာ..."

ချာတိတ်မက ပြန်အော်သည်။

"ကဲပါ နေခြည်ရယ်... သွားကြစို့။ ညနေဘက်မှ ဦးသာအောင်ကိုပါ ခေါ်ပြီး လာရအောင်"

"နေစမ်းပါဦး မေထက်ရာ။ ဒီမှာ ငါက စကားပြောချင်သေးလို့"

နေခြည်က မေထက်ကို လှည့်ပြောရင်း ဖွေးသူဘက် ပြန်လှည့်ကာ...

"ညည်းလေးက မလိုက်ချင်ဘူးလား"

"ဘယ်ကို လိုက်ရမှာလဲ"





"ရန်ကုန်ကိုပေါ့"

"ဘာဖြစ်လို့ လိုက်ရမှာလဲ"

"ဒါ ညည်းလေးရဲ့ အဒေါ်လေ။ ညည်းလေးက မချစ်ဘူးလား"

"အခုမှတွေ့ဖူးတာ ဘယ်ချစ်မလဲ"

"ဒါလည်း ဟုတ်တာပဲ"

နေခြည်က ကလေးစကား မှန်နေသည်မို့ ဘာမှ ပြန် မပြောတော့။

မေထက်တော့ ဖွေးသူ့ပုံစံကို စိတ်ပျက်စွာ ကြည့်နေမိသည်။

ညစ်ပတ်ပေရေနေသော ခြေထောက်အစုံမှာ ဖုန်တို့က အဖွေးသား။ လက်သည်းထဲမှာ ကြေးကအပြည့်။

မည်းညစ်နေသော အင်္ကျီက ကြယ်သီးမရှိ၍ ကျောက ဟာလာဟင်းလင်း။

ဆံပင်က ရှုပ်ပွကာ စေးကပ်နေမှန်း မြင်ရုံနှင့်သိသာသည်။

မျက်နှာလေးတစ်ခုပဲ သေသေသပ်သပ်ရှိသည်။

သို့ပေမယ့် ချစ်စရာကောင်းသည်ကတော့ ငြင်းမရ။

ရဲရဲစိုနေသော နှုတ်ခမ်းနှစ်မွှာက မေထက်တူမ အစစ်ပါလို့ ပြောနေသယောင်။ ကော့ရွှန်းနေသော မျက်တောင်နက်နက်များက မေထက်နှင့် တစ်ပုံစံတည်း။

မမသက် သမီးက မေထက်နှင့် ချွတ်စွပ်တူနေပါရောလား။



www.burmeseclassic.com

www.burmeseclassic.com



ညစ်ပတ်စုတ်ပြတ်နေသည့်ကြားမှာ အလှလေးများက ဖုံးမရ ဖိမရ။

မေထက်၏ အကြည့်စူးစူးကြောင့်ထင့်။

ဖွေးသူကလည်း ခပ်တည်တည် ပြန်ကြည့်လာသည်။

"မေထက်"

"ဟင်... ဘာလဲနေခြည်"

"သွားမယ်လေ"

"အင်း..."

ဖွေးသူ ဘေးမှာမှဖြတ်ကာ မေထက် ထွက်လာခဲ့သည်။

"မေထက်ကလည်းဟယ်။ ကလေးကို စကားတစ်ခွန်းလောက် တော့ ပြောဖို့သင့်တယ်"

"ငါ စကားပြောဖို့ မေ့နေတယ်"

"ဘာလို့"

"အံ့သြတာရော၊ ဝမ်းသာတာရော၊ စိတ်မကောင်း ဖြစ်တာရော၊ ရယ်ချင်တာရော စုံသွားလို့"

နေခြည်က မေထက်၏မျက်လုံးလက်လက်များကိုကြည့်ရင်း မေးလိုက်သည်။

"ဘာလဲ။ မေထက်နဲ့ လုံးဝ တူလို့လား"

"အေးဟယ်။ မေထက်နဲ့ အရမ်းတူတာပဲနော်။ မေထက် တကယ် အံ့သြသွားတယ်"

"ဝမ်းသာတာကရော"





"တူမလေးတစ်ယောက်ရှိပြီဆိုပြီးတော့ပေါ့ဟဲ့"

"ဒါဆို စိတ်မကောင်းက ဘာလို့ဖြစ်ရသေးတာလဲ"

"သြော်... သူ့ဘဝလေးကို သနားလို့ပေါ့။ သူ့ပုံစံကိုတော့ ရယ်ချင်နေတယ်"

"ဒါတော့ မေထက်နဲ့ တို့ တူသွားပြီ။ နေခြည်လည်း ရယ်ချင်စိတ် ကို မနည်းကြီးအောင့်ထားရတယ်ကွာ။ တကယ်ပဲ"

"ရယ်ချင်တာ အကြောင်းမဟုတ်ဘူး။ ဖွေးသူက တို့ကို အပြတ်ဟိန်းဟောက်နေတာနော်။ ခေါ်ဖို့လွယ်ပါ့မလား"

"အေးလေ။ ငါတို့ကလည်း ကလေးကြိုက်အောင် မပြောတတ်တော့ ခက်တာပဲ"

"ရောက်လာမှတော့ မထူးပါဘူး။ ချော့ခေါ်လို့မလိုက်ရင် ခြောက်ခေါ်ရမှာပဲ။ နောက်တစ်ခေါက် မလာနိုင်တော့ဘူး"

"အေး... ဟုတ်တယ်"

❷



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၅)

"ဒေါ်လေးထက်"

"ဟင်..."

အိပ်ရာထက်တွင် မှိန်းနေရာမှ မေထက်ကို ပြန်ထူးမိသည်။

သည်နေ့ဆို ဖွေးသူ အိမ်ကိုရောက်တာ တစ်ပတ်ပြည့်ခဲ့လေပြီ။

သူမနှင့်ပတ်သက်၍ မေထက် အရာရာကို မိတ်ညစ်မိသည်။

အစစအရာရာ သွန်သင်ဆုံးမနေရ၍လည်း ပင်ပန်းလွန်းလှပါပြီ။

စကားကျယ်ကျယ်မပြောဖို့ကအစ၊ အနေအထိုင်ကအဆုံး အားလုံး ပြောရသည်ချည်း။

ထင်ထားတာထက်ပင်ပို၍ ခက်ခဲလွန်းသဖြင့် စိတ်ဓာတ်ပင် ကျချင်ချင်။





"ဒေါ်လေးထက်"

"ဘာလဲ ဖွေးသူ"

"ရေချိုးမယ်လေ"

"သွားချိုးပါလား"

"ရေပန်းနဲ့ ချိုးချင်တာ"

"အင်းလေ... ချိုးပေါ့။ ဘာနဲ့ချိုးချိုး။ ညည်းလေး သဘောပဲဟာ"

မေထက်ကို စိတ်မရှည်စွာ ပြန်ပြောမိသည်။

"ဟို... ဟိုလေ"

"ဘာဖြစ်နေတာလဲ ဖွေးသူ"

ဆက်အိပ်၍လည်း ရတော့မည်မထင်။

သို့ကြောင့် မေထက် အိပ်ရာမှထလိုက်၏။

နာရီက (၆)နာရီကို ညွှန်ပြနေလေသည်။

ညက မေထက်ကို အိပ်ရာဝင်တော့ (၂)နာရီပင် ထိုးတော့မည်။

ခါတိုင်း အိပ်ရေးပျက်ခံ၍ စာရေးလေ့မရှိသော်လည်း အခုရက်ပိုင်းတွင် ဖွေးသူကြောင့် စာမရေးဖြစ်။

ထုတ်ဝေသူကလည်း တောင်းလှပြီ။

ဝတ္ထုမှန်မှန်ထွက်ဖို့က သူ့တွင်လည်း တာဝန်ကြီးလှသည်။

မေထက်ကိုဆီမှ ဘယ်တော့မှ စာမူမတောင်းခဲ့ရဖူးပါ။



www.burmeseclassic.com

www.burmeseclassic.com



အချိန်မီပေးနိုင်ခဲ့သည်ချည်း။

သည်တစ်ခါတော့ မေထက် တာဝန်မကျေပွန်တော့။

ဖွေးသူကို တစ်နေ့လုံး ပြောရသည်။

ဘာလုပ်လုပ် အချိုးမပြေသော ဖွေးသူကြောင့် မေထက် ဒေါသ ဖြစ်ရသည်။

စာလည်း အေးအေး မရေးနိုင်တော့။

ခက်ပြီကော။

အခုပင် ကြည့်။ (၆)နာရီမထိုးခင် ရေချိုးချင်နေပြီ။

အမှန်က ရေတကယ်ချိုးချင်တာမဟုတ်။

သက်သက်ဆော့ဖို့။

ဖွေးသူက ရေပန်းကို သိပ်သဘောကျနေသည်လေ။

ရေပန်းဖွင့်ပြီး ဆော့ရတာကို ကျေနပ်နေသူ။

စရောက်သည့်နေ့ကလည်း...

"ဖွေးသူ ရေချိုးတော့လေ"

"ဟင် ဘယ်မှာ ချိုးရမှာလဲ။ ရေတွင်းက ဘယ်နားမှာလဲ"

ဖွေးသူ အမေးကြောင့် မေထက် ရယ်ချင်သွားရသည်။

သူတို့ရွာမှာက ရေတွင်းပဲ ရှိတာကိုး။

"လာ... ဒေါ်လေးထက် ပြမယ်"

အဲဒီနေ့က ဖွေးသူကို မေထက်ကိုယ်တိုင် ရေချိုးပေးခဲ့သည်။

အနှစ်နှစ်အလလက တက်နေသော ကြေးတွေကို မနည်းကြီး ချွတ်ယူရသည်။





ပြီးတော့ ညှဉ်းသိုးသိုးဖြစ်နေသော ဆံပင်ကို ညှပ်ပေးရပြန်သည်။

"မေထက်ရယ်၊ ငါ့တူမလည်း အခုမှ တကယ့်ကို ရှုပ်နေပြီ။ ရေချိုးပြီးမှ ဆံပင်ညှပ်ရတယ်လို့"

ဒေါ်လေးနွေ့က ရယ်မောရင်း စခဲ့သေးသည်။

"အင်းလေ... ဒေါ်လေးရယ်။ မေထက်လည်း ဘယ်လိုတွေ ဖြစ်နေမှန်းကို မသိတော့ပါဘူး"

ဖွေးသူတစ်ကိုယ်လုံး လှပသန့်ရှင်းသွားမှ မေထက် သက်ပြင်းချနိုင်တော့သည်။

အဲဒီနေ့ကတည်းက ဖွေးသူ ရေပန်းကို သဘော ေ... သွားသည်ထင့်။ တစ်နေ့ကို လေးခါလောက် ရေချိုးနေ၍ မနည်းဂ... တားယူရသည်။

ဖွေးသူအတွက် အရာရာသည် အသစ်အဆန်းချည်း ဖြစ်နေတော့သည်။ ပျော်မြူးနေပုံလည်း ရသည်။

သူမကတော့ အမြတ်ကြီးပါပဲ။

မေထက်မှာသာ။

သူမကို ပြောရလွန်းလို့ မေထက်စကားပင် ကျယ်ကျယ် ပြောတတ်နေပြီ။

အချိန်ပြည့် မျက်နှာက တင်းထားရသည်။

မတင်းထားလို့လည်းမဖြစ်။

သည်လောက် တင်းကျပ်တာတောင် ဖွေးသူက ပွတ်ထွက် ချင်ချင်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုနာအောင်ပြောပြော မနာ။

အချိန်ပြည့် ရယ်နေတတ်သည်။

အင်းလေ မေထက် နာအောင်ပြောတာက ဖွေးသူအဖို့ ပန်းနှင့် ပေါက်သည့်ပမာပါ။

"ဒေါ်လေးထက်"

"အမေ့... ဟယ် အော်လိုက်တာ။ စကားကို တိုးတိုး ပြောပါလို့ ပြောထားတယ် မဟုတ်လား"

"အင်းပါ ဒေါ်လေးထက်ကလဲ၊ ဖွေးသူ ရေချိုးချင်ပြီ"

ရော... သည်ကောင်မလေး မေထက်ပြောတာကိုပင် စိတ်မဝင်စား။

ရေချိုးဖို့ပင် လောနေသည်။

"တော်ပြီ ဖွေးသူ။ ဒီနေ့ ရေမချိုးနဲ့တော့။ စိတ်ညစ်ဖို့ သိပ်ကောင်းပါလား"

ညက အိပ်ရေးပျက်၍ ခေါင်းက မကြည်လင်ရသည့်အထဲ သည်ကောင်မလေးက တစ်မျှောင့်။

"ဒေါ်လေးနွေ"

ခပ်ဆောင့်ဆောင့်လေး အော်မိသည်။

မေထက်လည်း အရေးဆို တိုင်စရာ သည်အဒေါ် တစ်ယောက်ပဲ ရှိသည် မဟုတ်လား။

"ဟဲ့ သမီး ဘာဖြစ်လို့လဲ။ လန့်လိုက်တာနော်"

ဒေါ်လေးနွေက အပြေးအလွှား ရောက်လာရင်း မေးရှာသည်။





"ဒီမှာ ဒေါ်လေးမြေး လာရှုပ်နေတာနဲ့ အိပ်လို့မရတော့ဘူး"

မေထက် တကယ်ပင် ထိုင်ငိုချင်စိတ်ပေါက်နေပါပြီ။

"အင်း... ခက်တာပဲ မေထက်ရယ်။ ဒေါ်လေးနွေ ပြောသားပဲ။ ကဲ ဖွေးသူ လာ ဒေါ်လေးထက် အိပ်နေရင် သွားမနှိုးရဘူး"

"မိုးလင်းနေပြီပဲဟာ"

"ဟဲ့... သူ ညက အိပ်ရေးပျက်ထားတယ်။ ညည်းကလေး ဘာသိလို့လဲ"

ဒေါ်လေးနွေ ဟောက်ထည့်လိုက်မှ ဖွေးသူ ငြိမ်ကျသွားရသည်။

ဒေါ်လေးနွေနောက်မှ ဆောင့်ဆောင့်ဆောင့်ဆောင့် လိုက်သွားရင်း...

"ဟွန်း... ဒေါ်လေးထက်က အအိပ်ကြီးတာ။ ဖွေးသူကျတော့ စောစောထရမယ်တဲ့"

"တော်စမ်း... ဖွေးသူ။ တော်တော့ သိပ်စကားကြောရှည်နေပါလား"

မေထက် မြေးအဘွားနှစ်ယောက်ကိုကြည့်ရင်း ခေါင်းယမ်းမိသည်။

မေထက်ကြောင့် ဒေါ်လေးနွေလည်း ပင်ပန်းလှပါပြီ။

ဖွေးသူကိုတဲ့။

နာမည်နှင့် မလိုက်အောင် ဆိုးတေလွန်းသူလေ။

စိတ်ကုန်တယ် ဖွေးသူရေဟုသာ အော်ပစ်လိုက်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးထက်"

"ရှင်... ဒေါ်လေး"

"နွားနို့သောက်လိုက်ဦး"

"ဟုတ်ကဲ့ပါ ဒေါ်လေးနွှေ"

စိတ်မပါစွာနှင့် ထမင်းစားခန်းထဲ ရောက်လာခဲ့သည်။

ကျောင်းပြန်ဖွင့်ရင်တော့ ဒုက္ခပါပဲ။

ငါက မအား။ သည်ကလေးမလေးက ဖြစ်ချင်တိုင်းဖြ နေတော့မှာပဲ။

အင်း... သူ့ကို ကျောင်းအပ်ပေးဖို့ကလည်း ရှိသေး။

"ဘွားလေး... ဘွားလေး"

"ဟဲ့... ဘာလို့အော်နေတာလဲ"

ရေချိုးခန်းထဲမှ တစ်အားအော်နေသောကြောင့် မေထက် ရေချိုးခန်းနား ရောက်သွားရသည်။

"ဘာဖြစ်နေပြန်ပြီလဲ"

"တံခါးကို ဖွင့်ပါဆိုမှ ပိတ်လိုက်တာကိုး။ ဖွေးသူ မချိုးရဲဘူး"

"ရေချိုးခန်းတံခါးဆိုတာ ပိတ်ပြီးချိုးဖို့ လုပ်ထားတာဟဲ့"

"ဟင့်အင်း... ဖွေးသူ မနေရဲဘူး။ ကြောက်တယ်။ အသ ရှူလည်း တစ်အားကျပ်တာပဲ"

သေပစ်လိုက်တော့ မေထက်ရေ။

နင် သေသာပစ်လိုက်တော့ဟု ကိုယ့်ကိုကိုယ် ပြောမိသည်

"ဖွင့်ထားမယ်နော် ဒေါ်လေး။ ပိတ်သွားမှာစိုးလို့"

"အေး... အေး"





မေထက် ခေါင်းညိတ်ရုံမှတစ်ပါး တခြားမရှိပြီ။

"မြန်မြန်ချိုး၊ နှာချေဦးမယ်"

"ဖွေးသူက ရေအကြာကြီး ချိုးနေကျပါ"

တော်တော်ဆိုးတဲ့ ကောင်မလေးပဲ။

တိတ်တခိုးမှတ်ချက်ချရင်း မေထက် ထမင်းစားခန်းသို့ ပြန်လာခဲ့သည်။

"လာ... သမီးထက်"

ဒေါ်လေးနွှေက နွားနို့ခွက်ကိုရှေ့တိုးပေးရင်း ပြောသည်။

"ဘွားလေး၊ ဖွေးသူဖို့ကော"

မေထက် ဖွေးသူကို လှည့်ကြည့်လိုက်မိသည်။

ရေပင် မသုတ်ရသေး။

"ဟဲ့ ရေသုတ်ဦးလေ"

"ဗိုက်ဆာလို့"

"အစားအသောက်က ထွက်မပြေးဘူးဟဲ့။ ရေသွားသုတ် ချည် သွား"

ပေကတ်ကတ်နှင့် ဆက်ရပ်နေသေး၍...

"ဖွေးသူ"

မေထက် လှမ်းဟောက်လိုက်မှ သူမအခန်းရှိရာ အပေါ်ထပ်ကို တက်သွားတော့သည်။

ခြေဆောင့်သံ တဒုန်းဒုန်းက ဆူဝေစွာ ညံနေခဲ့သည်။

"သမီး စိတ်ညစ်နေပြီ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဒေါ်လေး။ မေထက် စိတ်ညစ်တာထက် ဟို ဘက်ဘောင် လွန်နေပြီ"

"ဒီလိုပေါ့ သမီးရယ်။ စိတ်ရှည်ရမှာပေါ့"

"ခက်ပါတယ် ဒေါ်လေးရယ်။ အိမ်ကို ဧည့်သည်လာမှာ တောင် လန့်နေတယ်"

"နောက်တော့ ဖွေးသူ နားလည်လာမှာပါ။ မစားရတဲ့သူ ပိုစားချင် တာပေါ့ကွယ်"

မေထက်တို့ အိမ်တွင် အစားအသောက်များက အလျှံ ပယ်ပါ။ ဘယ်တော့မှ ထမင်းဟင်း ကုန်သွားသည်မရှိခဲ့။

အခု ဖွေးသူရောက်လာမှ ထမင်းဟင်း မပိုတော့။ တစ်နေ့ ကို လေးခါလောက်မနည်း စားသည်။

အစားကို ချင့်ချိန်မစား၍လည်း ဗိုက်ကလေးက လို သည်ထက် ပိုထွက်နေသည်။

မေထက်ကလည်း အစားအသောက်နှင့် ပတ်သက်လာလျှင် မတားမြစ်လို။

ဖွေးသူကတော့ လွန်ကိုလွန်ပါသည်။

အခုလည်းကြည့်။ ရေပင် မသုတ်ရသေး။ စားဖို့ အာရုံ ရောက်နေ သည်။

သည်ပုံအတိုင်းသာဆိုလျှင်တော့ ရှိသမျှသိက္ခာ ကုန်တော့ မည်။

မေထက် ဘာများတတ်နိုင်မှာလဲ။





"စားရဖန်များတော့လည်း သူ စားချင်တော့မှာ မဟုတ်ပါ ဘူးကွယ်။ တကယ် သနားစရာလေးပါ။ မိဘ မရှိရှာဘူး မဟုတ် လား"

ဒေါ်လေးနွဲ့က တွေးတွေးဆဆ ပြောသည်။

"ဒေါ်လေးထက်"

"ဟောတော့"

ထောင်းခနဲထလာသော ရေမွှေးနံ့နှင့်အတူ ဖွေးသူ၏ ခေါ်သံကြောင့် မေထက် လှမ်းအကြည့်။

မေထက် ဘာလုပ်ရမှန်းပင် မသိတော့။

ဒေါ်လေးနွဲ့က ဦးစွာသတိဝင်လာပြီး ဖွေးသူထံ ပြေး သွားသည်။

"ဘယ်လို ဖြစ်လာတာလဲကွယ်"

"ဖွေးသူ မဖွင့်တတ်ဘဲ ဖွင့်လိုက်တာ။ အား... စူးလိုက်တာ အရမ်းပဲ။ ဖွေးသူ မွန်းတယ်"

မမွန်းပဲ ရှိပါ့မလား။

ရေမွှေးတစ်ပုလင်းလုံး ကိုယ်ပေါ်ဖိတ်ကျတာမှ မမွန်းရင် မွန်း တယ်ဆိုတဲ့စကားလုံး ရှိနေတော့မှာ မဟုတ်။

"ဒီရေမွှေးက အဖုံးဖွင့်ဆွဲတတ်ရတာ မဟုတ်ဘူး။ ခက်ပါ ဘူး။ လာ... လာ။ သွား ရေဆေးရအောင်"

ဒေါ်လေးနွဲ့က ရေမွှေးအနည်းငယ်သာ ကျန်တော့သည့် ပုလင်းကို ဘေးနားရှိ စားပွဲပေါ်တင်ရင်း ဖွေးသူကို ရေချိုးခန်းဘက် ခေါ် သွားရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေထက် ခေါင်းကို စားပွဲပေါ် မှောက်ချထားရင်းမှ ရယ်ချင်စိတ်နှင့် ငိုချင်စိတ် တစ်ပြိုင်တည်း ဖြစ်ထွန်းရသည်။

တစ်နေ့ကမှ နေခြည်က လက်ဆောင်ပေးခဲ့သော ၈၅၀ ကျပ်တန် ရေမွှေးပုလင်း။

နိုင်ငံခြားမှ ရှားရှားပါးပါး မှာယူထားရသည်ဆိုသည့် ရေမွှေး။

တစ်စက်နှစ်စက် ဆွတ်ရုံဖြင့် တစ်ခန်းလုံး မွှေးကြိုင်စေသည့် ရေမွှေးပါ။

သည်ရေမွှေးကိုမှ တစ်ပုလင်းလုံးနီးပါး လောင်းချရတယ်လို့။

ထိုရေမွှေးက ပုလင်းအဖုံး ဖွင့်စရာမလို။

အဖုံးကို ဖိလိုက်သည်နှင့် ရေမွှေးများက တရှဲရှဲ အသံမြည်ကာ ပန်းထွက်လာအောင် အထူးစီရင်ထားပြီးသား။

လေဖိအားဖြင့် ရေမွှေးများကို အပြင်သို့ ပန်းထွက်စေသည်။

မွေးသူကတော့ ဘယ်သိရှိလေမလဲ။

စိတ်ညစ်စွာဖြင့် မေထက်ကို နေရာမှ ထလိုက်သည်။

လူတစ်ကိုယ်လုံး ကိုင်ရိုက်ထားသည့်နှယ်။

နုံးခွေနေရသည်။

မေထက် ဖျားတော့မည်ထင်သည်။

စာတွေ မရေးဖြစ်၍ စိတ်ပင်ပန်းရသလို မွေးသူကြောင့်ရော စိတ်ပါ ပင်ပန်းရပြန်သည်။





စိတ်ရောလူပါ ပင်ပန်းလာ၍ ရောဂါကို ခုခံနိုင်စွမ်း လျော့နည်း လာသလိုပါ။

သည်တော့ ပင်ပန်း၍ဖျားသော ပန်းဖျား ဖျားတော့မည်။

ရောဂါကို မဖြစ်ခင်က တားဆီးရန် မေထက် ဆေးသောက်ရသည်။

ကိုယ်တိုင်က ဆရာဝန်လောင်းမို့ နေထိုင်မကောင်း မဖြစ်အောင်တော့ နေတတ်သူမို့ တော်ပါသေး၏။

❷



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ညည်းစဉ်းစား ဖွေးသူ။ မွေးကတည်းက ကျုပ်တို့နဲ့နေခဲ့ပြီးခုမှ ရန်ကုန်သူဖြစ်ရမယ်လို့ ဟိုက ညည်းကို အိမ်ဖော်လိုလို့ ခိုင်းမှာတဲ့။ လခ မရတဲ့ အိမ်ဖော်ဘဝ ညည်းရောက်ရလိမ့်မယ်"

ထိုနေ့က ကြားခဲ့ရသောစကားကို မေထက် မမေ့နိုင်သေးပါ။

"အစ်မတစ်ယောက်လုံးကိုတောင် ပစ်ထားတာ။ ညည်းလိုတူမကို ဘာအရေးလဲ။ ခိုင်းဖို့လာခေါ်တာနေမှာပါအေ။ ဒီမှာကမှဟိုအိမ်လုပ်ပေး ဒီအိမ်လုပ်ပေးနဲ့ စားနေရတာ တော်သေးတယ်။ အိမ်ဖော် မဟုတ်သေးဘူး။ နောက် ညည်းအပျိုဖြစ်လာရင်ယောကျ်ားတစ်ယောက် ခေါင်းခေါက်ယူပြီး နေရုံပဲ။ ညည်းကချောပြီးသားပဲအေ။ လင်ကောင်းရနိုင်ပါတယ်"

မကြားဝံ့အောင်ပါပဲလား။

မေထက် နားနှစ်ဖက်ကို ယောင်ယမ်းကာ ပိတ်ထားမိ





သည်။ ပြီးမှ ပြန်ဖွင့်ရင်း နားထောင်မိပြန်သည်။

ဖွေးသူ၏ အဖြေစကားကို မေထက် ကြားချင်သည်လေ။

"ကျုပ်တို့မောင်က နူမနေပါဘူးလေ။ သူတို့ကိုက ကြီးကျယ်တာပါ။ ချမ်းသာတာနဲ့ ဆင်းရဲတာ ဒါပဲကွာတယ်။ ဒါကိုများခွဲခြားခွဲခြား လုပ်ချင်သေးတယ်။ နောက်တော့ကော ဘာထူးလဲ။ သူဌေးသမီးက ကျုပ်တို့အိမ်မှာနေ၊ ကျုပ်မောင် ကျွေးတာစားပြီး ညည်းကို မွေးခဲ့ရတာပါပဲအေ"

မေထက် မျက်လုံးတွင် မျက်ရည်စများ အိုင်သွားရသည်။

"အခုလည်းကြည့် ...။ ကျုပ်မောင်ရဲ့သမီးကို ခေါ်ဖို့ သူဌေးမ တစ်ယောက် ကျုပ်တို့တဲလေးဆီကို ရောက်လာရပြန်ပြီ"

အင်း... သူဌေးတွေကို တော်တော်စိတ်နာတယ် ထင်ပါရဲ့လေ။

ဆင်းရဲတာ၊ ချမ်းသာတာက အရေးပါသင့်သလောက်ပါပါတယ်။ ဒါပေမယ့် လောကမှာ လူရယ်လို့ဖြစ်လာရင် လူ့အကြောင်းတွေကိုသိဖို့၊ လူလိုနားလည်ဖို့နဲ့ လူတွေအလယ်မှာ လူလို ရပ်တည်နိုင်ဖို့က အရေးအကြီး ဆုံးပါပဲလေ။

လူပီပီ လူလိုတွေးတတ် ခေါ်တတ်ရင် အဲဒီလူဟာ မချမ်းသာရင်တောင် ခံဏာပါပဲ။ နောက်တော့ ချမ်းသာလာမှာ မလွဲမသွေရယ်ပါ။

"ဒီမှာမေထက် လမ်းက နှစ်လမ်းပဲရှိတယ်။ တစ်လမ်းကကိုယ် စိတ်ချမ်းသာမယ့်လမ်း၊ နောက်တစ်လမ်းက တခြားသူတွေ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာ မယ့်လမ်း။ ဒီတော့ တခြားသူ စိတ်ချမ်းသာမယ့်လမ်းကို ရွေးတဲ့လူဟာ လူမိုက်ပဲ။ မမသက်ကတော့ ကိုယ်စိတ်ချမ်းသာမယ့်လမ်းမျိုးပဲ ရွေးမယ်"

မမသက်စကားများက နားထဲမှာ ခုထိကြားယောင်နေဆဲ။

"ဖွေးသူ လိုက်သွားချင်တယ်။ တကယ်လို့ ကောင်းကောင်းမနေရရင် ဖွေးပြန်လာခဲ့မှာပေါ့"

ဖွေးသူကို၏စကားကြောင့် မေထက် စိတ်သက်သာရာရခဲ့သည်။

ဦးသာအောင်နှင့်အတူ အိမ်ထဲကို လှမ်းဝင်ခဲ့ရပေမယ့် မေထက် ငေးနေမိသည်။

ဘဘဦးသာအောင်ကပင် ဖွေးသူကိုကို မေထက်တို့နှင့် ထည့်လိုက်ရန်ပြောသည်။

မမမြင့်က ဘာမှမပြောသေးဘဲ စဉ်းစားနေ၏။

"အမွေစား အမွေခံအဖြစ် အပြီးယူမှာလား"

အသံမာမာနှင့် အေးစက်စွာ မေးလာသည်။

ဦးသာအောင်က မေထက်ကိုကို လှမ်းကြည့်သည်။

"မမမြင့်ရယ်၊ ကိုယ့်တူမအရင်းကြီးကို အပြီးယူမှာလားဆိုတော့ ဟင်းဟင်း... မေထက်တို့က အဲဒီလောက် သဘောထားမသိမ်ဖျင်းပါဘူးရှင်။ အိမ်ဖော်က ဘယ်နေရာမှာ ငှားငှားရတာပါပဲ။ ဒီကို တကူးတကလာပြီး ခေါ် စရာမလိုပါဘူးလေ"

မေထက်စကားကြောင့် မမမြင့်က ခနဲ့တဲ့တဲ့ပြုံးသည်။





"အမွေစား အမွေခံကတော့ မေထက်တို့မှာ လောလောဆယ် ဖွေးသူတစ်ယောက်ပဲ ရှိတာပါ။ ဒီကိစ္စတွေက ဘယ်သူမှ ဝင်ပါစရာမလိုပါဘူး။ မေထက်တို့ အိမ်တွင်းရေးပဲဟာ၊ အခု လောလောဆယ် မေထက် ကတိပေးနိုင်တာက ဖွေးသူကို ပညာတတ်တစ်ယောက် ဖြစ်လာအောင် လုပ်ပေးမယ်ဆိုတာကိုပဲ"

ဦးသာအောင်က မေထက်စကားကို ထောက်ခံသလို ခေါင်းညိတ်သည်။

"ဦးတို့ လိုလားတာကလည်း ဒီကလေးမလေး ကောင်းကောင်းမွန်မွန်နေရပြီး ပညာသင်ကြားနိုင်ရေးကိုပါ"

မမမြင့်က ဘာမှထပ်မပြောတော့ဘဲ နေရာမှထလိုက်သည်။

"ကဲ... ညည်းလိုက်သွားတော့"

ဖွေးသူကို ခပ်မာမာလှမ်းပြောပြီး ထွက်သွားရန် ဟန်ပြင်လိုက်သည့်အတွက် မေထက်က...

"ဪ... ဖွေးသူရဲ့ မွေးစာရင်းတို့ဘာတို့ တစ်ခါတည်း ပေးလိုက် ပါနော်"

"အေးပါအေ"

ဖွေးသူကိုကို မမသက်က အင်းစိန်ဆေးရုံတွင် မွေးဖွား သည်ပဲ။ အားလုံး အဆင်သင့်ဖြစ်သည်နှင့် မေထက်တို့ ပြန်ရန် ထကြသည်။

"အဲဒါဘာတွေလဲ ဖွေးသူ"



www.burmeseclassic.com

www.burmeseclassic.com



နေခြည်က ဖွေးသူကိုင်ထားသော အိတ်လေးကိုကြည့်ရင်း စူးစမ်းစွာ မေးလိုက်သည်။

"ဖွေး အဝတ်အစားတွေပါ"

မေထက် သည့်တော့မှ ဂရုပြုမိသည်။

"ဖွေး... အဲဒါတွေ ဘာလုပ်မှာလဲ။ ထားပစ်ခဲ့နော်။ ကြားလား"

"ဟင့်အင်း... ဖွေးဝတ်ဖို့"

"အင်းလေ... ဖွေးဝတ်ဖို့။ ဒေါ်လေးက ချုပ်ပေးမှာပေါ့"

နေခြည်က မေထက်ကို မေးငေ့ါပြရင်း ပြောသည်။

"ဒါတွေလည်း ယူမှာပဲ"

"မယူရဘူး။ သွားထားခဲ့"

မေထက်ကို၏ အမိန့်သံပါပါဝကားသံနှင့် တင်းနေသော မျက်နှာထားတို့ကြောင့် ဖွေးသူက မော့ကြည့်သည်။

"မေထက်ကလည်း ချော့ပြောပါဟဲ့ ကလေးကို"

နေခြည်က ခပ်တိုးတိုးဆိုလာသည်မို့ မေထက် စိတ်လျှော့လိုက်ရသည်။ ပြီးတော့ မမမြင့်ကို အိမ်ပြင်ဆောက်ဖို့နှင့် ကောင်းကောင်းမွန်မွန် နေနိုင်ဖို့ အကူငွေ ပေးခဲ့ရသည်။

မမမြင့် အံ့သြကြီးစွာ ကြည့်နေသည်ကို မသိဟန်ဆောင်နေရသည်။

ဘဘဦးသာအောင်ကို ကျေးဇူးတင်စကားပြောကြားပြီး မေထက်တို့သုံးဦးသား ရန်ကုန်ကို ပြန်လာခဲ့ကြသည်။





"မေထက်"

"သြော်... နေခြည်လာလေ"

"စာရေးဆရာမကြီးကတော့ အချိန်ပြည့် တွေးနေတာပဲ နော်"

"ဟိုတုန်းကတော့ ဟုတ်ပါတယ်နေခြည်ရယ်။ အခု ဒီမှာ စိတ်ညစ်လို့ စာလည်းမရေးဖြစ်ပါဘူး"

"ဘာလဲ ဖွေးသူကြောင့် စိတ်ပျက်နေပြီလား"

"အင်း"

"အစတော့ ဒီလိုပေါ့ဟာ။ ကလေးဆိုတာ ဖြူစင်ပါတယ်။ ဒါလည်း ရိုးသားတယ်။ ပွင့်လင်းမှုလည်း ရှိတယ်လေ"

"ဆိုပါဦး"

"ဟန်ဆောင်မှုကင်းတော့ စိတ်ညစ်စရာပေါ့။ စားမယ်ဆို စားရမှ။ သွားချင်ရင် သွားရမှ။ လူကြီးတွေလို စဉ်းစားနိုင်စွမ်းမှ နေသေး..."

"အိုးတစ်လုံးလို လိုရာပုံသွင်းလို့ ရတယ်လို့ ဆိုတာလား"

"အင်းပေါ့။ ဒါနဲ့ မေထက် သူ့ကို ကျောင်းပြန်ထားပေးမယ် ဆိုတာ လား"

"ထားပေးရမှာပေါ့။ ပြီးတော့ သူ့ကိစ္စတွေလုပ်ဖို့ လူ တစ်ယောက် လည်း လိုတယ်"

"ဟုတ်တယ်နော်။ မေထက်က ကျောင်းတစ်ဖက်၊ စာရေး ဆရာ ဘစ်ဖက်နဲ့ ဖွေးသူကို ဘယ်ကြည့်နိုင်ပါ့မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေးနွေလည်း သူ့ကြောင့် ပင်ပန်းလှပြီလေ"

"အင်း… ဒေါ်လေးလည်း သနားပါတယ်။ ဒါနဲ့ ကိုခ လာသေးလား"

"ဟိုတစ်နေ့က တစ်ခါလာသေးတယ်လေ။ မေထက်တို့ ဘတ်မင်တန် ကစားတဲ့နေ့ကလေ"

"နောက်ပိုင်း မလာတော့ဘူးလား"

"ဟင့်အင်း… ဘာလို့လဲ"

"ဩော်… ဘာမှတော့ မဟုတ်ပါဘူး။ သူ့အစ်မ တစ်ယောက် ရှေ့ အပတ်ထဲမှာ လက်ထပ်မယ်လို့ကြားတယ်"

"ဟုတ်လား… ဒါဆို လာဖိတ်မှာပေါ့"

"အင်း"

"ကိုခတို့က မောင်နှမများသားနော်"

"အေးဟ…။ ကိုခအထက်မှာ လေးယောက်၊ အောက်မှာ နှစ်ယောက်"

"အကြီးတွေက အိမ်ထောင်နဲ့ မဟုတ်လား"

"ဟုတ်တယ်၊ ကိုခနဲ့ အငယ်နှစ်ယောက်ပဲ ကျန်တော့တာ"

မေထက်က နေခြည့်စကားကို ခေါင်းညိတ်ရင်း နားထောင်နေမိ သည်။

"ကိုခတို့က တော်တော်ချမ်းသာတာပဲ"

နေခြည်က မေထက်ဘေးတွင်ဝင်ထိုင်ရင်း ဆက်ပြောသည်။





"ကိုခက သဘောလည်း ကောင်းပုံပါပဲ၊ အဟင်း"

နေခြည့်မျက်နှာ ပြုံးစိစိကိုကြည့်ရင်း မေထက် မလုံမလဲ ဖြစ်သွား ရသည်။

"နေခြည် ဘာပြုံးတာလဲ"

"တို့ သူငယ်ချင်းကို ဝါသနာတူ၊ အလုပ်တူ ချစ်သူ ရွေး ေးနေတာ လေ"

"ဟယ်… ကြည့်စမ်း နေခြည်၊ မေထက်တို့က ရိုးရိုး သားသားပါနော်"

"အင်းလေ… နောက်တော့"

"တော်တော့ နေခြည်၊ တကယ်နောက်တယ်ကွာ"

မေထက်က မျက်နှာမှုန်မှုန်လေးနှင့် အလိုမကျစွာ ပြော သည်မို့ နေခြည်က အော်ရယ်ရင်း သဘောကျနေလေသည်။

နေခြည်က ပွင့်လင်းသူမို့ ပြောစရာရှိလျှင် ဒိုးခနဲ ဒေါက်ခနဲ ပြော ချတတ်သည်။

"မေထက်… မေထက် တူမချောလေးကို ကိုခ ဘယ်မြင်ဖူး ထဲနော်"

"အင်း… မမြင်ဖူးတာပဲ ကောင်းပါတယ်"

ဖွေးသူကိုကို လူတွေ အထင်သေးမှာ မေထက် စိုးရိမ်သည်။

သို့ကြောင့် ဘယ်သူနှင့်မှ မတွေ့စေချင်။

သို့ပေမယ့် သူမကို မေထက် မချုပ်ချယ်ပါ၊

ကိုယ်ပိုင်လွတ်လပ်ခွင့်ကို အပြည့်အဝပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်ကို အားကိုးလိုစိတ်နှင့် အမှားအမှန်ကို ခွဲခြား ခံစားနိုင်လာအောင် ကလေးဘဝမှာ လွတ်လပ်ခွင့် ပေးသင့်သလောက် ပေးထားရမည် မဟုတ်လား။

"မေထက်တူမလေးက နောက်နှစ်လောက်ဆို တစ်အား လှလာမှာနော်။ မေထက် မလွယ်ဘူး"

"အင်း… အလှတွေ အစွမ်းကို ဖူးပွင့်ချိန်မှာ ပညာလေး လည်း ရနေမှ။ နို့မဟုတ်ရင် မလွယ်ဘူး"

"မေထက်လည်း ခုမှ တူမချော့ကို ပူပန်နေရပြီ"

နေခြည့်စကားကြောင့် မေထက် ပြုံးနေလိုက်မိသည်။

"ဒါဆိုတော့ ပူပန်မနေပါနဲ့ဟယ်။ သူ့ဟာနဲ့သူ ဖြစ်လာမှာ ပေါ့။ ကဲ နေခြည်ပြန်မယ်"

"ဟင်… တစ်ခုခုစားပြီးမှ ပြန်လေ"

"ညှို့သည်မှတ်လို့လား။ မလိုပါဘူး။ ကြုံရင်ဝင်စားမှာပဲ။ တကူးတက လုပ်မနေပါနဲ့ မေထက်ရဲ့"

"မေထက် ဘာမှ မပြောတော့ဘူး"

နေခြည်က မေထက် ပါးလေးကိုဆွဲလိမ်ရင်း ခြံဘေးတံခါးမှ တစ်ဖက်ခြံထဲသို့ ပြေးဝင်သွားသည်။

မေထက်လည်း အုတ်ခုံလေးမှထကာ အိမ်ဘက်သို့ ထွက် လာခဲ့သည်။ ညှို့ခန်းထဲသို့ လှမ်းအဝင်…

"ဘွားလေး"

"ဟင်… ဘာလဲ သမီးလေး"





"ဖွေး ရှင်မီးက လှလည်း မလှဘူး"

"လှပါတယ် သမီးရဲ့"

"မလှပါဘူး။ ဒေါ်လေးထက် ရှင်မီးကမှ လှတာ။ ပန်းပွင့် လေးတွေနဲ့"

"ဟဲ့… သမီး"

ဒေါ်လေးနွေ လှမ်းအော်ပေမယ့် တိတ်မသွား။

"ဟုတ်ပါတယ် ဘွားလေးရဲ့။ ဒေါ်လေးထက် ရှင်မီးကို ဖွေးသူပြရမလား"

"အို…"

မေထက်တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားရသည်။

ခက်ပါလား ဖွေးသူရယ်။

အင်း… မဖြစ်ပါဘူး။ မေထက်အခန်းကို အမြဲပိတ်ထားမှ

နေခြည်က ခုနလေးတင် ပြောသွားသေးသည်။

ကလေးဆိုတာ ပြောချင်ရင် ပြောမှာပဲတဲ့။ အစဉ်းစား ဉာဏ်မှ မရှိသေးဘဲနဲ့တဲ့။

ဖွေးသူရှေ့မှာ အနေတည်မှ ဖြစ်တော့မယ်။

မေထက်ကလည်း ကိုယ့်အခန်းထဲတွင်မို့ လွတ်လွတ်လပ် လပ် နေတတ်သည်။

အခုတော့ သည်လိုနေလို့ မရနိုင်တော့။

ဆိုးတာ ကောင်းတာ မသိ။



www.burmeseclassic.com

www.burmeseclassic.com



အတူမြင် အတတ်သင်အရွယ် ဖွေးသူကြောင့်ပေါ့။

"သမီး အဲဒီလို နောက်မပြောရဘူးနော်။ လူတွေရှေ့မှာ ပြောရင် ဘွားလေးရိုက်မှာ"

"သမီးက လူတွေရှေ့မှာ ပြောမလားလို့"

ဟူး... တော်ပါသေးရဲ့။

ရင်ဘတ်ကိုဖိရင်း သက်ပြင်းလေးတစ်ချက် ဟူးခနဲမြည်အောင် ချဖြစ်သည်။

ကလေးလည်းမကျ လူကြီးလည်းမကျ။

စိတ်ညစ်စရာအရွယ်ပေမို့ မေထက် ဘယ်လိုပြုပြင် ထိန်းသိမ်းမည် မသိနိုင်တော့။

နေးကွေးသော ခြေလှမ်းတို့နှင့် အိမ်ထဲကို လှမ်းဝင်ခဲ့မိသည်။

အခန်းထဲရောက်လို့ ဘာအသံမှ မကြားသေး။

ဖွေးသူကို၏ အသံစာစာလေးကို ကြားလိုက်ရပြန်သည်။

"ဖွေးသူ ကြည့်ချင်လို့ပါ ဘွားလေးရဲ့၊ ဖွင့်ပြပါ"

"ရှုပ်လိုက်တာအေ။ နောက်မှကြည့်။ အခု ကျုပ်မအားဘူး"

"ဟင့်အင်း... အခုကြည့်ချင်တာ။ ဖွင့်ပေးခဲ့ပြီး ဘွားလေး ဘာ လုပ်လုပ် ရတာပဲဟာ"

"မကဲ့နဲ့နော် မိဖွေး"

ဒေါ်လေးနွေ၏ ဒေါသစွက်သော အသံကြောင့် ဖွေးသူ အသံတိတ်သွားရသည်။

"ဒေါ်လေးနွေ ဘာတဲ့လဲ"

မေထက် သူတို့အနားကို လျှောက်သွားရင်း မေးလိုက်သည်။

"ဗီဒီယို ဖွင့်ခိုင်းနေတာလေ"

"သြော်... နေပါဦး။ ညည်းလေးက ဘာကြည့်ချင်တာလဲ"

"စတိတ်ရှိုး"

မေထက်ကို ယွဲ့ယွဲ့လေး ပြုံးလိုက်သည်။

"လာ... ဖွင့်ဖို့ သင်ပေးထားမယ်။ ပိတ်တာရောပေါ့။ နောက်ဆို ကြည့်ချင်ရင် အော်မနေနဲ့။ ကိုယ့်ဘာသာ ဖွင့်ကြည့်သွားလား"

"အင်း"

ဖွေးသူက ဉာဏ်တော့ ကောင်းပါတယ်။

ဘာသင်သင် ချက်ချင်းတတ်လွယ်လွန်း၏။

"အား"

"ဘာဖြစ်လို့လဲ"

နှာခေါင်းလေးရှုံ့ရင်း ညည်းနေသည်မို့ မေထက်ကို လန့်သွားရ သည်။

"စကတ်ကြိုးက နာလိုက်တာ"

"တစ်အားကြီး ကျပ်နေလို့ ဖြစ်မှာပေါ့"

မေထက် ဖွေးသူ၏ စကတ်ကြိုးကို လျှော့ပေးရင်းမှ

"နောက်ဆို အဲဒီလောက် ကျပ်ကျပ်ကြီး မဝတ်ရဘူး။







www.burmeseclassic.com

www.burmeseclassic.com

ဗိုက်အင့်ပြီး သေလိမ့်မယ်။ တော်ကြာ အရမ်းချောင်နေလို့လည်း ကျွတ်ကျနေဦးမယ်နော်

"ခေါ်လေးထက်ကလည်း"

ရှက်စနိုးပြုံးရင်း ငုံ့သွားသော ခေါင်းလေးကိုကြည့်၍ မေထက် အံ့သြသွားသည်။

အမူအရာလေးက လူကြီးတစ်ဦးနှယ်။

ဖွေးသူကို မငယ်တော့ပါလေ။

တစ်ချက်တစ်ချက် လူကြီးတစ်ယောက်လို ပြုံးတတ်၊ ပြောတတ်၊ ကြည့်တတ်နေပြီပဲ။

ဒါကြောင့် ဘွားလေးက ခေါ်တာ။

လူကြီးမလေးတဲ့။

ဘာပဲပြောပြော ဖွေးသူကိုကို မေထက်ချစ်ရပါသည်။

လိုတာထက်ပို၍ အလိုမလိုက်စေရန် သတိထားနေရသည်။

❷



## အခန်း (၇)

"မေထက်ရေ"

ဆိုင်ကယ်ရပ်သံနှင့်အတူ ခေါ်သံကိုပါ တစ်ဆက်တည်း ကြားလိုက်ရသည်မို့ မေထက် သွက်သွက်လေး ဆင်းလာခဲ့သည်။

ထင်သည့်အတိုင်းပင် ကိုခကို လှမ်းတွေ့လိုက်ရသည်။

"ကိုခ… လာလေ"

"အိမ်ပေါ် မတက်တော့ဘူးကွာ။ ကိုခ အချိန်မရဘူး"

"ဟင်… ဘယ်လိုကြီးလဲ"

"ဟုတ်တယ်။ ခုတောင် အချိန်လုပြီး လာရတာ။ မေထက်ကို [illegible]ည်တိုင်ဖိတ်ချင်လို့"

ဖိတ်စာကတ်လှလှလေးကို လှမ်းပေးရင်း ကိုခက ပြော[illegible]ည်။

"ရပါတယ် ကိုခရယ်။ ဘယ်သူလာဖိတ်ဖိတ် မေထက် [illegible]နှင့် လာမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ… အားမှ လာလို့မရဘူး။ လာကို လာရမှာပဲ"

"အဟင်း… ကိုခအလှည့်မှ ဆက်ဆက်လာမယ်လေ"

မေထက်က ဖိတ်စာလေးကို ငုံ့ကြည့်ရင်းမှ ပြောလိုက်မိသည်။ အတန်ကြာသည်အထိ ကိုခဆီမှ ဘာသံမှ ထွက်မလာ။

သို့ကြောင့် မေထက်ကို ဖျတ်ခနဲ မော့ကြည့်မိသည်။

မေထက်ကို တစ်ကိုယ်လုံး လေထဲမြောက်တက်သွားသလို ခံစားရသည်မို့ မျက်လွှာကို အမြန်ဆုံး ချပစ်လိုက်ရသည်။

"ကိုခ ဘယ်လိုကြည့်တာလဲ"

တုန်တုန်ခိုက်ခိုက် ဖြစ်သွားသော စိတ်ကို ထိန်းလိုက်နိုင်သော်လည်း မျက်ဝန်းစူးစူးများနှင့် အကြည့်နက်နက်ကို မြင်ယောင်နေဆဲ။

"မေထက်"

"ရှင်…"

"ကိုယ် ပြန်မယ်"

"အင်း…"

မေထက် သူ့ကို မော့မကြည့်တော့။

တဖြည်းဖြည်းဝေးသွားသော ဆိုင်ကယ်သံကြောင့် ကိုခပြန်သွားပြီလို့ သိလိုက်ရသည်။

မေထက် စကားထဲမှာ ဘာများ အမှားပါသွားပါလိမ့်။

မေထက် မစဉ်းစားတတ်။

ကိုခအကြည့်က မကျေနပ် အကြည့်လား။





အလိုမကျသည့် အကြည့်လား။

နာကြည်းအကြည့်လား။

ကြေကွဲ အကြည့်လား။

မေထက် မဝေခွဲတတ်။

ထူးခြားသည်ကတော့ အမှန်။

မေထက် ဘယ်လို နားလည်ရမလဲ ရှင်ရယ်။

ကျောက်ရုပ်ပမာ ရပ်နေမိသူက မေထက်ကို။

"ဝါသနာတူ အလုပ်တူ ချစ်သူ"

နေခြည့်စကားကို ပြန်ကြားမိတော့ ကျောထဲ စိမ့်ဝင်သွားသည်။

ကိုခကို မေထက် နားမလည်တာ ခုမှမဟုတ်။

ဟိုး စတွေ့သည့် နေ့ကတည်းကပါ။

အဲဒီတုန်းက မေထက် ရှမ်းပြည်နယ်မှာ။

ဝတ္ထုတစ်အုပ်အတွက် ပတ်ဝန်းကျင် ပြင်ပဗဟုသုတရရန် ရှမ်းပြည်နယ်ကို အလည်အပတ် သွားခဲ့သည်။

နေခြည်နှင့် မေထက်တို့နှစ်ယောက် မြင်းစီးရင်းမှ စကားတွေ ပြောမကုန်အောင်ရှိစဉ်…

"ဟီး… ဟီး"

မေထက်၏ မြင်းကြီးက တဟီးဟီးအော်ရင်း ဆက်မသွားဘဲ ပေကတ်နေလေသည်မို့ မေထက် မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင်… နေက်… မင်း ဘာဖြစ်တာလဲ"

နေက်၏ လည်ဆံမွေးများကို ပွတ်သပ်ရင်း မေးမိပေမယ့် မြင်းကမှ စကားမပြောတတ်ဘဲ ဘာမှ ပြန်မဖြေ။

နေခြည်က မေထက်ကိုကြည့်ရင်း ရယ်နေသည်မို့ မေထက် စိတ်တိုသွားရသည်။

"ဟင်း… ဟင်း… မြင်းက ပြောတတ်မလားဟဲ့ မေထက်ရဲ့"

"အို… ပြောတတ်တတ် မပြောတတ်တတ် မေးမှာပဲ။ ဘာဖြစ်လဲ"

နေခြည့်ကို မခံချင်စွာ ပြန်ပြောရင်း မြင်းကြီးကိုလည်း ဒေါသ ဖြစ်သွားရသည်။

"ဟ… ဟ… မေထက် နင့်မြင်းကြီး ပြေးသွားပြီ"

မေထက်လည်း ရုတ်တရက် ဘာလုပ်ရမည်မသိ။ ငေးကြည့်နေမိသည်။

တစ်ဖက်မှ မြင်းအညိုကို စီးလျက် လူတစ်ဦး လာနေသည်ကို မေထက်တို့ လှမ်းမြင်နေရသည်။

နေက်က မြင်းညိုညိုထံ ပြေးသွားပြီး ခေါင်းကို တိုက်နေလေသည်မို့ ထိုလူလည်း မြင်းပေါ်မှ ဆင်းလိုက်ရသည်။

"ဟေ့ကောင် နေက်… သွား မင်း ဘယ်လိုဖြစ်နေတာလဲကွ"

နေက်၏ ဇက်ကြိုးကိုဆွဲကိုင်ရင်းမှ ထိုလူက ခပ်ကျယ်ကျယ်ဆိုလာသည်။





"ဟောတော့… ဒီနေ့မှ မြင်းနဲ့စကားပြောတဲ့ လူနှစ်ယောက် တစ်ချိန်တည်း မြင်ဖူးတော့တယ်"

နေခြည်၏ စကားသံကြောင့် ထိုလူက လှမ်းကြည့်သည်။ မေထက် တို့ကို ခုမှမြင်ပုံရသည်။

နေခြည်ကတော့ သွက်လက်သူပီပီ ထိုလူနားရောက်သွားသည်။ မြင်းပေါ်မှ ခုန်ဆင်းရင်း…

"အဲဒီကောင်ကြီးက ဒီနားရောက်မှ ဘယ်လိုဖြစ်တာလဲ မသိဘူး တအားဟီပြီး ပြေးသွားတော့တာပဲ"

"နက်ထွားက ကျွန်တော့်မြင်းဗျ။ ဒီနှစ်ကောင်ကို ချစ်လို့ ကျွန်တော် မွေးထားတာ။ ပထမတော့ နက်ထွားတစ်ကောင်ပါပဲ။ နောက်မှ နက်ထွားအဖော် ဒီညိုမကို ကျွန်တော် ဝယ်လိုက်တာ"

"ဟုတ်လား"

ထိုလူက မြင်းညိုမ၏ ဇက်ကြိုးကိုဆွဲရင်းမှ ရှင်းပြနေသည်။

"မနေ့က ဦးလွန်းလာပြီး ဒီကောင်ကြီးကို ဆွဲသွားတာလေ"

"ဩော်…"

"ရန်ကုန်က ဧည့်သည်တွေအတွက် မြင်းလိုတယ်ဆိုပြီး ဆွဲသွားတာ"

မေထက်က နေရာတွင် တောင့်တောင့်လေး ရပ်နေဆဲ။

"ဦးလွန်းတို့အိမ်က ဧည့်သည်များတော့ သူတို့မြင်းတွေနဲ့ မလုံလောက်ဘူး ဖြစ်နေတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း... ဟုတ်တယ်နော်။ လာလိုက် သွားလိုက်ပဲ"

နေခြည်က အလိုက်သင့်ပြောရင်း မေထက်ကို ရှိရာသို့ လှမ်းကြည့်သည်။ ထိုလူကလည်း မေထက်ကို စေ့စေ့စပ်စပ်ကြည့်သည်။

သူတို့နားကို မေထက် လျှောက်လာခဲ့မိသည်။

"အဲဒီမြင်းကို ရှင်ပြန်ခေါ်သွားတော့လေ။ မေထက် နေခြည်မြင်းနဲ့ပဲ လိုက်ခဲ့တော့မယ်"

မေထက်ကို အသံတိမ်တိမ်နှင့်ပြောရင်း နေခြည့်ကို ကြည့်လိုက်သည်။

"ဟာ... မဟုတ်တာဘဲ။ ကျွန်တော် လိုချင်ရင်တောင် ဦးလွှန်းဆီက ပြန်လာယူမှာပေါ့"

သူက အလျှင်စလို ဖြေရှင်းနေသည်မို့ မေထက် ပြုံးမိသည်။

"မေထက်က သူတို့အဖော်ကွဲနေတာကို တွေးမိလို့ပါ။ မထူးပါဘူး ရှင်ပဲ ပြန်ခေါ်သွားပါ။ နောက်နေ့တွေမှာ မေထက်တို့လည်း မြင်းစီးဖြစ်မယ် မထင်ပါဘူး"

ပြုံးပြုံးလေးပြောနေသော မေထက်ဆိုသည့် မိန်းကလေးကို လူစ ငေးကြည့်ဖြစ်သည်။

လူစက အဖေ မြန်မာ၊ အမေ မြန်မာ။

ရှမ်းပြည်နယ်မှာ မွေးဖွားကြီးပြင်းသူ။

အခုတော့ မိဘများက ရန်ကုန်မှာ။





ဦးလေးရှိရာ ရှမ်းပြည်နယ်ကို ကျောင်းပိတ်တုန်း ခဏလာလည်ခြင်းပင်။

သည်မြင်းနှစ်ကောင်ကို သူ ငယ်ငယ်ကတည်းက မွေးထားခဲ့ခြင်း ဖြစ်သည်။

လူစ၏ အကြည့်စူးစူးကြောင့်ထင့်။

မေထက် မျက်နှာလွှဲသွားသည်။

သည်တော့မှ လူစ သတိဝင်လာရသည်။

"ကျွန်တော့်နာမည်က လူစပါ။ ရန်ကုန်ကနေ ခဏလာလည်တာပါပဲ။ ဦးလေးက ဒီမှာနေတယ်လေ"

"ဟုတ်ကဲ့ နေခြည်က နေခြည်ပါပဲ။ သူက မေထက်ပါ။ နေခြည်တို့ကလည်း ရန်ကုန်ကပါပဲ။ ခဏအလည်လာတာ။ ဦးလွှန်းအိမ်မှာ တည်းတယ်လေ"

"ဟုတ်ကဲ့... ဒီမှာ ရန်ကုန်က ကျွန်တော့်လိပ်စာကတ်"

နေခြည်က လှမ်းယူထားလိုက်သည်။

လူစက မေထက်ကို တစ်ချက်လှမ်းကြည့်သည်။

သူ့အကြည့်က ရှိန်းရှရှနိုင်လွန်းသည်။

ယုန်မွေးဆွယ်တာ ဖြူလွလွလေးနှင့် မျက်နှာဖွေးဖွေးလေး နှင့် လိုက်ဖက်လွန်းစွ။

နက်ပြာရောင် ကတ္တီပါဦးထုပ်၊ ခြေအိတ်နှင့် လက်အိတ်တို့ကလည်း သူမအသားကို ပိုလို့ဝင်းစေသည့်နှယ်။

ဘောင်းဘီရှည် အဖြူပွပွလေးကလည်း တစ်မျိုးချစ်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသည်။ လက်အိတ်နက်ပြာလေးထဲမှ ဖြူသွယ်သွယ် လက်ချောင်းများက ကြည့်မဝချင်စရာ။

ဘာဆေးမှ ကူစရာမလိုဘဲ ရဲနေသည့်နှုတ်ခမ်း။

ဝင်းနေသည့်ပါးပြင်။ ကော့ရွန်းနေသော မျက်တောင်များက ပုတ်ခတ်ပုတ်ခတ်။

ကြည့်လို့မဝဘူးကွာဟု စိတ်ထဲမှ တိုတ်တခိုး ပြောမိသည်။

မေထက်က သူတို့အဖော်ကွဲနေတာကို တွေးမိလို့ပါတဲ့

လွင်ချိုချိုအသံလေးက ဖြူစင်သော စိတ်ထားကို လှစ်

သကဲ့သို့။

"နေခြည် သွားမယ်လေ"

"အင်း..."

မေထက်က နေခြည့်ကို လှ းပြောလိုက်မှ လူခ လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည်။

"နေခြည်တို့ကို ခွင့်ပြုပါဦးရှင်"

နေခြည်က သူ့ကို နှုတ်ဆက်ရင်း မြင်းပေါ်ခုန်တက်လိုက်

သည်။

"ဟာ... နက်ထွားကို ခေါ်သွားပါ။ ကျွန်တော် နောက်

လာယူပါ့မယ်။ ဦးလွန်းက တစ်မျိုးထင်နေပါဦးမယ်"

"အင်း... ဒါလည်း ဟုတ်တာပဲ။ ကဲပါမေထက်ရယ် မ

ပါဘူး ငနက်ကိုပဲ စီးခဲ့ပေတော့"

နေခြည်တို့ စကားက မှန်နေသည်မို့ မေထက် မငြင်းနိုင်

တော့။





"ဟိတ်ကောင်... လိုက်သွား။ နောက်တော့ ငါလာခေါ်မှာ

ပေါ့ကွာ"

မြင်းက နားလည်းမလည်ဘဲနဲ့။

မေထက် တိုတ်တခိုး ပြောလိုက်သည်။

အသံတော့ မထွက်ရဲ။

သူ့အကြည့်နက်နက်များကြောင့် အသက်ပင် ရဲရဲမရှူရဲ

တော့။

မြင်းပေါ် ဘယ်လိုများ တက်ရပါ့မလဲ။

နက်ထွားက နာမည်နှင့်လိုက်အောင် ထွားလွန်းသည်မို့

မေထက် မနည်းကြီး တက်ရသည်။

"နက်ထွားက ကိုယ်ထည်မြင့်တယ်။ တက်လို့ရပါ့မလား"

မေထက်မပြောဘဲ မေထက် အခက်အခဲကို သူက သိနေ

ပြန်သည်။

သူ့စကားကြောင့်လည်း မေထက် ရှက်သွားရသည်။

"လာလေ... ကိုယ်တင်ပေးမယ်"

သူက ပြောလည်းပြော၊ မေထက်လည်း မြင်းပေါ် အရောက်

ပဲ။

ရှက်တာရော၊ လန့်တာရော ပေါင်းစပ်ပြီး မေထက် ပါး

လေးနှစ်ဖက် ရဲတက်သွားရသည်။

"အိမ်ရောက်မှပဲ ဆင်းတော့။ ပြန်တက်ဖို့ မလွယ်ဘူး"

သူက ခပ်တိုးတိုး ဆိုနေပေမယ့် မေထက် ခေါင်းငုံ့နေလိုက်

သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်တို့ ဒီမှာကတော့ မြင်းပေါ်မတက်နိုင်ရင် ချီတင်ပေးတာ မဆန်းပါဘူး။ ဒီက မြင်းတွေက အရမ်းကြွားတယ်။ မိန်းကလေး မတက်နိုင်ဘူး။ မြင်းကလည်း ဖက်ကြိုးကလွဲရင် ဘာမှမရှိတော့ အရမ်းကျွမ်းကျင်မှ စီးလို့ရတာ"

သူ့စကားကြောင့် မေထက် ပိုအနေရခက်သွားသည်။

သူက မတုန်လှုပ်ဘဲ မေထက်က သည်းနေသည်ဆိုသည့် သဘောလား။

သူ့မျက်နှာကို တစ်ချက်လှမ်းကြည့်မိတော့လည်း တည်ကြည်နေပြန်သည်။

မေထက် ဘယ်လိုနားလည်ရမှာလဲ။

လူခဆိုတဲ့ လူကြီးရယ်။

"သွားတော့မယ်"

အသံကိုငြိမ်အောင်ထိန်းရင်း မေထက် နှုတ်ဆက်လိုက်သည်။

"အင်း... ကောင်းပါပြီဗျာ"

နက်ထွားပေါ်မှ မိန်းကလေးကို လူခ ငေးနေမိသည်။

ဘယ်လိုကြည့်ကြည့် ချစ်စရာလေးပါလား။

ဆွဲဆောင်မှု ကောင်းတာမျိုး မဟုတ်။

ညှုတုတုနှင့် ညို့နေတာလည်း မဟုတ်။

ပကတိဖြူစင်သော မျက်နှာလေးက ရှင်းသန့်ကာ ဝင်းမွတ်နေသည်။





မျက်လုံးနက်နက်များက တစ်သက် မမေ့ချင်စရာ။

သည်ကောင်မလေးက ရန်ကုန်ကဆိုပဲ။

ညနေရောက်လျှင်တော့ ဦးလွန်းဆီသွားဖို့ လူခ ဆုံးဖြတ်မိသည်။

မေထက်ကတော့ စိတ်ထဲမကျေနပ်ချင်။

ကိုယ်တို့ ဒီမှာကတော့ မြင်းပေါ်မတက်နိုင်ရင် ချီတင်ပေးတာ မဆန်းပါဘူးတဲ့။ သူ့စကားကြောင့် မေထက်အောင့်သွားသည်။

မင်းရှက်မနေပါနဲ့။ ငါက မင်းကို ဘယ်လိုမှ သဘောမထားဘူးဟု ပြောချသည့်နှယ်။

ပြီးတော့ စကားသံနှင့် မလိုက်အောင် လက်ဖြာနေသည့် ကျက်ဝန်းများ။

လူခတဲ့။

နာမည်ကြီးကလဲ။

အဟင်း အတော်ရယ်ရသားနော်။

"ဟိတ်... မေထက်"

"အမေ"

မေထက်ကို အရမ်းလန့်သွားသည်။

"ဟယ်... နေခြည်ရယ်၊ တစ်အားပဲ။ မေထက် လန့်သွားတာပဲကွာ"

"လန့်မှာပေါ့။ တစ်ခါတည်း မပြောလိုက်ချင်ဘူး။ ငေးနေခြည်ကြည့်နေတာကြာလှပြီ"



www.burmeseclassic.com

www.burmeseclassic.com



နေခြည်၏ အလိုမကျသော စကားသံကြောင့် မေထက် ဇက် ကလေးပုကာ လှျာထုတ်ပြလိုက်သည်။

"ကိုခ ဖိတ်စာလာပေးသွားတာ မဟုတ်လား"

"အင်း... ကြည့်လေ"

နေခြည်က ဖိတ်စာလေးကို လှမ်းယူကြည့်ရင်းမှ...

"အမယ်... မေထက်နဲ့ နေခြည်စိမ့်တဲ့။ ဒါများ နေခြည်စိမ့် ကို ဝင်ပေးလည်းရသားနဲ့။ မေထက်ကိုမှ ရွေးပေးရတယ်လို့"

"နေခြည်ရယ် မနောက်နဲ့ကွာ"

နေခြည့်လက်မောင်းကို လှမ်းရိုက်ရင်းမှ မေထက် တားမိသည်။

ကိုခ၏ အနှောင့်အသွားမလွတ်သော စကားများကိုသာ နေခြည်ကြားလျှင် ဘယ်လောက် စမည်မသိ။

"မေထက်"

"ဟင်..."

"သွားမှာလား"

"စဉ်းစားဦးမယ်"

"လူမှုရေးအရတော့ သွားသင့်တာပဲ"

"အင်းနော်"

"သွားမယ်ဟာ။ နေခြည် ကိုခတို့ မိသားစု အစုံအလင်ကို မြင်ဖူး ချင်တယ်"

မေထက်လည်း သည်လိုဆန္ဒရှိနေတာချင်း တူနိုင်လွန်းလှ ချည်လား။





"မေထက် ဘာတွေ တွေးနေတာလဲ"

"မတွေးပါဘူး"

"ခုနတုန်းကလေ"

"ြော်... ကိုခနဲ့ စတွေ့တဲ့နေ့ကို သွားသတိရမိလို့"

"ဘာလဲ မေထက်ကို မြင်းပေါ် ပွေ့တင်ခဲ့တာကိုလား"

"နေခြည် သိပ်ဆိုးတယ်ကွာ။ တော်ပြီ မခေါ်တော့ဘူး"

မေထက်က လှည့် ဒက်ရန် ပြင်လိုက်သည်မို့...

"နေပါဦး အဲဒီတုန်းကများ မေထက်မျက်နှာလေး ရဲတွတ် တော နေခြည်မမေ့သေးဘူး"

နေခြည်က စကောင်းကောင်းနှင့် စနေသည်။

"မေထက်ကတော့ မေ့သွားပြီ"

"ဒါဆို နေခြည် ပြန်ပြောပြရမလား"

"ဟင့်အင်း၊ မပြောနဲ့"

"ပြောချင်တယ်ကွာ။ အရမ်းပြောချင်နေတာ။ အဲဒီတုန်းက ကြီး ညနေဘက် ဦးလွန်းတို့အိမ် ရောက်လာတယ်လေ"

"သိသားပဲ"

"မေထက်ကို လာလည်ဖို့ ဖိတ်တယ်လေ"

"သိပါတယ်ဆို"

"အဲဒီအချိန်တုန်းက..."

"တော်ပါတော့ကွာ။ မေထက်လည်း သိပြီးသားပဲဟာ"

"ဟင်း... ဟင်း... ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



နေခြည်က စိတ်ကြိုက်စလိုက်ရသည်မို့ ကျေနပ်သွားသည်။

"နေခြည် ပြန်တော့မယ်"

"ကြွ… ကြွ"

မျက်စောင်းထိုးရင်း မေထက် အိမ်ပေါ်ကို ခြေဆောင့်တက်လာခဲ့သည်။ ပြီးမှ သတိရကာ ရပ်တန့်သွားမိ၏။

အရင်လို ငါ ကလေးလုပ်လို့ မရတော့ဘူး။

❷



အခန်း (၈)

"ဖွေးသူ ကားပေါ်ကပဲ စောင့်နေနော်"

မေထက်ကို ကားထဲမှဆင်းရင်း ပြောလိုက်သည်။

ဈေးထဲကို ဝယ်စရာရှိ၍ လာခဲ့ခြင်းပင်။

ဖွေးသူကလည်း အတင်းလိုက်ချင်နေ၍ ခေါ်လာခဲ့ရသည်။

သူကလေးက သည်ဗိုလ်ချုပ်ဈေးကို တစ်ခါမှ မရောက်ဖူးဘူး။ သို့ကြောင့် ရောက်ဖူးပါစေတော့ဟု စေတနာထားကာ မေထက် ခေါ်လိုက်ခြင်းပင်။

"ဒေါ်လေးထက်"

"ဘာလဲ"

"ဖွေးသူလည်း လိုက်မှာပဲ။ မရောက်ဖူးလို့"

"လိုက်တာက အရေးမကြီးဘူး။ ဝယ်စရာက အများကြီး။ ညည်းလေး လျှောက်နိုင်ပါ့မလား"

"လျှောက်နိုင်သားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်မှ ညောင်းပြီလို့မပြောနဲ့ ဒါဆိုလည်း လာ"

မေထက် ဖွေးသူကိုပါ တစ်ခါတည်း ခေါ်လာခဲ့သည်။

ဖွေးသူက မြင်မြင်သမျှ သဘောကျနေသည်။

မေထက် သူ့ကို ဒေါက်မြင့်ဖိနပ် လှလှလေးတစ်ရန် ဝယ်ပေးမိ၏။

ဖိနပ်လေးကိုကြည့်၍ ဖွေးသူက သဘောကျနေလေသည်။

သူကလေး ပျော်မြူးနေ၍ မေထက်လည်း ဝမ်းသာရသည် မဟုတ်လား။

"ဒေါ်လေးထက်"

"ဘာလဲ ဖွေးလေးရဲ့"

"ဟိုမှာကြည့်ပါဦး"

"ဘာတုံး"

"ဟိုဟာလေး ဖွေးသူ လိုချင်တယ်"

"ဘယ်ဟာလဲ။ သေချာပြစမ်း"

"ဟိုမှာလေ။ နားကြပ်လေးရော၊ ဆေးထိုးအပ်ဖလေးရော အဖျား တိုင်းတာလေးရော၊ ဒေါ်လေးထက်မှာလည်း ရှိတယ်လေ ဖွေးလည်း လိုချင်တာပေါ့"

"ဩော်..."

မေထက်မျက်နှာလေး ကြည်နူးမှုကြောင့် ဝင်းလက်သွားရသည်။

Little Doctor ဟုရေးထားသည့် ကလေးကစားစရာ ဆရာဝန်ပစ္စည်းစုံ။





ပလတ်စတစ်နှင့် ပက်ကင်ပိတ်ထားပြီးသား။

"ဒေါ်လေးထက် ဝယ်ပေးနော်"

"အင်း..."

မေထက် ခေါင်းညိတ်လိုက်သည်။

တကယ်လည်း လိုချင်စရာလေးပေကိုး။

"ဒေါ်လေးထက်"

"ဟင်..."

"အဲဒါ ဘာရေးထားတာလဲ"

"Little Doctor တဲ့ ဖွေးရဲ့။ ဆရာဝန်လေးပေါ့"

"အင်း... ဒါဆို ဖွေးက ဆရာဝန်မလေးပေါ့"

ဖွေးသူ၏အပြောကို ဆိုင်ပိုင်ရှင်အမျိုးသမီးက သဘောကျ ပြုံးသည်။ ဖွေးသူ သိပ်လိုချင်နေ၍ မေထက် ဝယ်ပေးလိုက်၏။

"ဒေါ်လေးထက်"

"ခေါ်ပြန်ပြီ"

"သမီးလည်း ဆရာဝန်မကြီး လုပ်ချင်လာပြီ"

"ကောင်းတာပေါ့"

"ဘယ်နှစ်တန်းမှ ဖြစ်မှာလဲ ဟင်"

"၁၇ တန်းမှဖြစ်မှာ"

ကလေး နားလည်အောင် မေထက် ရှင်းပြမိသည်။

"ဟင်... အခုမှ ငါးတန်းဆိုတော့ အများကြီးလိုသေးတာပေါ့ "



www.burmeseclassic.com

www.burmeseclassic.com



"အင်း..."

"စာတွေအများကြီး ဖွေး ကျက်နိုင်မယ် မထင်ပါဘူး"

စစ်မရောက်ခင်က မြှားကုန်နေသည့် တူမချောကို မေထက် ပြုံးကြည့်လိုက်သည်။

"ဒေါ်လေးထက် ပြန်မယ်လေ"

"ဟောတော့... ကောင်းလှချည်လား မိဖွေးရဲ့။ သူလိုချင်တာလည်း ရရော ပြန်ချင်တော့တာပဲ"

"ဖွေး ဗိုက်နာလို့"

"ဒုက္ခပါပဲလား"

ဗိုက်ကလေးကိုနှိပ်ရင်း ပြောနေသည်မို့ မေထက် စိတ်ပျက်သွားမိသည်။

မထူးပါဘူးလေပြန်တာပဲကောင်းတယ်။ နောက်မှလိုတာ ဒေါ်လေး နွေကို မှာရတော့မှာပဲ။

မေထက်အတွေးနှင့်အတူ ကားရှိရာသို့ လျှောက်လာခဲ့သည်။

"ကဲ... တက်... ပြန်မယ်"

ဖွေးသူက သွက်လက်စွာ ကားပေါ်တက်လိုက်သည်။

"မေထက်"

"ဟင်... ကိုခ"

"မေထက် ဈေးလာတာလား"

"အင်း... ကိုခကော"





"အသိတစ်ယောက်ဆီ ခဏလာတာ။ အခုပဲ မေထက်တို့အိမ်လာတော့မလို့"

"ဟုတ်လား"

"ကိုယ် ကားမယူလာဘူး"

"မေထက်တို့နဲ့ လိုက်ခဲ့လေ"

"မခေါ်လည်း လိုက်မှာပါပဲ"

မေထက်က ပြုံးလိုက်သည်။

"လာမယ် မဟုတ်လား"

"အင်း..."

"ဒီလိုမှပေါ့"

မေထက် ခေါင်းအညိတ်၀ယ် ကိုခမျက်နှာ ဝင်းသွားရသည်။

အင်းလျားလိတ်မှာ လုပ်မည့် ကိုခ၏အစ်မ မင်္ဂလာဆောင်ကို လာဖို့ခေါ်နေခြင်းပင်။

"ကိုခ တက်လေ"

"မေထက် အရင်တက်။ ကိုယ်မောင်းမယ်"

မေထက် ကားထဲဝင်တော့ ဖွေးသူက တစ်ဖက်ကို ကပ်ပေးသည်။

မေထက်က အလယ်မှာ ကိုခက ကားမောင်းသူ။

"သူလေးက ဘယ်သူလဲ"

ဖွေးသူကိုကို ကြည့်ရင်း လူခ မေးလာသည်။

"မေထက် တူမလေးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား။ မေထက်နဲ့ တော်တော်တူတာပဲ"

လူခက စူးစူးစမ်းစမ်းကြည့်ရင်း မှတ်ချက်ချသည်။

"ဖွေးသူကိုတဲ့"

မေထက်က လူခကိုပြောရင်း ဖွေးသူဘက် လှည့်ကြည့်မိသည်။ ဖွေးသူက လူကိုကြည့်မနေ။ သူမ၏ Little Doctor နှင့်သာ အလုပ်ရှုပ်နေသည်။

"ဖွေးလေး၊ အရုပ်ကို သဘောကျနေတာလား"

"အင်း"

လူခ ချစ်စရာ ချာတိတ်မလေးကိုလှမ်းကြည့်ရင်း ပြုံးမိသည်။

"မေထက်"

မေထက် ပြန်မထူးမိ။

တစ်ချက်တော့ လှမ်းကြည့်ဖြစ်သည်။

"မေထက်က တူမချောလေးရလို့ အားလုံးကို မေ့နေပြီ ထင်တယ်"

"မဟုတ်တာ"

"မသိပါဘူးဗျာ။ အခုတလော ကိုခ ဖုန်းဆက်တိုင်း မေထက် ရှိမနေလို့"

"မေထက် အလုပ်များနေတယ်လေ။ ကျောင်းကလည်း တက်နေရပြီဆိုတော့ မေထက် မအားဘူး"

"မေထက်က သိပ်အပင်ပန်းခံတာကိုး"





ကရုဏာစကားမို့ မေထက် ဘာမှ ပြန်မပြောမိ။

"ကိုခ သူ့ကို တစ်ခါမှ မတွေ့ဘူး"

"အင်း… ရောက်တာမှ သိပ်မကြာသေးဘဲဟာ"

"ဟုတ်လား"

"ဖွေးမေမေ၊ မေထက်မမ ဆုံးသွားလို့ ဖွေးကို သွားခေါ် ာလေ"

"ဒါကြောင့်ကိုး… ဖွေးက အဖေရော အမေပါ မရှိတော့ ူးပေါ့"

"အင်း"

"ဒါကြောင့် မေထက် သိပ်ချစ်တာနဲ့ တူပါရဲ့"

"အဟင်း…"

မေထက်က အရှက်ပြေ တစ်ချက်ရယ်လိုက်မိသည်။

"မေထက်"

"ပြောလေ"

"တစ်ခုခုစားရအောင်လား"

"ဟိုလေ… ဒေါ်လေးနွေ့က အိမ်မှာ ခေါက်ဆွဲချက်ထား ား မေထက်တောင် ကိုခ လာမလားလို့ ထင်နေတာ"

"ဟုတ်လား။ တိုက်ဆိုင်တယ်ကွာနော်။ မေထက်ဆို့ဆီ ကိုခ ာတိုင်း ခေါက်ဆွဲချက်တဲ့နေ့ ဖြစ်နေတတ်တယ်"

"အစတုန်းက မေထက်တစ်ယောက်တည်း ကြိုက်လို့ ာခဏ ချက်ဖြစ်တာ။ အခု နှစ်ယောက်ဖြစ်နေပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



မေထက်က ဖွေးသူ့ဘက်ကို ငဲ့ကြည့်ရင်း ပြောလိုက်သည်။

"ကိုခ စလာတဲ့နေ့ကလည်း မေထက်တို့ ခေါက်ဆွဲချက်တယ်နော်"

"အင်း..."

မေထက် မှတ်မိပါသည်။

သည်တုန်းက နေခြည်နှင့် မေထက် ခြံထဲမှာ ဘော်လီဘော ပုတ်နေကြသည်။

"အိမ်ရှင်တို့ မရှိကြဘူးလား"

မေထက်နှင့် နေခြည် အသံလာရာသို့ ပြိုင်တူလှမ်းကြည့်မိသည်။

ကားပေါ်မှဆင်း၍ ရပ်နေသူက လူခ။

"ဟယ် ကိုခကြီးပါလား။ လမ်းမှားလာတယ်နဲ့ တူပါ့"

နေခြည်က မေထက်ထက်ပို၍ သွက်သည်မို့ အပြေးကလေး ခြံတံခါး ဖွင့်ပေးသည်။

ရှမ်းပြည်နယ်မှာကတည်းက နေခြည်နှင့် မေထက်တို့ ကိုခနှင့် ရင်းနှီးခဲ့ပြီးသား။

"လာလေ... ကိုခရဲ့"

လူခက ကားပေါ်ပြန်တက်ကာ ခြံထဲသို့ မောင်းဝင်လာသည်။

"မေထက် ညွှန့်သည်ကို မခေါ်ဘူးလား"

လူခ ပြုံး၍မေးမှ မေထက် သတိရသည်။





"လာလေ... မေထက် ခေါ်ပါတယ်"

ကားနားသို့ တစ်လှမ်းချင်း လျှောက်လာသော မေထက်ကို လူခ ကြည့်မိ၏။

အကြည့်လွှဲပစ်ရမှာ နှမြောနေသည်။

ပန်းနုရောင် ရှပ်အင်္ကျီလေးနှင့် နက်ပြာဘောင်းဘီရှည်က မေထက် အလှကို အစွမ်းကုန် ပေါ်လွင်စေသည်။

"ကိုခ ဆင်းလေ"

"အင်း..."

မေထက်အသံကြားမှ သူ သတိဝင်လာသည်။

မေထက်ကို မမြင်ရလျှင် သူ မနေတတ်တော့။

သူ အတတ်နိုင်ဆုံး ကျိတ်မှိတ်နေခဲ့ရသည်။

သည်နေ့တော့ သူ မလာဘဲ မနေနိုင်တော့။

စိတ်ကို တစ်ထစ်လွှတ်ပေးရင်း သူ မေထက်ရှိရာ လာခဲ့မိသည်။

"မေထက်"

"ရှင်..."

"ကိုခကို မလွမ်းဘူးလား"

သူ့စကားကြောင့် မေထက် သူ့ကို မော့ကြည့်မိသည်။

"ပြောလေ မေထက်"

"ဟင့်အင်း... မလွမ်းပါဘူး"

"ဟာကွာ"



www.burmeseclassic.com

www.burmeseclassic.com



နေခြည်က ခြံတံခါးကို ပြန်ပိတ်ပြီး မေထက်တို့ရှိရာသို့ လျှောက်လာနေပါပြီ။

ကိုခက နေခြည့်ကို တစ်ချက်လှမ်းကြည့်သည်။

"ဒီနေ့လေ မေထက်တို့အိမ်မှာ ခေါက်ဆွဲချက်တယ်။ ကိုခ စားရမယ်နော်"

"စားမှာပေါ့"

အုန်းနို့ခေါက်ဆွဲစားကြရင်းမှ မေထက်တို့ ပိုမိုရင်းနှီးလာရသည်။

"ကိုခ ရန်ကုန်ရောက်တာ ကြာပြီလား"

"အင်း... မေထက်တို့ဆီ လာမလို့ မလာဖြစ်တာနဲ့"

မေထက်က ခေါင်းငုံ့စားရင်းမှ သူ့စကားကို နားစွင့်နေမိသည်။

သူ့အကြည့် သူ့အပြောများက မေထက်ကို လှုပ်လှုပ်ရှားရှား ဖြစ်စေသည်ကအမှန်။

သည်လူ မေထက်ကို လှမ်းမိုးနေပြီလား။

မေထက် မဝေခွဲတတ်။

"မေထက်"

လန့်သွားသော မေထက်ကိုကြည့်ရင်း ကိုခက ရယ်သည်။

"ဘာတွေ တွေးနေတာလဲ။ အိမ်ရှေ့ရောက်ပြီ"

"ဟင်... ဟုတ်ပါရဲ့။ မေထက် သတိမထားမိဘူး"

"ကောင်မလေး စဉ်းစားခန်းဝင်နေတာကိုး"





ဖွေးသူက သူမဘက်တံခါးကို ဖွင့်ကာ ပြေးဆင်းသွား၏။

"မေထက်လိုပဲ ချစ်စရာလေး"

"ကိုခနော်"

မေထက် ရှက်ရွံ့စွာ ခေါင်းငုံ့မိပြန်သည်။

ကိုခနှင့်တွေ့တိုင်း မေထက် ခေါင်းငုံ့နေရသည် မဟုတ်ပေ။

"မေထက်"

"ဘာလဲ ကိုခရဲ့"

"သိပ် အပင်ပန်းမခံနဲ့ကွာ။ မေထက် မျက်နှာလေး နွမ်းတယ်"

"အင်းပါ"

သူ့အသံတွင် အာဏာပါရှာသလား။

မေထက် အလွယ်တကူ ခေါင်းညိတ်မိသည်။

လူခ မေထက်ကို ကြည့်နေမိသည်။

သည်ကောင်မလေးကို လူခ ဘယ်လိုချစ်နေမိမှန်း မသိ။

"ဆင်းတော့လေ"

လူခ ကားပေါ်မှ ဆင်းလိုက်ရသည်။

"မေထက်"

"ဘာလဲဟင်၊ ခဏခဏခေါ်နေတာပဲ"

လူခက သက်ပြင်းတစ်ချက်ကို မသက်မသာ ရှိုက်မိသည်။

သူ သည်မိန်းကလေးကို သံယောဇဉ် ဖြစ်နေမိပြီ။



www.burmeseclassic.com

www.burmeseclassic.com



တည်ငြိမ်လွန်းသော သူမကို ဘာကြောင့်များ ဖေဖေ သဘောမကျတာပါလိမ့်။

လူခက အနီးကပ် ဆက်ဆံနေရသူမို့ မေထက်ကို သူ လေးစား သွားရသည်။ သူမတွင် အပြစ်ဆို၍ ထမင်းဟင်း မချက် တတ်တာတစ်ခုပဲ ရှိသည်။

သက်ပြင်းချကာ ငိုင်သွားသော လူခကို မေထက် ကြည့် ၏။

သည်လိုပါပဲ။ မေထက်နှင့်တွေ့တိုင်း ကိုခ မျက်နှာညှိုး သွားတတ်၏။ တစ်စုံတစ်ခု လျှို့ဝှက်ချက်များ ရှိလေရော့သလား

လူခကဟန်ဆောင်ကောင်းသူမို့ သူ့စိတ်အမှန်ကို မေထက် မှန်း မရ။

"လာလေ… ကိုခ"

မေထက်က အိမ်ပေါ်ကို လှမ်းတက်သွားသည်။

လူခ နေရာမှာ ရပ်နေမိဆဲ။

"ဦးဦးခ"

ချိုမြိန်လွန်းသော အသံရှရှလေးကြောင့် လူခ လှမ်းကြည့် မိသည်။

"ဒေါ်လေးထက်က မုန့်စားမယ်တဲ့"

"အင်း"

ဖွေးသူ လှစ်ခနဲ အိမ်ထဲကို ပြန်ပြေးသွားသည်။

ဦးဦးခ။





လူခ ကြည်နူးစွာ ရယ်မိသည်။

သည်ချာတိတ်မလေး ဘယ်လိုခေါ်တာပါလိမ့်။

"ထိုင်ကွယ့်။ ဒီမှာ ဒေါ်လေးနွေ့ရဲ့လက်ရာကို အဝသာ းပေတော့"

"ဟုတ်ကဲ့ပါ ဒေါ်လေး"

"ဒေါ်လေးနွေရော ဝင်စားပါလားဟင်"

"မေထက်တို့ စားနှင့်ပါကွယ်။ ဒေါ်လေး ဖုန်းဆက်စရာ ရှိသေးတယ်"

လူခက ဖွေးသူကိုကို ကြည့်နေမိသည်။

သူမက လူကြီးတစ်ဦးပမာ ခပ်တည်တည်နှင့် စားနေသည် ီး။

"ဦးခ စားလေ"

"အေးပါ"

ဖွေးသူ့စကားကြောင့် မေထက် ပြုံးမိသည်။

"ဒေါ်လေးထက်"

"ဟင်…"

မေထက် ဖွေးသူကို လှမ်းကြည့်လိုက်သည်။

"စောစောက ဖွေးသူ ညာတာ"

"ဘာကိုလဲ"

"ဗိုက်နာတယ် ဆိုတာလေ။ အဲဒါ မဟုတ်ဘူး ဖွေးသူ ခနဲ့ပြန်ချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း"

မေထက် ဖွေးသူကို ခပ်တည်တည် ကြည့်ပစ်လိုက်သည်။ လူကြီး ကို ညာရတယ်လို့။

ဖွေးသူကတော့ နည်းနည်းလေးမှ မဖြုံ။

●



အခန်း (၉)

အချိန်တို့က တရွေ့ရွေ့ ကုန်ဆုံးလာခဲ့သလို ဖွေးသူကို [illegible]တန်းကျောင်းသူလေး ဖြစ်လာခဲ့ပေပြီ။

လူခနှင့် မေထက်တို့ ရင်းနှီးခဲ့တာ ကြာခဲ့ပေမယ့် ခုထက်ထိ [illegible]သူများ မဟုတ်ကြသေး။

လူခ မေထက်ကို သံယောဇဉ်ပိုနေမှန်း မေထက် သိခဲ့ရပေ[illegible]။ သို့ပေမယ့် လူခက ဘာမျှပြောမလာခဲ့။

မေထက်လည်း ဖွေးသူကြောင့် လူခနှင့် ခပ်ကင်းကင်း [illegible]ခဲ့၏။

တူမလေး အရှေ့မှာ ယောကျ်ားတစ်ဦးနှင့် နီးနီးစပ်စပ် [illegible]ချင် ပါလေ။

သူကလေးက ခုမှ အဖူးအငုံလေး မဟုတ်လား။

ကိုခကလည်း သတိပြုမိပုံရသည်။ မေထက်တို့အိမ် လာ[illegible]ား၏။

www.burmeseclassic.com

www.burmeseclassic.com



မေထက်ရှိရာ ကျောင်းနှင့် ဆေးရုံကိုတော့ အမြဲလိုလို လာတတ်လေသည်။

နေခြည်ကတော့ လူမှုဝန်ထမ်း ဦးစီးဌာနအောက်ရှိ မိန္ဒကလေးထိန်းဌာနတွင် အမှုထမ်းနေလေသည်။

ကိုယ်ပိုင်မူကြိုတစ်ခုကိုလည်း ဖွင့်လှစ်ထားသည်။

ငွေကြေးကြောင့်မဟုတ်ဘဲ စေတနာသက်သက်နှင့်မို့ နေခြည့် သတင်းက မွှေးလွှန်းလှသည်။

မေထက်ကိုလည်း ဖွေးသူကို စောင့်ရှောက် ထိန်းသိမ်းတတ်အောင် ပညာပေးနေပြန်သည်။

မေယက်က စားပွဲတွင်ထိုင်၍ ကော်ဖီသောက်ရင်းမှ ဖွေးသူကို ထိုင်စောင့်နေမိသည်။

အတန်ကြာတော့မှ ဖွေးသူက ဆင်းလာသည်။

"ဟာ... ဒေါ်လေးထက် နိုးပြီလား။ ဖွေးက ရေချိုးမလို့"

ဖြည်းဖြည်းသာသာ ရေချိုးခန်းထဲ ဝင်သွားကာ တံခါးပိတ်သံကို ကြားလိုက်ရသည်။

ဩော်... ခုတော့ ရေချိုးခန်းတံခါးကို ပိတ်လို့ပါလား။

အင်း... ဘာလိုလိုနဲ့ ဖွေးသူတောင် လူကြီးဖြစ်တော့မှာပါလား။

"ဘွားလေး"

"ဟေ..."

"ဖွေးမို့ ပူတင်း ဖုတ်ထားပြီးပြီလား"





"အေး"

"ဘွားလေးက လိမ္မာတယ်"

ရေချိုးခန်းထဲမှပင် ဘွားအေဖြစ်သူကို လှမ်းချွဲနေလေသည်။

"ဘွားလေး ဒီနေ့ ဖွေးတို့ကျောင်းမှာ ဟောပြောပွဲရှိတယ်။ ဆိုကရေးတီး ပြိုင်ပွဲရောပဲ"

"ဟုတ်လား"

"ဟုတ်တယ်။ အဲဒါ ဖွေး သီချင်းတက်ဆိုမလို့"

"တယ်ဟုတ်ပါလား"

"အမျိုးသားနေ့ အကြိုအတွက်လေ။ ဖွေး ဆုရမှာ သေချာပါတယ်"

ဖွေးသူ၏ တက်တက်ကြွကြွ စကားသံလေးက ညံစီနေသည်။ မေထက် တင်းကျပ်လွန်း၍ ဖွေးသူ စာတော့ ကြိုးစားရသည်။

တစ်နှစ်တစ်တန်း မှန်မှန်အောင်သည်။

"ဟော... ဒေါ်လေးထက်က ထိုင်နေတုန်းပဲကိုး။ ဒီနေ့ ဒေါ်လေးထက် ထူးခြားတယ်တော့။ ကော်ဖီဝိုင်းမှာ အကြာကြီး ထိုင်နေတယ်"

ဖွေးသူက ပြောလည်းပြော၊ အပေါ်ထပ်ကိုလည်း ပြေးတက်သွားသည်။ ဆပ်ပြာမွှေး အနံ့က သင်းပျံ့လျက်။

ခဏနေတော့ လှေကားမှ ပြန်ပြေးဆင်းလာသည်။

စကတ် ညိုညိုလေးနှင့် အပေါ်မှ ငုဝါရောင်ပွပွ အင်္ကျီလေးဖြင့် ဖွေးသန့်နေသော သူမကို ပိုလှစေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေစိုနေသော ဆံစလေးများက ကျိုးတိုးကျဲတဲ။

"ဒေါ်လေးထက်"

"ဟင်..."

"ဟိုလေ... ဖွေးရဲ့ နီညိုရောင် လက်သည်းနီကုန်နေပြီ"

"အင်း... ဝယ်လိုက်ပေါ့"

လှချင်လွန်းသည့် တူမချော။

အပျိုကြီးများဖြစ်လာလျှင် ခက်ရချည်ရဲ့။

ခြေသည်းလက်သည်း ချွန်ချွန်လေးများကလည်း စကတ်

အရောင်နှင့် ဆင်တူညိုညိုလေး။

မေထက်တို့ ရှစ်တန်းကျောင်းသူဘဝတုန်းက သည်လို

မဟုတ်။

မေမေ ဝတ်ပေးတာ ဝတ်ပြီး ကျွေးတာစားကာ ကျောင်း

တက်ခဲ့သည်ချည်း။

နှုတ်ခမ်းနီဆိုးဖို့ လက်သည်းနီဆိုးဖို့ သတိမရ။

မေမေတစ်ခါတလေ အတင်းဖမ်းပြီး လိမ်းပေးဆိုးပေးမှ

သာ။

"ဘွားလေး"

"ဘာလဲ ဖွေးရဲ့"

"ဖွေး သမ္ဘတက ကား ကြည့်ချင်တယ်"

"သမီးရယ်၊ အိမ်မှာ တီဗွီလည်းကြည့်၊ ဗီဒီယိုလည်းကြည့်

နေသားနဲ့ကွယ်"





"ဘွားလေးကလည်း ရုံမှာတစ်ခါတလေကြည့်ချင်တာပေါ့

..."

"ကြည့်ချင်တာက အရေးမကြီးဘူး။ ဘယ်သူက လိုက်ပို့

...ဲ့ သမီးရဲ့။ သမီး ဒေါ်လေးထက်ကလည်း မအားဘူး မဟုတ်

...း"

"ကြည့်ချင်ပါတယ်ဆိုမှ"

"လူကြီးပြောနေတာကို နားထောင်စမ်း။ တော်ပြီ ဘာသံမှ

...ကြားချင်ဘူး"

မေထက်၏ မာထန်ထန်အသံကြောင့် ဖွေးသူ မျက်နှာလေး

... သွားသည်။

"ဒေါ်လေးထက်က ဖွေးကိုဆို သိပ်နှိမ်တာပဲ"

ဖွေးသူကိုက စားလက်စ ပုတင်းကိုချထားပြီး နေရာမှ

...သွား သည်။ ခုနတုန်းကတော့ လူကြီးလေးနှယ်။

ခုတော့လည်း ကလေးလို စိတ်ကောက်နေပြန်ပြီကော။

"အင်း... ဒုက္ခပါပဲလား"

ဒေါ်လေးနွေ၏ ညည်းညူသံကြောင့် မေထက် ဒေါ်လေးကို

...မ်းကြည့်မိသည်။

"သိပ်အလိုမလိုက်နဲ့ ဒေါ်လေးနွေ။ ဒီကောင်မလေး အရင်

...သို့ မဟုတ်ဘူး။ သိပ်ဆိုးလာတယ်"

"စိတ်ကောက်သွားတာနဲ့ တူပါရဲ့"

"စိတ်ကောက်ပါစေလေ။ သွားမချော့နဲ့။ ပစ်ထားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



မေထက်က ပြတ်ပြတ်သားသား နေနိုင်ပေမယ့် ဒေါ်လေးနွေက မနေနိုင်။

လူကြီးမဟုတ်လား။

"ကျောင်းသွားဖို့လည်း ဘာမှမလုပ်သေးဘူး သမီး။ ဘာမှလည်း ထွက်မစားဘူး"

မေထက် စာရေးနေရာမှ ဘောလ်ပင်ကို စိတ်ပျက် လက်ပျက်ပစ်ချလိုက်မိသည်။

"မသွားတော့ကော ဘာဖြစ်ရမလဲ။ ဘယ်သူ နစ်နာမှာလဲ။ ပစ်ထားလိုက်။ ကလေးက ကလေးနဲ့မတူဘူး။ လိုတာထက်ပိုပြီး အလိုမလိုက်ဖို့ မေထက် တောင်းပန်ပါရစေ ဒေါ်လေး"

မေထက်စကားကြောင့် ဒေါ်လေးနွေက အပြင်ထွက်သွားသည်။ မေထက်နှင့် ဖွေးသူတို့ကြားမှာ ကြာကြာနေချင်ဟန်မတူ။

မေထက်ကတော့ အလျှော့မပေးနိုင်ပါ။

ကိုယ်က မှန်သူပဲ။

ရုပ်ရှင်မကြည့်ရတာနှင့် ထမင်းမစားဘူး၊ ကျောင်း မတက်ဘူးဆိုတော့ နေပေ့ါ။

မေထက် ဒေါသလည်း ထွက်နေရသည်။

မနက်ကတည်းက ကိုယ်နွေးနေ၍ မေထက် ကျောင်းမတက်။ စိတ်ပြေလက်ပျောက် စာထိုင်ရေးနေခြင်းသာ။

"မေထက်"





အိမ်ရှေ့မှခေါ်သံကြောင့် မေထက် ထွက်လာခဲ့သည်။

"မေထက်ကို ကျောင်းမှာ သွားရှာသေးတယ်။ မတွေ့တာနဲ့"

"ဟုတ်လား။ လာလေ... မေထက်နေမကောင်းချင်သလိုဖြစ် နေတာနဲ့ ကျောင်းမတက်တာ"

"ဆေးသောက်ရဲ့လား"

"အင်း..."

လူခက မေထက်နဖူးလေးကို ဖွဖွလေး စမ်းကြည့်သည်။

"နည်းနည်းလေးပါ။ တော်ကြာ ကျသွားလိမ့်မယ်"

"ထိုင်လေ"

"ဒါနဲ့ မေထက်..."

"ဟင်"

"ဖွေးသူ ကျောင်းမတက်ဘူးလား"

"ဟင့်အင်း"

မေထက် ခေါင်းယမ်းရင်းမှ ကိုခ ဘယ်လိုသိပါလိမ့် စဉ်းစားနေ သည်။

"ခြံထဲမှာ ထိုင်ပြီးငိုနေတာ ကိုခ တွေ့ခဲ့လို့"

"ဪ..."

မေထက် တွေးတွေးဆဆလေး ဖြစ်သွားရသည်။

"ဘာဖြစ်လို့လဲ မေထက်"

"အလကား စိတ်ကောက်နေတာပါ"



www.burmeseclassic.com

www.burmeseclassic.com

မေထက်က ကိုခကို ညှော်ခန်းထဲတွင်ထားခဲ့ကာ ထမင်းစားခန်းသို့ ဝင်လာပြီး အအေးနှစ်ခွက် စီစဉ်လိုက်သည်။

ပြီးတော့ ကိုခဆီသို့ ယူလာခဲ့၏။

"ဒေါ်လေးရွှေကော"

"အပြင်သွားနေတယ်လေ"

"ချာတိတ်မက ဘာလို့ စိတ်ကောက်နေတာလဲ"

"ရုပ်ရှင်မကြည့်ရလို့လေ"

"ကျောင်းမတက်ဘူးလား"

"ဟင့်အင်း"

လူခက မေထက်ကို နားမလည်နိုင်စွာ ကြည့်သည်။

"မေထက် ခု ဘာလုပ်နေတာလဲ"

"ဘာမှမလုပ်ပါဘူး"

"ဟာ... ခဏနေဦး မေထက်။ ကိုခ မေထက်မှာထားတဲ့ အခွေ တွေ ယူလာတယ်"

လူခက ကားရပ်ထားရာသို့ ပြေးသွားသည်။

ကချင်ပုဆိုး အစိမ်းကွက်လေးနှင့် ကိုခ ရည်မွန်နေသည်။

ကိုခက ရုပ်ရည်ချောမောသူပါ။

ခန့်ခန့်တည်တည်မျက်နှာနှင့် ယောကျ်ားပီသသော ခန္ဓာကိုယ်က လေးစားစရာကောင်းနေသည်။

"ရော့လေ မေထက်"

"အင်း..."

လှမ်းပေးလာသော တိပ်ခွေများကို မေထက်





...ထားလိုက်ရ သည်။

မေထက်က သီချင်းဝါသနာကြီးသည်လေ။

လူခက အအေးခွက်ကို လှမ်းယူပြီး ...ခဲ့ချက်မော့သောက်သည်။

"အား... စူးရှသွားတာပဲ"

"အဲဒါ စပါကလင်ကို ဆီးနဲ့ ရောထားတာ"

ရှုံ့မဲ့သွားသော ကိုခ မျက်နှာကိုကြည့်ရင်း မေထက် ...ယ်နေသည်။

ဟွန့် လူကိုများ အထင်တသေး ထမင်းဟင်းများချက်တာ ...ခက်လို့။

မိန်းကလေးပဲ မချက်တတ်ရှိမလား။

အထူးသဖြင့် မေထက်တို့က မေမေ၏ ...န်းသိမ်းမှုအောက်တွင် စည်းစနစ်ရှိစွာ ကြီးပြင်းခဲ့ရသူပါ။

မသင်ပေးဘဲထားပါ့မလား။

ခုလည်း မေထက်ကို အထင်သေးလှသည့် ကိုခကို ...ချင်ဖြစ်မိ သည်မို့ အအေးကိုပင် သောက်မကောင်းအောင် ...ခဲ့သည်။

မှတ်ထား မေထက်ကိုတဲ့။

"မေထက်စပ်တာ အချိုးမတည့်ဘူးနဲ့တူပါရဲ့ကွာ"

မေထက် တကယ်မတတ်ဘူးထင်၍ ...ငှင်းစွာပြောလာသည့် ကိုခကာ ခင်ချင်စရာပါ။


www.burmeseclassic.com

www.burmeseclassic.com



"မေထက်"

"ဟင်..."

"ကိုခ ပြန်တော့မယ်"

"ဟင်... ချက်ချင်းကြီးပါလား"

"ဟုတ်တယ်၊ ကိုခ တနင်္ဂနွေနေ့ လာခဲ့မယ်"

"ဒီအိမ်ကိုလား"

"အင်း..."

"သွားမယ်နော် မေထက်"

မေထက် ခေါင်းညိတ်မိသည်။

လူခက ကားလေးကို ဘီးလှိမ့်ထွက်ရင်း မေထက်ကို ရှိန်းရှိန်း ကြည့်နေသည်မို့...

"ကိုခ ကြည့်မောင်းဦးနော်"

"အင်းပါ စိတ်ချပါဗျာ။ ကိုခ ကားကိုဂရုတစိုက် မောင်းပါတယ်"

မျက်လုံးလေးဝိုင်းကာ စိုးရိမ်တကြီး မှာနေသော မေထက်ကို စိတ်ကျေနပ်စေရန် ပြန်ပြောလိုက်ရသည်။

"ဩော်... ဒါနဲ့ မေထက်"

"ပြောလေ"

"ပန်းရောင်အိတ်လေးထဲကအခွေကို အရင်နားထောင်နော်"

ပြောပြီးသည်နှင့် ကားလေးက ထွက်ပြေးသွားသည်။

မေထက် မအူမလည်နှင့် ဧည့်ခန်းထဲ ပြန်ရောက်လာသည်။





ဒီတော့ တိပ်ခွေလေးများကို ကောက်ယူကြည့်မိသည်။

စောစောက မေထက် စားပွဲပေါ်မှာ တင်ထားမိသည့်ကိုး။

ပန်းနုရောင်အိတ်လေးထဲမှအခွေကို မေထက် ထုတ်ယူကြည့်၏။

ကိုခရယ်...

မိန်းကလေးလည်း မဟုတ်ဘဲနဲ့ ပန်းနုရောင် ကြိုက်ရတယ်။

ဟိုတစ်ပတ်က မေထက် ကိုခကို မှာထားခဲ့ခြင်းပါပဲ။

မေထက်နှစ်သက်သည့် မြန်မာသီချင်း၊ အင်္ဂလိပ်သီချင်း၊ ဘုလား သီချင်း၊ ဂျပန်သီချင်းနှင့် တရုတ်သီချင်းများကို တစ်စု တစ်ဝေးတည်း ရှိစေရန် ကူးခိုင်းခဲ့ခြင်းပင်။

မေထက် ကြိုက်သည့်သီချင်းကလည်း နည်းနည်းပါပဲ။

တိပ်ခွေသုံးခုတောင်။

ဘာလို့များ ဒီခွေကို အရင်နားထောင်ခိုင်းတာပါလိမ့်။

မေထက် အခန်းထဲသို့ ဝင်လာရင်း ခွေလေးကို ကက်ဆက်ထဲ ထည့်လိုက်သည်။

ပြီးတော့ ခရင်ဘက်ဒ်ပေါ် လှဲချမိသည်။

ပထမဆုံး ကြားရသည့်သီချင်းက...

My Love for you (မိုင်လဖ်တ် ဖောယူ)

သည်သီချင်းလေးကို မေထက် နှစ်သက်မိသည်။

ပြီးတော့ အဲဒီသီချင်းကိုပင် မြန်မာလိုဆိုထားသည့် တူးတူး၏ အချစ်ဆုံးလေး အမြဲသိစေချင် သီချင်းလေး။



www.burmeseclassic.com

www.burmeseclassic.com



ထိုသီချင်းပြီးသွားသည်နှင့် အကြာကြီးရပ်သွားသည်။

"မေထက်"

ထွက်ပေါ်လာသော ကိုခအသံကြောင့် မေထက် ကက်ဆက်ကို လှမ်းကြည့်မိသည်။

ပန်းရောင်ဆိုတာ မင်္ဂလာရှိတယ်လို့ ပြောကြလို့
ပန်းနုရောင် အိတ်လေးနဲ့ ထည့်ပေးတာ။
မေထက်...
မေထက်ကို ချစ်နေမိပြီ။
ကိုခကို စိတ်ဆိုးသွားသလား။
တကယ်တော့ မေထက်ရယ်။
ကိုခ စိတ်တွေ တုန်ယင်လှုပ်ရှားနေတာ
မေထက် မှန်းမိမှာပါ။
မေထက်က စာရေးဆရာမပဲဟာ။
ကိုယ် မေထက်ကို ရှမ်းပြည်နယ်မှာ
စတွေ့ကတည်းက မေ့မရအောင်ဖြစ်ခဲ့တယ်။
အဲဒီတုန်းက မေထက်
အရှက်ပြေပါစေတော့ရယ်လို့ ပြောကာမှ
အပြောမတတ်တော့ ပိုဆိုးသွားတယ်။
အဲဒီအချိန်ကတည်းက အတိုင်းအဆမဲ့စွာ
ရင်ခုန်နေခဲ့ရတာ ကိုခကိုယ်ကိုခ အသိဆုံးပါ။
မေထက် ကိုခကို မမုန်းဘူး မဟုတ်လား။





ခုန သီချင်းလေးလိုပေါ့။ ကိုခ အချစ်တွေကို
မေထက် နားလည်စေချင်တယ် မေထက်ရယ်။
မေထက်ကို လေးလေးစားစား မြတ်နိုးပြီး
တန်ဖိုးထား ချစ်ရသူပါ။
နာမည်က ကိုခပေမယ့် ခယယ မပြောတတ်
ဘူးကွာ။
အခုလို ကိုခ၏စကားတွေကို မေထက်
နားထောင်နေချိန်မှာ မေထက်မျက်နှာလေးကို
ကိုခ မြင်ချင်တယ်။
မြင်းပေါ်တင်ပေးခဲ့စဉ်ကလိုပဲ မျက်နှာလေး
ရဲတွတ်နေမှာပါလေ။
ကိုခ မေထက်ဆီ လာခဲ့မယ်နော်။

စကားသံတိတ်သွားမှ မေထက်အသက်ရှဲရှဲရှူမိတော့သည်။

ကိုခရယ်...

တမ်းတမ်းတတ ခေါ်လိုက်မိသည်။

ဇော်ဝင်းရှိန်၏ 'ပိုင်ရှင်'သီချင်းလေးက ငြိမ့်ငြိမ့် ညောင်းညောင်း ညင်ညင်သာသာ။

သို့ပေမယ့် မေထက်ရင်တွေ လှုပ်ရှားလွန်းရပါပြီကော။
မေထက် ဘယ်လိုများ ဖြေရမလဲနော်။
ကိုခကို မေထက် မမုန်းပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် ချက်ချင်းကြီးတော့ မေထက် မဖြေချင်သေးဘူး ကွယ်။

မေထက်က မိန်းမဘား မဟုတ်လား။
စဉ်းစားနိုင်မှ တော်ကာ့ကျပါမည်။
ကြံကြံဖန်ဖန် ကိုခရယ်။
ကက်ဆက်ခွေထဲကနေ ရည်းစားစကားပြောရတယ်လို့
မေထက် ကြည်နူးမှုနှင့်အတူ ပြုံးနေမိသည်။
မေထက် ကိုခကို ဘယ်လို ရင်ဆိုင်ရမှာလဲ။

❷



## အခန်း (၁၀)

"အဲဒါ မေထက် ဘယ်လိုဆုံးဖြတ်ရမလဲဟင်"
နေခြည်က ကက်ဆက်ခလုတ်လေးကိုပိတ်ရင်းမှ...
"အင်း ကိုခက တော်တော်အပြောကောင်းတာပဲကွနော်"
"ဘယ်သိမလဲ"
"နေခြည်က စဖို့ပဲ"
"ကဲပါ မေထက်ရယ်။ မေထက် ဘယ်လိုဆုံးဖြတ်မှာလဲ"
"မေထက် မစဉ်းစားတတ်အောင်ပဲ"
"ဟင်... ဘယ်လိုကြီးလဲ"
"ဟုတ်တယ် နေခြည်၊ မေထက် ကိုခကို လက်ခံနိုင်ပါတယ်။ ခင်ပွန်း ကောင်းတစ်ယောက်အဖြစ်နဲ့လည်း လက်တွဲလို့ ဖြစ်ပါတယ်"
"ဒါနဲ့များ"
"ဟိုကွာ မေထက် သူ့ကို နားမလည်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ… အဆန်းပါလား။ ခုန မစဉ်းစားတတ်ဘူး။ ခုနားမလည် ဘူး။ နေခြည်တောင် နားရှုပ်သွားပြီ"

"မစဉ်းစားတတ်ဘူးဆိုတာ နားမလည်လို့ပေါ့ နေခြည်"

"အင်း ဆက်ပါဦး"

"မေထက် ကိုခအကြည့်တွေ အပြောတွေကို မရှင်းဘူး။ ဟိုလေ တစ်မျိုးပဲကွာ။ တစ်ခုခုများ လျှို့ဝှက်ချက်ရှိသလားလို့"

"မေထက်ရယ်။ စုံထောက်မကြီး ကျနေတာပဲ။ ကိုခက သဘောဖြူပါတယ်"

"မေထက် သိပါတယ် နေခြည်။ မေထက်အပေါ် မကောင်းတာ မကြံစည်ဘူးဆိုတာ မေထက် ယုံပါတယ်"

နေခြည်က မေထက်ကိုကြည့်နေသည်မို့ မေထက် မျက်နှာလွှဲ ရင်း…

"နေခြည်ကို မေထက် ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်"

"အင်း…တို့က သိပ်ချစ်ကြတဲ့ ညီအစ်မတွေပဲဟာ။ ပြောလေ"

"သူ ဒီလောက်အကြာကြီးနေပြီးမှ မေထက်ကို ဘာလို့ ချစ်ရေးဆို ရတာလဲ။ နောက်မကျလွန်းဘူးလား။ တကယ်ဆို အစောကြီးကတည်းက ပြောသင့်တယ်"

"အင်း… မေထက်ပြောတာ ဟုတ်သားပဲ"

"သူ မေထက်ကိုချစ်ရေးဆိုဖို့ ဒီလောက်အကြာကြီး စဉ်းစားရသလား။ ယောက်ျားလေးပဲဟာ"





"အင်း"

"တစ်ခုခုကိုတွေးပြီး ချင့်ချိန်နေပုံရတယ်"

"ဒီတော့ မေထက် ဘယ်လိုလုပ်ချင်လဲ"

"စဉ်းစားဦးမယ်လို့ ပြောထားရုံပေါ့"

"အဲဒါ ကောင်းပါတယ်။ အကောင်းဆုံးပဲ"

"ဟွန်း… ခုမှ"

မေထက် မျက်နှာလေးမဲ့ရင်း နေခြည့်လက်မောင်းကို လှမ်းဆိတ်လိုက်သည်။

"ဖွေးကော မေထက်"

"ရှိတယ်။ စာကျက်နေတယ်"

"ကြိုးစားခိုင်းထားတယ်ပေါ့လေ"

"မကြိုးစားခိုင်းလို့ ဖြစ်မလား။ ဒီကောင်မလေးက စာကျက်ပျင်းတယ် နေခြည်ရဲ့။ ဉာဏ်လေးကောင်းပါလျက်နဲ့"

"ရည်ရွယ်ချက်လေး ဘာလေး မေးမကြည့်ဘူးလား"

"ဟိုတစ်ခါတော့ ပြောတာပဲ။ ဆရာဝန်မကြီး ဖြစ်ချင်တယ် ဒါပေမယ့် အဲဒီလောက် စာတွေမကျက်နိုင်ဘူးဆိုပဲ"

"မေထက်ကိုကြည့်ပြီး စိတ်ပျက်သွားတာနေမှာပေါ့"

"မဆိုင်လိုက်တာ။ တကယ်လုပ်နေရတဲ့သူက စိတ်မပျက်ဘဲ ဘေးကနေ စိတ်ပျက်ရတယ်လို့"

မေထက်က နေရာမှ ထလိုက်သည်။

"နေခြည်… လာလေ။ အိမ်ထဲဝင်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



နေခြည်က မဂ္ဂဇင်းတစ်အုပ်နှင့် ငြိမ်နေစဉ် မေထက် ရေချိုးလိုက် သည်။ ပြီးတော့ သနပ်ခါးမွှေးမွှေးကို ခပ်ပါးပါးလိမ်းပြီး ရှုသားအင်္ကျီပွပွလေးကို ဝတ်လိုက်၏။

"ဟာ… လှတယ်ကွာ"

"အမယ်… ရေလေးချိုးရုံနဲ့တင် လှရတယ်လို့"

"မေထက်ရေ"

"ဟော… ကိုခလာပြီ။ အေးဟယ် ခြံထဲက ကက်ဆက်မြင်သွားပြီး ဖွင့်ကြည့်နေရင် ဒုက္ခပဲ။ သွားချေ့ခံလိုက်ပါဟယ်"

"မေထက်ကော လိုက်ခဲ့လေ"

"အင်း… ပြီးတော့ ထွက်ခဲ့မှာပေါ့။ အခု စာပေတိုက်ကို ဖုန်းဆက်မလို့။ စာမူပြီးသွားတာ ဝမ်းသာအောင် ပြောလိုက်ဦးမယ်"

"အေး… အေး"

နေခြည် ဖျတ်ခနဲထကာ လှစ်ခနဲ ပျောက်သွားသည်။

မေထက် စာပေတိုက်ကို ဖုန်းဆက်၏။ ပြီးမှ နေခြည်တို့ရှိရာ ထွက်ခဲ့မိသည်။ မေထက် လန့်နေမိသည်က အမှန်။

ကိုခ ဘာတွေပြောမည်မသိ။

ဖြည်းလေးစွာဆင်းလာသော မေထက်ကို ကိုခ လှမ်းကြည့်နေသည်။

ကိုခ မျက်လုံးများကို မေထက် ရင်မဆိုင်ရဲသဖြင့် မျက်လွှာချထားမိသည်။

"မေထက်… ဒီမှာ ကိုခက မနက်စာကျွေးမလို့တဲ့"





"ဟုတ်တယ် မေထက်။ ကိုခတို့ နေ့လယ်စာ အပြင်ထွက်စားရအောင်နော်"

နေခြည်ကလည်း လက်ခံပြီးသားမို့ မေထက် မငြင်းချင်တော့။

"ကိုခတို့ သဘောပဲလေ"

"ဒါဆို သွားကြတာပေါ့"

"နေခြည်ကော လိုက်ရမှာလား"

နေခြည်က ရယ်ရင်းမေးသည်။ ကိုခက မေထက်ကို လှမ်းကြည့်ရင်း…

"မေထက် မေးနေတယ်လေ"

"အိုး… ဘယ်သိမလဲ"

မေထက်ကိုပဲ စချင်နေတာပဲ။

အလိုမကျမှုကြောင့် မေထက်မျက်နှာလေး မှုန်သွားသည်။

"စတာပါကွာ။ နေခြည် အဝတ်သွားလဲဦးမယ်"

နေခြည်က ထုံးစံအတိုင်း သွက်လက်စွာ ထွက်သွားသည်။

"မေထက်…"

တိတ်ဆိတ်မှုကို စတင်ဖြိုခွင်းလိုက်သူက ကိုခ။

"မေထက် နားထောင်ပြီးပြီ မဟုတ်လား ဟင်"

"အင်း…"

"ထိုင်လေ မေထက်"

မေထက် အခုမှ ရပ်နေမိသည့်အဖြစ်ကို သတိရသွားသည်



www.burmeseclassic.com

www.burmeseclassic.com



မို့ နီးရာ ဆက်တီပေါ် ထိုင်ချလိုက်ရသည်။

"မေထက်"

ကိုခကို တစ်ချက်မော့ကြည့်မိသည်။ ကိုခကလည်း မေထက်ကို ကြည့်နေသည်မို့ အကြည့်နှစ်ခု ဆုံသွားရသည်။

မသိမသာ လှုပ်ရှားနေသောစိတ်ကို မေထက် ချုပ်ထိန်းလိုက်သည်။

"မေထက်..."

"ဘာလဲဟင်"

"မေထက် အရမ်းတည်ငြိမ်လွန်းတယ်"

သူက တိုးတိုးဆိုသည်။

"မေထက် ဘာလို့ လူကြီးလိုနေတာလဲဟင်"

"ဒါကတော့..."

မေထက်က ခေါင်းငုံ့ရင်း စကားကို ဖြတ်ထားလိုက်သည်။

"မေထက် ဟိုတုန်းကနဲ့ မတူဘူး။ အခု လူကြီးမလေးလိုပဲ"

"မေထက်တို့ မငယ်ကြတော့ပါဘူး"

"ကိုခ မငြင်းပါဘူး။ ဒါပေမယ့် နှစ်ပိုင်းအတွင်း မေထက် အရမ်း ပြောင်းလဲသွားတယ်"

"ဟုတ်တယ် ကိုခ၊ မေထက်က အိမ်မှာ ကလေးမဟုတ်တော့ဘူးလေ။ မေထက်တူမလေးက ရှိနေပြီ မဟုတ်လား"

"အင်း... ဖွေးကော မတွေ့ပါလား"

"သူ့ သူငယ်ချင်းအိမ် သွားနေတယ်"





"သြော်... ဒီလိုကျ မေထက် သွားခွင့်ပေးသားပဲ"

"မေထက် သူ့ကို မချုပ်ချယ်ပါဘူး။ သိပ်ပြီး တော်စေချင်တဲ့၊ တတ် စေချင်တဲ့ စေတနာက သူ့ကို စိတ်ညစ်စေပါလားလို့တွေးပြီး တစ်ခါတစ်ခါ မေထက် စိတ်မကောင်းဘူး"

"နောက်တော့ မေထက် စေတနာကို သူ နားလည်လာမှာပါ မေထက်ရယ်"

ကိုခက မေထက်၏မျက်နှာ ဖွေးဖွေးလေးကိုကြည့်ရင်း မချင့်မရဲ ဖြစ်လာသည်မို့ သက်ပြင်းတစ်ချက် ရှိုက်မိသည်။

"မေထက်၊ ကိုခ မေထက်ဆီက အဖြေလိုချင်တယ်"

"မေထက် စဉ်းစားပါရစေ"

"မေထက်နဲ့ ကိုခ ခုမှတွေ့တာ မဟုတ်ပါဘူး"

"ဟုတ်ပါတယ်လေ။ မေထက် ကိုခကို မယုံလို့မဟုတ်ပါဘူး"

"ဒါဖြင့်"

"ဒီလိုလေ ဖေဖေနဲ့မေမေ ဆုံးပြီးကတည်းက မေထက် ကိုယ်ပိုင် ဆုံးဖြတ်ချက်နဲ့ မေထက် လုပ်ချင်တာ လုပ်ခဲ့ရတာပါ။ ဒေါ်လေးနွေက မေထက်ကို ဘာမှမပြောပါဘူး။ မေထက်ဘာသာ လွတ်လွတ်လပ်လပ် စဉ်းစားပြီးလုပ်ဖို့ အခွင့်အရေး ပေးထားပါတယ်"

"အင်း..."

"မမသက်ကလည်း အဝေးမှာဆိုတော့ မေထက့်ဒေါ်လေး



www.burmeseclassic.com

www.burmeseclassic.com



နွေကို လက်တွဲပြီး အားလုံးကို ကျော်ဖြတ်ခဲ့ရတာပါ။ ဒီတော့လေ မေထက် ဘာကို မှ ချက်ချင်းကြီး မဆုံးဖြတ်ရဲဘူး"

ကိုခ ခေါင်းညိတ်သည်။

"ကိုခ စဉ်းစားကြည့်လေ။ လူတစ်ယောက်ကို သတ်ပစ်ချင် လောက် အောင် ဒီနေ့ ဖြစ်နေပေမယ့် နောက်နေ့ကျ အဲဒီလို ဖြစ် ချင်မှဖြစ်မှာ။ ဒီနေ့ အတွေးနဲ့ မနက်ဖြန်အတွေးက တူချင်မှတူမှာ ဒီနေ့ခံယူချက်နဲ့ မနက်ဖြန် ခံယူချက်ကလည်း တူပါ့မယ်လို့ ဘယ်သူ အာမခံရဲလဲ။ စိတ်ဆိုတာ အချိန်နဲ့အမျှ ပြောင်းလဲ တိုးတက်နေ တာပဲဟာ"

"ဟုတ်ပါတယ် မေထက်"

"မေထက် ကိုခကို မမုန်းပါဘူး။ အဲဒီလောက်တော့ မေထက် ပြောထားပါရစေ။ ဘဝတစ်ခုလုံးနဲ့ဆိုင်တဲ့ ကိစ္စမှာ မေထက် လွယ်လွယ် ခေါင်းမညိတ်ချင်ဘူး။ ကိုခ နားလည်မှာပါလေ"

"မေထက် စဉ်းစားချင်ရင် စဉ်းစားပါဦးလေ။ ကိုခကတော့ မေထက်ကို မြတ်နိုးနေမိတာ အမှန်ပါပဲ"

ကိုခ မျက်လုံးရွှန်းရွှန်းကြောင့် မေထက် မနေတတ်တော့။

မေထက် အနေရခက်နေသည်ကို သတိပြုမိသည်မို့ အကြည့်လွှဲ လိုက်ရသည်။

မေထက်ကို သူ ဘာကယ် မြတ်နိုးရတာပါ။

ဘာလို့များ မေထက် အလွယ်တကူ ခေါင်းမညိတ်တာပါ လိမ့်။





မေထက် သူ့ကို မယုံကြည်နိုင်တာ ဘာကြောင့်လဲ။ မေမေ သဘောမတူတာကို သိနေရှာသလား။

ဒါလည်း မဖြစ်နိုင်။ အဲဒီလိုသာသိလျှင် သူ့ကို အခုလို ဆက်ဆံနေမည်မထင်။

ကိုခကို ခွင့်လွှတ်ပါ မေထက်ရယ်။

ကိုခ မေထက်ကို မချစ်မိဖို့ အတန်တန် ကြိုးစားခဲ့ပါသေး တယ်။ နောက်ဆုံး ကိုခ မထိန်းနိုင်တော့ဘူး။

မေထက်ကို လက်တွဲသွားဖို့ ရဲရဲကြီး ဆုံးဖြတ်လိုက်မိပြီ။ ဒါကြောင့် မေထက်ကို ချစ်ခွင့်တောင်းတာပါပဲ။

ကိုခ အားလုံးကို ရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးမှ မေထက်ကို ဖွင့်ပြောတာ။

ကိုခ ယောကျ်ားကောင်းတစ်ယောက်ပါ။

ကိုခ ပညာနဲ့ မိန်းကလေးတစ်ယောက်ကို တင့်တင့် တယ် တယ်ထားနိုင်သူပါ။

အရေးအကြီးဆုံးက ကိုခနဲ့ မေထက် တစ်သက်လုံး လက် တွဲသွားနိုင်ဖို့ကိုပါပဲ။

ကိုခကို ချစ်ရင် မေထက် သက်သာရှိရမှာပေါ့။

ကိုခလက်ကိုတွဲပြီး ရဲရဲကြီး လိုက်နိုင်ရမှာပေါ့။

လူခ အတွေးနှင့်အတူ ပြုံးမိသည်။

"ကိုခ ဘာပြုံးနေတာလဲ"

"မေထက် လှလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်... မဆိုင်လိုက်တာ"

"ဟား... ဟား... ဟား"

လူခ ရယ်နေရင်းမှ တွေးဖြစ်သည်။

မေထက်က စိတ်ရောဂါ အဓိကမှုလို့များ ကိုခ စိတ်ထဲကို ဖောက် ထွင်းမြင်နေပြီလား မသိနိုင်။

မေထက်ရယ်။

❷



## အခန်း (၁၁)

"ဟိတ်... မေထက်... မေထက်"

မိုးသံကြားမှ ဖောက်ထွင်းလာသော အသံကြောင့် မေထက် မျက်လုံးဖွင့်ကာ ကြည့်မိသည်။

ကားမှန်မှတစ်ဆင့် ကိုခကို လှမ်းမြင်လိုက်ရသည်မို့ မေထက် ဝမ်းသာသွားရပါသည်။

ကားမှန်တံခါးကို ဖွင့်လိုက်သည်။

"မေထက်"

"ဟင်..."

ချာလီထီးကောက်နှင့် ကိုခက မေထက်ကို ထပ်ခေါ်သည်။

"မေထက် ဘာလုပ်နေတာလဲ"

"ကား ဘာဖြစ်မှန်းမသိဘူး"

"ဟောဗျာ။ ကားပျက်တာများ ဒီအတိုင်း ကားပေါ်ထိုင်နေတယ်လို့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"မေထက်လည်း စိတ်ညစ်တာနဲ့"

"မဟုတ်သေးဘူးကွာ"

ကိုခ စိတ်ပျက်စွာ ညည်းနေသည်။

မေထက် မင်္ဂလာဒုံမှ ပြန်လာခြင်းပါပဲ။

လမ်းတွင် ကားက မပျက်စဖူး ပျက်နေသည်။

မေထက် ကားအကြောင်းမသိ။

သိနိုင်ဖို့ အချိန်လည်း မပေးနိုင်။

လူတစ်ဦးတည်း အလုပ်ကို ဘယ်နှစ်ခု လုပ်မလဲ။

ဆေးကျောင်း တက်နေရသည်။

စာရေးနေရသည်။

ဒ့ါပြင် မေထက်က အားကစား ဝါသနာပါသည်။ တီရှပ်ဆွဲ်ချုပ်လည်း ချစ်တတ်သည်။ ပန်းပင်စိုက်ပျိုးတာလည်း ဝါသနာပါပြန်ရော။

သည်တော့ ကားတို့၊ ဖုန်းတို့၊ တီဗွီတို့နှင့်ပတ်သက်လာလျှင် မေထက် ဘာတစ်ခုမှ မလုပ်တတ်။

ထို့ကြောင့်လည်း အကောင်းဆုံးကို ဈေးကြီးပေးကာ အသုံးပြုခဲ့သည်ချည်း။

တစ်ခါမှ အခုလိုလမ်းမှာ ကားမပျက်ဖူးပါ။

"မေထက်... ဟိတ်၊ ဟာ... ခေါ်လိုက်ရတာကွာ။ မိုးရေထဲမှာ ကားရပ်ပြီး စာရေးဆရာမကြီး စိတ်ကူးယဉ်နေသလားလို့တောင် ထင်မိတာ"





"မဟုတ်ပါဘူး ကိုခရယ်"

"ကဲ... ရော့ ထီးယူထား။ ကိုခ ကြည့်လိုက်ဦးမယ်"

"အင်း"

မေထက် ကားပေါ်မှဆင်းရင်း ကိုခကို ထီးမိုးပေးလိုက်သည်။

ကိုခက ကားဖုံးကိုဖွင့်၍ ဂရုတစိုက် လှေ့လာသည်။ ပြီးတော့...

"ဝပ်ရှော့ကိုပို့မှဖြစ်မယ်။ မေထက် ကိုခ ကားထဲမှာထိုင်နေ၊ ခ ဖုန်းဆက်လိုက်မယ်"

သဲသဲမဲမဲရွာနေသော မိုးကြောင့် မေထက် ထဘီအနားတွေ စို ကုန်ရပြီ။ ကိုခ၏ ကားသေ့သေ့လေးထဲကို ဝင်လိုက်မှ နွေးသွားရသလိုပင်။

ကိုခက မေထက် ကားပေါ်ရှိ ပစ္စည်းများကို ယူလာခဲ့သည်။ ပြီးတော့ ကားနားမှာ ရပ်နေ၏။

ဖြူဖွေးနေသော ကိုခ ခြေထောက်ကို မိုးစက်တို့က သူ့ ကင်ငါ အလုအယက် လာရောက်ထိတွေ့နေကြသည်။

ခဏကြာတော့ ကားတစ်စီးရောက်လာကာ ကားပေါ်က ဘာ ဆင်း၍ ကိုခနှင့်စကားပြောသည်။ ပြီးတော့ မေထက်ကား းကို ဆွဲသွား၏။

သည်တော့မှ ကိုခက မေထက်ဆီ ပြန်လျှောက်လာသည်။ ထီးကိုပိတ်ရင်း ကားထဲဝင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေထက် ဘာလို့ တစ်ယောက်တည်း လာရတာလဲ"

ကားမောင်းရင်းမှ ကိုခက မေးလေသည်။

"ဒီလောက် မိုးတွေရွာနေတာ မလာသင့်ဘူး။ ကိုခ ရောက်မလာရင် ဘယ်လိုလုပ်မလဲ။ မိန်းကလေးက မိန်းကလေးပဲ"

ထန်နေသောမျက်နှာနှင့် မာနေသောအသံတို့က ဒေါသကို ဖော်ပြနေသယောင်။

"ဒီလို တစ်ခါမှ မပျက်ဖူးဘူး"

"ကားပဲ အမြဲကောင်းနေတယ်လို့ ရှိမလား"

အပြစ်တင်လှချည်လား။

မေထက် အမြဲတမ်း ကားမောင်းပြီး သွားလာနေတာ သူသိသားပဲ။ ဆယ်ကွေ့တစ်ကွေ့လောက်သာ မေထက် ကားပေါ်မှာ ဒရိုင်ဘာ ပါတတ်သည်။

ဒေါ်လေးနွေတို့ ဖွေးသူတို့အတွက်သာ ဒရိုင်ဘာခေါ်ထားခြင်း ပင်။

"အရမ်းပေါ့ဆတယ်ကွာ"

"အိုး... ဒါကတော့ ကားပျက်မှာ ဘယ်သူက ကြိုသိပါ့မလဲ။ ကြိုသိရင် လာပါ့မလား"

"မိန်းကလေးဆိုတာ ဒီလိုကိစ္စမျိုးကို ကြိုတွေးတတ်ရတယ်ကွ။ ဝတ္ထုထဲမှာလို ကောင်မလေး ကားပျက်တိုင်း ကောင်လေး ရောက်လာမယ် မထင်နဲ့ကွ"

ကိုခစကားက အမှန်တွေချည်းပါ။ သို့ပေမယ့် မေထက်က





ည်း စိတ်တိုနေသူမို့...

"ကိုခက အစိုးရိမ်လွန်နေတာပါ"

"ဘာ..."

"ဟုတ်တယ်လေ။ မေထက်အပေါ် ဘာအန္တရာယ်မှ မကျ ရောက် နိုင်ဘူး။ ဖြစ်တော့ကော ဘာအရေးလဲ။ လူဆိုတာ မွေးဖွား ာမှတော့ သေဖို့ပဲ။ သေတာထက်ဆိုးတာ ဘာရှိလို့လဲ။ အဆိုးဆုံး သေမှာပဲ"

"မိန်းကလေးတွေမှာ သေတာထက် ဆိုးတာ ရှိသေးတယ် မင်း မသိဘူးလား"

ကားကိုရပ်ပစ်ရင်းမှ ကိုခက ဒေါသဖြစ်စွာ မေးသည်။

"အသက်သေတာက အရေးမကြီးဘူး။ ဘဝသေသွားမှာစိုး ာကွ"

"မေထက်ကို ဆရာလုပ်စရာ မလိုပါဘူး။ မေထက်က လေး လေးမှ မဟုတ်တာ"

မေထက်ကိုများ 'မင်း'တဲ့။

ကိုခ တကယ် ဒေါသထွက်နေသည်ပဲ။

မေထက်၏ ခနဲ့တဲ့တဲ့စကားကြောင့် လူခ ထောင်းခနဲ ဒေါသဖြစ်သွားရသည်။

"ကိုခ မေထက်ကို စိုးရိမ်စရာ မလိုပါဘူး"

"ဘာ... ဘာပြောတယ် မေထက်"

လူခ မေထက် ပခုံးနှစ်ဖက်ကို လှုပ်ယမ်းလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



မေထက် မျက်လုံးလေးဝိုင်းသွားရသလို အံ့ဩမှုကြောင့် နီထွေးထွေး နှုတ်ခမ်းလေးနှစ်မွှာကလည်း ပွင့်ဟသွားသည်။

ကိုခ မေထက်ကို တစ်ခါမှ သည်လောက် စိတ်မဆိုးဖူးပါ။

"ဆောရီးကွာ..."

မေထက် သူ့လက်များကို ဖယ်ချတော့ သူက ခပ်တိုးတိုး ဆိုလာသည်။ မေထက်ကို မြင်းပေါ်တင်ပေးသည့် တစ်ချိန်ကလွဲလို့ ကိုခ ထိန်းနိုင်ခဲ့သူပါ။

"မေထက်... မေထက်ရယ်"

ကိုခ၏ တမ်းတမ်းတတ ခေါ်သံနှင့်အတူ မေထက် တစ်ကိုယ်လုံး ကိုခ ရင်ခွင်ထဲရောက်သွားရသည်။

မေထက်၏ ပါးဖောင်းဖောင်းလေးပေါ်သို့ ချွန်မြသော နှာတံလေး ကျရောက်လာသည်ကို မေထက် သတိပြုမိသည်။

မေထက် ကိုခရင်ခွင်ထဲမှ ရုန်းထွက်လိုက်သည်။ လူခက မေထက်ကို ကြေကွဲစွာ ကြည့်သည်။

ရှက်သွားသောစိတ်နှင့် လှုပ်ရှားလွန်းသောရင်ကို ထိန်းရင်းတည် ငြိမ်အောင် မေထက် အရမ်းကြိုးစားရသည်။

မေထက်၏ ရိုသွဲ့သွဲ့စကားများက ကိုခစိတ်ကို ဆွပေးသလို ဖြစ်သွားမှန်း မေထက် သိလိုက်သည်။

သည်လို သိချိန်မှာပဲ လူက သူ့ရင်ခွင်ထဲ ရောက်နေရပြီ။

မေထက် ပါးကို ပထမဆုံး အနမ်းခံရတာပဲ။

မရှက်ဘဲ ရှိပါ့မလား။





ရင်မခုန်ဘဲ နေနိုင်ပါ့မလား။

သို့ပေမယ့် မေထက် ရအောင်ထိန်းသည်။

မေထက် ကိုယ်တိုင်ကပင် စိတ်အထူးကူဖို့ ကြိုးစားနေသူ။ ကိုယ်တိုင် စိတ်မခိုင်လို့ မထိန်းနိုင်လို့ ဖြစ်ပါ့မလား။

စိတ်ငြိမ်စေရန် ပြတင်းပေါက်မှတစ်ဆင့် အပြင်ရှုခင်းများ ကို ငေးနေလိုက်သည်။

ယောကျ်ားသားတို့၏စိတ်ကိုက သူစိမ်းတစ်ရံဆံ မိန်း ကလေးတစ်ဦးနှင့် နှစ်ယောက်တည်းရှိချိန်ဝယ် လှုပ်လှုပ်ရှားရှား ဖြစ်တတ်သည်သာ။

ခုတော့ မေထက်နှင့် ကိုခက ချစ်သူမဟုတ် ဘာမဟုတ် အဆင့်။ သည်တော့ ကိုခ မထိန်းနိုင်တာ မဆန်းပါပေ။

"မေထက်..."

"ဘာလဲဟင်"

ဘာမှမဖြစ်သလို မျက်လုံးလေးလှန်၍ ကြည့်လာသော မေထက်ကို လူခ အံ့ဩသွားရသည်။

မေထက် မျက်ဝန်းထဲမှာ ရှက်ရိပ်များ ဖြာမနေသလို မျက်နှာလေး ကလည်း နီရဲမနေ။

စိတ်အကြောင်းကို လေ့လာနေသူမို့လား မသိနိုင်။

တည်ငြိမ်လွန်းလိုက်တာ မေထက်ရယ်။

ကိုခ၏ အဓိပ္ပာယ်များစွာ ပါဝင်နေသော အကြည့်ကြောင့် မေထက် မျက်လွှာချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုခံရယ်...။

ခုချိန်မှာ မေထက်ရဲ့ အကြီးမားဆုံးဆန္ဒက ကိုခ ရင်ခွင်ထဲ ကို ခေါင်းတိုးဝင်ချင်တာပါပဲ။

ဒါပေမယ့် အဲဒီလိုဝင်ပြီးရင် မေထက် ဒီတစ်သက် ပြန် ရုန်းထွက်နိုင်မှာ မဟုတ်တော့ဘူး။

အဲဒါကြောင့် မေထက်စိတ်ကို မေထက် ထိန်းနေရတာပဲ

မေထက်ကို သိပ်တည်ငြိမ်လွန်းတယ်လို့ ကိုခ ထင်သွားပြီ မဟုတ်လား။

ကိုခနှုတ်မှ မပြောပေမယ့် ကိုခ မျက်လုံးတွေက ပြောနေ ကြပြီ။

"မေထက်"

"ဟင်..."

"တစ်ခုခုစားရအောင်နော်"

လူခက အနီးရှိ စားသောက်ဆိုင်ရှေ့သို့ ကားလေးကို မောင်းသွား ပြီး ရပ်ပစ်လိုက်သည်။

ဆိုင်နာမည်ကိုပင် မေထက် မော့မကြည့်မိ။

ကိုခနောက်မှ ခပ်သွက်သွက်ပင် လိုက်သွားမိသည်။

"မေထက် ဘာစားမလဲဟင်"

"ကိုခ မှာချင်တာ မှာလေ"

ကိုခက စားချင်တာကို စုံအောင်မှာသည်။

"မေထက်"





"ဟင်..."

"ကိုခ ဘယ်တော့ လာဦးမလဲ"

"ကိုခ အားတဲ့အချိန် လာပေါ့"

"မေထက် အိမ်မှာ ရှိပါ့မလား"

"အင်း... မေထက်ကလည်း အိမ်မှာ ရှိခဲ့တယ်။ မနက်နဲ့ ညဘက်တော့ ရှိပါတယ်"

"ဒါဆိုလည်း အဲဒီအချိန်ပဲ ရွေးလာရမှာပဲ"

"ကိုခ့ စဉ်းစားနော်။ မေထက်က တခြားမိန်းကလေးတွေ လို အချိန်အား မရှိဘူး"

မေထက်ကိုက လူခမျက်နှာကို အကဲခတ်ရင်း မေးလိုက် သည်။

"ကိုခ နားလည်ပါတယ်ကွာ"

လူခစကားကြောင့် မေထက် ရင်ထဲ ကြည်နူးမှုတို့ ဖြစ်ထွန်း ရ သည်။

မေထက်က မေထက်ကို နားလည်ပေးနိုင်သူကိုသာ လက် တွဲချင်သည် မဟုတ်လား။

အစားအသောက်များ ရောက်လာ၍ မေထက်တို့ စကား ပြတ်သွားသည်။

"မေထက် ဝပြီလား"

"အင်း"

"ပြန်ကြမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

လူခက ရှေ့မှပင် ဦးဆောင်ကာ ထွက်ခဲ့သည်။

"ဒေါ်လေးနွေတော့ မေထက်ကြာလို့ စိတ်ပူနေမလားပဲ"

"အင်း... မြန်မြန်ပြန်မှ"

"ကားကိုတော့ ဖြည်းဖြည်းပဲ မောင်းပါ ကိုခရယ်"

"အင်းပါ"

မေထက် ကားပေါ်ရောက်မှ ဆိုင်နာမည်ကို ကြည့်မိသည်။

"နဂါးနီ စားတော်ဆက်"တဲ့။

"မေထက်"

"ဟင်... ပြောလေ"

"ကိုခ မေထက်ကို ခမ်းခမ်းနားနား လက်ထပ်ယူချင်တယ်ကွာ"

မေထက် သူ့စကားကြောင့် အံ့သြသွားရသည်။

ကိုခ ပြောသည့်ပုံက ခမ်းခမ်းနားနား လက်ထပ်ယူလို့ ရ သည့်နှယ်။

မေထက် စိတ်ထဲ ထင်းခနဲ ဖြစ်သွားရသည်။

"ကိုခ ကြိုးစားမယ်ကွာ"

ကြိုးစားမယ်ဆိုတာ ဘာလဲ။

ငွေရဖို့ကိုလား။

မေထက် ဘာမှ မတွေးချင်တော့။

ခေါင်းရှုပ်ခံကာ စဉ်းစားမနေချင်။





အိမ်ရောက်တော့ ထင်သည့်အတိုင်း ဒေါ်လေးနွေ စိတ်ပူပြီး ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေပေပြီ။

"ကြာလိုက်တာ သမီးရယ်"

"ဟုတ်တယ် ဒေါ်လေးနွေ၊ မေထက် လမ်းမှာ ကားပျက်နေလို့"

"ဖြစ်ရမယ်လေ။ ကားက ဒီတစ်ခါ ထူးထူးဆန်းဆန်း ပါသွား။ ခ ဘယ်မှာ ထားခဲ့လဲ"

သည်တော့မှ မေထက် လူခကို ကားအကြောင်းမေးဖို့ သတိရသည်။

"ဝပ်ရှော့မှာပါ ဒေါ်လေး"

ကိုခက ဝင်ဖြေသည်။

"အေးကွယ်။ ဒီလိုပေါ့ သူလည်း တစ်ခါတလေ ဖျားနာ ခံပေါ့ကွယ်"

ဒေါ်လေးနွေအပြောကြောင့် ကိုခရော မေထက်ပါ ပြုံးမိသည်။

မေထက် ကိုခနှင့်အတူ ရောက်လာသည်ကို ဒေါ်လေးနွေ ဘာမှ မေးမြန်းခြင်းမရှိ။

"ကျွန်တော် ပြန်ပါဦးမယ် ဒေါ်လေး"

"အေး... အေး"

"မေထက် ကိုခ ပြန်မယ်နော်"

မေထက် ခေါင်းညိတ်မိသည်လား မသိ။

www.burmeseclassic.com

www.burmeseclassic.com



ကိုခ ပြန်သွားသည်နှင့် မေထက် ရင်ထဲ ဟာသွားရသည်။ သည်လို တစ်ခါမျှ မဖြစ်ဖူးပါဘူး။

ခဲဆွဲထားသည့်နှယ် လေးသွားသည့်စိတ်တို့ကို မေထက် မကြိုက်ချင်။

ကိုခကို မေထက် ချစ်မိပြီလား။

မျက်နှာတည်တည်နှင့် မျက်လုံးစူးစူးတို့က မေထက်ကို စိုးမိုးထားနိုင်လွန်းသည်။

ကိုခ မေထက်ကို လွှမ်းမိုးလှချည်လားရှင်။

❷



အခန်း (၁၂)

မြည်လာသော တယ်လီဖုန်းသံကြောင့် မေထက် ကောက်ကိုင်လိုက်သည်။

“ဖွေး မဟုတ်လား”

တစ်ဖက်မှ ချာတိတ်တစ်ဦး၏ အသံကြည်ကြည်ကို ကြားလိုက်ရသည်။

ဖွေးဆီ တစ်ခါမှ ဖုန်းမလာစဖူး အလာထူးသည်မို့ မေထက် အံ့အားသင့်သွားရသည်။

ဘယ်က ချာတိတ်ပါလိမ့်။

အင်းလေ ကိုးတန်းတောင် ရောက်နေမှပဲ ယောကျ်ားလေး အပေါင်းအသင်း ရှိပေတော့မပေါ့။

“ဖွေး ဘာလို့ ငြိမ်နေတာလဲ”

သည်တော့မှ မေထက် သတိဝင်လာသည်။

“ဖွေး မဟုတ်ဘူးကွယ့်။ အခုဆက်နေတာ ဘယ်သူပါလိမ့်”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ… ကျွန်တော် ဖွေးမှတ်လို့ဗျ"

ချာတိတ်လေးအသံက စောစောကလို မဟုတ်။

ခပ်ရှိန်ရှိန် ဖြစ်သွားပုံရသည်။

ခုနတုန်းက ချာတိတ်စကားတွင် ပျော်ဝင်နေသော ရင်းနှီးမှုတို့ ပျောက်ကွယ်ကုန်မှန်း မေထက် သတိထားမိသည်။

"ဖွေးရှိလားခင်ဗျာ"

"အေး… ရှိတယ်။ ဘယ်သူလို့ ပြောပေးရမလဲ"

"ကိုထိုက်လို့ ပြောပေးပါ"

"ခဏကိုင်ထားနော်"

"ဟုတ်ကဲ့"

မေထက်ကို တယ်လီဖုန်းခွက်ကို ဘေးသို့ချထားရင်းမှ…

"ဖွေးရေ ဖုန်းလာတယ်။ ကိုထိုက်တဲ့"

"ဟုတ်ကဲ့ ဒေါ်လေး"

ဖွေးက မြူးတူးစွာ ရောက်လာသည်။

ဘာတွေပြောနေကြသည်မသိ။

ဖွေးသူ၏ ရယ်သံလွင်လွင်ကို တစ်ခါတစ်ခါ ကြားရသည်။

မေထက် စာရေးနေရင်းမှ စိတ်က ဖွေးဆီ ရောက်နေသည်။

စာရေးနေရသည်က မလွယ်။

များများရေးနိုင်ဖို့ များများတွေးနိုင်မှ။

စိတ်ညစ်နေလျှင် ဒါမှမဟုတ် ဒေါသဖြစ်နေလျှင် စာရေးတာ ခက်ခဲလွန်းလှသည်။





သို့ပေမယ့် မေထက်က အာရုံကို ဖြန့်ထားနိုင်သည်။

ကက်ဆက်နားထောင်ရင်းမှလည်း ရေးတတ်သည်။

ဆူညံနေလျှင်လည်း ရေးတတ်သည်။

သည်လိုမှလည်း မေထက် စာရေးလို့ရပါမည်။

ဖွေးဆီကို ဘာကိစ္စ ဖုန်းဆက်ရတာပါလိမ့်။

ချာတိတ်က အသံတော့ ကောင်းသည်။

"ဒေါ်လေးထက်"

"ဟင်"

"ဘွားလေးက ထမင်းစားမယ်တဲ့"

"အင်း… လာခဲ့မယ်။ စားနှင့်လို့"

ဖွေးသူက မေထက်နားမှ ထွက်သွားသည်။

မေထက် ဖွေးသူကို လိုက်ကြည့်နေမိသည်။

ဩော်… ဖွေးသူတောင် အပျိုပေါက်လေး တစ်ယောက်လို မှတ်ပါပကော။ အခုတလော ဖွေးသူ၏ အလှအပကို လူတိုင်း သိထားမိကြသည်။

ဖွေးသူကိုယ်တိုင်လည်း သူမအလှကို ဂုဏ်ယူကြည်နူးနေ…ငါပဲ။

"သမီးထက်ရေ"

"လာပြီ ဒေါ်လေးရွှေ"

မေထက် စားပွဲမှ ထလာခဲ့ရသည်။

"ခုန ဖွေးဆီ ဘယ်သူ ဖုန်းဆက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးနွေက ဖွေးကို မေးသည်။

"ဖွေးတို့အတန်းထဲကပါ။ ထိုက်ဦးတဲ့"

"ဪ..."

ဒေါ်လေးနွေက သည့်လောက်ပဲ မေးသည်။

"သူတို့ဦးလေးက ဖွေးတို့ဆရာလေ"

ဖွေးသူက ထမင်းကို ငုံ့စားနေသည်မို့ မေထက်လည်း မမေးချင်တော့။

"ဒေါ်လေးထက်"

မေထက် မော့ကြည့်လိုက်သည်။

"ဖွေးတို့ကျောင်းက သူငယ်ချင်းတွေက ဒေါ်လေးကို မြင်ဖူးချင် လိုက်တာတဲ့။ အိမ်လိုက်လည်မယ် ပြောနေကြတာ။ မနည်းတားထားရတယ်"

"ခေါ်လာပေါ့ ဖွေးရဲ့။ ဒေါ်လေးထက် အားတဲ့နေ့ ခေါ်လာခဲ့လေ"

"ဖွေးက ဒေါ်လေးကို အရင်မေးကြည့်ထားတာ။ ဒေါ်လေး မကြိုက်မှာစိုးလို့"

"ဒေါ်လေးထက်က ဘာလို့ မကြိုက်ရမှာလဲ။ ရိုးရိုးသားသား ကိစ္စ အားလုံးကို ဒေါ်လေး မပိတ်ပင် မတားမြစ်ပါဘူး။ သူငယ်ချင်း အိမ်လာလည်တာ ဒေါ်လေးကို ခွင့်တောင်းစရာ မလိုပါဘူး"

မေထက်ကို၏စကားကြောင့် ဖွေးသူက ပြုံးနေသည်။

ပါးချိုင့်လေးနှစ်ဖက်က ခွက်ဝင်နေသည်။





ပန်းအင့်အဖူးလေးကို ကြည့်ရသည့်နှယ် ဖွေးပုံစံလေး နုပျိုသန်းဆန်းနေသည်။

"ဒေါ်လေးထက်၊ ဖွေး မင်္ဂလာဒုံဥယျာဉ်ကို သွားချင်တယ်။ သူငယ်ချင်းတွေနဲ့ စုပြီးသွားမလို့"

"သွားလေ၊ သိပ်ကြာကြာတော့ မနေနဲ့ပေါ့"

"ဒါဆို ဖွေး ပြင်ဆင်တော့မယ်"

"ဟင်... ဒီနေ့သွားမှာလား"

"ဟုတ်တယ် ဒေါ်လေး၊ ကိုထိုက်တို့ကားနဲ့ သွားမှာ။ ဖွေးကို ဝင်ခေါ်မယ်တဲ့"

သို့အတွက် ဖုန်းဆက်ခြင်းပေကိုး။

"ဘယ်နှယောက် သွားမှာလဲ"

"(၇)ယောက်ပါ။ ယောက်ျားလေးက သုံးယောက်၊ မိန်းကလေးက သုံးယောက်"

ဖွေးစကားကြောင့် မေထက် ခပ်ကြောင်ကြောင် ဖြစ်သွားရသည်။

"(၇) ယောက်ဆို"

"အင်းလေ တစ်ယောက်က မိန်းမလျာ"

"ဟောတော့..."

ဖွေးစကားကြောင့် မေထက်ရော ဒေါ်လေးနွေပါ ရယ်မိကြသည်။

"ဖွေးတို့ (၇)ယောက်က ကျောင်းမှာလည်း တတွဲတွဲပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဖွေးတို့ အုပ်စုကို အကုန်မုန်းကြတယ်။ အားလုံး အစွာကြီးပဲလေ။ ကိုထိုက်က အဆိုးဆုံး"

"ဘာတွေများ ဆိုးတာလဲ"

"ဖွေးတို့ကို လိုက်စတဲ့သူဆို ကိုထိုက်က အပြတ်တီးပစ်တာ။ သူ့ ဦးလေး ဖွေးတို့ဆရာက ခဏခဏ လိုက်ရှင်းနေရတယ်"

"ဪ..."

"ဖွေးကို မစရဲပါဘူး။ စရဲစကြည့်၊ ဖွေးက ပါးရိုက်မှာ"

"အို... ဒီလို မလုပ်ရဘူး ဖွေးရဲ့။ စတာများ ပွဲသွားတာ မှတ်လို့"

ဖွေးသူ၏ မာန်ထန်ထန်ဟန်လေးကြောင့် မေထက် ရင်တုန်သွားရသည်။

"အလကား စတာပါ ဒေါ်လေးရဲ့၊ ဖွေး အဲဒီလောက် သတ္တိမရှိပါဘူး။ ဟင်း... ဟင်း"

ဖွေးသူက ပြောရင်း အရှက်ပြေ ရယ်နေလေသည်။

"ဖွေးသူရေ"

"ဟော... သူတို့လာကြပြီ၊ ဖွေး ဘာမှလည်း မလုပ်ရသေးဘူး"

ဖွေးသူက စိတ်ပျက်စွာညည်းရင်း နေရာမှ ထသည်။

ဒေါ်လေးနွေ့က ဖွေး သူငယ်ချင်းများအတွက် ကိတ်တစ်လုံးကို လှီးနေသည်။

"လာကြလေဟာ"





"ဟင်... ဖွေးက ဘာမှ မလုပ်ရသေးဘူး"

"ဖွေး... မလိုက်ဘူးလား"

"လိုက်မှာပေါ့၊ အိမ်ထဲဝင်ကြဦး"

ထိုက်ဦး ကားပေါ်မှ ဆင်းလိုက်သည်။

"လာလေ ကိုထိုက်"

"နင့် ဒေါ်လေးကော"

"ရှိသားပဲ"

"ငါ လန့်နေတယ်"

"ဟင်... ဘာလို့"

"ဘာမှတော့ မဖြစ်ပါဘူး"

ထိုက်ဦးကိုကြည့်၍ ဖွေးသူ ပြုံးလိုက်သည်။

ထိုက်ဦး၏ မျက်လုံးများကို ဖွေးသူ မကြိုက်။

ရိသဲ့သဲ့အပြောများကိုလည်း ဖွေး သဘောမကျချင်။

ဖွေး သူ့ကိုမှ မကြင်နာနိုင်ဘဲ။

ဖွေးက ဦးဆောင်ခေါ်လာ၍ သူငယ်ချင်းတစ်သိုက်လုံး ထမင်းစားခန်းကို ရောက်လာကြသည်။

မေထက် မသိမသာ အကဲခတ်သည်။ သူတို့ကလည်း မေထက်ကို ကြည့်နေ၍ သိပ်အကဲခတ်၍ မရ။

"စားကြနော်"

မေထက်က အားလုံးကို ပြုံးကြည့်၍ ပြောလိုက်သည်။

"ဖွေး အဝတ်သွားလဲဦးမယ်"

ဖွေး ထွက်သွားတော့ မေထက် စကားစမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"စာတွေကော လိုက်နိုင်ကြရဲ့လား"

"ကျွန်တော်တို့က Biology (ဇီဝဗေဒ) သိပ်မရဘူး။ Bio က အရမ်း ကျက်ရတာကိုး။ ကျက်ရတာ ပျင်းတော့ အလိုလို မရတော့တာပဲ"

ထိုက်ဦးက ဝင်ဖြေသည်။

"မာထွေးက Chemistry သိပ်မလိုက်နိုင်ဘူး။ Chemistry က ကျက်လို့မကုန်အောင်ကို များလွန်းတယ်"

မေထက် ခေါင်းညိတ်မိသည်။

ထိုက်ဦးဆိုသည့် ချာတိတ်ကို မေထက် စူးစူးစမ်းစမ်း ကြည့်မိသည်။

"ဟယ်... ဖွေးကော ချစ်စရာလေး"

မေထက် လှမ်းကြည့်မိသည်။

ဖွေးသိပ်လှနေပါလား။

"ဒေါ်လေးထက်၊ ဖွေး သွားတော့မယ်နော်"

"အင်း..."

"သွားမယ်နော်"

ဖွေးသူ သူငယ်ချင်းများကလည်း နှုတ်ဆက်သည်။

"ကောင်းပါပြီကွယ်။ ဒေါ်လေးထက်တို့အိမ်ကို အားရင် လာလည်ကြကွယ့်"

"ဟုတ်ကဲ့"

ဖွေးတို့ကားလေး ခြံထဲက ထွက်သွားသံကြားမှ မေထက် အခန်းထဲ ဝင်ခဲ့သည်။





မင်္ဂလာဒုံဆိုမှ ဟိုတစ်နေ့က မင်္ဂလာဒုံသွားခဲ့သည့်အဖြစ်ကို သတိရမိသည်။

လူခကိုလည်း သတိရသွားသည်။

မေထက် ဘယ်သူ့အတွက်မှ အချိန်မပေးနိုင်။

သို့ကြောင့် ကိုခကို အားနာနေရသည်။

"သမီး ထက်"

"ဝင်ခဲ့လေ ဒေါ်လေးနွေ"

"ဒေါ်လေးနွေ ဈေးသွားမယ်ဟေ့။ အဲဒါပြောမလို့"

"ဟုတ်ကဲ့ ဒေါ်လေး"

မေထက် လှမ်းအော်ပြောလိုက်သည်။

ဖွေးကတော့ ကားပေါ်တွင် ပါလာရင်း ပြုံးနေမိသည်။

မပြုံးဘဲ နေပါ့မလား။

ဖွေးဘဝမှာ သူငယ်ချင်းတွေနဲ့ လျှောက်လည်ခွင့်ရတာသည် တစ်ခါ ပထမဆုံးပင်။

"ဖွေး ဒေါ်လေးက တကယ်ချောတယ်ကွာ။ ကြည့်လို့ကို ဝဘူး"

"အေးနော်၊ ဘယ်လိုလှမှန်းကို မသိဘူး။ ငါ ဖက်နမ်းပစ်ထိုက်ချင်တာ စိတ်ကို မနည်းကြီးထိန်းထားရတယ်ကွာ"

ယောကျ်ားစိတ်ပေါက်နေသော သန္တာက ဝင်ပြောသည်။

သူတို့စကားကို ဖွေး တိတ်တိတ်လေး နားထောင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးထက် သိပ်ချစ်စရာကောင်းမှန်း ဖွေး သိပါ၏။

"ဖွေးဒေါ်လေးက ဒီလောက်ချမ်းသာနေတာတောင် အပင်ပန်းခံပြီး စာရေးသေးတယ်။ ငါဆို မရေးပါဘူး"

"အေး... စိတ်ချ၊ နင့်လိုလူမျိုး ဘယ်တော့မှ အဲဒီလောက်ချမ်းသာမှာ မဟုတ်ဘူး"

သူတို့က ငြင်းခုံကောင်းနေဆဲ။

"ဖွေး..."

"ဟင်..."

ထိုက်ဦးကို လှည့်ကြည့်လိုက်သည်။

"နင်ကော စာရေးဆရာမကြီး လုပ်မှာလား"

"ဟင့်အင်း..."

"ဘာဖြစ်လို့"

"ပျင်းစရာကြီး။ လက်လည်း ညောင်းတယ်"

"နင်ကတော့ ပြောမနေနဲ့"

"အောင်မယ်၊ နင်ကကော ဘာလုပ်မှာမို့လို့ ငါ့ကို မေးနေတာလဲ"

"ငါက ဆယ်တန်းအောင်တာနဲ့ ဗိုလ်သင်တန်းလျှောက်မှာ"

"ဟ...ဟ ရယ်စရာတွေ ပြောနေပါလား။ နင့်ပုံလား စစ်ဗိုလ်ဖြစ်မှာ။ လူက ပိန်နာနာနဲ့"

"ကြည့်နေစမ်းပါ ဖွေးရာ။ နောက်မှ ငါ့ကို ဗိုလ်ကြီး လာမခေါ်နဲ့"





"ဟင်း... ဟင်း... ဟင်း တော်တော် ရယ်စရာပဲ ကိုထိုက်"

"အေးပါ၊ စောင့်ကြည့်ပေါ့"

"တော်ပါတော့ဟယ်၊ ရယ်ရလွန်းလို့ နင့်ရုပ်က သေနတ်တောင် နိုင်အောင် မ,နိုင်မယ့်ရုပ် မဟုတ်ဘူး"

"နှိမ်ထားဦးပေါ့ဟာ"

ရယ်လွန်း၍ နီနေသော ဖွေးမျက်နှာလေးကို ကြည့်ပြီး ထိုက်ဦး မကျေနပ်နိုင်။

"မာမာရေ၊ ဒီမှာ နားထောင်ပါဦး ကိုထိုက် ပြောတာကို"

"ဘာတဲ့လဲ"

"သူက ဗိုလ်သင်တန်းလျှောက်မလို့တဲ့လေ"

ဖွေးစကားကြောင့် သူငယ်ချင်းတစ်စုလုံး ဝိုင်းရယ်ကြသည်။

"ခုတော့ ဟားထားပေါ့လေ။ ငါက လုပ်မယ်ဆိုရင် ဖြစ်အောင် လုပ်တတ်တာကွ"

ထိုက်ဦးက လက်သီးဆုပ်ရင်း ပြတ်ပြတ်သားသားပြောသည်။ ဖွေးကတော့ ရယ်စရာအဖြစ်သာ သဘောထားခဲ့သည်။

ထိုက်ဦးက အသားဖြူဖြူ၊ အရပ်ရှည်ရှည် ပိန်ပိန်။

ပြီးတော့ သူ့မေမေက သားတစ်ယောက်တည်းမို့ ချစ်ဆုံး။

သည်းမဆုံး။ နေပူထဲ မိုးရွာထဲသွားမှာတောင် စိုးရိမ်နေသူများ။

ထိုက်ဦး ကိုယ်တိုင်ကလည်း ခဏခဏဖျားတတ်သူ။ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့်မယ် အားကြီးကြီး။

ဖွေးသူ ကားအပြင်ဘက်ကို ငေးရင်းမှ တွေးနေမိသည်။

ဖွေးသူ ကြီးလာရင် ဘာလုပ်မလဲ။

ဒေါ်လေးထက်လို ဆရာဝန်လုပ်ဖို့လည်း ဖွေး ပျင်းပါသည်။ စာရေးဖို့ဆို ပိုပျင်းသေး။

ကျောင်းဆရာမကော။

ပင်ပန်းမှာပဲ။ ပြောလည်း ပြောရ၊ ဆူလည်းဆူရ၊ စာလည်း သင်ရ နဲ့။ ဘွဲ့ယူပြီးမှ စဉ်းစားတာပေါ့လေ။

အခု တက္ကသိုလ်ပင် မရောက်သေး။

စဉ်းစားဖို့ အချိန်မကျသေးဟု ကိုယ့်ဘာသာ ပြောမိသည်။

ငေးနေသော ဖွေးကိုကြည့်ရင်း ထိုက်ဦး ပခုံးတွန့်မိသည်။

လူကြီးစိတိုင်နဲ့ တွေးနေရသေးတယ်။ ရယ်လည်း ရယ်ချင်မိသည်။

ဖွေးကတော့ မသိရှာ။ ငေးမြဲငေးလျက်။

❷



အခန်း (၁၃)

"ဒေါ်လေးထက်"

ဖွေးသူက မေထက်ထိုင်နေသော ဒန်းလေးနောက်မှ ကြိုးများကို ကိုင်ထားရင်း ခေါ်သည်။

"ဖွေး ထမင်းစားပြီးပြီလား"

"အင်း..."

"လာထိုင်လေ"

မေထက်ကို တစ်ဖက်သို့ကပ်ပေးရင်း ပြောလိုက်သည်။

"ဖွေး ဒေါ်လေးကို ပြောစရာရှိလို့"

"ဘာလဲ ဖွေး၊ ပြောလေ"

ဖွေးသူ၏ လူကြီးဆန်ဆန်စကားကြောင့် မေထက် ပြုံးဝင်စားသွားသည်။

ဖတ်နေသော ဆေးပညာပေးစာအုပ်ကို ပိတ်လိုက်မိ၏။

"ဖွေး အလုပ်တစ်ခု လုပ်ချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအလုပ်လဲ ဖွေး"

"အယ်လ်ဖေးရှင်းတွေ မွေးချင်လို့"

ဖွေးက ဒန်းလေးကို ခြေထောက်လွှဲလိုက်သည်မို့ ဒန်းလေးက တုန်ခါကာ ယမ်းနေသည်။

"ဖွေး သူငယ်ချင်းတစ်ယောက် မွေးထားတာ နှစ်နှစ်ရှိသေးတယ် အများကြီး ပွားသွားပြီ ဒေါ်လေးရဲ့။ ဈေးလည်း အရမ်းကောင်းတာပဲ"

"အင်း..."

"သိပ်လည်း မပင်ပန်းဘူး။ ငွေလည်း သွက်သွက်ရလုပ်ငန်းပဲ့ ဖွေး သဘောကျတယ် ဒေါ်လေးရဲ့"

ဖွေးစကားက မှန်လွှန်းနေသည်ပဲ။

"ဒေါ်လေးထက် ဘယ်လို သဘောရလဲဟင်"

"ဖွေး စိတ်ဝင်စားရင် စမ်းလုပ်ကြည့်ပေါ့။ မဖြစ်တော့လည်း ပြန်ရောင်းပစ်လိုက်တာပေါ့"

"ဟာ... ဝမ်းသာလိုက်တာ။ ဖွေးက ဝါသနာပါတယ် ပြီးတော့ ခွေးလည်း အရမ်းချစ်တာပဲဟာ။ ဖြစ်မှာပါ"

"ဒါဆိုလည်း ပထမဆုံး နှစ်ကောင် စမွေးကြည့်ပေါ့ ဒေါ်လေး ဝယ်ပေးမယ်"

"အင်း..."

"အဲဒီက ရလာမယ့်ငွေက ဖွေးကိုယ်ပိုင်ငွေပေါ့။ ကြိုးစားရမှာနော်"





"အင်းပါ"

"တိရစ္ဆာန်မွေးမယ်ဆိုရင် တိရစ္ဆာန်ဆေးကုဆရာဝန်နဲ့လည်း အဆက်အသွယ် ပြတ်လို့မရဘူး"

"ဟုတ်ကဲ့"

"ဒေါ်လေးကတော့ အစအဆုံး လိုက်မလုပ်ပေးနိုင်ဘူး။ ဖွေးပဲ လုပ်ရမှာ"

"ဟုတ်ကဲ့ပါ"

"ဒါဆို ဒေါ်လေးအားတဲ့နေ့ ဖွေးနဲ့ သွားဝယ်တာပေါ့။ ဘကြီးမော်ကို ပြောထားလိုက်ဦး"

"ဘာပြောရမှာလဲဟင်"

"ခွေးနေဖို့ အိမ်ဆောက်ရဦးမယ်လေ"

"ဟုတ်သားပဲ"

"ဒါဆို ဖွေး သွားပြောလိုက်ဦးမယ်"

ဘကြီးမော်က မေထက်တို့ခြံ၏ ဥယျာဉ်မှူးကြီး မဟုတ်လား။

သည်လိုကိစ္စတွေမှာ သူ့ကိုပဲ အားကိုးရသည်။

မေထက်ကိုတို့ကိုလည်း အရမ်း သံယောဇဉ်ရှိရှာပါ၏။

ဖေဖေတို့ မေမေတို့ လက်ထက်ကတည်းက မေထက်တို့နှင့် နေခဲ့ရတာကိုး။ သံယောဇဉ်ဆိုတာ အချိန်ကြာသည်နှင့်အမျှ ...လွန်တွယ်တာတတ်သည်ပဲ။

ဖွေးက နှင်းဆီခင်းများကို ပေါင်းသင်နေသော ဘကြီးမော်ထံ ပြေးသွားပြီး ဘာတွေပြောနေသည်မသိ။



www.burmeseclassic.com

www.burmeseclassic.com



ဘကြီးမေခ်က ခေါင်းတညိတ်ညိတ်။

ပြီးတော့ နှစ်ဦးသား ခြံနောက်ဘက်ကို ထွက်သွားကြသည်။

ဖွေး ဘယ်လိုများ စိတ်ကူးရသွားပါလိမ့်။

မေထက်ကတော့ ဝမ်းသာရပါသည်။

ကိုယ်ပိုင် အလုပ်လေးရှိချင်တာ ဖွေးစိတ်ဓာတ်က လေးစားစရာပါ။

တကယ်ဆို ဖွေးမှာ ငွေလိုသည် မဟုတ်။

ဒေါ်လေးနွေဆီက လိုသလောက် တောင်းနိုင်သည်။

ခုတော့ ဖွေးက သည်လိုမဟုတ်။

ဖွေး၏ လိမ္မာမှုအတွက် မေထက် သိမ့်သိမ့်လေး ကြည်နူးရသည်။ ကြည်နူးမှုကြောင့်လည်း မျက်နှာလေး ဝင်းနေရသည်။

သည်အရွယ်ကတည်းက လိမ္မာလျှင် ကြီးလာရင် ပိုတောင်လိမ္မာပါဦးမည်။

မေထက် စေတနာတွေကိုလည်း နားလည်လာပါလိမ့်မည်။ မေထက် မျက်လုံးလေးမှိတ်ရင်း ငြိမ်နေမိသည်။

ကိုခ မေထက်ဆီ မလာတာ ကြာပါပြီကော။

ဖုန်းလည်း မဆက်။ လူလည်း ပေါ်မလာ။

နေများ မကောင်းလို့လား။

ကိုခနှင့် မေထက် ရင်းနှီးခဲ့သည့်ကာလက မနည်းတော့။

သည်အတောအတွင်း ကိုခ တစ်ခါမှ နေမကောင်း မဖြစ်ဖူးပါ။





"သမီးထက်ရေ... ဖုန်းလာတယ်ဟေ့"

ဒေါ်လေးနွေက အိမ်ပေါ်မှ လှမ်းအော်ပြောသည်မို့ မေထက် အပြေးတစ်ပိုင်းနဲ့ အိမ်ပေါ် ရောက်လာခဲ့ရသည်။

"မေထက်ပါရှင်"

"စောင့်လိုက်ရတာကွာ... မောသွားတာပဲ"

လူခအသံကြောင့် မေထက် ရင်ထဲလှိုက်ခနဲ ဖြစ်သွားရသည်။

မေထက် ခုပဲ ကိုခအကြောင်း တွေးနေမိသည်မဟုတ်လား။

"ကိုခ ပျောက်နေတယ်နော်"

"အင်း... ကိုခ အဘွားတစ်ယောက် ဆုံးသွားလို့ ပြင်ဦးလွင်သွား နေရတယ်လေ"

"ဟုတ်လား၊ မေထက် လုံးဝမသိဘူး။ သတင်းစာထဲ ထည့်ဘူးလား"

"ဒီနေ့ ပါလိမ့်မယ်။ အားလုံးပြီးမှ ထည့်တာလေ။ အဲဒီ အဘွားက သိပ်ချမ်းသာတော့ အမွေကိစ္စတွေ လုံးထွေးနေတယ်"

"သြော်..."

ချမ်းသာသည့်လူများ သေတာတောင် ဖြောင့်ဖြောင့်မသေပါလား။

"ကိုခက မေထက်ရှိပ့ါမလားလို့ အရင် ဖုန်းဆက်ကြည့်တာ"

"ဒီနေ့ မေထက် အားပါတယ်"

"ဒါဆို ကိုခ လာခဲ့မယ်။ မေထက် ကားကို လာပို့ဖို့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကားလည်း မေထက် စီးတောင် မစီးချင်တော့ပါဘူး"

"စိတ်ချ မေထက်၊ ကိုခ သေသေချာချာ လုပ်နိုင်းထား တယ်"

မေထက် စိတ်ပျက်သံလေးကြောင့် လူခ နှစ်သိမ့်လိုက် သည်။

"ဒါပဲနော် မေထက်"

"အင်း..."

လူခက ဖုန်းချသွားသည်မို့ မေထက်လည်း ချပစ်လိုက် သည်။ ခဏကြာတော့ လူခ ရောက်လာသည်။

"မေထက်"

"ဘာလဲ ကိုခ"

"မေထက် အဲဒါ ဘာလုပ်နေတာလဲ"

"မိတ်ဆက်စာတွေ ပြန်မလို့"

စက္ကူပုံးကြီးနှင့် ထည့်ထားသော စာအိတ်များကိုကြည့်ရင်း လူခ စိတ်ဝင်စားသွားသည်။

"စာတွေက များလှချည်လား"

မေထက်ဘေးတွင် ဝင်ထိုင်ရင်း ကြည့်နေမိသည်။

"မေထက်ကို ခင်လို့ မေထက် စာအုပ်တွေကို ကြိုက်လို့ စာရေးလာမှာတော့ မေထက်လည်း စာပြန်ရတာပေါ့"

"မေထက် အကုန်လုံး ပြန်တာပဲလား"

"အင်း... သိပ်အရှည်ကြီးတော့ ဘယ်ရေးနိုင်ပါ့မလဲ။ ခပ် တိုတိုပဲပေါ့"





တစ်ခါတစ်ခါတော့လည်း ပရိသတ်များ၏ မိတ်ဆက် စကားကို ဖုန်းထဲမှ မေထက် ကြားချင်လှပါသည်။

သို့ပေမယ့် တစ်နေ့ကုန် ဖုန်းမြည်နေမှာ မေထက် စိုးရိမ် သည်။ သို့ကြောင့်လည်း စာပေတိုက်မှတစ်ဆင့် ဆက်သွယ်ခြင်း ပဲ။

ပရိသတ်များကို မေထက် ခင်ပါသည်။

မေထက် မအားလွန်း၍သာပါ။

မေထက်ကိုခင်သော စာချစ်သူများကလည်း မေထက်ကို နားလည်ပေးနိုင်ကြပါသည်။

မိတ်ဆက်စာတွေ ပြန်ရခြင်းကို မေထက် နှစ်သက်သည်။ တချို့ကတော့ လေးလေးစားစား ရေးကြသည်။

တချို့ကျပြန်တော့လည်း မခန့်လေးစား နောက်သလို ပြောင်သလို ရေးကြပြန်သည်။

တချို့တလေကတော့ ခင်မင်ဖို့သက်သက် ရေးခြင်းပါ။ ဘာ အကြံဉာဏ်မှမပေး။

တချို့ကျတော့ ရှုတ်ချချင်ကြသည်။

တချို့စာများက ရိသဲ့သဲ့နှင့်။

ဘယ်လိုစာများဖြစ်ဖြစ် မေထက် ဖတ်ခဲ့သည်ချည်း။ စာ လည်း ပြန်ရေးခဲ့သည်။

ကိုခက လူမှုရေး သိတတ်စွာ ဖတ်ကြည့်ခြင်း မရှိ။

"မေထက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

"ထမင်း စားပြီးပြီလား"

"ဟင့်အင်း"

"အပြင်ထွက်စားရအောင်"

"ကောင်းသားပဲ။ ဒါနဲ့ ကိုခ ကားက ဘယ်လောက်ကျလဲဟင်"

"မေထက် ပေးမလို့လား"

"အင်း"

"မပေးပါနဲ့ကွာ။ သိပ်လည်း မများပါဘူး"

"ဒါဆို ခု ထမင်းဟင်းကို မေထက် ကျွေးပါရစေ"

လူခ မေထက်က ခပ်တည်တည် ကြည့်ပစ်လိုက်သည်။ ပြီးမှ...

"မေထက် သဘော"

အလိုလို အလျှော့ပေးသည့်ပုံစံနှင့် ကိုခကို ပြောလာသည်မို့ မေထက် ပြုံးလိုက်သည်။

"ကိုခက လိမ္မာတယ်"

"မလိမ္မာချင်ဘူး။ ကလေးတွေလို ရှုံးရှုံးမိုက်မိုက်ဆို ကောင်းမယ်"

"ဟင်း... ဟင်း... ကိုခက ကလေးမှ မဟုတ်ပဲ၊ အဘိုးကြီး ပေါက်စ"

မေထက်စကားကြောင့် လူခ အောင့်သက်သက် ဖြစ်သွားရသည်။ သူ့ကိုစ၍ မေထက် ပျော်နေမိသည်။





မမြင်တာကြာပြီမို့ မြင်ရတာ ဆန်းသစ်နေသလိုပါ။

သူ့အရှေ့မှာ ရွှင်မြူးမြူးလေးဖြစ်နေတာ မေထက် သူ့ကို ချစ်နေလို့များလား။

နှစ်ပေါင်းကြာကြာ ခင်မင်ရင်းနှီးခဲ့သည်မို့ သံယောဇဉ်က ရှိပြီးသား။ အားလည်း ကိုးမိပါသည်။

ကိုယ့်အပေါ် ချစ်နေမှတော့ ကြင်နာနိုင်ဖို့ မခဲယဉ်း။ ပြီးတော့ ဟိုးကတည်းက မေထက်တို့ တစ်ဦးအပေါ်တစ်ဦး နားလည်ပြီးသား။

ကိုခဘက်က တစ်ခုခု မေထက်ကို လိမ်ညာထားသည်ဟု မေထက် သိနေသည်ကလွဲ၍ မေထက် ကိုခကို နားလည်သည်လေ။

"ဟိတ်"

"အမေ့..."

လူခ တစ်အားအော်လိုက်သည်မို့ မေထက် လန့်သွားရသည်။

"အရမ်း တွေးတာပဲကွာ။ စကားပြောရတာ စိတ်မပါဘူးကွာ"

"ကိုခကလည်း မေထက် အတွေးလေး ပျက်စီးသွားပြီ"

"ကျွတ်... ကျွတ်၊ နှမြောစရာကွာ။ နေပါဦး ဘာအကြောင်းများ တွေးနေလို့လဲ"

ကိုခက မေထက်ကို ပြုံး၍ကြည့်ရင်း မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုခအကြောင်း"

"တကယ်"

လင်းလက်သွားသော ကိုခ မျက်နှာက ဝမ်းသာမှုကို ဖုံးမရသည့် ဟန်။

ကိုခ ပျော်သွားသည်ကိုကြည့်၍ မေထက်လည်း လိုက်လိုက်နင့်နင့် ကျေနပ်ရသည်။

"မေထက်ရယ်..."

လူခ၏ ဆို့ဆို့နစ်နစ် ခေါ်သံတွင် ကြင်နာမှု၊ ညှာတာမှုတွေ အရမ်းကြီး ပါဝင်နေမှန်း သိသာလွန်းသည်။

"ကိုခ မေထက်ကို သိပ်ချစ်တာပဲလားဟင်"

မေထက်၏ တိုးတိုးညင်းညင်းအမေးတွင် ရှက်ရွံ့မှုတစ်ဝက် ကြည်နူးမှုတစ်ဝက်တို့ကြောင့် အသံလေးက တုန်ခါသွားရသည်။

မေးတတ်လိုက်တာကွာ။

ကိုခရင်ထဲကို တစ်သက်လုံး စွဲသွားစေမည့် စကားလုံးလေးတွေ။

"ကိုခ မေထက်ကို မချစ်ဘဲ ရှိပါ့မလား။ ချစ်လွန်းလို့ ခုလို မေထက် ဆီလာတာပေါ့။ မေထက်ကို စိတ်ရှည်ရှည်နဲ့ စောင့်တာပေါ့။ နေရာတကာ ဆရာလုပ်တာလည်း မေထက်ကို ချစ်လွန်းလို့"

ကိုခစကားများက မေထက်အဖို့ ချိုမြိန်လှပါသည်။ ရင်ထဲတွင် ရှုံးရှုံးကျဉ်ကျဉ်လည်း ခံစားရသည်။

ကိုခကို မေထက် တမင် ညှဉ်းထားသလိုများ ဖြစ်နေပြီ သွားကွယ်။ ပုထုဇဉ်ပဲ ကိုခ မေထက်ကို ယုယချင်မှာပေါ့။ သည် ယုယမှုတွေကို မေထက် မလိုချင်လို့တော့ မဟုတ်။

သိပ်စဉ်းစားနေတော့လည်း မေထက်အတွက် ပျော်ရွှင်စရာ နည်းလာသလိုပါ။

မေထက်က အိမ်ထောင်ရေး အဆင်မပြေမှာ စိုးရိမ်တတ်သော ခက်သည်။

"ကိုခ..."

"ပြောလေ မေထက်"

ရမေထက်ခေါ်တုန်းက ခေါ်ပြီး ဘာပြောရမှန်းမှသိ။

ကိုခ အကြည့်ကြောင့် အံနေခက်လာရသည်။

မေထက်၏ ဖြူဖြူစင်စင် မျက်နှာလေးကိုကြည့်ရင်း လူခ ချစ် မြတ်နိုးရလွန်းပါဘိ။

မေထက်ကို သူ ဘယ်လောက် ထုန်ဖိုးထားနေမိသည်ကို သူသာ ≈ သိဆုံး။

သို့ပေမယ့် မေထက်က ထိန်းသိမ်းနိုင်လွန်းသည်။ ကလက်ကက်တက် အမူအရာ လုံးဝ မရှိ။

ကိုခ ဝင်လာဖို့ ဘာလမ်းမှ ဖွင့်မပေးထား။ ဘယ်ဆွဲဆောင်မှုလည်း မပြု။

ပကတိ တည်ငြိမ်လှသူ။

ညှုတုတု အပြောအဆို၊ အမူအရာများ လုံးဝ ကင်းသည်။

မျက်နှာလေးက ဖောင်းပြည့်ပြီး ချစ်စရာကောင်းသည်။ ကိုယ်လုံးအနေအထားကလည်း လှပါသည်။







www.burmeseclassic.com

www.burmeseclassic.com



သို့သော် မျက်နှာဖွေးဖွေးလေးက ရှင်းသန့်နေသည်၊ မွန်မြတ်သော စိတ်ထားကို မျက်နှာလေးက လှစ်ပြသကဲ့သို့ ကြည်စင်လှသည့် မျက်ဝန်းများက အပြစ်ကင်းစွာ အရည်လဲ့နေသည်။ ကလေးငယ်တစ်ဦးလိုပါပဲ။

သည်နေ့ မေထက်က မိုးပြာရောင်နုနု အင်္ကျီလေးနှင့် နက်ပြာရောင်ရင့်ရင့် တစ်ပတ်နွမ်း ထဘီလေးကို အိမ်နေရင်း ဝတ်ထားသည်။

ဆံပင်ရှည်ရှည်များကို ခပ်မြင့်မြင့် စုစည်းထားမှုကြောင့် မျက်နှာဖွေးဖွေးလေးက ထင်းစွာပေါ်နေရသည်။

လက်လေးနှစ်ဖက်ကို နောက်ပစ်ရင်း ခေါင်းငုံ့ပြီး မေထက်လေးက တကယ် ချစ်စရာလေးပါ။

မျက်ဝန်း လက်လက်များ၏ အကြင်နာ အကြည့်ကိုလည်းကောင်း၊ နှုတ်ခမ်းရဲရဲများ၏ တွယ်တွယ်တာတာ စကားသံကိုလည်းကောင်း သိရကြားရ၍ ကိုခ ပျော်မြူးရပါပြီ။



## အခန်း (၁၄)

"ဟာ… ဖွေးက တယ်ဟုတ်နေပါလား"

ထိုက်ဦးက ဖွေး၏ မျက်နှာနုနုကိုကြည့်ရင်း မေးလိုက်သည်။

"အမယ်၊ ငှါကောင်တွေက နင့်ထက်တောင် ထွားသေးတယ်လား"

ဖွေးက ခွေးပေါက်ကလေးများကိုကြည့်၍ ပြောလိုက်၏။

"အဲဒီလိုတော့ မပြောပါနဲ့ဟာ။ ငါလည်း အခု ထွားလာပါပြီဟ"

ထိုက်ဦးစကားကို ဖွေး ဘာမှ မတုံ့ပြန်ပါ။

ခွေးအိမ်ကိုသာ သန့်ရှင်းရေး လုပ်နေသည်။

"နင်က တကယ် ကြိုးစားနေပါလား။ ပိုက်ဆံလိုလို့လား"

"ဟဲ့ ပိုက်ဆံလိုမှ ကြိုးစားရမှာလား။ လူဆိုတာ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင် အလုပ်လေးနဲ့မှ ကောင်းတာဟဲ့"

"ငါတော့ ဘာမှ မလုပ်ချင်ဘူး"

"ပြောတော့ ငါ့ကို အပျင်းတဲ့။ တကယ်ပျင်းတာ ဘယ်သူလဲ"

ဖွေး၏ ရယ်ဟာဟ ပြောပုံလေးကိုကြည့်ရင်း မေထက် ပြုံးမိသည်။

"ဖွေး..."

"ဒေါ်လေးထက်"

"မြန်မြန်လုပ်လေ။ ကျောင်းချိန်နီးပြီ မဟုတ်လား"

"ဟုတ်ကဲ့ပါ ဒေါ်ရေလေး။ ကိုထိုက် အလကား အဖဲစာကြီး လာခေါ်တာ"

"ဟာ... ငါ နင့် မွေးမြူရေး ကြည့်မလို့ လာတာပါဆို"

"ကျောင်းပိတ်တဲ့နေ့မှ လာပေ့ါ။ ခုတော့ နင် စောင့်ရတယ် ဆိုပြီး ဒေါ်လေးက ငါ့ကို လောနေပြီ"

ဖွေးသူက အလျှော့ပေးသူကိုမှ ဖွတ် နိုင်နေပြန်သည်။

'နင့် ခွေးတွေကလည်းဟာ ဂရုစိုက်လိုက်ရတာ။ ငါဆို တစ်စက်မှ စိတ်ရှည်မှာ မဟုတ်ဘူး။ ပိတ်ကန်ပစ်လိုက်မှာ"

"နင်မှ မကြင်နာတတ်ပဲ"

ဖွေးစကားကြောင့် ထိုက်ဦး အောင့်သွားသည်။ ဒက်ခနဲ ထိသည့် စကားကိုး။

"ငါက ကြင်နာတတ်ပါတယ်။ ဒါပေမယ့် စိတ်တိုတတ်တယ်"





"စိတ်တိုတတ်တဲ့သူက အရုပ်ဆိုးတယ်တဲ့"

"ဒါတော့ နင် မှားသွားပြီ။ ငါ ဘာလို့ ရုပ်မဆိုးလဲ"

"ဟင်... နင်က နင့်ကိုယ်နင် ချောတယ် ထင်နေတယ် ဟုတ်လား"

"ဖွေးနော်။ နင် ငါ့ကို မနောက်နဲ့"

"ကြီးကျယ်လို့၊ နောက်တော့ ဘာဖြစ်ရမှာလဲ"

"အေး... ပြီးရော"

ထိုက်ဦးက စိတ်တိုစွာ ထွက်သွားပြီး ကားပေါ်မှာ သွားထိုင်နေသည်။

ဖွေး ရေချိုး သနပ်ခါးလိမ်း၊ အဝတ်လဲ၊ ထမင်းစားသည်ကို စိတ်ရှည်စွာ စောင့်ပေးရှာ၏။

ထိုက်ဦး၏ စိတ်ရှည် သည်းခံမှုကို ဖွေး အံ့သြယူရသည် အထိ။

"ပြီးပြီလား"

"အင်း..."

ဖွေးသူ ကားပေါ်တက်လိုက်သည်နှင့် တစ်ကားလုံး မွှေးကြိုင်သွားရသည်။

ကားက ဝုန်းခနဲမြည်အောင် တစ်အား ဆောင့်ထွက်သွား၏။

"ဟဲ့... ကိုထိုက်၊ ဖြည်းဖြည်းမောင်းပါဟဲ့"

"အခု ငါ့အလှည့်လေ။ မိုင်ကုန် မောင်းရမယ်"



www.burmeseclassic.com

www.burmeseclassic.com



“ကိုထိုက်နော်၊ ငါကြောက်တတ်တာ နင် မသိဘူးလား”

“သိသားပဲ။ ဒါပေမယ့် နင်က ငါ့ကို အမြဲနောက်တာကိုး”

ထိုက်ဦး၏ မျက်နှာတ တင်းနေသလို ကားရှိန်ကလည်း မြင့်သည်ထက် မြင့်လာ၏။

ဖွေးသူ ကြောက်လွန်း၍ မျက်စိ မှိတ်ထားမိသည်။

ထိုက်ဦး သည်လောက် စိတ်ပုပ်လိမ့်မည်ဟု မထင်။

ယုတ်မာတဲ့ ထိုက်ဦး။

သည်လိုမှန်းသိ သူ့ကားနှင့်မလိုက်။

သူက လိုင်စင်ကိုင်ဆောင်ထားသူလည်း မဟုတ်။

ဖွေးမှာတော့ သူ့ကားနှင့်လိုက်ဖို့ ဘွားလေးနှင့် ဒေါ်လေး ထက်ကို တစ်နာရီလောက် ပြောယူရသည်။

တွေးရင်းမှ ဖွေးပါးပြင်ပေါ်သို့ မျက်ရည်များ လိမ့်ဆင်း ကျလာသည်။ ထိုက်ဦးက ကားမောင်းနေ၍ လှည့်မကြည့်။ ခဏ ကြာမှ ဖွေး ငြိမ်လွန်း၍ လှည့်ကြည့်မိတော့...

“ဟင်... ဖွေးငိုနေတယ်”

သူ တအံ့တသြ ရေရွတ်ရင်း ကားရှိန်ကို လျှော့ချပစ်လိုက် သည်။

ဖွေးပါးကွက်လေးနှစ်ဖက်ပေါ် မျက်ရည်များ စီးကျလာ သည်ကို မြင်ရ၍ ထိုက်ဦး တစ်မျိုးကြီး ဖြစ်သွားသည်။

“ဖွေး နင်ငိုနေတယ် ဟုတ်လား။ ငါက ဂရုစိုက် မောင်း နေတာပါဟ။ ဘာမှမဖြစ်ပါဘူး။ နင်ကလည်း ကြောက်တတ်





က်တာဟာ”

စိတ်ပျက်သလို ညည်းရင်း ဖွေးကို အပြစ်တင်နေပြန်သည်။

ဖွေး ငိုနေသည်ကိုမြင်၍ ထိုက်ဦး လန့်သွားပုံကိုကြည့်၍ ဖွေး ထိတ်ခနဲ ဖြစ်သွားရသည်။

သူ ဖွေးကို ရိုးရိုးသားသား မဟုတ်တာ သေချာသလိုပင်။

ဖွေး သူ့ကို မချစ်နိုင်ပါ။

ဖွေးရင်ထဲမှာ ငယ်ငယ်လေးကတည်းက စိုးမိုးနေတာ...

အချိန်တိုင်း သတိရနေမိတာ...

အိုလေ... ဖွေး သိပ်မျှော်လင့်နေသူက တစ်ဦးတည်းရယ်

ဖွေး သူနှင့်ပတ်သက်လာလျှင် အားလုံးကို စွန့်လွှတ်ရဲသည်။ တာတော့ ဖွေးကို သတိပင် ထားမိရဲ့လား မသိနိုင်။

ဖွေး သူနှင့်တွေ့ဖို့လည်း မကြိုးစားမိ။

မကြိုးစားရဲ။ မကြိုးစားချင်ပါ။

သူ့မျက်နှာချောချောကို ခဏလေး မြင်လိုက်ရလျှင် ဖွေး နပ်မိသည်။ သူ့အသံ လွင်ကြည်ကြည်ကို တစ်ခွန်းလေး ကြား ရလျှင် ဖွေး ကြည်နူးရပါပြီ။

သူ့ကို ဖွေး တစ်ကြိမ်လောက် မြင်လိုက်ရလျှင် ဖွေး ရင်ထဲ မွေ့လွန်းရပါတိ။

ဖွေး သူ့အပေါ် ဘယ်လောက်အထိ ချစ်နေမည်မှန်း မသိ။

“ဖွေး”



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

ခပ်ဆတ်ဆတ် ပြန်ထူးသော ဖွေးသူ၏အသံကြောင့် ထိုက်ဦး ရယ်ချင်သွားရသည်။

"အရူးမ"

"ဘာ အရူးမလဲ"

"ဟ… စွာလှချေလား။ နင့်ကို စိတ်ကုန်တယ်ဟာ တကယ်ပဲ"

"အမယ်… စိတ်ကုန်သလေး ဘာလေးနဲ့။ ငါ့ကိုများ မိန်းမ မှတ်လို့လား"

"ဟဲ…"

ဖွေး၏ ရဲတင်းလွန်းသောစကားကြောင့် ထိုက်ဦး မျက်နှာကြီး ရဲသွားရသည်။

"နင်က မိန်းကလေးနဲ့ မတူဘူး ဖွေး"

"မတူတော့ကော ဘာဖြစ်လဲ"

"မိန်းကလေးဆိုတာ သိမ့်သိမ့်မွေ့မွေ့လေး နေရတယ်ဟ၊ အဲဒီလို မပြောရဘူး"

"ပြောမှာပဲ။ ဘာဖြစ်လဲ။ နင်နဲ့ငါနဲ့က သူငယ်ချင်းပဲ"

"ငါ့သူငယ်ချင်းကို သူများတွေက ဣန္ဒြေမရှိဘူးလို့ ပြောမှာစိုးလို့"

"ပြောပလေ့စေ"

"ငါက ပြောတဲ့လူဆို ဆွဲထိုးမိမှာဟ"





ဖွေး မျက်စောင်းတစ်အား ထိုးပစ်လိုက်သည်။

"ဖွေးကို ဘယ်သူမှ အဲလို မပြောဘူး။ နင် ပထမဆုံး ပြောတာ"

"ဆောရီး… ဖွေး၊ ငါက ပြောပြတာ"

ဖွေးက မျက်နှာကိုတည်ရင်း တစ်ဖက်ကို လှည့်သွားသည်။

"ဣန္ဒြေမရှိဘဲ ကလက်တက်တက်ဆို ငါ နင်နဲ့ကြိုက်တာ ကြာလှပြီ"

"ဟာ… ဖွေး၊ နင် ဘာတွေပြောနေတာလဲ"

"နင် ဘာလို့ ငါ့ကို စိတ်ဆိုးအောင်ပြောလဲ။ ငါက ဘယ်ယောကျ်ားလေးကိုမှ မချစ်ဘူး။ အထူးသဖြင့် နင့်ကို"

"ဖွေး…"

ထိုက်ဦး အော်သံကြောင့် ဖွေး လန့်သွားသည်။

"နင်…"

"တော်ပြီ ကိုထိုက်၊ ဘာမှမပြောနဲ့တော့။ ငါ မကြားချင်ဘူး"

ဖွေးစကားကို ထိုက်ဦး နားထောင်လိုက်ပါသည်။

ဖွေး ဘယ်လိုဖြစ်နေတာပါလိမ့်။

တကယ်ဆို ကိုထိုက်က ဖွေးနှင့်ရွယ်တူ၊ အတန်းတူ။

ကိုထိုက်ကို ဘေးမှာထားရင်း ဖွေး သူ့ကို သတိရနေမိတာ …န်ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



တမ်းတမ်းတတ ဖြစ်နေမိတာ မှားသလား။

ကိုထိုက်ကို ခုလို ပြတ်ပြတ်သားသားကြီး ဖွေး မပြော
ပါ။ သို့ပေမယ့် သူ တစ်ယောက်ကလွဲလို့ ဘယ်ယောကျ်ားလေးဆီ
မှ 'ဖွေးကို ချစ်တယ်'ဟု ပြောလာမှာ ဖွေး မကြားချင်။ နားမထော
ချင်ပါ။

ဖွေး အဲဒီလောက်အထိ သူ့အပေါ် ရူးရူးမိုက်မိုက်
လမ်းလမ်း ဖြစ်နေမိတာပါရှင်။

ဖွေးကို သူ အထင်သေးမှာလည်း ဖွေး စိုးရိမ်သည်။
ရင်ခုန် တတ်ခါစ အရွယ်ကတည်းက သူ့ကို အကြင်နာပိုမိ
မျှော်လင့်ခဲ့ရတာကို သူ ဘယ်သိပါ့မလဲ။

"ဖွေး ရောက်ပြီလေ"

"အင်း..."

ကိုထိုက်ပြောမှ ကင်းကွာနေသော စိတ်ကခန္ဓာကိုယ်
ပြန်ငြိမ်တော့သည်။

ကားပေါ်မှ သွက်သွက်လေး ဆင်းလိုက်သည်။

ထိုက်ဦး မတ်တတ်ရပ်ရင်း အမှတ်တမဲ့ ဖွေးကို ငေးမိသ

ငိုထားခဲ့၍ ဖွေး မျက်ဝန်းတွင် မျက်ရည်ကြည်လေး
ကျန်နေ သလို နှာတံချွန်စင်းစင်းလေးက နီရဲနေသည်။

ဖွေး၏ ပြတ်သားမှုကို သူ အံ့သြရသည်။ ကြားလိုက်
တုန်တုန် ခိုက်ခိုက်ဖြင့် ဆောက်တည်ရာ မရနိုင်။

ဖွေး ဘယ်လိုပြောလိုက်တာပါလိမ့်။





သူ့အပေါ်မှာ ဖွေး လုံးဝ မကြင်နာတာ ထင်ရှားလိုက်ပါဘိ။

ထိုက်ဦး နာကြည်းစွာ ပြုံးမိသည်။

ဖွေး ဒီလောက်ရဲရဲကြီး ပြောချပစ်လိမ့်မည်ဟု လုံးဝ မထင်
ထားခဲ့ပါ။

ဟိုးတစ်နေ့က ဖွေး၏ စာအုပ်လေးကို ငှားခဲ့စဉ်က လက်
ရေးလေး နှင့် လျှောက်ခြစ်ထားသော ကာရန်မဲ့ ကဗျာလေး
သို့မဟုတ် ခံစားမှုစာစု လေးတစ်ခုကို ကိုထိုက် တွေ့ခဲ့ရသည်။

*သူ...*

*သူ လိုချင်တာ ပေးချင်တယ်။*

*သူ့အတွက်ဆို ဘာပဲလုပ်ပေးရ လုပ်ပေးရ*

*သူ့ဆန္ဒတွေ ပြည့်ရင်ပျော်ပါပြီ။*

*သူ ကြင်နာ မုန်းသွားလည်း*

*သူ ကျေနပ်ရင် ကျေနပ်တယ်။*

*သူ...*

*ခန့်ခန့်တည်တည် သူ့မျက်နှာနဲ့*

*ထွားထွားကျိုင်းကျိုင်း သူ့ခန္ဓာကိုယ်*

*မြင်လိုက်ရရင် ရင်ခုန်တယ်*

*ရင်ခုန်သံကို မကြားသလို*

*ဥပေက္ခာပြုရက်လည်း*

*သူကျေနပ်ရင် ကျေနပ်တယ်။*

*သူ...*



www.burmeseclassic.com

www.burmeseclassic.com



*သူရယ်...*

*သူကျေနပ်ရင် ဖွေး ကျေနပ်ပြီးသားပါ။*

ဖွေးလေးရယ်။ အဲဒီ သူဆိုတာ ဘယ်သူများလဲကွယ်။

ဖွေး တမင်တကာ ရေးထားတာလား။ သို့မဟုတ် ရင်ထဲ

ခံစားရလွန်းလို့ ပွင့်အန်လာသည့် စာသားလေးများလား။

ဘာပဲ လုပ်ပေးရ လုပ်ပေးရတဲ့။ လိုချင်တာဆိုရင် ပေး

ချင်တယ်တဲ့။ ဒီလောက်တောင်ပဲလား ဖွေးရယ်။

ရင်ခုန်သံကို ဥပေက္ခာပြုရက်လည်း သူ ကျေနပ်ရ

ကျေနပ်တယ် တဲ့လား။

ဖွေးအချစ်က စံတင်လောက်အောင်ပါပဲ။

ကြောက်စရာလည်း ကောင်းတယ်။

တကယ်လို့များ ဖွေးက ချစ်နေလျက်နဲ့ တစ်ဖက်လူ

ဥပေက္ခာ ပြုခဲ့ရင် အဲဒီလူကို ကိုထိုက် လက်သီးနှင့် ပိတ်ထိုး

လိုက်ချင်တယ်။

ဖွေးကြားရင် ရယ်နေဦးမလားပဲ။

ဖွေးရယ်။

ဖွေးနဲ့ ကားအတူစီးချင်လို့ ကိုထိုက်ဖေဖေ့ကို တစ်ပ

လောက် ပူဆာခဲ့ရတာ ဖွေး သိမှာမဟုတ်ဘူး။

ကားမောင်းကျွမ်းကျင်နေပေမယ့် အသက်မပြည့်သေး

ကိုထိုက်မှာ လိုင်စင်မရှိသေးဘူးလေ။





ဒါတောင် ဖေဖေက အသွားပဲ မောင်းရမယ်တဲ့။ အပြန်

အိုင်ဘာ လွှတ်လိုက်မှာ။

ဖွေးနဲ့ ပျော်ချင်လို့ စွန့်စားမိတာ။ ခုတော့...

ခေါင်းငိုက်စိုက်ချရင်း ထိုက်ဦး စာသင်ခန်းရှိရာဘက်သို့

လျှောက်လာခဲ့သည်။

❷



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဒေါ်လေးထက်... သက်သာရဲ့လား"

"အင်း"

"မေထက်ကလည်းဟယ်။ တစ်အား ပေါ့ပေါ့ဆဆ နေတာပဲကိုး"

နေခြည်၏ အပြစ်တင်သံကို သဲ့သဲ့ကြားလိုက်ရသည်။

"ကိုယ်တော်တော်ပူနေတာပဲ"

မေထက် နဖူးလေးကို စမ်းကြည့်ရင်း ဒေါ်လေးနွေက တိုးတိုး ဆိုသည်။

"ဆရာဝန်ပင့်မှပဲနော် ဒေါ်လေး"

"အင်း...ကောင်းသားပဲ"

ကိုယ်တိုင်က ဆရာဝန်၊ ဆရာဝန်ပင့်ပြီး ကုရမှာ မေထက် ရှက်နေ မိသည်။

မေထက် ပေါ့ပေါ့ဆဆနေလိုက်၍ ခုလို လဲသွားခြင်းပါပဲ။





"မေထက်"

"ဟင်..."

"ဆရာဝန် သွားပင့်မယ်ကွာ"

"နေပါဦး ခဏနေ မေထက် သက်သာသွားမှာပါ"

"ကိုယ် တော်တော်ပူနေတာ"

"ရပါတယ်ကွာ"

ဖျားလွန်း၍ မျက်လုံးပင် မဖွင့်နိုင်။

ဒါကိုများ ရပါတယ်တဲ့။

နေခြည် မေထက်ကို စိတ်တိုစွာ ကြည့်မိသည်။

တကယ်ဆို မေထက်မှာ သူငယ်ချင်းဆရာဝန်တွေ အများ ကြီး။

ဖုန်းလှမ်းဆက်လိုက်ရုံ။

ဝေဒနာကို ဘာလို့ မွေးထားရတာလဲ။

သူငယ်ချင်းဆိုတာ အခုလိုအချိန်မှာ သုံးရမှာ။ ဟုတ်တယ် လေ။ သည်လောက်လေးမှ အကူအညီမပေးနိုင်ရင် ဘာလုပ်မလဲ။

"မေထက်"

"ဟင်"

"သူငယ်ချင်းတစ်ယောက်ယောက်ဆီ ဖုန်းဆက်လိုက်ပါလား"

"အလကား သူတို့ ပင်ပန်းနေပါဦးမယ်ဟာ"

"ဒုက္ခပဲ။ ဒါလေးများ ပင်ပန်းရဦးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အတွက်နဲ့ သူများကို အလုပ်မပေးချင်ဘူး"

"တော်ပြီ မေထက်၊ ငါ ပြန်တော့မယ်"

နေခြည်က နေရာမှထလိုက်သည်မို့ မေထက် လက်လှမ်းဆွဲလိုက်ရသည်။

"နေပါဦး နေခြည် ...၊ နေခြည်ပဲ ဆက်ပေး။ မေထက် ဖုန်းနံပါတ် ပြောပြမယ်"

"ပြော..."

နေခြည့်အသံက ခုထက်ထိ ဒေါသသံစွက်နေဆဲ။

စေတနာဒေါသ၊ ကရုဏာဒေါသမှန်း မေထက် သိထားပါသည်။

သို့ကြောင့် မေထက် စိတ်မဆိုးရက်။

နေခြည်က မေထက်ပြောသော နံပါတ်အတိုင်း ဖုန်းဆက်ပြီး မေထက် နေမကောင်းကြောင်းပြောသည်။

"ဘာတဲ့လဲ မေထက်"

"အခု လာခဲ့မယ်တဲ့။ မေထက်က သိပ်ပေတာပဲလို့ ပြောလိုက် သေးတယ်"

"အပြစ်တင်ဖို့ချည်းပဲ"

ဖွေးသူက ဒေါ်လေးထက် ခြေထောက်ဖြူဖြူအိအိလေးများကို နှိပ်နယ်ပေးရင်း ဒေါ်လေးထက် မျက်နှာလေးကို ငေးနေမိသည်။

ဒေါ်လေးထက် သိပ်လှတာပဲ။ နေမကောင်းတာတောင်





လှနိုင်သေးတယ်ဟု တွေးဖြစ်သည်။

နေခြည်ကတော့ ဆရာဝန်မကို အိမ်အဝမှ သွားကြိုနေသည်။

သိပ်မကြာလိုက်သောအချိန်တွင် နေခြည်နှင့်အတူ မေထက် သူငယ်ချင်း ဒေါက်တာဝေဝေ ရောက်လာသည်။

"မေထက်ကွာ၊ တကယ်ပဲ"

သူမက ဒီလောက်ပဲပြောပြီး လုပ်စရာရှိတာ လုပ်နေသည်။

"ဘာမှ မဟုတ်ဘူး။ ပေလို့ ဖျားတာ"

"သိသားပဲ"

မေထက်၏ ဘုဆတ်ဆတ်အပြောကြောင့် ဒေါက်တာမဝေဝေက ခွင့်လွှတ်စွာ ပြုံးသည်။

"ကောင်းသွားမှာပါ။ မေထက် ဖျားနေတယ်ဆိုတော့ ဘိုတောင် မယုံဘူး"

"ဘာဖြစ်လို့..."

"မေထက်မှ မဖျားဘူးပဲ"

"အင်းနော်"

"ကဲ... ဝေပြန်တော့မယ်။ အိပ်ဆေးဝအောင် အိပ်ပစ်လိုက်ကြားလား မေထက်"

"အင်းပါ"

"ဆရာလုပ်တာ မဟုတ်ဘူး။ အခုအချိန်မှာ နင်က လူနာ၊ ငါက ဆရာဝန် ပြောစကား နားထောင်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝေဝေက ရယ်မောရင်း ပြောသည်။

ဝေဝေပြန်သွားတော့ ဒေါ်လေးနွေ့က...

"မေထက်သူငယ်ချင်းတွေက မေထက်လို သဘောဖြူလေးတွေပဲ။ ပြုံးနေတာပဲ။ မြင်ရတာနဲ့ ရောဂါပြေးမှာ"

ဒေါ်လေးနွေ့၏ မှတ်ချက်စကားကြောင့် မေထက် ဒေ တင်ရပါသည်။

ဘယ်ဆရာဝန်,မဆို လူနာအပေါ်မှာ စေတနာတော့ ရှိပြီးသားပါ လေ။

"မေထက် နွားနို့ပူပူလေးသောက်ပြီး အိပ်လိုက်တော့"

နေခြည်က ဓာတ်ဘူးထဲမှ နွားနို့ထည့်ပေးရင်း ဆိုသည်။

"အင်း..."

မေထက်က ခြေရင်းတွင်ထိုင်နေသော ဖွေးကို လှမ်းကြည့်သည်။

"ဖွေး ကျောင်းချိန်နီးပြီလေ။ ရေ သွားချိုးတော့"

"ဖွေး ဒီနေ့ မတက်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"ဒေါ်လေးထက်မှ နေမကောင်းတာ"

"ဘာဆိုင်လို့လဲ။ ငါ နေမကောင်းတာနဲ့ ကျောင်းမတက်ရဘူးလို့။ ဒီမှာ နေခြည်ရော၊ ဒေါ်လေးနွေ့ပါ ရှိနေတာပဲ။ နင်က ဘာများ လုပ်ပေးတတ်လို့လဲ။ သွား ကျောင်းတက်ဖို့ပြင်တော့"

မေထက်၏ အသံမာမာကြောင့် ဖွေးသူ ထသွားသည်။





"ကလေးကို အရမ်းဟောက်တာပဲ"

"အဲလိုမပြောရင် သွားမှာကို မဟုတ်ဘူး။ သူက ခေါင်းမာတယ်"

"အိုဟယ်... ဒါကတော့ နင့်နားမှာ နေချင်လို့ ဖြစ်မှာပေါ့"

"အဲဒီလောက် စေတနာထားရင် တော်ပြီ။ မေထက်နားမှာ နေတော့ကော ဘာထူးမှာမို့လဲ။ ကျောင်းတစ်ရက်ပျက်ရင် အများနစ်နာတယ် နေခြည်ရဲ့"

"ဟုတ်ကဲ့"

"တော်ပြီ၊ ဘာမှ မပြောတော့ဘူး၊ အိပ်တော့မယ်"

"အိပ်...အိပ်"

နေခြည်က ဒရင်းဘတ်ပေါ်တွင်လှဲရင်း စာအုပ်တစ်အုပ်ကို ဖတ်နေမိသည်။ ပြီးမှ ပျင်းပျင်းရှိသည်မို့ ခြံထဲဆင်းလာခဲ့၏။

"ဟာ... ကိုခပါလား"

လူခက ခြံဝတွင် ကားရပ်ရင်း ခြံထဲကို လှမ်းအကဲခတ်နေသည်။

"ဘကြီးမော်လည်း မရှိဘူး ကိုခရဲ့"

နေခြည်က ခြံတံခါးကို ဖွင့်ပေးရင်း ပြောလိုက်သည်။

"မေထက်ကော နေခြည်"

"ရှိပါတယ်"

ကိုခက ကားပေါ်မှဆင်းရင်း မေးသည်။

"မေထက် ဖျားနေတယ်လေ။ ခုနပဲ ဆရာဝန် လာကြည့်



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်"

"ဟုတ်လား။ ကိုယ် လုံးဝ မသိဘူး"

လူခ မေထက်အတွက် စိုးရိမ်သွားသည်။

"ဖျားတာ သက်သက်ပဲလား"

"အဲဒီလို ပြောတာပဲ"

"ဪ..."

နေခြည်က တံခါးပြန်ပိတ်မည်ရှိသေး ဘကြီးမော် ဈေးက ပြန်ရောက်လာ၏။

"နေ နေ သမီး၊ ဘကြီး ပိတ်မယ်။ ရော့... ဒီခြင်း ယူသွားပေးလိုက်"

နေခြည် ကိုခနှင့်အတူ အိမ်ထဲ ဝင်လာခဲ့သည်။

"မေထက် နေမကောင်းတာနဲ့ ဒေါ်လေးနွေလည်း ဈေးမသွားနိုင်တော့ဘူး"

"ဖြစ်ရမယ်ဗျာ"

"ဒေါ်လေး"

"ဘာလဲ ဖွေး"

"ဘကြီးမော် ပြန်ရောက်ပြီလား"

"အင်း... ခုပဲ ရောက်တယ်"

"ဖွေး ကျောင်းသွားပြီလို့ ဒေါ်လေးထက်နိုးရင် ပြောလိုက်နော်"

"မေထက် အိပ်ပျော်နေပြီလား"





"အင်း"

"အေး... အေး ပြောလိုက်မယ်။ ကိုခ ထိုင်လေ။ နေခြည် ဒေါ်လေးနွေကို ဈေးခြင်း သွားပေးလိုက်ဦးမယ်"

နေခြည်က ဖွေးကိုဖြေရင်း ကိုခကိုပါပြောကာ လှုကာ အိမ်နောက်ဖေးထဲ ဝင်သွားသည်။

ကိုခ ဆက်တီတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

သူ့ရင်ထဲမှာ မေထက်အတွက် သောကရောက်နေရသည်။

စိတ်တို့က ဘောင်ဘင်ခတ်နေသည်။

သူ့ရှေ့ခုံမှ ဖွေးက ထလိုက်သည်။

ညှို့ခန်းတွင်ထိုင်ရင်း ဘကြီးမော် အလာကို စောင့်နေဟန်တူသည်။ အဖြူအစိမ်းလေးနှင့် ဖွေးက ချစ်စရာလေးပါ။

မေထက် ပေါက်စလေးကို လူခ တစ်ချက်ကြည့်ဖြစ်သည်။ ဖွေးက လွယ်အိတ်လွယ်ရင်းမှ ပြုံးပြသည်။

"ဦးခ၊ နေကောင်းတယ်နော်"

"အင်း"

ထမင်းဘူးလေးကို လှမ်းယူရင်းမှ နှုတ်ဆက်၏။ ပြီးတော့ ဒီနပ် စင်မှ ဖိနပ်အဖြူပါးပါးလေးကိုယူပြီး စီးလိုက်သည်။

"ဒေါ်လေးနွေ၊ ဖွေး သွားပြီ"

"အေး အေး"

ထွက်သွားသည့် ဖွေးကို တစ်ချက်လိုက်ကြည့်ရင်း နေခြည်ပြန် ထွက်အလာကို စောင့်နေမိသည်။

"ကိုခ၊ ပျင်းရင် ဗီဒီယိုကြည့်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



နေခြည်က ကော်ဖီခွက်လေးချပေးရင်း ပြောသည်။

"မေထက် နိုးတဲ့အထိ စောင့်မှာ မဟုတ်လား"

"အင်း..."

နေခြည်နှင့် လှူခ ဗီဒီယို ထိုင်ကြည့်မိကြသည်။

"ကိုခ"

"ဟင်..."

"ကိုခ ကြည့်နှင့်နော်။ မေထက် အိပ်နေတုန်း နေခြည် ရေချိုး လိုက်ဦးမယ်"

"ရတယ် နေခြည်၊ လုပ်စရာရှိတာလုပ်၊ ကိုခကို ဧည့်ခံနေစရာ မလိုပါဘူး။ မေထက် နေမကောင်းလို့ အလုပ်ရှုပ်ရတဲ့အထဲ ကိုခက ဒုက္ခပေးသလိုဖြစ်ဦးမယ်"

"ဒီလောက်လည်း မဟုတ်ပါဘူး ကိုခရဲ့"

လှူခက ဗီဒီယို ကြည့်နေရသည်ကို စိတ်မပါ။

လှူခ စိတ်က မေထက်ဆီ ရောက်နေသည်။

မေထက် အရမ်းဖျားနေတာများလား။

လှူခ စိတ်စောနေ၍လားမသိ။ မေထက် ခဏလေးနှင့် နိုးလာသည်။

"ကိုခ၊ မေထက် နိုးလာပြီလေ။ သွားကြည့်ရအောင်"

"အင်း..."

နေခြည်ခေါ်လာ၍ မေထက်အခန်းသို့ ရောက်လာခဲ့သည်။

"ဖွေးရော ကျောင်းသွားပြီလား"





နေခြည့်ကိုမြင်လျှင်မြင်ချင်း မေထက်က ဖွေးအကြောင်း မေး သည်။

"သွားပြီ မေထက်၊ မေထက် အိပ်နေလို့ မပြောသွားတာ"

"အင်း"

နေခြည်နှင့်အတူပါလာသော ကိုခကြောင့် မေထက်ရင်ထဲ အူတ် ခနဲ ဖြစ်သွားရသည်။

"ကိုခ ဘယ်တုန်းက ရောက်နေတာလဲ"

"သိပ်မကြာသေးပါဘူး။ ဒေါက်တာမကလည်း ဖျားရတယ် လို့ ကွာ"

မေထက် ပြုံးနေမိသည်။

မေထက်ကို အပြစ်တင်ချင်သူချည်းပါလား။

တကယ်ဆို နေမကောင်းသည့်သူကို အားပေးသင့်တာပါ နော်။

"မေထက် စွပ်ပြုတ်သောက်ရအောင် နေခြည် သွားယူဦး မယ်"

ကြွကြွ။ မေထက်စိတ်ထဲမှ ပြောမိသည်။ နေခြည့်ကိုလည်း ချက်စောင်းထိုးမိ၏။

"မေထက်"

"ဟင်..."

"ဘယ်လိုဖြစ်တာလဲကွာ"

"ဖျားတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ဖျားရတာလဲ"

"မေထက်လည်း ဘယ်သိပါ့မလဲလို့"

လူခ မေထက် ခုတင်ဘေးတွင် ခုံတစ်လုံးဆွဲ၍ ထိုင်သည်။

"ဘယ်တုန်းက စဖျားတာလဲ"

"ညက..."

"ဆေးမသောက်ဘူးလား"

"သောက်တာပဲ"

လူခက ပြတင်းပေါက်မှ အပြင်ဘက်ကို ငေးနေသည်။

"အဖျားက အောင့်ထားရတာကြာပြီ။ အခု သူဖျားလိုက် လို့ ပျော်သွားမှာပဲ"

"ကြံကြံဖန်ဖန်ပဲ မေထက်ရာ"

မေထက်၏ မှိန်နေသော မျက်နှာအမ်းအမ်းလေးက အဖျား လုံးဝ ကျဆင်းသွားခြင်းမရှိသေးကြောင်း ပြောနေသလိုပါ။

လူခ မေထက် လက်ကောက်ဝတ်လေးကို စမ်းသပ်ကြည့် သည်။ နဖူးပြေပြေလေးကိုလည်း စမ်း၏။

"သိပ်မပူတော့ပါဘူး"

လူခ မေထက်၏ မျက်ဝန်းလက်လက်များကို စိုက်ကြည့်မိ၏။

"မေထက်"

"ဟင်..."

"ကိုခ ဘာကူညီရမလဲ"





"ဟင့်အင်း... အကူအညီမှ မလိုဘဲဟာ"

"မေထက် ခွင့်ယူထားမှာပေါ့နော်"

"အင်း..."

"ကောင်းပါတယ်။ မေထက် အနားယူရတာပေါ့"

"ကိုခ ဂျူတီ မရှိဘူးလား"

"ရှိတယ်"

"မသွားဘူးလား"

"မသွားဘူး မေထက်။ ခွင့်တင်ထားတယ်"

"ဘာဖြစ်လို့လဲဟင်"

"စိတ်ညစ်လို့"

"ဟင်..."

မေထက်က မျက်လုံးဝိုင်းဝိုင်းလေးများကို ပုတ်ခတ်ရင်း သက် ပြင်းချသည်။

လူခ မနေ့က မေမေနှင့် စကားများသည်။

ကြီးကြီးကျယ်ကျယ် စကားများထား၍လည်း မေမေ့ သည် [illegible]က် သူ့ကို စကားမပြော။

လူခ မေမေ့ကို တစ်ခါမျှ ပြန်မပြောဖူး။

မနေ့ကတော့ လူခ ဒေါသဖြစ်စွာ မေမေ့ကို အော်မိသည်။

မေမေက မေထက်နှင့် သဘောမတူကြောင်း ပွင့်ပွင့် လင်းလင်း ဖွင့်ဟလာသည်။ တင်းတင်းကျပ်ကျပ်လည်း တားသည်။

"ကိုခ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

"ဘာလို့ ငြိမ်သွားတာလဲ"

"ဘာရယ် မဟုတ်ပါဘူး မေထက်ရယ်။ မေထက် မြန်မြ နေ ကောင်းအောင် လုပ်စမ်းပါ"

"ဘယ်သူက နေမကောင်း ဖြစ်ချင်ပါ့မလဲ ကိုခကလဲ"

"မေထက်ကို အပြစ်တင်တာ မဟုတ်ဘူး။ ကိုခ မေထ နေမကောင်းတာ မကြည့်ချင်ဘူး"

"မကြည့်ချင်ရင် လာမကြည့်နဲ့ပေါ့"

"မေထက်နော်"

"ကိုခပဲ မကြည့်ချင်ဘူးဆို"

"မကြည့်ရက်လို့ ပြောတာကွ။ နားလည်ပြီလား"

"အင်း..."

မေထက် ခေါင်းညိတ်ပုံက အသည်းယားစရာ။

"ကိုခ ဒီနေ့ စကားနည်းလိုက်တာ။ ဘာလို့လဲဟင်"

"စိတ်ညစ်လို့ပါ ဆိုနေ"

"ဘာလို့ စိတ်ညစ်တာလဲ"

"မေထက် ဖျားလို့"

"ကိုခ ညာပြီ"

"မညာပါဘူး မေထက်ရဲ့။ ကိုခ မေမေနဲ့ စကားများလို့"

"ကိုခကို ဆူလို့လား"

"အင်း..."



"ကိုခကလည်း အမေပဲ ဆူတော့လည်း ခေါင်းငုံ့ခံနေလိုက် ပေါ့။ ကိုခ ပြန်ပြောတော့ ပိုဒေါသထွက်မှာပေါ့"

"အင်း... နောက်တစ်ခါဆို ပြန်မပြောတော့ဘူး"

"ကလေးတွေတောင်မှ ကြောက်ပါပြီ အမေရဲ့လို့အော်ရင် ဘယ် ရိုက်ရက်တော့မလဲ။ ပေတေတေ ဂျစ်တစ်တစ်ဆို ဒေါသထွက် ပြီး ပိုရိုက်မိရော"

"မေထက်က အစကတည်းကမှ သင်မပေးပဲဟာ"

"ကိုခ ဒီလိုဆိုးမှန်း မေထက်မှ မသိပဲ"

"အခု သိလို့ လန့်သွားပြီလား"

"အင်း"

"မလန့်ပါနဲ့ မေထက်ရာ။ ကိုခ ရိုက်တော့လည်း နောက် လုပ်တော့ပါဘူး။ ကြောက်ပါပြီလို့ မေထက်အော်ပေါ့"

"ကိုခ ညစ်ပြီ"

မေထက်က မကျေမနပ်ပြောရင်း အိပ်ရာထက်မှ ထလိုက် သည်။

"မေထက် ဘယ်လဲ"

"ဘယ်မှ မသွားပါဘူး။ မေထက် ပျင်းလို့"

"ဟင်... ဖျားနေတာများ ပျင်းရတယ်လို့"

"ဟုတ်တယ်။ မေထက် တစ်ခါမှ ဒီလို မနေဖူးဘူး။ အခု းနေ တော့ မေထက် မနေတတ်ဘူး"

"နေတတ်အောင် နေရမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အခုလို တစ်နေ့ကုန် အားတဲ့အချိန် ဝတ္ထုရေးရင် အများ
ပြီး မှာပဲလို့ တွေးနေမိတာ"

"မေထက်ရာ၊ သက်သောင့်သက်သာနဲ့ အနားယူစမ်း
ကွာ။ ဘာမှန်းလဲ မသိဘူး"

"ကိုခ စိတ်မရှည်တော့ဘူး မဟုတ်လား"

"အင်း"

မေထက်က သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်မိသည်

"ဘာလဲ မေထက်၊ အရှည်ကြီး တွေးပြီး သက်ပြင်းချနေ
မဟုတ်လား။ မေထက်ရယ်၊ ကိုခ မေထက်ကို သည်းခံနိုင်ပါတ
အနစ်နာခံဖို့လည်း ကြိုးစားမှာပါ"

"မေထက် ဝမ်းသာပါတယ်"

မေထက်က ကြည်ကြည်နူးနူးပြောရင်း ကိုခကို ကြည့်
သည်။

"မေထက် ကိုခကို ချစ်တယ် မဟုတ်လားဟင်"

မေထက်၏ လက်ဖောင်းဖောင်းလေးကို ဖျစ်ညှစ်ရင်
ကိုခက ခပ်တိုးတိုး မေးသည်။

"မေထက် ဘယ်လို ဖြေရမလဲဟင်"

"မေထက်ရယ်"

မေထက် မေးသံလေးက ကိုခရင်ထဲ နင့်ခနဲဖြစ်အောင်
ကျေနပ်လွန်းရပါဘိ။

"မေထက်"

"ဟင်..."





"ကိုခကို မေထက် အရမ်းချစ်ပါတယ်လို့ပြော"

"ကိုခ ပြောတဲ့အတိုင်းပါပဲ"

"ဟာကွာ... မေထက်"

မေထက် လှိုက်လှိုက်လှဲလှဲပြုံးရင်း လူခကို ကြည့်မိသည်။

"ကိုခ"

လူခက ပြန်မထူးဘဲ မေထက်လက်ကလေးကို ဖျစ်ညှစ်
ိုက်သည်။

"မေထက် ပြောလေ"

"ဟင့်အင်း..."

"မပြောရင် ကိုခ မပြန်တော့ဘူး"

"နေခြည် လာတော့မှာ"

"ဘယ်သူလာလာကွာ မသိဘူး"

"ကလေးလည်း မဟုတ်ဘဲနဲ့"

လူခက ဇွတ်အတင်းပင် ပြောခိုင်းနေပြီကော။

သို့ပေမယ့် မေထက် စိတ်မဆိုးရက်။

မေထက် သူ့ကို ချစ်နေမိပြီပဲ။

"မေထက် ကိုခကို ချစ်ပါတယ်"

ခေါင်းငုံ့ရင်း တိုးတိုးလေးဆိုသော မေထက်အသံက
တုန်ခိုက်ခိုက်လေး။ လူခ အရမ်းပျော်သွားရသည်။

ချစ်တဲ့သူဆီက ချစ်ပါတယ်လို့ အဖြေရတာ မပျော်ဘဲ
လား။



www.burmeseclassic.com

www.burmeseclassic.com

“မေထက်ရယ်၊ ကိုခ အဲဒီလိုစကားလေးကို မျှော်လင့်ခဲ့တာ ကြာ လှပါပြီ”

“ကိုခ မေထက်ကို ဘယ်တုန်းက စချစ်တာလဲဟင်”

“ဟိုး... ရှမ်းပြည်နယ်မှာ တွေ့ကတည်းက”

“ဒါနဲ့များ”

မေထက်က စကားကို လမ်းခုလတ်မှာ ရပ်ထားလိုက်သည်။

“မေထက်က မကျေနပ်ဘူးလား”

“အင်း...”

“ဒါဆို”

လူခက သူ့မျက်နှာကြီးကို ရှေ့တိုးပေးလာသမို့ မေထက် လူခ ကိုယ်ကို တွန်းရင်း ရယ်မိသည်။

“ကိုခ နစ်နာနေပါဦးမယ်”

မေထက်၏ ရယ်နေသော မျက်နှာဖောင်းအိအိလေးကို လူခ အကြာ ကြီး ငေးနေမိသည်။

ချစ်သူဖြစ်ပြီးမှ မေထက်ကို သူ ပိုမြတ်နိုးရပါသည်။

အရင်တုန်းက စိမ်းနေသလို ဖြစ်နေရာမှ ခုတော့ မေထက် နှင့် သူနှင့် စိမ်းမနေတော့။

“မေထက်”

“ရှင်...”

“ကိုခတို့ လက်ထပ်ရအောင်”

“ဟင်... ချက်ချင်းကြီး”

“ကိုခတို့မှ မငယ်တော့တာ”



လူခ စကားကလည်း မှန်သင့်သလောက် မှန်နေသည်မို့ မေထက် ငြိမ်နေမိသည်။

“လာလေ ကိုခ၊ ဧည့်ခန်းထဲကို သွားရအောင်”

နှစ်ယောက်တည်း အခန်းထဲမှာ အကြာကြီးရှိနေခြင်းက ခသင့်တော်။

“ကိုခ ပြန်တော့မယ်လေ။ မေထက် အိပ်လိုက်ဦး”

လူခကလည်း အလိုက်တသိ ဆိုသည်။

“မေထက် နေကောင်းအောင် နေကွာ”

“အင်းပါ”

“မေထက် နေကောင်းရင် ကိုခတို့ လျှောက်လည်ရအောင်”

“အင်း...”

ကလေးငယ်တစ်ဦးပမာ ခေါင်းပဲ ညိတ်နေသော မေထက် ပုံစံလေးကို လူခ ချစ်မဝ။ သို့ပေမယ့် သူ့ကိုယ်သူ ထိန်းသည်။

မေထက်ကို သူ တန်ဖိုးထားရမည်။

တည်ကြည်သော ယောကျာ်းတစ်ဦးအဖြစ် မေထက် သူ့ကို အားကိုးတာမှန်း သူသိထားသည်။

“ကိုခ”

“ပြောလေ မေထက်”

“ကိုခ ဘယ်တော့ လာဦးမှာလဲ”

“မနက်ဖြန် လာမယ်လေ။ ညနေကျရင် ဖုန်းဆက်မယ်နော် မေထက်”



www.burmeseclassic.com

www.burmeseclassic.com



"အင်း…"

ချစ်ကြပြီဆိုတော့လည်း ဝေးမနေချင်သည်က ချစ်သူတိုင်း၏ ဆန္ဒ။

"မေထက် ကိုခကို ဘယ်တော့မှ မမုန်းရဘူးနော်"

"ဘာလို့မုန်းရမှာလို့ ကိုခရဲ့။ မေထက်က ခုတစ်မျိုး ခုတစ်မျိုး မလုပ်တတ်ပါဘူး"

"ကိုခ ဝမ်းသာပါတယ်"

"ကိုခ ပြန်တော့လေ"

"ဘာလို့ ပြန်စေချင်ရတာလဲ"

"ကိုခပဲ ပြန်မယ်ဆို"

"အင်း… မေထက် အိပ်ပျော်အောင် အိပ်လိုက်နော်"

❷



## အခန်း (၁၆)

"မေထက်…ပျော်တယ်မဟုတ်လားဟင်"

"အင်း…"

မေထက်ဘဝမှာ တစ်နေကုန် အချိန်ဖြုန်းမိတာ သည် တစ်ခါ ပထမဆုံးပါပဲ။ ကုန်လွန်သွားသောအချိန်တို့ကို မေထက် နှမြောချင်ချင်။

သို့ပေမယ့် ထိုအချိန်တို့ ဘယ်လိုကုန်သွားမှန်းပင် မသိလိုက်။

ကိုခ၏ အကြင်နာစကားများနှင့် ယုယလွန်းသော အပြုအမူများ အောက်တွင် အချိန်တို့က ကုန်မြန်လွန်းနေသလိုပါ။

ကိုခက မေထက်အပေါ် အနှံ့အတာခံသလို သည်းခံ ခွင့်လွှတ်ဖို့လည်း ဝန်မလေး။ ကိုခနဲ့ မေထက် ချစ်နေကြပြီလို့ နေခြည့်ကို ပြောပြမိတော့ နေခြည်က ရယ်သည်။

ကောင်းတာပေါ့။ ကိုခက သဘောထားကြီးပြီး မေထက် အပေါ် နားလည်နိုင်သူပဲတဲ့။



www.burmeseclassic.com

www.burmeseclassic.com



“မေထက်၊ အိမ်ရှေ့ရောက်ပြီလေ”

“အင်း… ကိုခ မဝင်တော့ဘူးလား”

“မေထက် ဝင်စေချင်ရင် ဝင်မှာပေါ့”

“ကိုခ အရမ်းပိုတယ်ကွာ”

“ကိုခကိုယ် ကိုခတော့ အဲဒီလို မထင်ဘူး”

မေထက် လူခကို တစ်ချက်ကြည့်ပြီး ကားပေါ်မှဆင်းလိုက်သည်။

“မေထက်လေး”

“ဘာလဲ”

မေထက်၏ ပြန်ထူးသံမာမာလေးက အလိုမကျမှုကို ဖော်ပြနေသယောင်။

“ခေါ်နေတာပဲ”

“ကိုခ မေထက်ကို ကိုခ ခေါ်တာ ဘာဖြစ်လဲ”

“ဟိုမှာ ဖွေးသူ စောင့်နေပြီ။ လာလေ…သွားစို့”

မေထက်နှင့် ကိုခ ပြန်လာသည်ကို ဖွေးက အိမ်အဝမှ ထွက်ကြိုနေသည်။

“ဖွေးသူ စောင့်နေတာလား”

“အင်း…”

ဖွေးသူ ခေါင်းညိတ်အဖြေပေးရင်းမှ လူခ၏ ဖွေးသန့်သော ခြေထောက်အစုံကို တစ်ချက်ကြည့်ဖြစ်သည်။ ပြီးတော့မှ ခေါင်းကို ဆတ်ခနဲ မော့ကာ မျက်နှာချောချောကို ကြည့်မိပြန်သည်။





“ဖွေး စာမကျက်ဘူးလား”

“ကျက်ပြီးလို့ ခုပဲ ထလာတာ”

“အင်း… ဒါဆို ကိုခနဲ့ စကားပြောနှင့်ဦး ကိုခထိုင်လေ။ မေထက် အဝတ်လဲဦးမယ်”

“ရပါတယ် မေထက်ရဲ့၊ သွားလဲလေ”

လူခ မေထက်ကို တစ်ချက်ငေးကြည့်ရင်း ပြောလိုက်သည်။

မေထက် အိမ်ထဲဝင်သွားမှ လူခ ဧည့်ခန်းကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။

ဖွေးက တံခါးပေါင်ကို ဖွဖွလေးမှီရင်း ရပ်နေသည်။ သူမ လက်ထဲမှ ဝတ္ထုစာအုပ်ကို လူခ သတိပြုမိ၏။

ပန်းသီခိုင်၏ ‘ကိုကိုမုန်းလေ ဒီက ချစ်လေ’ဆိုသည့် စာအုပ်။

“ဖွေးက ဝတ္ထုဖတ်လား”

“အင်း…”

“မေထက် ဘာမှ မပြောဘူးလား”

“ဟင့်အင်း ဒေါ်လေးထက်က ဖွေး ဘာလုပ်လုပ် မဆူတော့ဘူး”

“သြော်… ဟုတ်လား။ ဖွေးက လိမ္မာသွားပြီကိုး”

ဖွေးသူက အနီရဲရဲ ကတ္တီပါအင်္ကျီလေးနှင့် အနီအပွင့် ထဘီလေးကို တိုတိုဝတ်ထားသည်။ ဆံပင်တိုတိုလေးများကို ဖဲကြိုးနီနီလေးများဖြင့် စုချည်ထား၏။

မျက်နှာလေးက မေထက်နှင့် တော်တော်ကို တူလှပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီစာအုပ် ကောင်းလား"

လူခတွင် မေးစရာ စကားမရှိ၍ မေးမိမေးရာ မေးမိသည်။

"တစ်ဖက်သတ် အချစ်ဇာတ်လမ်းမျိုးပါပဲ"

"ဟုတ်လား"

"အင်း... ကောင်မလေးက ကောင်လေးကို တစ်ဖက်သတ် ချစ်နေတယ်လေ"

လူခ ခေါင်းညိတ်မိ၏။

"တစ်ဖက်သတ်အချစ်ဆိုတာ တကယ်ရှိလား။ ဦးခ ရှိတယ်လို့ ထင်လားဟင်"

ဖွေးသူ့စကားကို သူ ဘယ်လိုပြန်ဖြေရမည်မသိ။

တစ်ခါမှ သူ အဲဒီလို မစဉ်းစားခဲ့ဖူး။ တွေးလည်း မကြည့်မိခဲ့

"ရှိလို့သာ လူတွေ တစ်ဖက်သတ်အချစ်လို့ ပြောကြတာနေမှာပေါ့"

"ဦးခ ယုံတယ်ပေါ့"

"အင်း... အများလက်ခံထားတာပဲ ယုံရမှာပေါ့"

"ဒါဆိုရင် နယူတန်ရဲ့ နိယာမက ဘယ်မှန်တော့မလဲ"

"ဘာကိုလဲ"

လူခ နားမရှင်းစွာ ပြန်မေးသည်။

"ဒီလိုလေ သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှု ရှိတယ်တဲ့"

"အင်းလေ... အဲဒါ မှန်သားပဲ"





"ဟင်... ဘယ်လိုလုပ် မှန်တော့မလဲ ဦးခရဲ့။ တစ်ယောက်က အရမ်းကြီး ချစ်နေတာကို နောက်တစ်ယောက်က ပြန်မချစ်ဘူးဆိုတော့"

"အဲဒီလို မဟုတ်ဘူးလေ ဖွေးရဲ့"

ဖွေးက မျက်တောင်လေးစင်းရင်း သူ ပြောလာမည့်စကားကို နားစွင့်နေသည်။

"ဒီစာအုပ်ထဲက ကောင်လေးက ကောင်မလေးကို နောက်ဆုံးအထိ မချစ်ဘူးလား"

"ချစ်တာပေါ့"

"အင်းလေ... ဒါဆို နယူတန် နိယာမ မှန်သားပဲဟာ။ အချိန်ပဲ ကွာချင်ကွာမယ်။ ကိုယ်က သိပ်စွဲလမ်းရင် ကိုယ့်အပေါ် စွဲလမ်းမှုတော့ ပြန်ရှိလာမှာပဲ"

လူခ၏ စကားအဆုံးတွင် ဖွေးသူ သက်ပြင်းတစ်ချက် ရှိုက်လိုက် သည်။ ပြီးတော့ တံခါးပေါက်မှတစ်ဆင့် ခြံထဲကို လှမ်းကြည့်နေသည်။

"ဖွေး ခြံထဲ ခဏဆင်းလိုက်ဦးမယ်။ ဟိုကောင်တွေကို သွားကြည့်ရဦးမယ်လေ"

ဖွေးသူက လူခကို လှမ်းပြောရင်း ဖိနပ်အနီပါးပါးလေးကို ဖိနပ်စင်ပေါ်မှ လှမ်းယူလိုက်သည်။

ပြီးတော့ ခြေထောက်ပြည့်ပြည့်လေးတွင် စီးလိုက်၏။ လူခ အမှတ်တမဲ့ ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



လူခ ကြည့်နေ၍လားမသိ သူမက တစ်ချက်ပြုံးပြသည်။ ပါးချိုင့် လေးနှစ်ဖက်ကို သတိပြုမိ၏။

"ဖွေး ဘုရားကျောင်းတွေကို သွားကြည့်မှာလဲ"

"ဈေးတွေလေ"

"ဦးခလည်း လိုက်ခဲ့မယ်"

ဖွေး ခေါ်သည့်အတိုင်း လူခ သူ့ကိုယ်သူ 'ဦးခ'ဟုပြောမိ သည်။

ဖွေးသူ၏ အခေါ်အဝေါ်လေးက သူ့နားတွင် တစ်မျိုး ဆန်းသစ်လေသည်။ ဖွေးက သူနှင့် ယှဉ်မလျှောက်။ အရှေ့မှ ခပ် သွက်သွက်လေး လျှောက်သွားသည်။

ခြံနောက်ဘက်ကိုရောက်တော့ ဖြူဖြူမြင့်မြင့်နှင့် သပ်သပ် ရပ်ရပ် ဆောက်လုပ်ထားသော ဈေးအိမ်ကြီးကို တွေ့လိုက်ရသည်။

မီးချောင်းထွန်းထားပုံနှင့် ခြင်ထောင် ထောင်ပေးထား ပုံကိုကြည့်၍ စနစ်တကျ မွေးထားမှန်း သိသာသည်။

"သူတို့ကို သိပ်ဂရုစိုက်ရတာပဲ။ ဆရာဝန်လည်း ခဏခဏ လာကြည့်တယ်။ တစ်ကောင်မှ အဆုံးအရှုံး မခံနိုင်ဘူးလေ"

ဖွေးက ရှင်းပြရင်း ခုံပုလေးတစ်လုံးကို ချပေးလေသည်။

"ထိုင်လေ ဦးခ"

"ဖွေး ထိုင်လေ"

"ဟင့်အင်း... စာထိုင်ကျက်ရတာ ညောင်းလွန်းလို့ ဖွေး ထွက်လာခဲ့တာ။ မထိုင်ချင်ပါဘူး ဦးခ ထိုင်"





လူခ ခုံပုလေးတွင် ဝင်ထိုင်လိုက်သည်။

"တော်တော်များသားပဲ။ ဟာ... ဟိုကောင်ကြီးက ထွား လှချည် လား"

"အင်း... ဖွေးနဲ့ အကျိုးပေးတယ်လို့ ဘွားလေးက ပြော တာပဲ။ တစ်ကောင်မှ မသေဘူး။ ပေါက်လာသမျှ အကုန်ရှင်တယ်"

"ဖွေး နှစ်ကောင်ကနေ ၁ မွေးတာနော်"

"အင်း..."

"ဘယ်နှကောင် ရောင်းရပြီးပြီလဲ"

"ဟင့်အင်း... တစ်ကောင်မှ မရောင်း ူသေးဘူး။ သူတို့ အတွက် ငွေကုန်တာပဲ ရှိသေးတယ်။ ဝင်တာ မရှိသေးပါဘူး"

"တော်တော် များနေပြီပဲ။ ဘာလို့ မရောင်းတာလဲ"

"ဖွေး မရောင်းရက်ဘူး။ ငယ်ငယ်လေးကတည်းက ကျွေး သာရ တာဆိုတော့ ဘယ်ရောင်းရက်ပါ့မလဲ"

"မဟုတ်သေးပါဘူး။ နောက်ဆို ဖွေး နိုင်မှာမဟုတ်ဘူး"

"ဟုတ်တယ် ဦးခ၊ ဒေါ်လေးထက်က ဈေးတွေ မရောင်းရက် လို့ ဖွေးကို ဆူချင်နေတာ။ ဖွေး သူတို့ကို သံယောဇဉ် တွယ်နေပြီ။ သူတို့ကို ရောင်းမှရမယ့် ပိုက်ဆံလည်း မလိုချင်တော့ပါဘူး။ သူတို့ ခိုသားစုတွေကိုလည်း မခွဲရက်ဘူး"

"ဘယ်ဟုတ်မလဲ ဖွေးရဲ့။ ဒီဈေးမျိုးကို လာဝယ်တဲ့လူက လည်း ကောင်းကောင်းထားမှာပါ။ ဖွေး ရောင်းသင့်တယ်။ မွေးမြူ ရေး လုပ်ရင် သံယောဇဉ်မထားရဘူး။ ဒါကလည်း အလုပ်တစ်ခုပဲ။ အလုပ်နဲ့တူအောင် လုပ်ရမယ် ဖွေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးခ၏ အာဏာသံပါပါ အမိန့်စကားကို ဖွေးသူ ငြိမ်ငြိမ်လေး နား ထောင်မိသည်။

"ကဲ… ဈေးဦးလည်းပေါက်သွားရအောင် ဖွေးလည်း သံယောဇဉ် ပြတ်နိုင်အောင် ပထမဆုံး ဦးခတစ်ကောင်ဝယ်မယ် ကွာ"

ဦးခကို ဖွေးသူ ငေးငေးလေး ကြည့်နေမိသည်။

"ရောင်းမယ် မဟုတ်လား"

မလှုပ်မယှက် ငြိမ်နေသော ဖွေးကို လူခ လှမ်းကြည့်လိုက်၏။

"ဖွေး…"

"ဘာလဲ ဦးခ"

"ရောင်းမှာလား"

"မရောင်းချင်ပါဘူး"

ဖွေးသူ့စကားကြောင့် လူခ အံ့သြသွားရသည်။

"ပထမဆုံးအနေနဲ့ ဦးခကို ဖွေးလက်ဆောင်ပေးပါရစေ ဦးခ လိုချင်တဲ့အကောင် တစ်ကောင်ရွေးယူ"

"ဟာ… မလုပ်ပါနဲ့ ဖွေးရာ။ ဦးခ မယူရက်ပါဘူး။ ဖွေးပြု ထားရတာ လွယ်တာမှ မဟုတ်တာ"

"ဟင့်အင်း… ရောင်းတော့ မရောင်းချင်ဘူး ဦးခရာ"

ဖွေးသူ၏ ဖြူဖြူဥဥ မျက်နှာလေးက ချစ်စရာ။ စကားပြော ပုံကပင် သူများနှင့်မတူ။





"ဒါဆို ဒီလိုလုပ်၊ ဦးလူခက ဝယ်ချင်တယ်။ ဖွေးက လက်ဆောင် ပေးချင်တယ်။ ဒီတော့ ခေါင်းပန်းလှန်မယ်။ နိုင်တဲ့သူ က ကြိုက်သလို ဆုံးဖြတ်"

"အင်း… အဲဒါ ကောင်းတယ်"

လူခက အိတ်ထဲမှ မတ်စေ့လေးတစ်စေ့ကို ယူလိုက်သည်။

"ဖွေး ဘာယူမလဲ"

"ဦးခ ကြိုက်တာယူလေ"

"ကဲ ဦးခက ခေါင်းကွာ"

"ဒါဆို ဖွေးက ပန်းပေါ့"

လေထုကို ထိုးဖောက်တက်သွားသော မတ်စေ့လေးကို ဖွေး ရင်ခုန် စွာကြည့်မိ၏။

ပြန်ကျအံလာမှာတော့ ဖွေး မကြည့်ရဲသလို ဖြစ်နေမိသည်။

သို့ပေမယ့် သိချင်စိတ်က မနေနိုင်ပြန်။

လူခနှင့် ဖွေး ပြိုင်တူကြည့်မိကြသည်။

"ဟင်… ခေါင်း"

ဖွေး၏ ငိုမဲ့မဲ့မျက်နှာလေးကိုကြည့်ပြီး လူခ ရယ်ချင်သွား ရသည်။

"ကဲ… ကဲ စီရင်ချက်ချမယ်။ နားထောင်"

လူခ၏ တည်ကြည်သောအသံက ပြတ်ပြတ်သားသားမို့ ဖွေး နားထောင်လို့ ကောင်းနေသည်။

"ဦးလူခသည် ခေါင်းပန်းလှန်ရာတွင် အနိုင်ရသူဖြစ်၍ စိတ်ကြိုက် စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ ထို့သို့ ဆုံးဖြတ်ခွင့်ကို



www.burmeseclassic.com

www.burmeseclassic.com



အသုံးချ၍ ဦးခ ဆုံးဖြတ် သည်ကား ဖွေးသူ၏ ဆန္ဒအရပေးသော ခွေးလေးတစ်ကောင်ကိုလည်း ယူပါမည်။ နောက်ထပ် တစ်ကောင်ကိုလည်း ပေါက်စျေးပေး၍ ဝယ်ပါမည် ခင်ဗျား"

ဖွေးသူ ဦးခစကားကြောင့် ပွင့်ပွင့်လင်းလင်း အားပါးတရ ရယ်ချလိုက်သည်။

"ကဲ... ဖွေး ကျေနပ်တယ် မဟုတ်လား"

"အင်း"

ဟန်ဆောင်မှုကင်းစွာ ရယ်နေသော ဖွေး၏ မျက်ဝန်းလေးများ၊ နှုတ်ခမ်းလေးများက အပြစ်ကင်းလွန်းစွ။

"ဦးခက သိပ်တော်တာပဲ"

ဖွေး၏ ချီးကျူးသံလေးက ချိုလွင်နေသည်။

သည်လိုနှင့် ဖွေး၏ ခွေးလေးနှစ်ကောင်ကို ဦးခ ကားပေါ် ရောက်သွားရသည်။

"အင်း... ခုမှပဲ ဒေါ်ဖွေးသူကို စျေးဦးပေါက်တော့တယ်"

မေထက်က တူမကို စသည်။

"ဖွေးက မရောင်းလို့ပါနော်"

"အခုရော ရောင်းတော့မယ် မဟုတ်လား"

"အင်း..."

ခေါင်းညိတ်ရင်း ဖွေးက အိမ်ထဲဝင်သွားသည်။

"ကဲ ကိုခ ပြန်တော့မယ်နော် မေထက်"

"ဟင်...မေထက်က ထမင်းစားဖို့ လာထွက်ခေါ်တာ"

"ဟုတ်လား၊ စားမှာပေါ့"





"ငြင်းမလားလို့"

"မငြင်းပါဘူး၊ အားနာရမယ့်လူတွေမှ မဟုတ်တာ"

လူခ၏စကားကြောင့် မေထက် သူ့မျက်နှာကို မော့အကြည့် လူခ က မျက်လုံးတစ်ဖက် မှိတ်ပြသည်မို့ မေထက် ခေါင်းငုံ့လိုက်သည်။

"သိက္ခာကို မရှိဘူး"

"ရည်းစား ခုမှ ထားဖူးတာကိုး"

"တော်ပါ။ ဟိုမှာ ဒေါ်လေးနွေ ကြားသွားဦးမယ်"

"ကြားတော့ ပိုမကောင်းဘူးလား"

"ဟင့်အင်း... မကောင်းဘူး"

မေထက်က ရယ်မောရင်း ပြောသည်။ မေထက်ကိုယ်မှ သနပ်ခါးနံ့သင်းသင်းလှိုင်လှိုင်လေးကို လူခ ရှူရှိုက်ရသည်။

မေထက်က ကော်ဖီမှုန့်ရောင် ပါတိတ်ဝမ်းဆက်လေးနှင့် လှနေသည်။ ဆံပင်ရှည်ကြီးကို ဖြန့်ချထား၍လည်း ကြည့်လို့ ဝေချင်စရာ။

"ဘာလို့ကြည့်နေတာလဲ"

"ချစ်လို့"

"တကယ် ပေါတယ်ကွာ"

"မေထက် မယုံဘူးလား"

"ဟင့်အင်း"

"ဘယ်တော့မှ ယုံမှာလဲ"

"လက်ထပ်ပြီး အဘိုးကြီးအဘွားကြီးဖြစ်မှ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ မေထက်ကလည်း"

လူခက အောင့်သက်သက်ဖြစ်သွားပုံနှင့် မျက်နှာကြီး ရှုံ့မဲ့သွားရသည်။

"တကယ်ဆိုးတဲ့ ကောင်မလေး။ အလိုမလိုက်ချင်တော့ ဘူး"

ထမင်းစားခန်းထဲရောက်လာ၍ လူခရော မေထက်ပါ စကားမဆက်တော့။

"လာ... သမီး၊ မောင်ခကော လာလေ"

"မေထက်က မဆာသေးဘူးတဲ့ ဒေါ်လေး"

လူခက မေထက်ကို မခံချင်အောင် စနေပြန်သည်။

"အလကား ဒေါ်လေး"

မေထက် မျက်စောင်းဝင့်ရင်း တစ်ဖက်သို့လှည့်နေမိသည်။

ဖွေးသူက ခေါင်းငုံ့၍ ထမင်းစားနေသည်။

"ဖွေးက ခေါင်းမဖော်ဘူး။ ကြည့်စမ်း"

"ဦးခနော်"

"အလကား ဖွေး။ အကုန်ကို လိုက်စနေတယ်။ ဒီနေ့ တော်တော် ရှင်နေတယ်"

မေထက်က ဖွေးကို လှမ်းပြောလိုက်သည်။

"ပျော်တာပေါ့။ ဒီနေ့ အပျော်ဆုံးပဲ"

မေထက် မျက်ဝန်းများက သူ့ဆီ ကျရောက်လာသည်။ လူခ တိတ်သွားရသည်။





မေထက် မလုံစွာ ခေါင်းငုံ့နေမိတော့သည်။

အဲဒီလို ဟိုဘက်မလွှတ် ဒီဘက်မလွှတ် စကားတွေ ပြောတာ မေထက် မကြိုက်ပါဘူး။

ကိုခကို စိတ်ကောက်ပစ်မှာ။

❁



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၇)

ရန်ပိုင်ထွန်း ကားကို ခြံကျယ်ကြီး၏ရှေ့တွင် ရပ်ပစ်လိုက်သည်။

ဟိုဟိုသည်သည်ကြည့်ပေမယ့် လူရိပ်လူယောင်မျှပင် မမြင်ရ။

ကားဟွန်းကို နှစ်ချက်သုံးချက် ဆင့်တီးလိုက်၏။ သို့ပေမယ့် အခြေ အနေက ထူးမလာ။

ကျယ်လောင်သော ကားဟွန်းသံကြောင့် မေထက် လက်နှိပ်စက် ရိုက်နေရာမှ ထလိုက်သည်။

အခုတလော အချိန်မရ၍ စာကို လက်နှိပ်စက်နှင့် ရိုက်နေရသည်။ လက်နှင့်ရေးလျှင် ကြာမည်စိုးသောကြောင့်ပင်။

"တောက်..."

ဓာတ်ရှိန်မြင့်နေတုန်း ရပ်ပစ်ရသည်မို့ ဒေါပွစွာ တက်ခေါက်မိသည်။ ဘယ်သူပါလိမ့်။





ဘကြီးမော်ကော ဘယ်ရောက်နေလဲ။

ဖွေးနှင့် ဒေါ်လေးနွေက မိုလ်ချုပ်ဈေး သွားနေကြသည်မို့ အိမ်မှာ မေထက် တစ်ယောက်တည်း။

ဖွေးအတွက် ခေါ်ထားပေးသော ဒေါ်လှကလည်း အိမ်ဆောပြန်နေသည်။

နောက်ထပ် ထွက်ပေါ်လာသော ကားဟွန်းသံကြောင့် ဆိုသွက်သွက် လျှောက်လာခဲ့မိသည်။

အိမ်ပေါ်မှတစ်ဆင့် ခြံထဲကို တန်းဆင်းလာခဲ့၏။

ခြံဝတွင် ကားရပ်ထားပြီး ကားပေါ်မှဆင်း၍ ကြည့်နေသူကို မေထက် တစ်ခါမှ မမြင်ဖူး။

ဘယ်သူလဲ။

ဘာကိစ္စရှိလို့လဲ။

မေထက် တွေးရင်းဖြင့် ခြံတံခါးနား ရောက်လာသည်။

ထိုလူကလည်း မေထက်ကို ထူးဆန်းစွာ ကြည့်နေသည်မို့ မေထက် စိတ်တိုမိသည်။

အိမ်မှားလာတာများလား။

ဒါမှမဟုတ် တစ်စုံတစ်ဦး၏အိမ်ကို လာစုံစမ်းတာလား။ အဲဒီလိုဆိုလည်း တခြားမှာ သွားစုံစမ်းဖို့ကောင်းသည်။

ခုတော့ မေထက်ကို အနှောင့်အယှက်ဖြစ်ရ၏။

သူ့ပုံစံကို တစ်ချက်ကြည့်ရင်း မေထက် ခြံတံခါးဖွင့်ပေးမိ၏။

လူပုံက သန့်သန့်ပြန့်ပြန့်နှင့် လူချောတစ်ယောက်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



တုတ်ခိုင်သော ခန္ဓာကိုယ်က ယောက်ျားပီသလွန်းသည်။

"ဘာကိစ္စများ ရှိလို့ပါလိမ့်"

ဝတ္တရားအရ အိမ်ရှင်က မေးရမည်ပေါ့။

မိန်းမချော၏အမေးကို မဖြေသေးဘဲ ရန်ပိုင်ထွန်း သေချာကြည့် လိုက်မိသည်။

ဖွေးသူကိုနှင့် တစ်နည်းနည်း တော်စပ်တာ သေချာပါ၏။ မျက်ဝန်းများ၊ နှုတ်ခမ်းများက တစ်ပုံစံတည်း။

သည်မိန်းမချောက ဖွေးသူ၏ မိခင်များလား။

မဖြစ်နိုင်။

သူမက အပျိုတစ်ဦးလိုပင်။

သိပ်လှတာတော့ ငြင်းမရ။

"ဟို… ဘာကိစ္စများ…"

မေထက်ကို ပြန်မဖြေဘဲ ကြည့်နေသော သူ့ကို စိတ်တိုစွာ ကြည့်မိ၏။

ဖြစ်နိုင်လျှင် ခြံတံခါး ဝုန်းခနဲမြည်အောင် ပိတ်ပစ်ကာ သူ့ရှေ့မှ ချာခနဲ လှည့်ထွက်သွားချင်သည်။

လူကို အားမနာ ပါးမနာနှင့် ကြည့်ချင်တိုင်း ကြည့်နေသည်။

"ဟို… ကျွန်တော် ဘယ်က စပြောရမှန်း မသိလို့…"

"ရှင်…"

"ဒီလိုပါ၊ ဖွေးသူကိုဆိုတာ ဒီအိမ်က ထင်ပါတယ်"





"ဟုတ်ပါတယ်ရှင်၊ ဘာဖြစ်လို့ပါလိမ့်"

ဖွေးသူကိုဆိုသော နာမည်ကြောင့် မေထက် စိတ်ဝင်စားသွားရသည်။

"ဖွေးသူနဲ့ တွေ့ချင်လို့လား"

မေးပြီးမှ မေထက် စကားပြော လောသွားမှန်း သိလိုက်ရသည်။ သို့ကြောင့် သူပြောမည်ကိုသာ နားထောင်နေမိ၏။

"ဖွေးသူကိုနဲ့ ဒေါ်လေးနွေ၊ သူတို့ ကားအက်စီးဒင့်ဖြစ်လို့ပါ ခင်ဗျာ"

"ဘာ… ဘာရယ်၊ ကား အက်စီးဒင့်…"

မေထက်တစ်ကိုယ်လုံး တုန်ယင်သွားရသလို ခေါင်းတစ်ခုလုံးလည်း ချာချာလည်သွားရသည်။

လူတစ်ကိုယ်လုံး အရှိန်ပြင်းစွာ အမြင့်မှ ပြုတ်ကျသည့်နှယ်။ ရင်ထဲတွင် တလှပ်လှပ်နှင့် ခံစားရပြီး မေထက် နားနှစ်ဖက်ပို ယောင်ယမ်းကာ ပိတ်ပစ်လိုက်မိ၏။

"အို… မေထက် မကြားပါရစေနဲ့"

မေထက် တစ်ကိုယ်လုံး မခိုင်တော့။ ခွေခနဲ ပစ်ကျသွားသည်။

"ဟာ… ဒုက္ခပါပဲ"

ရန်ပိုင်ထွန်း မိန်းကလေးကို လှမ်းပွေ့ထားလိုက်ရသည်။ ပြီးတော့မှ ဖြည်းဖြည်းထိုင်ချရင်း…

"ဟိတ်… ဟိတ်… သတိထားလေ"

www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်လို သတိထားခိုင်း ထားခိုင်း မေထက်က သတိမရှ တော့။ ရန်ပိုင်ထွန်း သူမ လက်ကောက်ဝတ်ကို စမ်းကြည့်သည်။ ပြီးတော့မှ သက်ပြင်း ချနိုင်တော့၏။

ဒီအမျိုးသမီးနှယ် ကြည့်တော့ မျက်နှာက ထက်မယ့်ပုံစံ။ အသည်းကလည်း ငယ်ပါ့။

ရန်ပိုင်ထွန်း သူမကို ပွေ့ထား၏။ ခဏကြာတော့ သူမ မျက်လုံးလေးများ လှုပ်လာ၏။

"မင်း သတိရပြီလား"

မေထက် သူ့ရင်ခွင်ထဲမှ ရုန်းထွက်လိုက်၏။

စိတ်ကိုလည်း တည်ငြိမ်အောင် ကြိုးစားရသည်။

"အသက်ကို မှန်မှန်ရှူကွ"

"ရပါပြီ၊ မေထက် သက်သာသွားပါပြီ"

ဝေနေသော ခေါင်းကို အနားပေးသည့်အနေနှင့် မေထက် မျက်လုံးမှိတ်ထားလိုက်သည်။

ကတုန်ကယင်ဖြစ်နေသောစိတ်ကို ခုထိ ထိန်းမရ။

မျက်ရည်များက မေထက်ပါးပြင်ပေါ် စီးကျလာသည်။

ကံကြမ္မာရယ်...

မေထက်ဘဝထဲက သည်အဒေါ်နဲ့ သည်တူမလေးကိုတော့ ခွဲထုတ်မသွားပါနဲ့။

ပထမတစ်ကြိမ် ကားအက်စီးဒင့်ဖြစ်တုန်းက မေထက်၏ ဖေဖေရော၊ မေမေပါ တစ်ချိန်တည်း ဆုံးသွားရသည်။





အိမ်ကထွက်သွားတုန်းက အကောင်းပကတိ။ မေထက်ကို ဝင် ရယ်မောကာ စသွားခဲ့သည်။

ခဏကြာတော့ ဖုန်းလာသည်။

ဖေဖေနှင့်မေမေ ကားအက်စီးဒင့်ဖြစ်၍ ဆုံးပြီတဲ့။

မေထက် ဘယ်လိုယုံရမလဲ။

အသည်းတွေ ကြေကြေမွမတတ် ဖြစ်ခဲ့ရတာ။

အသက်သေမလောက် ခံစားခဲ့ရတာ။ ခုမှ အနည်ထိုင် မည်ရှိသေး။

လာပြန်ပြီ ကားအက်စီးဒင့်။

ခဲမှန်ဖူးတဲ့ စာသူငယ်လို။

ငါးမျှားမိဖူးတဲ့ ငါးတစ်ကောင်လို။

ကျော့ကွင်းမိဖူးတဲ့ ယုန်သူငယ်လို မေထက် ထိတ်လန့် နေမိသည်။

မေထက် ရင်ကွဲလုမတတ် ခံစားရပါပြီ။

"ဟိတ်... ဘာလို့ ငိုနေတာလဲ။ ဒုက္ခပါပဲကွာ။ အိမ်မှာ လူကြီး မရှိဘူးလား"

ငိုနေသော မိန်းမချောကို စိတ်ပျက်လွန်းစွာ ကြည့်ရင်း ရန်ပိုင်ထွန်း မေးမိသည်။

တစ်နေ့လုံး ဆေးရုံမှာ ပင်ပန်းခဲ့၍ အနားယူချင်လှပြီ။

အစကတည်းက နှာစ်မလေး ဖုန်းဆက်မည်ကို ကြည့်နေ လိုက်လျှင် အကောင်းသား။ ခုတော့...



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းတစ်ချက်ကို ခက်ခဲစွာချဖြစ်၏။

အင်း... ဖုန်းဆက်လည်း သူအခုလို မေ့သွားရင် ဒုက္ခ။ အနားမှာ ဘယ်သူမှ ရှိမှာမဟုတ်ဘူး။

တစ်ရပ်ကွက်သားချင်းမို့ စာနာစွာတွေးပေးမိ၏။

ကျော်ကျော်ရှိရာ ရန်ကုန်ဆေးရုံကြီးကို ဝင်မိသည်က ရန်ပိုင်နှင့် အမှား။

ကျော်ကျော်နှင့် စကားပြောနေတုန်း အရေးပေါ်လူနာ ရောက်လာသည်မို့သာ သူနှင့် ကြုံကြိုက်လိုက်ရသည် မဟုတ်ပါလား။

လူကြီးမရှိဘူးလားဆိုသော စကားကြောင့် မေထက် ဒေါပွသွား ရသည်။ မေထက်က လူကြီးနေရာမှာ ရှိနေသူပဲ။

လူကြီးတစ်ယောက်လို ခံနိုင်ရည် မရှိခဲ့တာကို မေထက် ရှက်မိသည်။ ဘာပဲဖြစ်လာဖြစ်လာ ရင်ဆိုင်ရဲရမပေါ့။

မေထက်ကိုယ်တိုင်က ဆရာဝန်။

လူသေအလောင်းများကို တွေ့ဖူးကြုံဖူးပြီးသား။

အခုလောက် တုန်လှုပ်နေစရာ ဘာလိုလဲ။

မေထက် စိတ်ကိုတင်းရင်း နေရာမှ ထလိုက်သည်။

"အခုလို အိမ်တိုင်ရာရောက် လာအကြောင်းကြားတာ မေထက် ထိန်းနိုင်ပါပြီ။ (R.H. Yangon Hospital) ရန်ကုန်ဆေးရုံကြီး မှာပဲလား"

"ဟုတ်ပါတယ်၊ ခင်ဗျား လိုက်သွားမှာလား"





"အင်း..."

"သွားလို့ဖြစ်ပါ့မလား။ တစ်ယောက်တည်းသွားမှာလား"

"ရပါတယ်ရှင် အခုလို ပြောပေးလာတာပဲ ကျေးဇူးတင်လှပါပြီ"

"ရပါတယ်ဗျာ"

ရန်ပိုင်ထွန်း မိန်းကလေးကို ငေးမောမိသည်။

သူမစိတ်ဓာတ်ကိုလည်း အံ့ဩမိသည်။

"မေထက်"

"နေခြည်"

နေခြည့်ကို လှမ်းမြင်လိုက်ရ၍ မေထက် အားတက်သွား ရ၏။

"မေထက် ငိုထားတယ်ထင်တယ်။ ဘာလို့လဲ"

နေခြည်က သူ့ဘက် တစ်ချက်လှည့်ကြည့်ရင်း မေးသည်။

"နေခြည် ခုမှ ပြန်ရောက်လာတာလား"

"အင်း... မေထက် ဘာဖြစ်နေတာလဲ"

"နေခြည်ရယ်... ဒေါ်လေးနွေတို့ ကားအက်စီးဒင့်ဖြစ်လို့ တဲ့ကွာ"

"ဘာ..."

နေခြည်က လန့်အော်လိုက်သည်။ ပြီးမှ...

"စိတ်ထိန်းပါ မေထက်ရယ်။ ကံကြမ္မာက နှစ်ခါတော့ ရက်စက် တန်ကောင်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မေထက်က ခွေတက်လာသော မျက်ရည်များကို မျက်တောင် ပုတ်ခတ်ရင်း သိမ်းသည်။

"သိပ် စိုးရိမ်ရသလား"

"သူ့ကိုမေးကြည့်ပါ။ မေထက် မမေးရသေးဘူး"

မေထက်က ရှေ့မှလူကို မေးငေါ့ပြရင်း ဖြေလိုက်ရသည်။

"သိပ်မစိုးရိမ်ရဘူးဗျာ။ ဖွေးသူဆိုတာက ဘာမှမဖြစ်ပါဘူး။ ဒေါ်လေး နွေကတော့ ခေါင်းမှာ ချုပ်ရတယ်။ ကျွန်တော် လာတဲ့ အထိတော့ သတိ မရသေးဘူး"

"ဖြစ်မှဖြစ်ရလေ၊ ကဲ...မေထက် နင်နေခဲ့။ ငါ သွားလိုက်မယ်"

"ငါလည်း လိုက်ခဲ့မှာပေါ့"

"ခဏ အနားယူပါဦး။ နင် ညက ဂျူတီကြောင့် အိပ်ရေးပျက်ထားတယ် မဟုတ်လား။ ငါ ဟိုရောက်ရင် အခြေအနေ ဖုန်းဆက်လိုက်မယ်လေ"

"ငါ ဆရာဝန်ပါ နေခြည်။ လူနာလိုပဲ သဘောထားပြီး ကြည့်နိုင်ပါတယ်"

နေခြည်က မေထက်စိတ်ကိုသိ၍ ထပ်မပြောတော့။

"မေထက် သဘောပဲ"

"ခဏနေဦး နေခြည်။ မေထက် လုပ်စရာရှိတာ လုပ်လိုက်ဦးမယ်။ ဪ... နေခြည်လည်း အိမ်တောင် မပြန်ရသေးဘူးနော်"

"ရပါတယ်။ ငါ မပင်ပန်းပါဘူး။ မြန်မြန်လုပ်လေ"

"အင်း"





မေထက်က အိမ်ထဲဝင်သွားသည်။

"ဒီက အိမ်ထဲဝင်ပါလား"

"ရပါတယ်ဗျာ။ ကျွန်တော်လည်း ပင်ပန်းလာလို့ ပြန်ပါဦးမယ်"

"နေပါဦး၊ လိပ်စာလေးတော့ ပေးခဲ့ပါဦး"

ရန်ပိုင်ထွန်း ပြုံးရင်းမှ လိပ်စာကတ်လေးကို ထုတ်ပေးလိုက်သည်။

"ခင်ဗျားတို့ သွားလို့ဖြစ်ပါတယ်နော်။ ကူညီရဦးမလား။ ...ထူးပါဘူးဗျာ။ ကျွန်တော် ပြန်လိုက်ပို့ပါ့မယ်"

"ရပါတယ်ရှင်။ ဒေါက်တာ ပြန်ပြီးအနားယူပါတော့"

"သွားမယ် ခင်ဗျ"

"ကောင်းပါပြီရှင်"

ရန်ပိုင်ထွန်း ကားပေါ်ကိုတက်ရင်း ပြန်ထွက်လာခဲ့သည်။ ...တ်ထဲမှာတော့ မျက်လုံးလေးမှိတ်ရင်း ငိုနေသော မိန်းကလေးကို ...င်ယောင်နေမိ၏။

ဖက်ဖူးရောင် ဝမ်းဆက်လေးက သူမ၏ ဖြူဝင်းသော ...သားနှင့် လိုက်ဖက်လွန်းစွ။

ဆံပင်ရှည်ရှည်များက နက်မှောင်၍ ပိတုန်းရောက် ...တက်ပနေသည်။ ပြီးတော့ ဆရာဝန်မဆိုပဲ။

ရန်ပိုင်ထွန်းက သည်ရပ်ကွက်ထဲ ပြောင်းလာတာ တစ်...င် မပြည့်သေး။ အိမ်သစ်တက် မင်္ဂလာပင် မလုပ်ရသေး။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သည်ရပ်ကွက်ကလူတွေ သူ့ကို မသိကြ။ [illegible] လည်း မသိ။ ဆေးရုံမှ အိမ်၊ အိမ်မှ ဆေးခန်း၊ ချာချာလည်နေသူ မဟုတ်လား။

နေခြည်ကတော့ ထွက်သွားသော ကားလေးကိုကြည့်နေ[illegible] သည်။

"နေခြည်"

"ပြောလေ မေထက်"

"သွားမယ်လေ"

"ရော့... ဒီမှာကြည့်ပါဦး"

နေခြည်လှမ်းပေးသော လိပ်စာကတ်လေးကို မေထ[illegible] ယူကြည့်လိုက်သည်။

Dr. Yan Phai Tun
M.B.,B.S. (Rgn) D.O. (London)
E.N.T (Rgn)

တစ်ဖက်မှာက မြန်မာလို။

ဒေါက်တာရန်ပိုင်ထွန်း
M.B.,B.S (Rgn) D.O (London)
မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကု
ဆေးရုံကြီး၊ ရန်ကုန်။

ဩော်... သူလည်း ဆရာဝန်ပါလား။

မေထက် စိတ်ထဲမှ ရေရွတ်မိသည်။

"မေထက်"





"ဟင်"

"နိုင်ငံခြားပြန်ကြီးနော်"

နေခြည်က မေထက် စိတ်ပြေစေရန် နောက်နေပေမယ့် မေထက် မပျော်။

"ဒေါ်လေးနွေဆီ မြန်မြန်ရောက်ချင်ပြီကွာ"

"ရောက်မှာပေါ့။ နေခြည် မြန်မြန်မောင်းနေပါတယ်"

"မေထက်... လောတိုင်း စွတ်မောင်းမနေနဲ့ဦး။ ဖြည်းဖြည်းပဲ မောင်း"

မေထက်စကားကြောင့် နေခြည်က ရယ်နေသည်။

ဒေါ်လေးနွေ သက်သာပါစေ။

အကြိမ်ကြိမ်အခါခါ ဆုတောင်းနေမိသည်။

မေထက်ဘဝမှာ အားထားမှီတွယ်ရာက ဒေါ်လေးနွေ တစ်ဦး တည်း မဟုတ်လား။

ကိုခရယ်...

လူခကိုလည်း တမ်းတမိသည်။ အခုအချိန် သူ့အနားမှာ ရှိနေလျှင် မေထက် အားတက်ရမည် မဟုတ်လား။

ဘာပဲပြောပြောလေ သူက မေထက် ချစ်သူ။

❷



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"အိမ်ရှင်တို့ မရှိဘူးလား"

"ဟာ... လာလေ ဆရာ၊ လာပါ... အိမ်ထဲကို"

ဖွေးသူ လိုက်လိုက်လှဲလှဲ ဖိတ်ခေါ်မိသည်။

ဖွေးသူတို့ ကားအက်စီးဒင့်ဖြစ်စဉ်က ကူညီပေးခဲ့သူမဟု
လား။

"ဒီမှာ ရှော့၊ အိမ်သစ်တက်ဖိတ်စာ လာပေးတာ။ ဟိုဘ
အိမ်ကိုရော ပေးလိုက်နော် ချာတိတ်"

"အင်းပါ၊ ထိုင်လေ ဆရာ။ ဖွေး ဒေါ်လေးထက်
သွားခေါ်လိုက်ဦးမယ်"

ဖွေးသူက အိမ်ထဲပြေးဝင်သွား၍ ရန်ပိုင်ထွန်း ဧည့်ခန်း
ကြည့်မိသည်။ သပ်ရပ်သန့်ရှင်းကာ စိတ်ကြည်လင်စဖွယ်ဖြစ်သ
ကို တွေ့ရ၏။

"သား... ရှော့၊ သောက်ပါဦးကွယ်"





"ဟာ... အန်တီ နေကောင်းတယ်နော်"

"အေးကွယ် ကောင်းပါတယ်"

"ရပါတယ် အန်တီရာ။ ကျွန်တော့်အတွက် အပင်ပန်းခံလို့ဗျာ"

"ပင်ပန်းတဲ့အလုပ် မဟုတ်ပါဘူးကွယ်။ သားက ဒီထက်တောင် ပင်ပန်းခဲ့သေးတာ"

"ကျွန်တော်တို့က ဆရာဝန်ပါ အန်တီ။ ဒီလောက်တော့ ဘယ်သူ့ကိုမဆို ကူညီနိုင်ပါတယ် ခင်ဗျာ"

"အေးပေါ့ကွယ်၊ သားတို့အလုပ်က ကုသိုလ်လည်းရ ဝမ်းလည်း ဝပေါ့"

ဒေါ်လေးနွေက ရန်ပိုင်ထွန်းကို ချီးကျူးနေမိသည်။

"သားက ဒီရပ်ကွက်ထဲမှာတင် နေတာဆို"

"ဟုတ်ပါတယ် အန်တီ"

"အခုမှ ဖွေးသူပြောလို့ သိတာကွယ့်။ သမီး မေထက်ကတော့ အိပ်နေလေရဲ့။ သူက ခု နိုက်ဂျူတီလေ။ သမီးလည်း ပင်ပန်းပါတယ်ကွယ်။ အလုပ်က တစ်ဖက်၊ စာရေးရတာတစ်ဖက်နဲ့"

"ဟုတ်ကဲ့"

မေထက်ကိုလည်း ဆရာဝန်မလည်း ဆရာဝန်မ၊ စာရေးဆရာမ လည်း စာရေးဆရာမဆိုတာ ရန်ပိုင်ထွန်း သိပြီးပါပြီ။

"အခုတလော နေမကောင်းတာနဲ့ တစ်ခါ ဒေါ်လေးက ဆေးရုံတက်ရတာနဲ့ စိတ်ပန်းလူပန်းကို ဖြစ်နေရှာတယ်"

www.burmeseclassic.com



"အင်းပေါ့လေ။ သူက ကြိုးစားတာကိုး"

"ဘွားလေး"

"ဟင်..."

"ဖွေးသူ ကျောင်းသွားတော့မယ်"

"အေးကွယ်၊ အေး... အေး"

ဖွေးသူက သွက်လက်စွာ ထွက်သွား၏။

"ဖွေး သွားမယ်နော် ဆရာ"ဟုလည်း အော်ပြောသွားသည်။

"ဒီနှစ် ဆယ်တန်းဖြေမှာလား"

"ဟုတ်တယ်ကွယ့်"

ဒေါ်လေးနွေက ကော်ဖီခွက်ကို ရှေ့တိုးပေးရင်းမှ...

"သောက်လိုက်ကွယ်။ အေးကုန်မယ်"

"ဟုတ်ကဲ့ ခင်ဗျ"

"အင်း... မေထက် လန့်မယ်ဆိုလည်း လန့်စရာပဲ။ မေထက်က ကားအက်စီးဒင့်ဆိုတဲ့ အသံကိုကြားတောင် မကြားချင်ဘူးကွယ့်"

"ဟုတ်ကဲ့"

"သူ့အဖေနဲ့အမေ တစ်ချိန်တည်း ဆုံးခဲ့ရတာကိုး"

"ကား အက်စီးဒင့် ဖြစ်ပြီးတော့လား"

"အေးကွယ့်"

"အား... ကျွတ်... ကျွတ် ကြောက်စရာပါလား"

ရန်ပိုင်ထွန်း မေ့လဲသွားသော ဖြူရော်ရော်မျက်နှာလေးကို





နဲ့ မြင်ယောင်မိသည်။ အဲသည်တုန်းကတော့ သူ မေထက်ကို ထင်သေးခဲ့မိ ပါ၏။

ခုတော့ မေထက် ဘယ်လိုခံစားရမည်ဆိုတာ သူကိုယ်ချင်း မိသည်။

ဘယ်လောက်များ တုန်လှုပ်သွားလေမလဲဟု ညာတာစွာ တွေး မေးမိ၏။

"အင်းလေ... ကုသိုလ်ကံဆိုတာ မပြောနိုင်ဘူးပေါ့"

"အန်တီတို့လည်း ဒီလိုပဲ မေထက်ကို အားပေးခဲ့ရတာပါပဲ။ ရှင်လတ်လတ်ဆိုတော့ မေထက်ခမျာ ရူးမတတ်ပါပဲ"

"ဒီလိုအဖြစ်ကတော့ ဘယ်သူမဆို ခံနိုင်ရည်မရှိနိုင်ပါ ူးလေ။ ယာဉ်အန္တရာယ်ဆိုတာ တကယ်ကြောက်ဖို့ ကောင်းပါ ယ်"

"အင်းပေါ့"

"တစ်ခုတော့ ရှိတယ်ပေါ့။ ယာဉ်က တစ်ခုခု ချွတ်ယွင်း တာဆိုရင် တော့ မတတ်နိုင်ဘူးပေါ့လေ။ ဒါပေမယ့် ဒီလို အန္တရာယ် ား နည်းပါတယ်။ လူတွေ ပေါ့ဆမှုကြောင့်သာ အဖြစ်များတာပါ"

ဒေါ်လေးနွေက ခေါင်းညိတ်၏။

"ကျွန်တော့်သူငယ်ချင်းက အရေးပေါ်မှာ တာဝန်ကျနေ ာ ခင်ဗျ။ ကျွန်တော် ဗဟုသုတရအောင် အားတိုင်းသွားလေ့လာပါ ယ်။ ယာဉ်အန္တရာယ်ကြောင့် ရောက်လာတာလည်း မနည်းပါဘူး။ ူက ယာဉ်ကို တိုက်မိတာနဲ့၊ ယာဉ်ယာဉ်ချင်း တိုက်မိတာနဲ့ တ်ပျက်စရာပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com

ရန်ပိုင်ထွန်းက ကော်ဖီမော့သောက်ပြီး ဆက်ပြောသည်။

"တစ်ခါတစ်ခါများ မမြင်ရက်စရာပါပဲ။ အဓိကကတော့ ယာဉ်တွေကလည်း ယာဉ်စည်းကမ်းကို လိုက်နာပြီး လူတွေကလည်း လူစည်းကမ်း ကို လိုက်နာသင့်တယ်။ အသက်တစ်ချောင်းဖြစ်လာဖို့ ဘယ်လောက် ဒုက္ခ ရောက်ရသလဲဆိုတာ ကျွန်တော်တို့ ဆရာဝန်တွေ အသိဆုံးပါ။ ဒါကြောင့် အသက်တစ်ချောင်းကို လွယ်လွယ် မဆုံးရှုံးစေချင်ဘူး"

"ဒါပေါ့ကွယ်"

"ကျွန်တော်တို့ အသက်တစ်ခုကို သေမင်းကြားက ဘယ်လောက် လုနေရလဲ။ ဘယ်လောက် ပင်ပန်းလဲ။ တစ်ဖက်မှာကျတော့ အသက်တွေက ဖက်ရွက်လိုပဲ တဖြုတ်ဖြုတ် ကြွေနေတာ တွေ့ရတော့ စိတ်မကောင်းဘူး"

"အေးပေါ့ကွယ်၊ စည်းကမ်းဆိုတာ နေရာတိုင်းမှာ အရေးကြီးပါ တယ်။ အသေးအဖွဲကိစ္စကနေ အကြီးကြီးအထိ စည်းကမ်းဟာ အဓိကကျပါတယ်။ စည်းစနစ်မရှိရင် ဘယ်အရာမှ မအောင်မြင်နိုင်ပါဘူးကွယ်"

"အန်တီတို့ ကျွန်တော်တို့လို လူတွေအားလုံး သတိပြုမိကြရင် ကောင်းမယ်ဗျာ"

စကားဝိုင်းက ခဏတာ တိတ်ဆိတ်သွားသည်။

မေထက် ဧည့်ခန်းထဲမှ စကားသံများကြောင့် နားစွင့်မိသည်။





အိပ်ရာက နိုး၍ ရေချိုးဖို့ ဆင်းအလာ ဧည့်ခန်းထဲမှ ဒေါ်လေးနွေနှင့် လူတစ်ဦး စကားပြောသံကို ကြားလိုက်ရသည်မို့ ငြိမ်နေလိုက်မိ၏။

ဒီလူ့အသံ ကြားဖူးပါတယ်။ ဘယ်သူပါလိမ့်။

"ကျွန်တော် ပြန်ပါဦးမယ် အန်တီ။ ဆက်ဆက်လာခဲ့ကြပါနော်။ တစ်အိမ်လုံးလာပါဗျာ"

"အေးပါ သားရယ်၊ လာမယ် စိတ်ချ"

ဧည့်သည်ပြန်သွားပြီထင့်။ ဒေါ်လေးနွေက ကော်ဖီဗန်းကို ကိုင်ရင်း အိမ်ခန်းထဲ ဝင်လာသည်။

"ဟော... သမီးထက် နိုးပြီလား"

"ဟုတ်ကဲ့... ဒေါ်လေးနွေ၊ နိုးပါပြီ"

"ရန်ပိုင်တောင် ခုပဲပြန်သွားတယ်။ သူတို့က ဒီရပ်ကွက်ထဲမှ ပြောင်းလာတာကွယ့်"

"ဟုတ်လား"

"အင်း... အဲဒါ အိမ်သစ်တက်မင်္ဂလာ လာဖိတ်တာလေ"

"သြော်..."

"ကောင်လေးက ရည်ရည်မွန်မွန်လေးပါပဲ"

မေထက် ဘာမှ ပြန်မပြောမိ။

"သမီး ရေချိုးတော့မလား"

"ဟုတ်ကဲ့ ဒေါ်လေးနွေ"

"ဒေါ်လေး ထမင်းရှုးထားလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com

"အင်း... နားနားနေနေလုပ်ပါ ဒေါ်လေးရဲ့။ ဒေါ်လေး သိပ်ပင်ပန်းနေပုံပါမယ်"

"ဒေါ်လေးနွေ့ နေကောင်းပါပြီ သမီးရယ်"

ဒေါ်လေးနွေ့က စေတနာပိုနေသော တူမချော၏ ပါးပြင်လေးကို ဖွဖွလိမ်ဆွဲရင်း ပြောလိုက်၏။

"ဒေါ်လေးနွေ့ ဆေးရုံရောက်နေတယ်လည်းကြားရော မေထက် ဘယ်လိုဖြစ်သွားမှန်းကို မသိပါဘူး။ မေ့သွားတော့တာပဲ"

"ဟုတ်လား"

"အခုမှ မေထက် အဲဒီဆရာဝန်ကို ရှက်နေမိတယ်"

"ဒါကတော့ သမီးက လန့်နေတာကိုး။ တစ်ခါကြုံဖူးတယ် မဟုတ်လား"

"အင်းလေ..."

မေထက်က ဒေါ်လေးနွေ့စကားကို ခေါင်းညိတ်ရင်း ရေချိုးခန်းထဲ ဝင်သွားသည်။

ရေချိုးလိုက်မှ တစ်ကိုယ်လုံး လန်းဆန်းကြည်လင်သွားရ၏။

"မေထက်ရေ"

နေခြည်က အသံနှင့်အတူ ရောက်လာသည်။

"လာပြော့... ငါ ရေချိုးခန်းထဲမှာ"

မေထက် ရေချိုးခန်းထဲမှ အသံပြုလိုက်တော့မှ နေခြည် ငြိမ်သွားသည်။





"ဟာ... နေခြည် ဒီနေ့ သိပ်လှနေပါလား။ ဘယ်သွားလို့လဲ"

ပြင်ဆင်ထားသော နေခြည့်ကိုကြည့်ရင်း မေထက် မေးမိသည်။

မေထက်နှင့် နေခြည် မဆုံဖြစ်တာကြာပါပြီ။ တာဝန်ကိုယ်စီ နိုင်မို့ တွေ့ဆုံနိုင်ဖို့ ခဲယဉ်းလာရ၏။

"နေခြည် မင်္ဂလာဆောင်က ပြန်လာတာ။ မေထက်ကို ခေါ်မလို့ပဲ။ မေထက် အိပ်နေတာ လာမရှုပ်ချင်လို့"

"အခုလို သိတာတော့ လို့ တော်သေးတာပေါ့"

မေထက်က နေခြည့်ကို ရယ်မောရင်း စသည်။

"ကဲ... လာလေ၊ မေထက် အခန်းကို သွားရအောင်"

"အင်း... မေထက်၊ ဒီနေ့ နေခြည်တို့အိမ်မှာ နှင့်အကြိုက် န်းကြီး သုပ်တယ်"

"ဟာ... ဟုတ်လား။ အတော်ပဲ ထမင်း မစားရသေး တာနဲ့"

"နေခြည်လည်း မစားရသေးဘူး။ နှင့်ကို လာခေါ်တာ။ မြန်မြန် လုပ်လေ၊ ပေး ငါ သနပ်ခါးသွေးပေးမယ်"

နေခြည်က မြန်မြန်ပြီးစေချင်၍ သနပ်ခါးသွေးပေးသည်။

သနပ်ခါးကို ကမန်းကတန်းလိမ်းပြီး အဝတ်အစားလဲ လိုက်သည်။

"သြော်... ရော့...နေခြည်၊ တော်ကြာ မပေးဖြစ်ဘဲ မေ့သွားဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖွေးက မေထက် စားပွဲပေါ်တွင် လာတင်ထားခဲ့သော ဖိတ်စာလေးနှစ်စောင်မှ တစ်စောင်ကို နေခြည့်အား လှမ်းပေး လိုက်သည်။

နေခြည်က ယူ၍ သေချာဖတ်၏။

"အင်း… တို့ရပ်ကွက်တော့ လူတိုးပြန်ပြီ"

"ကဲ… သွားမယ်လေ"

"အင်းပါ၊ ဒါမျိုးဆို တကယ်မြန်တယ်"

နေခြည့်စကားကြောင့် မေထက် ရှက်ရယ် ရယ်သည်။

"ဒါနဲ့ မေထက်ကို ပြောရဦးမယ်"

"ဘာများလဲ"

"ကိုခရဲ့ တူမလေးတစ်ယောက် နေခြည့်မူကြိုမှာ ရှိတယ်"

"အင်း…"

"သူ့အမေက တော်တော်ခက်ထန်တယ်ကွ။ ကိုခ အစ်မ ပေါ့"

မေထက် စဉ်းစဉ်းစားစား နားထောင်မိသည်။

ကိုခတို့ မိသားစုနှင့် ပတ်သက်ဆို မေထက်နှင့် ဘယ်လိုမှ မဆိုင်။ ခုတော့ မေထက်က ကိုခ ချစ်သူ။

သိသင့်တာကို သိအောင် ကြိုးစားထားရမည်။

"မေထက်…နေခြည်တော့ ထင်တယ်။ ကိုခတို့ဘက်က တော်တော် ကြီးကျယ်မယ့်ပုံပဲကွ။ နေခြည်က ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်တယ်။ ပြီးတော့ မေထက်က နေခြည့်သူငယ်ချင်း မဟုတ်လား"





"မေထက် နားလည်ပါတယ် နေခြည်။ နင့်စေတနာကို လည်း သဘောပေါက်ပြီးသားပါ။ နင် ဘာဖြစ်လို့ ဒီလိုစကားပြော တာလဲ။ ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောပြပါ"

"နင် ကိုခကို အဖြေပေးတာ စောသွားတယ်လို့ ငါထင် တယ်"

"ဘာ…"

"အင်းလေ… ဒါကတော့ ကိုခအပေါ်မှာလည်း မူတည်နေ ပါ တယ်။ သူ မေထက်ကို ချစ်ရှာပါတယ်။ ဒါပေမယ့် သူ့ အသိုက် အဝန်းက…"

"ဒီမှာ နေခြည်"

"ပြောလေ"

"တကယ်လို့များ သူ့အသိုက်အဝန်းက သဘောမတူဘူး ဆိုရင် မေထက် သူ့ကို ဒီတစ်သက် လှည့်မကြည့်တော့ဘူး"

"အိုး… အဲဒီလောက်ကြီး စိတ်မဓာနဲ့ဟာ။ ဒါက ခေါင်း အေးအေးထားပြီး စဉ်းစားရမယ့်အပိုင်းပဲ"

နေခြည်က မေထက်ကို နှစ်သိမ့်လိုက်၏။

နေခြည်က မေထက်ကို ကိုယ်တိုင်သုပ်ပေးသည်။

"ဟဲ့… စားလို့ကောင်းရဲ့လား"

"အင်း… ကောင်းသားပဲ"

"မေထက်ကို နေခြည် တစ်ခုပြောမလို့၊ အကြံဉာဏ်လည်း တောင်းရင်းပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း... ပြောပါဦး"

နေခြည်က နန်းကြီးသုပ်စားရင်းမှ စကားစသည်။

"ဒီလိုလေ၊ နေခြည် သီချင်းဆိုမလားလို့"

"ဟင်..."

မေထက် နေခြည့်ကို မော့ကြည့်လိုက်၏။

"နေခြည် ဟိုးကတည်းက ဝါသနာပါတာ မေထက်လည်း သိသား ပဲ"

"အင်း... ကြားလိုက်ရတာ မေထက် အံ့ဩသွားတယ်"

"အဲဒါ ဖြစ်နိုင်ပါ့မလား မေထက်"

"မဖြစ်နိုင်ဘူးဆိုတာတော့ မရှိပါဘူး။ ဒါပေမယ့် အနုပညာ သည် တစ်ယောက်ဖြစ်ချင်ရင် ဇွဲက ပထမဆုံး လိုအပ်တဲ့အရာပဲ။ ဒုတိယကတော့ ငွေပေါ့ကွာ"

နေခြည်က ခေါင်းညိတ်သည်။

"အနုပညာမှာ အဆင့်သုံးဆင့်ပဲ ရှိတယ်လို့ မေထက် ထင်တယ်။ တစ်ခုက ကိုယ်တိုင်ကြိုးစားမှုအပိုင်း၊ နောက်တစ်ခုက ပရိသတ်တွေကို တင်ပြတဲ့အပိုင်းနဲ့ ပရိသတ်ရဲ့ အဆုံးအဖြတ် အောက်မှာ ဖြစ်ပေါ်လာတဲ့ အောင်မြင်မှု အနည်းအများ အပိုင်း တွေရယ်ပဲ"

"နေခြည် သိပ်မရှင်းဘူး"

"ရှင်းအောင် ပြောမယ်လေ။ အခု နေခြည် အဆိုတော် ဖြစ်ချင်တယ်။ ပထမဆုံး နေခြည်လုပ်ရမှာက စီးရီးသွင်းနိုင်ဖို့ ဒါက





နေခြည် ကြိုးစားရမယ့်အပိုင်း"

"အင်း..."

"ဒုတိယအချက်က အဲဒီစီးရီးကို ပြည်လုံးကျွတ် ဖြန့်ချိဖို့ပဲ"

"အင်း..."

"နောက်ဆုံးတစ်ချက်က နေခြည်နဲ့ မဆိုင်တဲ့အပိုင်း၊ ပရိသတ်တွေ ဆုံးဖြတ်ပေးလိမ့်မယ်။ သူတို့ရဲ့ အဆုံးအဖြတ်ပေါ်မှာ ကိုယ့်အောင်မြင်မှု တည်နေတယ်"

"ဟုတ်သား"

"အဲဒီမှာ ပထမနှစ်ပိုင်းကို နေခြည် အစွမ်းကုန် ကြိုးစား ရမယ်။ ဉာဏ်စွမ်းရှိသရွေ့၊ ငွေစွမ်းရှိသရွေ့ပေါ့ကွာ"

"မေထက်က တော်တော် ဗဟုသုတ ကြွယ်တာပဲ"

"နေခြည်ကလည်း အချင်းချင်း မြှောက်နေပြန်ပြီ"

"နေခြည် တကယ်ပြောတာပါ"

"ထားပါတော့ နောက်ဆုံးတစ်ပိုင်းကတော့ အနုပညာ သည်တွေ ဘာမှ မတတ်နိုင်တဲ့အပိုင်းပဲ။ နေခြည် ငွေ ဘယ် လောက်ရှိရှိ မရနိုင်ဘူး။ အောင်မြင်ကျော်ကြားမှုဆိုတာက ပါရမီ၊ ဒီလုပ်ငန်းအပေါ်မှာ အကျိုးပေးမှုနဲ့ အများဆုံး ဆိုင်နေပြန်ကော"

"ဒါဆို နေခြည် ကြိုးစားကြည့်မယ်"

"အဲဒါ အကောင်းဆုံးပဲ။ အောင်မြင်ဖို့ မအောင်မြင်ဖို့က ပရိသတ်တွေအလုပ်။ ကိုယ့်ဘက်က ပထမအဆင့် နှစ်ဆင့်ကို အစွမ်းကုန် ကြိုးစားကြည့်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"မေထက်တို့ စာရေးတာလည်း ဒီလိုပဲနော်"

"အင်းပေါ့။ မေထက်က ဝတ္ထုကို အကောင်းဆုံးဖြစ်အောင် ကြိုးစားရေးပေးသလို ထုတ်ဝေသူကလည်း အဆင်ပြေပြေ ထွက် လာဖို့၊ မျက်နှာဖုံးလှဖို့ စာအုပ်ချုပ်ကောင်းဖို့ သေသေချာချာ စီမံပေးတယ်။ တတိယ ပိုင်းကတော့ မေထက်တို့ မတတ်နိုင်ပါဘူး။ အကောင်းဖြစ်လာပါစေလို့သာ မျှော်လင့်ရတာပဲ"

"မေထက်ပြောတာနဲ့ နေခြည် အားရှိသွားပြီ။ စီးရီးသွင်းမှု စလုံး ပန်းမှုပဲ"

"မေထက်တော့ အားပေးတယ်။ တိုက်တွန်းတယ်။ လိုအပ် အကူအညီလည်း ပြော"

"အင်း... ဒါဆိုလည်း တစ်ခါတည်း အကူအညီတောင်းရ တာ ပေါ့။ နေခြည့်ပထမဆုံးစီးရီးမှာ သီချင်းနှစ်ပုဒ်တော့ အနည်းဆုံး ရေးပေးရမယ်"

"ရေးတာက လွယ်ပါတယ်၊ သံစဉ်ရှာတာကကော"

"နေခြည် ရှာမှာပေါ့"

"အင်း... ဒါဆို ဖြစ်ပါတယ်"

"သိပ်အများကြီးတော့ နေခြည်တို့ နိုင်မှာမဟုတ်ဘူး နှစ်ပုဒ်လောက်ပဲ"

"အင်း... ဟုတ်တယ်"

"နေခြည်နဲ့ မေထက်တို့ အမှတ်တရပေါ့"

"နေခြည်"





"ဟင်..."

"ဖြစ်အောင်တော့လုပ်နော်။ အောင်မြင်တာ မအောင်မြင် တာက တစ်မျိုးပေါ့။ ကိုယ့်အပိုင်းကို ကိုယ်နိုင်ပလေ့စေ"

"အင်းပါ၊ နေခြည်စိမ့်တဲ့။ ဘာမှတ်သလဲ။ အကောင်း ဆုံးဖြစ်အောင် လုပ်ပြမယ်။ မေထက် စောင့်ကြည့်"

မေထက် နေခြည့်ကို လက်ဆွဲနှုတ်ဆက်လိုက်သည်။

"နေခြည် အနုပညာနယ်မှာ အောင်မြင်ပါစေလို့"

"သိုင်းကျူးပါပဲ မေထက်ရယ်"

"ဟိတ်... ဘာတွေများ ပြောနေကြတာလဲ။ ဘယ့်နှယ် အခုမှ တွေ့ဖူးတဲ့လူတွေကျနေတာပဲ။ လက်ဆွဲ နှုတ်ဆက်နေရတယ် လို့"

လူခက ဝင်လာရင်း ပြောသည်။

"လာလေ ကိုခ၊ ထိုင်... ဒီမှာ။ နေခြည်တို့ စားကြောဖွင့် နေတာလေ"

နေခြည်က ကိုခဖို့ အသုပ်တစ်ပွဲ ပြင်ပေးသည်။

လူခက မေထက် မျက်နှာလေးကိုကြည့်နေမိ၏။

မေထက် သူ့ကို မော့မကြည့်မိ။

နေခြည့်စကားများကိုလည်း ကြားယောင်နေမိသည်။

"မေထက်"

"ရှင်..."

သူ့ကို မော့မကြည့်ဘဲ မေထက် ထူးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"မေထက် နေကောင်းရဲ့လား"

"ကောင်းပါတယ်"

သူ့ကို တစ်ချက်မှ မကြည့်ဘဲပြောနေသော မေထက်ကြောင့် လူခ ဘာလုပ်ရမှန်းပင် မသိတော့။

စားနေသော နန်းကြီးသုပ်ပင် အရသာမဲ့သွားသလို ချေသည်။

နေခြည်က ကိုခ စကားများကို မကြားဟန်ပြုကာ နေသေးသည်မို့ တော်သေး၏။

"နေခြည် မေထက် ပြန်တော့မယ်"

"အေး… ငါ နောက်မှ လာခဲ့ဦးမယ်"

မေထက်က နှုတ်ဆက်တော့ လူခလည်း မတ်တတ်ရပ်လိုက်သည်။ ပြီးတော့ နှစ်ဦးသား နေခြည်တို့ခြံထဲမှ ထွက်လာခဲ့၏။

"မေထက်…"

"ကိုခ ဘယ်တုန်းက ရောက်တာလဲ"

"ခုပဲ။ မေထက် နေခြည်တို့အိမ် သွားတယ်ဆိုလို့ လိုက်လာတာ"

လူခ စိတ်မောစွာ ငိုင်နေမိသည်။

သည်ကောင်က တာဝန်တွေ ပြီးပြီးချင်း ပြေးလာလိုက်ရတာ။

ကိုခ ရင်တွေ ကွဲကုန်အောင်လား မေထက်ရယ်။

မှုနက်ပိုင်း သမဆေးခန်းမှအပြန် လူခ မေထက်





ဝင်လာခြင်းပါ။

မမြင်ရတာကြာပြီမို့ မျက်နှာ ဖွေးဖွေးလေးကိုကြည့်ရင်းမှ ထို မျက်နှာလေးပေါ် ဖြာကျနေသော အလိုမကျရိပ်လေးများကို သတိပြုမိသည်။

"မေထက်၊ မေထက် ဘာဖြစ်နေတာလဲ ဟင်"

လူခအသံက သည်နေ့မှ ပိုချိုနေသလိုပါ။

မေထက် သူ့ကို စိတ်ဆိုးသင့်သလား။

တကယ်ဆို ကိုခမှာ ဘာအပြစ်မှ မရှိရှာ။

"ကိုခ ဂျူတီပြီးပြီးချင်း တန်းလာခဲ့တာ။ မေထက် ကိုခကို စိတ်ကောက်နေတာလား"

"မဟုတ်ပါဘူး"

"မေထက် မျက်နှာ တည်နေသလိုပဲ"

"ခါတိုင်းလည်း ဒီလိုပါပဲ"

မေထက် ပြန်ဖြေရင်း ကိုခ မျက်နှာကို မော့ကြည့်မိသည်။

နွမ်းလျလျ မျက်နှာက ပင်ပန်းမှု၏ သက်သေ။

"ကိုခ"

"ဟင်…"

"ကိုခ သိပ်ပင်ပန်းလို့လား ဟင်"

မေထက် သူ့ကို စိတ်မဆိုးရက်။

မေထက် ကိုခကို ဘယ်လိုလုပ် စိတ်ကောက်နိုင်တော့မလဲ။

ကိုခ၏ ဂရုစိုက်လွန်းသောဟန်က မေထက် ဒေါသတို့ကို လွင့်ပြယ်



www.burmeseclassic.com

www.burmeseclassic.com



စေသလိုပါ။

“ကိုခ သိပ်မပင်ပန်းပါဘူး။ ဒါပေမယ့် မေထက်က စိတ်ကောက်နေတော့ ရင်ထဲကို ဒိုင်းခနဲ ဖြစ်သွားတာပဲကွာ၊ မေထက် သိပ်ဆိုးတယ်”

မေထက် လူခကို မော့ကြည့်မိသည်။

“မေထက်ရယ် ကိုခ စိတ်မောအောင် မညှဉ်းပါနဲ့ဗျာ”

လူခက မေထက်လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ရင်း တိုးတိုးရှရှ ဆိုသည်။

“မေထက်”

“ရှင်...”

“ကိုခကို မလွမ်းဘူးလား”

“ခဏခဏ တွေ့နေရတာပဲ။ မလွမ်းပါဘူး”

“ကိုခက မမြင်ရတဲ့အချိန်တိုင်း လွမ်းတယ်”

“ကိုခ ပိုပြီ”

လူခက မေထက်ကိုယ်လုံး ပြည့်ပြည့်လေးကို ဖက်ထားလိုက်သည်။

“အိုး...ကိုခ၊ မေထက် မနေတတ်ဘူး”

“ချစ်တယ်ကွာ”

ကိုခ ရင်ခွင်ထဲမှ မေထက် ငြိမ်နေမိသည်။

အေးခနဲ နွေးခနဲဖြစ်နေသော စိတ်တို့က ထိန်းမရ။

“လူတွေ မြင်ကုန်လိမ့်မယ် ကိုခရာ”





“မြင်ပစေကွာ”

“ကိုခနော်”

မေထက်တို့ ရှိနေရာက ခြံထောင့်ရှိ ကံ့ကော်ပင်ကြီးအောက်တွင်ပါ။

“မေထက်”

“ဟင်...”

မေထက် သူ့လက်သန်သန်ကြီးများကို ဖယ်ချမိသည်။

“လက်ထပ်ချင်ပြီကွာ”

“ကိုခရယ်”

မေထက် ကိုခ၏ လက်တစ်ဖက်ကို သူမ၏ လက်နုနုလေးနှစ်ဖက်ဖြင့် ဆုပ်ကိုင်မိသည်။

“ဖွေး ဆယ်တန်းအောင်ပြီးမှ မေထက်တို့ လက်ထပ်ကြအောင်နော်”

“ဝမ်းသာလိုက်တာကွာ”

“ကိုခ ထမင်းမစားရသေးဘူး မဟုတ်လား။ မေထက်တို့မှာ စားသွားနော်”

“အင်း၊ မေထက်ရာ...မေထက်မှာ အလုပ်တွေအများကြီးနေတာကို သိနေတော့ လျှောက်လည်ဖို့ ကိုခ ပြောမထွက်ဘူး”

စာနာစွာ ပြောလာသော သူ့စကားကြောင့် မေထက် ကြည်နူးရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခုလည်း တွေ့နေရတာပဲ"

"အဲဒီလို မတွေ့ရလည်း ဒီကောင် ခိုးပြေးမိတော့မှာ"

"ဟင်း...ဟင်း...ဟင်း"

"မေထက် ဘာရယ်တာလဲ"

"ရယ်ချင်လို့၊ ကိုခ မျက်နှာကြီးကလည်း အရုပ်ပျောက်

တဲ့ ကလေးကျနေတာပဲ"

"ချစ်တာကိုး၊ မေထက် လျှောင်နိုင်ပါတယ်"

"အဲဒါ စိတ်ဆိုးတာလား"

"အင်း..."

"မချော့ပါဘူး။ ကိုခက ချော့မယ်ထင်လို့လား"

"အင်း..."

မေထက် လူခကို မြတ်မြတ်နိုးနိုး မော့ကြည့်မိသည်။

ကိုခရယ် မေထက် ချစ်လိုက်ရတာ။



အခန်း (၁၉)

အော်မြည်စွာ ထွက်ပေါ်လာသော ဖုန်းသံကြောင့် အဝတ်

နေရာမှ ကောက်ကိုင်လိုက်သည်။

"ပြောပါခင်ဗျာ"

အောက်ထပ်မှ ဖုန်းကိုင်ထားသည်ကိုလည်း မေထက်

တိပြုလိုက်မိသည်မို့ မေထက် ငြိမ်နေလိုက်သည်။

"သား လူခ မဟုတ်လား"

"ဟုတ်တယ် မေမေ၊ မေမေ ဘာလို့ဖုန်းဆက်တာလဲ"

"မင်း အဲဒီအိမ်မှာ ရှိနေတာ သေချာအောင်လို့"

"ခက်တယ် မေမေရာ၊ သား ကလေး မဟုတ်ပါဘူး"

"အေး... ကလေး မဟုတ်လို့ပေါ့၊ ကလေးသာဆို မင်းကို

ဘ်ဆုံးမပစ်လိုက်မှာ။ လူကြီးမို့လို့ လူကြီးမိုက် မိုက်ချင်နေတာ

ဟုတ်လား"

"ဟူး... မေမေကြောင့် ခက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခတ်ရင်ခက်၊ ဒါပဲ အခု ပြန်လာခဲ့"

"ကိစ္စရှိလို့လား မေမေ"

"မေမေ့သားကို မေမေ ကိစ္စရှိမှ ခေါ်ရမှာလား။ မင်း သိပ်ခြေလှမ်း ပျက်နေပါလား"

"မေမေ ဒီကို ဖုန်းဆက်တာ သား မကြိုက်ဘူး မေမေ။ လက်လည်း မခံနိုင်ဘူး။ မေထက်သိရင်…"

"အို သိတော့ကော ဘာဖြစ်ရမှာလဲ။ သူ့မှာ ယောကျ်ား မရှားပါဘူး။ မင်းမရှိရင် နောက်တစ်ယောက် ရောက်လာမှာပဲ"

"မေမေ… တော်ဗျာ"

လှုခ၏ ကျယ်လောင်သော အော်သံကို ကြားလိုက်ရသည်။

မေထက် အသက်ပင် မရှူမိ။

ကြားရသော စကားများကို မယုံနိုင်။

"မေမေ့ လွန်ပြီ။ သား ဒီလောက် တောင်းပန်ထားတာကို"

"ဒီမှာလှုခ၊ နင် အမေ့ကို အာခံချင်ပြီပေါ့လေ။ သားသမီး အားလုံးထဲမှာ စာအတော်ဆုံးမို့ ချီးကျူးလိုက်ရတာ။ အလိုလိုက် အကြိုက်ဆောင်ရတာ။ ခုတော့ နင် အမိုက်ဆုံး။ ကျန်တဲ့ဟာတွေ ငါစီမံတာကို လက်ခံတာချည်းပဲ"

"အိုဗျာ… ဒီအကြောင်းတွေ မေမေနဲ့သား ဆွေးနွေးတာ ထပ်နေ ပြီ"

"အေး… ထပ်နေလည်း ပြောရမှာပဲ။ ဒီ မေထက်ဆိုတဲ့ မိန်းကလေးကို မင်း ဘာလို့ ဒီလောက်ဖြစ်နေတာလဲ။ ငါ သတ်





ပစ်ချင်လောက်အောင် မင်းကို နာကြည်းနေပြီ။

"မေမေ သတ်ပစ်လိုက်လည်း အေးတာပဲ။ စိတ်ဆင်းရဲတယ် ဗျာ"

"ကြီးကျယ်လို့တော်"

"မေထက်မှာ ဘာအပြစ်ရှိလဲ၊ မေထက် ဘယ်လောက် တော်လဲ။ အားလုံးသိတယ်။ မေမေ ဘာလို့ မေထက်ကို မုန်း နေရတာလဲ။ ကျွန်တော် နဲ့ လက်ထပ်ပေါင်းသင်းရမှာ မေထက်ပါ မေမေရယ်"

"အို…မေထက်ဆိုတာ မေသက်ညီမပဲ။ ဒီလိုအကျင့် မကောင်းတဲ့ အစ်မတစ်ယောက်ရဲ့ညီမကို မေမေ ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူး"

"ဒါကတော့ မေမေ အလကား အစွဲကြီးတာပါဗျာ"

"ရှင်းရှင်းပြောမယ် လှုခ၊ ဒီလောက် မတော်ရင် နေပါစေ။ ငါတို့ ကျွေးထားနိုင်တယ်။ ဘာအလုပ်မှလည်း လုပ်စရာမလိုဘူး။ မိန်းကလေး ဖြစ်ပြီး ဒီလောက် အလုပ်လုပ်နေတာလည်း မကြိုက် ဘူး"

"မေမေရာ"

"ဒီမှာ သား၊ မေမေ ရှင်းရှင်းပြောမယ်။ တကယ်လို့ မင်း မေထက်ကို လက်ထပ်မယ်ဆိုရင် အိမ်ကို ပြန်မလာနဲ့တော့။ မနက် ဖြန် မနက်အထိ စောင့်မယ်။ ရောက်မလာရင် သတင်းစာထဲ ထည့်ကြည့်တော့။ အမွေဖြတ် စွန့်ဖို့ ဝန်မလေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မေမေတို့ အမွေကို သားမမက်ပါဘူး"

"ဟင်းဟင်း၊ သိပါတယ် သိပါတယ်။ မင်းက ပညာတတ်ကြီးကိုး။ ထားပါတော့။ အမွေမမက်ဘူးဆို မင်းကို သင်ပေးထားတဲ့ ပညာအမွေကို ကျတော့ မင်း ဘယ်လိုပြန်လျော်နိုင်မလဲ"

မေမေ့စကားကြောင့် လူခ ငြိမ်သွားရသည်။

"တကယ်လို့ အိမ်ကိုပြန်လာပြီဆိုရင်တော့ ဒီမိန်းမကို ဒီတစ်သက် ပြန်မဆက်သွယ်ရဘူး။ မေမေ မျှော်နေမယ် သားရယ်။ လိမ္မာပါ"

ဖုန်းချသွားသော့အသံကို ကြားလိုက်ရ၏။

ဩော်... ကိုခ၊ မေထက်ကို သိပ်ချစ်ရှာပါလား။

ရင်နာနာနှင့် မေထက် စွန့်လွှတ်ရတော့မှာပေါ့။

မေထက်လို မိန်းကလေးမျိုးကို ယောက်ျားလေးရှင်က သဘောမတူဘူးတဲ့။

မေထက် အော်ရယ်လိုက်ချင်ပါသည်။ ပြီးတော့ ငိုလည်း ငိုချင် သည်။

မမသက်ရေ မေထက်အဖြစ်ကို မြင်လှည့်ပါလား။

သူဌေးသားတစ်ဦးနှင့် စေ့စပ်ပြီးမှ အိမ်က ဒရိုင်ဘာနှင့် လိုက်ပြေးသွားသော မမသက်သတင်းက မွေးတုန်းပါပဲလား။

မေထက် ခုတင်ပေါ် မှောက်အိပ်ရင်း သည်းသည်းခိုက်ခိုက် ငိုကြွေးမိသည်။

မေထက် ဘာလုပ်ရမလဲ။ မေထက် ဘယ်လို ဆုံးဖြတ်ရ





လဲ။ ခေါင်းတစ်ခုလုံး ထူပူနေပါပြီ။ လူက ဘယ်လို ချည့်ခန်းကို ရောက်လာသည် မသိ။

"ဟင်... မေထက်"

နီရဲနေသော မျက်နှာနှင့် ဒေါသမျက်ဝန်းများကို ကြည့်၍ လူခ လန့်သွားသည်။

"ရှင် ဘာလုပ်နေတာလဲ။ ပြန်တော့လေ"

"မေထက်... ဘာဖြစ်နေတာလဲ"

"အို... ရှင်ဘာဖြစ်နေတယ်ဆိုတာ ရှင့်ကိုယ်ရှင် ပြန်ခြင်းစားဦး။ ရှင် မေထက်ကို ညာတယ်။ အစကတည်းက ရှင့်အိမ်က သဘောမတူတာ မေထက်ကို ပြောဖို့ကောင်းတယ်"

"ကိုခ ရှင်းပြချင်တယ် မေထက်"

"တော်ပါ၊ ရှင့်နှုတ်က မေထက် ဘာမှမကြားချင်တော့ဘူး။ ရှင် ပြန်တော့။ နောက်လည်း မေထက်ဆီကို ဘယ်တော့မှ မလာနဲ့။ မေထက်ကို [illegible] ပြင်တတ်ဘူး။ ရှင် သိပါတယ်"

"မေထက်၊ အဲဒီလို မပြောပါနဲ့ကွာ"

"ရှင့်ကို မေထက် မမြင်ချင်တော့ဘူး။ အစကတည်းက မိဘသဘောတူတဲ့လူကိုမှ မေထက် ယူမယ်လို့ ဆုံးဖြတ်ပြီးသား"

"မေထက်ရယ်၊ ကိုခ မေမေ့ကို ပြောပါဦးမယ်"

"ဟင်း...ဟင်း...မလိုတော့ပါဘူး။ မေထက် ရှင့်ကို မုန်းတယ်။ ရှင့်ကို မေထက် နောက် ဘယ်တော့မှ မမြင်ပါရစေနဲ့"

မေထက် သူ့နားမှ ချာခနဲ လှည့်ထွက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေထက်"

လူခ မေထက် လက်မောင်းလေးကို ဖမ်းဆွဲထားလိုက်သည်။

"ရှင် မေထက်ကို မကိုင်နဲ့"

"မေထက်… မင်း"

လူခလည်း ဒေါပွသွားရသည်။

"ဖယ်လို့ မေထက် ပြောနေတယ်နော်"

"မဖယ်ဘူးကွာ၊ မင်းနည်းနည်းပါးပါး ညှာတာဖို့ ကောင်းတယ်"

"ဘာ… ညှာစရာတာရမယ် ဟုတ်လား"

"မေထက် ဒီလောက် ရက်စက်နိုင်လိမ့်မယ်လို့ ကိုခ မထင်ဘူး"

သို့ပေမယ့် မေထက် သူ့ကို မချစ်နိုင်တော့။

ဘယ်နည်းနှင့်မှ လက်မခံနိုင်။

ပထမအချက်က မေထက် သိပ်ချစ်တဲ့ မမသက်ကို သူတို့အသိုင်း အဝန်းက စော်ကားလွန်း၊ အထင်သေးလွန်းတာကြောင့်။

ဒုတိယအချက်က မေထက် မာနကို ထိပါးလာလို့။

တတိယအချက်က ကိုခကို အမွေပြတ်စွန့်မှာ မလိုလားတာကြောင့် ပါပဲ။

"မေထက် ရှင့်ကို ကုန်ကုန်ပြောမယ်။ ရှင့်မေမေက မေထက်ကို လာတောင်းပန်ပြီး ချော့ရင်တောင် မေထက် မကျေနပ်နိုင်တော့ဘူး။ ရှင့် ကို ဒီတစ်သက် မယူတော့ဘူး။ ရှင်နဲ့ မေထက်





ဒီဘဝမှာ ဒီမျှလောက်သာ မှတ်လိုက်တော့။ ရှင်ပြန်နိုင်ပြီ"

"မင်း သိပ်စွာနေပါလား မေထက်။ စိတ်ချ ငါပြန်မှာပါ။ မင်း ဒီလောက်နှင်ဖို့ မလိုဘူး။ ငါ မင်းကို ဘယ်လောက်ချစ်သလဲဆိုတာ မင်း အသိဆုံး။ မထိရက် မကိုင်ရက်အောင် မြတ်နိုးခဲ့ဘာမင်း နားမလည်ဘူး။ မင်း အပေါ်မှာ ဘာတစ်ခု ငါမကောင်း ဘာလုပ်ခဲ့လဲ။ မင်း ငါ့အချစ်နဲ့ မတန်ဘူး။ ငါ့မာနကို စော်ကားတယ်။ အမေက အမေပဲ။ ငါ့ကို မင်း ဒီလောက်ပြောဖို့ မလိုဘူး"

လူခက စားပွဲပေါ်ကိုလက်သီးနှင့် ဒုန်းခနဲမြည်အောင် ထိုးပစ်လိုက်သည်။

"အပြစ်ရှိတာက အမေ။ မပြစ်မရှိတဲ့ငါ့ကို မင်းသက်သက် ရက်စက်တယ်"

ပြောပြီးသည်နှင့် မေထက်အနားမှ ခြေလှမ်းကျဲကြီးများနှင့် ထွက် ခွာသွားသည်။

ကိုခရယ်။

ပါးပြင်ပေါ်သို့ မျက်ရည်များက အတားအဆီးမဲ့စွာ လိမ့်ဆင်းကျ လာသည်မို့ မေထက် မျက်နှာကို လက်ဝါးနှင့်အုပ်ကာ အခန်းရှိရာသို့ ပြေး ထွက်ခဲ့မိသည်။

ပြောရက်လိုက်တာ။

မေထက်ကို ပြောရက်လိုက်တာ ကိုခရယ်။

ကိုခ စကားများက မေထက်ရင်ကို ကျည်ခနဲ ရူးခနဲ အရှိန်ပြင်းစွာ ဆောင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေထက် အဖြစ်က ဆိုးလှချည်လား။

ရှက်ဖို့ ကောင်းလိုက်တာ။

မေထက် ခံပြင်းနာကြည်းစွာ အောက်နှုတ်ခမ်းလေးကို အပေါ်သွားလေးများဖြင့် နာနာဖိကိုက်မိသည်။

ဒေါသထွက်နေသော ကိုခ မျက်နှာတွင် စိတ်ရှုပ်ထွေးဟန်များက အထင်းသား။

သည်နောက်ပိုင်း မေထက်ဆီ သူ လုံးဝမလာတော့။ လာတွေ့လျှင်လည်း မေထက် လက်ခံမည် မဟုတ်လေပါ။

သို့ပေမယ့် ကိုခ၏ ယောကျာ်းမာနကို ရင်နာနာနှင့် အသိအမှတ် ပြုရ၏။

ကိုခ မေထက်အပေါ်မှာ ပြတ်သားနိုင်လိုက်တာလို့ အံ့သြယူရသည်အထိ လူခ သံယောဇဉ် ပြတ်နိုင်ခဲ့၏။

သတိရတိုင်း မေထက် ငိုရသည်။

သူ့ကိုသာ ပထမဆုံး ချစ်မိုးခဲ့တာမို့ မေထက် မူးမေ့မတတ်ပါပဲ။ ခံစားလိုက်ရတာ။

သူနှင့် မေထက် မတွေ့ခဲ့သည်မှာ တစ်ပတ်ခန့်ပင် ရှိခဲ့၏။ တစ်ပတ် ပြည့်သည်နေ့က နေခြည်တို့ခြံဘက်မှ ကိုခ၏ ချိုမြမြအသံကို ကြားလိုက်ရ၏။ အချိန်က (၇)နာရီခွဲခန့်ရှိပေတော့မည်။

ဖွေးသူနှင့် နေခြည်က သူငယ်ချင်းတစ်ဦး၏ မွေးနေ့ပွဲသို့ သွားနေ၍ အိမ်မှာ မရှိ။

"နင် ငါ့အသည်းကို ဘတ်စ်ကက်ဘောလုံးလေးလို..."





ဆူဝေစွာထွက်လာသော သီချင်းသံကြောင့် မေထက် စာရေး တန့်သွားရ၏။

အသံလေးလေးကြီးကိုကြည့်၍ ကိုခမူးနေပြီဆိုတာ မေထက် နားလည်သွားရသည်။

မူးပြီး လာရမ်းတာလား ကိုခရယ်။

မေထက် စားပွဲပေါ် မျက်နှာမှောက်ချထားမိ၏။ နေခြည့်ဖေဖေနှင့် မေမေကို အားနာစရာ။

ညှာတာမှု ကင်းမဲ့လှချည်လား ကိုခ။

မေထက် သိက္ခာကို ထည့်မတွက်တော့ဘူးလား။ စိတ်ထဲမှ ရန်တွေ့နေပေမယ့် လက်တွေ့မှာ စကားကပင် စွာနိုင်စွမ်းမရှိ။

"နင်မုန်းလိုက်ပါ၊ မုန်းပစ်လိုက်စမ်းပါ ငါ့ကို"

ဘာလို့ သည်လောက် အော်နေရတာလဲ ရှင်။

မေထက် တောင်းပန်ပါတယ်။

ပြန်ပါတော့။

အကြာကြီးနေမှ လူခ ပြန်သွားသည်။

ဒယိမ်းဒယိုင်နှင့် ကားပေါ်တက်သွားသော သူ့နောက်ကျောပြင်ကို ပြတင်းပေါက်မှ လှမ်းကြည့်ရင်း မေထက် စိတ်ကုန်သွားသည်။

မေထက်ချစ်ချင်တဲ့ လူမျိုးက သည်လိုပေါ့ရွှတ်ရွှတ် မဟုတ်ဘူး။

ယောကျာ်းလေးပဲ ခံနိုင်ရည် ရှိရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အခုက အထင်ကြီးခဲ့သမျှ အလကားဖြစ်ကုန်ရသည်။

နေခြည် မေထက်ကို အပြစ်တင်လေမလား။

ကိုခ လုပ်ပုံတွေကို နေခြည် သိစေချင်လိုက်တာ။

မေထက်ကို အစွမ်းကုန် ချစ်ပြလိုက်တာလား။

မေထက် တစ်ချက်မဲ့ရင်း ပြတင်းပေါက်မှ ခွာလိုက်သည်။

လူခ သူနှင့် ကျောခိုင်းလိုက်မှတော့ စိတ်ကလည်း သူနှင့် ဝေးရာမှာသာ ရှိသင့်သည် မဟုတ်လား။



အခန်း (၂၀)

"ယင်းမာ..."

"ဘာလဲ ဖွေး"

ဖွေးသူ၊ ယင်းမာနှင့် ထိုက်ဦး လမ်းအတိုင်းလျှောက်လာရင်းမှ ဖွေးသူက ယင်းမာကို ခေါ်လိုက်သည်။

"နင်တို့လမ်းက ကလေး တကယ်ပေါတယ်နော"

"အင်း"

ဖြတ်လာခဲ့ရာ လမ်းတစ်လျှောက်ရှိ ခြံတိုင်းလိုလိုတွင် ကလေးများကို တွေ့ရသည်မို့ ဖွေးသူက မေးလိုက်ခြင်းပင်။

"မဟုတ်မှလွဲရော ကလေးလုပ်စက်တွေ ဘာတွေများ ရှိသို့လား"

"အို... ဖွေးသူကလည်း ကြဲကြဲဖန်ဖန်"

ထိုက်ဦးက ဖွေးသူစကားကြောင့် အော်ရယ်လိုက်ပေမယ့် ယင်းမာက ရှက်ရွံ့စွာ တားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါက ရိုးရိုးသားသားပြောတာပါ ယင်းမာရဲ့"

သည်နေ့ ဖွေးသူတို့ကို Physics (ရူပဗေဒ)သင်သော ဆရာမက နေမကောင်း၍ မလာနိုင်။

ဖွေးသူနှင့် ထိုက်ဦးက ယင်းမာတို့အိမ်တွင် ဝိုင်းကျူ… လာတက်ကြသည်။

သို့ပေမယ့် ခုလို တစ်ခါမှ လမ်းထွက်မလျှောက်ဖြစ်။

ဖွေးသူကို အိမ်က ကားနှင့်လိုက်ပို့သလို လာကြို၏။

ကားပေါ်က ဆင်း။ ယင်းမာတို့အိမ်ထဲဝင် စာသင်၊ … သင်ပြီးသည်နှင့် ကားကရောက်နှင့်ပြီးသား။ ကားပေါ်တက် အိ… ပြန်။

သည်နေ့တစ်ရက်တည်းသာ ဆရာမ မလာ၍ အပြ… ထွက်ရခြင်း ပါ။

"ဖွေး တို့အိမ်ကိုသာ နေ့တိုင်းရောက်တာ၊ ဒီလမ်း… တစ်ခါမှ မလျှောက်ဘူးနော်"

"အင်းလေ"

မျက်လုံးဝိုင်းဝိုင်းဖြင့် ယင်းမာဘက်သို့ တစ်ချက်လှည့်ကာ… ဖွေး ပြုံးရင်း ခေါင်းညိတ်မိသည်။

"ဖွေးက တကယ်လှတယ်ကွာ… တကယ်ပဲ၊ နော်… ကိုထိုက်"

"ယင်းမာကလည်း မြန်မာစကားက မရှားပါးပါဘူး… တကယ်ဆိုတာချည်းပဲ ထပ်နေပြီ"





"အဲဒါ ပိုမကောင်းဘူးလား"

"မကောင်းပါဘူး"

ဖွေးသူက ပြောရင်းမှ ခြံတစ်ခြံထဲသို့ လှမ်းကြည့်ရင်း မျက်နှာလေးက တည်သွားသည်။

"ဦးခ"

တိုးတိုးရေရွတ်မိ၏။

"ဘာလဲဟင် ဖွေး"

"ဟိုမှာ ဦးခ"

ဖွေးက ဦးခထိုင်နေရာခြံထဲသို့ လက်ညှိုးထိုးပြရင်း မြူးမြူးလေး ဆိုမိသည်။

ဦးခကို တွေ့လိုက်ရသည်မို့ ဖွေးသူ အတိုင်းမသိ ကြည်နူးသွားရသည်။

ဦးခ သည်မှာ နေတာကိုး။

ဖွေး လုံးဝ မသိခဲ့ဘူး။

ယင်းမာတို့အိမ်နှင့် လေးငါးအိမ်သာ ခြားသည်။

"ဘယ်က ဦးခလဲ"

"ဖွေးတို့အသိပေါ့။ ဖွေး နှုတ်ဆက်ချင်လိုက်တာ"

စောစောတုန်းကနှင့် လုံးဝမတူတော့ဘဲ မြောက်ကြွ မြောက်ကြွနှင့် ဝမ်းသာနေသော ဖွေးပုံသဏ္ဌာန်ကို ယင်းမာရော ထိုက်ဦးပါ သတိပြုမိသည်။

"နှုတ်ဆက်ချင်ရင် လှမ်းအော်လိုက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com

ဖွေး ဘာမှ စဉ်းစားမနေတော့။

ဦးခကို လှမ်းအော်ခေါ်လိုက်သည်။

"ဦးခ..."

လူခက မကြား။

"ဦးခရေ..."

သည်တစ်ကြိမ်ကျမှ လှည့်ကြည့်လာ၏။

ဖွေးကိုမြင်တော့ အံ့ဩစွာပြုံးပြရင်း ခြံတံခါးနား လျှောက်လာ သည်။

ဦးခ ပိန်သွားသလိုပဲဟု တိတ်တစိုး မှတ်ချက်ချမိသည်။

ဦးခ မလာတာ ကြာလှပြီပဲ။

"ဖွေးပါလား၊ လာလေ အိမ်ထဲကို"

ဦးခက ဖွေးတို့ သုံးဦးကို ကော်ဖီဖျော်တိုက်သည်။

"ဖွေး ဘယ်ကိုလာတာလဲ"

"ယင်းမာတို့အိမ်မှာ ကျောင်းလာတက်တာ"

"သြော်..."

"ဦးခက ဒီမှာ နေတာလား"

"အင်း..."

လူခ ပြုံးစလွယ် ဖြေလိုက်၏။

အမှန်တော့ သည်အိမ်က လူခတို့အိမ်မဟုတ်။

မေထက်နှင့် ပြဿနာဖြစ်ပြီး သုံးရက်ခန့်အကြာ လူခ အိမ်ပေါ်မှ ဆင်းလာခဲ့သည်။





သည်အိမ်က လူခ၏ ဦးလေးအိမ်။

ဦးလေး လူပျိုကြီးက တပည့်တစ်ဦးနှင့် သည်ခြံကြီးထဲမှာ နေထိုင်သူ။ အမြဲတမ်းလည်း နေလေ့မရှိ။ ဦးလေးက ခရီးသွားခြင်းကို ဝါသနာထုံသည်။

အခုလည်း ဦးလေးနှင့် သူ့တပည့် အထက်ဘက်သို့ သွားနေကြသည်မို့ လူခတစ်ဦးတည်း ကျန်နေခဲ့ရ၏။

ထမင်းကို ဆိုင်မှာ ကြုံသလိုစားသည်။

သည်အိမ်မှာ ညအိပ်ရုံ။

"ဦးခ မလာတာ ကြာပြီနော်"

"အင်း..."

"ဦးခ ဒီမှာ တစ်ယောက်တည်းနေတာလား"

"အင်း"

"ဦးခ မိဘတွေကော"

"ရှိသားပဲ"

"ဦးခနဲ့ အတူမနေဘူး နော်"

"အင်း"

"ဦးခက တစ်မျိုးပဲ"

ရွှန်းလက်လက် မျက်လုံးလေးအစုံဝယ် ရှုပ်ထွေးနေသည့် ဟန်များက အထင်းသား။

သည်နေ့မှ နေ့ခင်းဘက် သူ ဒီမှာရှိနေခြင်းပါ။

ဆေးရုံမှ ခွင့်တင်ထားသည် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဖွေးနှင့်သူ မဆုံတာပင် ကြာလှပါပြီ။

ဖွေးက ဆယ်တန်းကျောင်းသူကြီးပင် ဖြစ်နေပြီကော။

ဆံပင်လေးများက ရှုပ်ယှက်ခတ်နေသလို အကျီကလည်း ပွပွကြီး။

မျက်နှာသေးသေးလေးက ဆံပင်များကြားမှာ မြုပ်လုလု။

ထဘီတိုတိုလေးက ခြေသလုံးများ ဝင်းဝင်းလေးများကို ပေါ်လွင်နေစေသည်။

"ဖွေးတို့ ဒီမှာ ကျောင်းလာတက်တာ ဦးခ သတိ မထားမိဘူး"

"ဖွေးက ဒီလိုတစ်ခါမှ လျှောက်မသွားဖူးပါဘူး။ ဒီနေ့ ဆရာမ မလာတာနဲ့ ထွက်လာခဲ့ကြတာ။ အိမ်က ကားလာကြိုတာ စောင့်ရင်းနဲ့"

"ဟုတ်လား၊ ဒါနဲ့ ဖွေးဒေါ်လေး နေကောင်းရဲ့လား"

"ဒေါ်လေးထက်လား၊ ကောင်းသားပဲ။ မနေ့ကတောင် ဖွေးကို လိုက်ပို့သေးတယ်"

"ဖွေး စာတွေကော လိုက်နိုင်ရဲ့လား"

မေထက်အကြောင်းကို သူပဲ မနေနိုင် မထိုင်နိုင် မေးမိသည်။ ကြားရမှာကိုလည်း လန့်နေပြန်သည်မို့ စကားလမ်းကြောင်း လွှဲလိုက်ရသည်။

မေထက်အကြောင်းကို သူ မကြားရဲ။

ကြားလည်း မကြားချင်တော့ပါ။





မေထက်ကို မမေ့နိုင်အောင် သူ ကြိုးစားနေရသည် မဟုတ်လား။

မိဘ သဘောမတူတာ တစ်ခုနှင့် မေထက် သူ့ကို ခုလို မစိမ်းကားသင့်။

သူ မေထက်ကို ချစ်သည်ပဲ။

မိမိတို့နှစ်ယောက် ခိုင်မြဲစွာ ချစ်နေကြဖို့သာ အဓိက။

သူ သည်လို ထင်မိသည်။

သူ့ကို မေထက် တကယ်ချစ်လျှင် ရင်ဆိုင်ရဲရမည်ပေါ့။

အခုတော့ မေထက်က မောက်မာ ခက်ထန်လွန်းသည်။

သည်အကြောင်းတွေ တွေးမိတိုင်း ရင်ထဲမှာ မချိမဆံ့ ခံစားရလွန်းတာကြောင့် သူ မေ့ထားလိုက်ချင်ပါ၏။

"ဖွေးတို့ ပြန်တော့မယ်နော်"

"ပြန်ကြတော့မလို့လား"

"အင်း..."

ဖွေး ရင်နင့်စွာ ခေါင်းညိတ်မိသည်။

ဖွေးတို့ကို အနားမှာထားပြီး ဦးခက ကျောက်ရုပ်ကြီးနှယ် ငြိမ်နေတော့ ဖွေး ဘာလုပ်ရမလဲ။

ဦးခရယ်...

ဖွေးကို ချာတိတ် ပိစိကွေးလိုပဲ သဘောထားသလားရှင်။

"ကြုံရင် လာခဲ့နော် ဖွေး၊ ဦးခ ရှိနေရင်ပေါ့"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဖွေးအသံက အက်အက်လေး ဖြစ်နေရသည်။

လူခ ဖွေးကို တစ်ချက်ငေးကြည့်ဖြစ်သည်။

မမြင်ရတာ ကြာပြီဖြစ်သော မေထက် မျက်နှာလေးကို လွမ်းလွန်းလို့ပါ။

ဖွေး မျက်နှာလေးက မေထက်နှင့် တထေရာတည်း။

သက်ပြင်းတစ်ချက်ကို နက်နက်နဲနဲချရင်း လူခ မတ်တတ်ရပ်လိုက် ၏။

"ဟာ... အခုမှ သတိရတယ်။ ဖွေးကို ပြရဦးမယ်"

လူခစကားကြောင့် ဖွေးက မော့ကြည့်ရင်း မေးလိုက်သည်။

လူခ ဖွေးကိုကြည့်မနေ။ အဝေးသို့သာ ငေးနေ၏။

ဦးခရယ်...

ဖွေး မြတ်နိုးလိုက်ရတာ။

ဦးခကို ဖွေး ဘယ်လို သံယောဇဉ်ရှိမှန်းမသိ။

ဆရာခန်မို့လား မပြောတတ်။ ဦးခက အမြဲတမ်း သန့်ရှင်းသပ်ရပ်နေသည်။

ထာဝစဉ် တည်နေသော မျက်နှာက လေးစားစရာ။

ကြံ့ခိုင်သော ကိုယ်ထည်က အားကိုးလောက်ပါ၏။

ဦးခ ဘယ်လိုပဲနေနေ ဖွေး ချစ်တာပါပဲ။

ဦးခ မျက်လုံးများကိုတော့ ဖွေး ရင်မဆိုင်ရဲ။

အပြစ်ရှိသူလို ဖွေး လန့်နေမိသည်။

ဖွေး ငေးနေမိတုန်း ဦးခက ငုံ့ကြည့်လာသည်။





ဖွေး ကမန်းကတန်း မျက်လွှာချလိုက်မိ၏။

"ဖွေးဆီက ဦးခ ဝယ်ထားခဲ့တဲ့ ခွေးလေးတွေလေ"

"ဟယ်... ဟုတ်သားပဲ။ ဖွေး မေ့နေလိုက်တာ။ သူတို့ ဘယ်မှာလဲဟင်"

"ခြံထဲမှာရှိတယ် ဖွေးရဲ့။ အဲဒါ ပြမလို့"

"ဖွေးကို မှတ်မိမလား မသိဘူး "

အားတက်သရောပြောနေသော ဖွေးအသံလေးကကြည်နူးရွှင်လို့ နေသည်။

"မှတ်မိမှာပေါ့ ဖွေးရဲ့။ လာ သွားကြည့်ရအောင်"

ဦးခနောက်မှ ဖွေး အပြေးတစ်ပိုင်း လိုက်လာမိ၏။

ယင်းမာနှင့် ထိုက်ဦးက ခပ်အေးအေးပင် လျှောက်လာနေသည်။

ဖွေးက ဦးခ ခြေလှမ်းကျဲကြီးများကို မနည်းကြီး အမီလိုက်နေရ၏။

"ဟိုမှာ တွေ့လား"

ခွေးလေးနှစ်ကောင်က ဖွေးအနားကပ်သွားသည်နှင့် အမြီးလေးများကို အနားတမ်း လှုပ်ယမ်း၏။

စကားဆိုတတ်လျှင် ဖွေးကို မှတ်မိပါတယ်ဟု ပြောလေလေား။

"ဦးခရေ ဖွေးကို မှတ်မိတယ်နော်"

ဖွေး မြူးပျော်နေပုံကိုကြည့်ရင်း လူခ ပျော်လာသလိုပါ။

ဖွေးကိုလည်း ခင်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖွေး…"

"ဦးခ… ဘာလဲဟင်"

"အခုကော ချွေးလေးတွေ ရှိသေးလား"

"အများကြီးပဲ၊ ဖွေးမနိုင်လို့ အလုပ်သမားတောင် ငှားထားရတယ်"

"လုပ်ငန်း တွင်ကျယ်လာပြီပေါ့"

"ဘွားလေးကတော့ ဆူနေတာပဲ။ ရှုပ်တယ်တဲ့။ ညည်းကျောင်း တက်မလား၊ အဲဒါ လုပ်မလားတဲ့"

"အင်း…. အဲဒါလည်း ဟုတ်သားပဲကွ"

"ဖွေးက ဒေါ်လေးထက် တူမပါလို့ ပြောလိုက်တော့မှ မတားတော့ တာ"

"အဘွားဆိုတော့ ဒီလိုပေါ့။ ဖွေးကို ချစ်လို့တားတာနေပါလိမ့်မယ်"

ဖွေး၏ မျက်နှာ ကြည်ကြည်စင်စင်လေးနှင့် စကားပြောသံချိုချိုလွင်လွင်လေးက ရင်ထဲ စွဲငြိစရာပါ။

လှူခ ဖွေးကို ကလေးလေးတစ်ယောက်လို ချစ်သွားရသည်။

"ဖွေး ဘယ်လို ရည်မှန်းထားလဲ။ ဆရာဝန်ပဲလား"

"ဟင့်အင်း… ဖွေး ဝါသနာမပါဘူး။ ဒေါ်လေးထက်ကတော့ ဆရာဝန် ဖြစ်စေချင်မှာပဲ။ မဆန်းပါဘူး။ အခုခေတ်မှာ မိဘတိုင်းက သားသမီး တွေကို ဆရာဝန်ဖြစ်စေချင်ကြတာချည်းပါပဲ။ ဒါမှမဟုတ် အင်ဂျင်နီယာ၊ သင်္ဘောသား၊ ကထိက၊ ဗိုလ်ကြီး… အကောင်းပဲ ဖြစ်စေချင်ကြတာပါ"





"ဒါကတော့ မိဘ စေတနာပေါ့ ဖွေးရဲ့"

"မိဘ… စေတနာ၊ အဲဒီ စေတနာကို ဖွေး မရခဲ့ပါဘူး။ နောက်လည်း မရနိုင်ဘူး"

ဖွေးက မိဘမရှိရှာပဲကိုး။

လှူခ သူ့စကားကြောင့် သူမကို ကရုဏာသက်သွားရသည်။ စကားအမှားကို ပြန်လည် ဖာထေးဖို့ ကြိုးစားရ၏။

"ဖွေးကို ဒေါ်လေးထက်က ချစ်တာပဲ။ ဘယ်လောက် ဂရုစိုက်လဲ"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် မေမေ့ကိုတော့ မီမယ် မထင်ပါဘူး"

စိတ်ပျက် အားငယ်နေပုံလေးကပင် ကလေးဆန်လွန်းပါလား။

မေထက်နှင့်ဖွေးက ရုပ်ချင်းတူပေမယ့် စရိုက်ချင်းမတူ။ မေထက်က ထက်သည်။ ကိုယ့်ကိုကိုယ် အားကိုးပုံရသည်။ လူကြီးဆန်ဆန် နေတတ်ပြောတတ်၏။

ဖွေးက သည်လိုမဟုတ်။ ချွဲချွဲနွဲ့နွဲ့ ပျော့ညံ့သည်။ ဖွေးက မေထက်လောက် မာနလည်း ကြီးပုံမရ ။

"ဦးခ…"

ခေါ်ပုံလေးကပင် အများနှင့်မတူ၍လားတော့ မသိ။ လှူခ ရင်ထဲ ချိုအီနေရသည်။

"ဦးခတစ်ယောက်တည်းနေရတာ မပျင်းဘူးလား"

"မပျင်းပါဘူး ဖွေးရာ။ ဦးခမှာ ဖတ်စရာစာအုပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



အများကြီး။ ပြီးတော့ ဆေးရုံဆေးခန်းနဲ့ မအားပါဘူး"

လူခ ရှင်းပြချက်ကို ဖွေး မျက်လုံးလေးစင်းရင်း နားထောင်မိသည်။

ဦးခအသံက ကြည်လိုက်တာ။

ဦးခကို မိန်းကလေးတွေ တစ်အားချစ်ကြမှာပဲ။

မလိုတမာစိတ်လေးက ခေါင်းပြူထွက်လာရသည်။

ဖွေးက ဦးခကို တိတ်တိတ်လေး ချစ်နေရသည် မဟုတ်လား။

"ဦးခ ဖွေးတို့ ပြန်တော့မယ်"

ချက်ချင်းကြီး မျက်နှာလေးညှိုးသွားပြီး နှုတ်ဆက်လာသော ဖွေးကို လူခ နားမလည်နိုင်။

"ကောင်းပါပြီဗျာ"

ဖွေးက လူခအနားမှ သွက်သွက်လေး ပြေးထွက်သွားသည်။

ယင်းမာနှင့် ထိုက်ဦးက ဖွေးနောက်မှ လိုက်သွားကြ၏။

ဖွေး ထွက်သွားရာကို လူခ လိုက်ကြည့်နေမိ၏။

ဖွေးရယ်...

မင်းလေး ဘာလို့ ငါရှိရာကို ရောက်လာရတာလဲကွာ။

မင်းကိုမြင်တော့ မင်းအပေါ်ကို ပိုသတိရတယ်။

ဒါကြောင့် မင်းကို မတွေ့ချင်ဘူးဖွေး။

❷



အခန်း (၂၁)

ကိုခရယ်...

မေထက် ဘယ်လိုခံစားနေရတယ်ဆိုတာ ကိုခ မသိပါဘူး။

ဘာပဲလုပ်လုပ် မေထက် စိတ်မပါ။

ရှိနေတဲ့ သံယောဇဉ်ကို ဘယ်လို ဖျောက်ဖျက်ရမှာလဲ။

မေထက်ကို ကံဆိုးရှာတာပါ။

မေထက် စာမရေးဖြစ်တာလည်း ကြာလှပြီ။

ကိုခရေ...

မေထက်ဘဝက ဆွေးတာတောင် ကြာကြာအချိန်မပေးနိုင်ဘူး။

မေထက် မလွမ်းအားပါဘူး ကိုခရယ်။

ခြံထောင့်ရှိ သစ်ပင်ကြီးအောက်တွင် စိုက်ထားသော ခုံတန်း၌ မေထက် ငြိမ်ငြိမ်သက်သက် ထိုင်နေမိသည်။

ဆောင်းဝင်စဖြစ်၍ ရာသီဥတု ချမ်းစိမ့်စိမ့်နိုင်လှ၏။



www.burmeseclassic.com

www.burmeseclassic.com



စာရေးဖို့ မေထက် အစောကြီးနိုးလာခဲ့သည်။ သို့ပေမယ့် မရေးဖြစ်ဘဲ ခြံထဲသို့ ဆင်းလာခဲ့မိ၏။

ကိုခနှင့် မေထက် စပြီးဆုံခဲ့တာ သည်လိုအေးချမ်းတဲ့ ရာသီပါပဲ။

တွေ့ဆုံချိန်က အေးချမ်းပေမယ့် မေထက်တို့ဘဝက မအေးချမ်းနိုင်ခဲ့ပါဘူး။

မေထက် ကိုခကို မုန်းမေ့နိုင်ဖို့ ကြိုးစားရပါဦးမည်။

လွယ်လွယ်ချစ်ခဲ့တာ မဟုတ်တော့ လွယ်လွယ်မေ့ဖို့ မလွယ်။

နွေနှင်းမှုန်တို့ ပြေးလွှားနေသလို မေထက်စိတ်လည်း ဟိုရောက်သည်ရောက်။

"မေထက်"

"နေခြည်... အစောကြီးပါလား။ လာလေ"

နေခြည်က မေထက်ဘေးမှာဝင်ထိုင်ရင်း မေထက်ပခုံးလေး ကို သိုင်းဖက်လာ၏။

"မေထက် ကိုခကို သတိရနေတာလား"

"မေ့ဖို့ ကြိုးစားနေတာပါ"

နေခြည်က မေထက်မျက်နှာ မို့အစ်အစ်လေးကို တစ်ချက် စူးစူးငေးငေးကြည့်လိုက်ပြီးမှ...

"ဒီနေ့ ကိုရန်ပိုင်တို့အိမ်မှာ အလှူရှိတယ်လေ။ မေထက် လိုက်မယ် မဟုတ်လား"

ဩော်... ဟုတ်သားပဲ။





မေထက် မေ့နေလိုက်တာ။

မနေ့ညနေက ဖွေး ပြောထားသား။

"ဟိုတစ်ခါ အိမ်သစ်တက်တုန်းကလည်း မေထက် မလိုက်ခဲ့ ဘူး။ ခုတော့ မေထက် လိုက်ခဲ့ကွာ"

မေထက် ဘာမှပြန်မပြောဘဲ ငြိမ်၍ နားထောင်နေမိ သည်။

"နော်... မေထက်"

အိမ်သစ်တက်မင်္ဂလာတုန်းက နေခြည်နှင့်ဖွေး သွားခဲ့ကြ ၏။

"လိုက်ခဲ့ပါလား မေထက်ရဲ့။ အပျင်းလည်းပြေပေါ့"

"အင်း... မေထက် လိုက်ခဲ့ပါ့မယ်"

နေခြည်က မေထက်လိုက်ခဲ့မည်ဆို၍ ဝမ်းသာသွားပုံရ သည်။

မေထက် အိမ်ပေါ်တက် အဝတ်အစား လဲလိုက်၏။

"ဘာကျွေးမှာလဲ မသိဘူးလား"

"အုန်းနို့ခေါက်ဆွဲတဲ့။ ထမင်းချိန်ကျ ထမင်းပေါ့။ တစ်နေ ကုန် အလှူလေ"

မေထက် ရန်ပိုင်ထွန်းနှင့် တစ်ခါမှ မဆုံဖြစ်သေး။

"ဖွေး... ကိုရန်ပိုင်တို့အိမ် လိုက်ဦးမလား"

"ဟင့်အင်း... မလိုက်တော့ဘူး ဒေါ်လေး"

ဖွေးက စာကျက်နေရာမှ ပြန်ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖွေးက တကယ်ကြိုးစားနေပါလား"

"ဆယ်တန်းက ဘယ်သူမဆို ကြိုးစားရတာချည်းပဲဟာ"

မေထက် ဖွေးအရှေ့မှာ ဘယ်တော့မှ ချီးကျူးစကားမဆို

နေခြည်နှင့်မေထက် ရန်ပိုင်ထွန်းတို့အိမ်ရှိရာ တစ်ဖက်လမ်းသို့ လျှောက်လာခဲ့ကြသည်။

ရန်ပိုင်ထွန်းတို့ခြံရှေ့ရောက်တော့ ကားရောင်စုံတို့ကို မြင်လိုက်ရ၏။

တိုက်ဟိန်းဟိန်းကြီးက ရန်ပိုင်ထွန်းတို့ ကြွယ်ဝမှုကို ဖော်နေသယောင်ယောင်။

"လာကြပါဗျာ။ နေခြည်တို့ နောက်ကျတယ်"

ရန်ပိုင်ထွန်းက အိမ်ဝမှ ဆီးကြိုနှုတ်ဆက်သည်။

"ဘာလဲ စောလွန်းနေလို့လား"

နေခြည့်စကားကို မတုံ့ပြန်ဘဲ သူက ရယ်နေလေ၏။

တော်တော်ချောသားပဲဟု တေးမှတ်မိသည်။

ရန်ပိုင်ထွန်း မိဘနှစ်ပါးက သဘောကောင်းကြ၏။

မေထက်ကို သမီးလေးဟု ခေါ်သည်ကို သတိထားမိသည်။

ရန်ပိုင်ထွန်း ဧည့်သည်များကို ကြိုဆိုနေရင်းမှ တစ်ချက်တစ်ချက် လှမ်းကြည့်မိ၏။

သူမကို လှမ်းတွေ့လိုက်ရတော့ လှိုက်ခနဲ ပျော်သွားသည်။

မေထက် လာလိမ့်မည်ဟု သူ မျှော်လင့်မထား။

နေခြည်နှင့် ဖွေးသာ လာလိမ့်မည် သူထင်ထားခဲ့သည်၊





မာန့်ရှင်က သည်နေ့ ဘာစိတ်ကူးပေါက်သွားပါလိမ့်ဟု ခပ်ချွင်ချွင် တွေးမိသည်။

"သမီးတို့ နေ့လယ်စာ စားပြီးမှ ပြန်ကြနော်"

"ဟာ… ရပါတယ် အန်တီရဲ့၊ သမီးတို့ ခဏနေ ပြန်မှာပါ"

"အဲဒီလိုတော့ မရဘူး၊ စားပြီးသောက်ပြီးမှ ပြန်၊ အိမ်ကဝေးတာ မှတ်လို့"

မေထက် ပြုံးရုံသာ ပြုံးနေလိုက်သည်။

အုန်းနို့ခေါက်ဆွဲစားတော့ လူခကို သတိရမိပြန်သည်။

သည်လိုပါပဲ၊ တိုက်ဆိုင်မှုရှိလာတိုင်း တမ်းတမှုက အဆခတန် ဖြစ်ထွန်းရသည်။

"မေထက်"

"ဟင်…"

"စားလို့ကောင်းရဲ့လား"

"ကောင်းသားပဲ နေခြည်"

"နည်းနည်းလေး စားပြီး"

"တော်ပါပြီဟယ်"

မေထက် ပါးစပ်လေးသုတ်ရင်း နေခြည် စားနေသည်ကို ကြည့်နေ မိ၏။

အကြည့်ကသာ နေခြည့်ဆီမှာ အတွေးက နေခြည့်ဆီမှာ မရှိနေ။

ရန်ပိုင်ထွန်း သူတို့ရှိရာသို့ လျှောက်လာခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



…းလို့ကောင်းရဲ့လား မသိဘူး”

“ကောင်းပါတယ်”

နေခြည်က ရယ်ရယ်ပြုံးပြုံးဖြေပေမယ့် မရွှေချော မေထ… ကိုက လှည့်ပင် ကြည့်ဖော်မရ။

“ခင်ဗျားကော ဝပြီလား”

“အင်း…”

“ကျွန်တော်တို့က အဝကျွေးတာနော်”

“ဟုတ်ကဲ့ မေထက် အဝစားပြီးပါပြီ”

“ပြောမနေနဲ့ ဒေါက်တာရေ၊ မေထက်က ခေါက်ဆွဲစားရ… လွှမ်းတတ်လို့”

“အို…. နေခြည် ဘာတွေလျှောက်ပြောနေတာလဲ”

မေထက်၏ ထိတ်ထိတ်ပျာပျာ တားမှုကြောင့် နေခြည်… တိတ်တိတ်ပဲ နေလိုက်တော့သည်။

ရန်ပိုင်ထွန်းက နေခြည့်အပြောကို နားမရှင်းလိုက်ပေမယ့်… မေထက်၏ မသိစေချင်သော အမူအရာကြောင့် ထပ်မမေးဖြစ်… တော့။

“ခင်ဗျားတို့ ဖြည်းဖြည်းမှ ပြန်ပေါ့။ အိမ်က အနီးလေး… ဟာ”

“နေခြည်က ဖြစ်ပါတယ်။ ဟောဒီ မေထက်ကသာ”

“ဩော်… မေထက်မှာ ကိစ္စရှိလို့လား”

“ဟင့်အင်း… မရှိပါဘူး”





သည်တစ်ခါလည်း မေထက် ခပ်သွက်သွက် ငြင်းမိပြန်သည်။

နေခြည်တစ်ယောက် ဘယ်လိုဖြစ်နေမှန်းကို မသိဘူး။

ဒေါပွစွာ တွေးဖြစ်သည်။

မေထက်နှင့် နေခြည် ဆက်တိုင်နေဖြစ်ကြ၏။

ကြာတော့ မေထက် ပျင်းလာရသည်။

မေထက်အကျင့်က သည်လိုပါပဲ။ သူများအိမ်မှာ ကြာကြာ မနေတတ်။

“မနေခြည် ဖုန်းလာတယ်။ အိမ်မှာ ဧည့်သည်ရောက်နေတယ်တဲ့”

အမျိုးသမီးတစ်ဦးက နေခြည်တို့နား လျှောက်လာရင်း ပြော၏။

မေထက် ဖျတ်ခနဲ ပျော်သွားရသည်။

အတင်းတားနေကြတော့ ထပြန်ရမှာ အားနာနေမိသည်။

ခုတော့ အကြောင်းကောင်း ပေါ်လာပြီဆိုတော့…

“နေခြည် ပြန်မှာလား”

ရန်ပိုင်ထွန်းက နေခြည့်ကို စေ့စေ့ကြည့်ရင်း မေးလိုက်သည်။

“ခဏပြန်မယ်လေ၊ ပြန်လာခဲ့မယ်လေ၊ သိပ်မကြာပါဘူး။ …မေထက်စောင့်နေနော်”

“ဟာ… နေခြည်၊ မေထက်လည်း ပြန်လိုက်ခဲ့မယ်”

www.burmeseclassic.com

www.burmeseclassic.com



မေထက် ဟန်ဆောင်ဖို့ပင် စိတ်မကူးတော့။ ထိုင်နေရတာ ငြီးငွေ့ လှပြီ။

"မေထက်ကလည်း ကလေးလေးလိုပဲ"

နေခြည့်အသံတွင် စိတ်တိုသံလေး စွက်နေသည်မို့ မေထက် ဘာမှ ထပ်မပြောတော့။

မေထက်ကို ဘာလို့ သည်မှာ နေစေချင်ရတာလဲ။

မစဉ်းစားတတ်အောင် ဖြစ်နေမိသည်။

စိတ်ဆိုးဆိုးနှင့် မေထက် ထိုင်နေမိသည်။

နေခြည့်ကိုလည်း လှည့်မကြည့်တော့။ ခြံအပြင်ဘက်ကို အကြာကြီး ငေးနေမိသည်။

ကားတွေက ဝင်လာလိုက်၊ ထွက်သွားလိုက်။

လူတွေက လှုပ်လှုပ်ရှားရှား။

မေထက်တစ်ယောက်သာ နေရာမှ မလှုပ်မယှက် ငြိမ်ငြိမ်သက်သက်။

နေခြည် သူမနားမှ ထွက်သွားကတည်းက မိမိလည်း သူမနားမှ ခွာလာခဲ့၏။

သူမက ခြံအပြင်သို့သာ တွေတွေလေး စိုက်ကြည့်နေသည်။

မေထက် ဧည့်သည်များကို ကြိုဆိုနှုတ်ဆက်နေသော သူ့ကို တစ်ချက် လှမ်းကြည့်လိုက်သည်။

ကောင်မလေး ချောချောများက သူ့ကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။





မေထက်က တစ်ချိန်လုံး ထိုင်နေ၍ သူ့အပေါင်းအသင်းပေါများပုံကို တွေ့မြင်နေရသည်။

ဧည့်သည်များက မေထက်ကို ကွက်ကြည့်ကွက်ကြည့်နှင့်မို့ မေထက် အသက်ရှူမချောင်ဖြစ်နေရသည်။

ရန်ပိုင်ထွန်း ဖေဖေနှင့်မေမေက မေထက်ကို လက်ညှိုးညွှန်ရင်း ပြောပြနေ၍ အခုလို ကြည့်ကြခြင်းပင်။

မေထက်က စာရေးဆရာ မဟုတ်လား။ ပြီးတော့ ဆရာဝန်မလေး။

"မေထက်"

"ဘာလဲ ကိုခ၊ အယ်…"

မေထက် ယောင်ယမ်းမေးပြီးမှ လန့်ဖျပ်ကာ သူ့ကို မော့ကြည့်မိသည်။

"မေထက် ပျင်းနေပြီထင်တယ်"

"ရပါတယ်"

သူနှင့် မေထက်က သူစိမ်း။ အမှန်အတိုင်းပြောဖို့ မေထက် အားနာရပါမည်။

ရန်ပိုင်ထွန်း ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

ခံစားမှု ကင်းမဲ့သောမျက်နှာလေးကို ရူးရူးငေးငေး သူကြည့်မိရပြန် ပြီ။

ကိုခ…တဲ့။

အဲဒါ ဘယ်သူလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုခဆိုတာ ဘယ်သူလဲလို့ မေးပစ်လိုက်ချင်သည်။

ဖြစ်ပါ့မလား၊ သင့်ပါ့မလား။

ရန်ပိုင်ထွန်း သက်ပြင်းတစ်ချက် မှုတ်ထုတ်မိ၏။

မေထက် သတိတရနဲ့ တမ်းတမ်းစွဲစွဲဖြစ်နေတာ ဘယ်သူပါလိမ့်။

မေထက် ချစ်သူများလား။

သည်အတွေးကြောင့် သူ့ရင် လှုပ်ရှားသွားရ၏။

"မေထက်... အအေးသောက်မလား။ သောက်နော်"

သူက ထိုင်ရာမှ ဖျတ်ခနဲထပြီး ထွက်သွားသည်မို့ မေထက် တားချိန်ပင် မရလိုက်။

မေထက် ဒေါပွသွားရသည်။

အစကတည်းက တိုချင်နေသောစိတ်တို့က သူ့အပြုအမူကြောင့် ပိုတိုသွားရပြီ။

မေထက် ဆန္ဒကိုမေးဖို့ မသင့်ဘူးလား။

သူက လီမွန်ဘာလီနှစ်ခွက်နှင့် ပြန်ရောက်လာသည်။

"မေထက် သောက်လေ"

"ဘယ်သူက ရှင့်ကို သောက်မယ်ပြောလို့လဲ"

"ဗျာ..."

အသားလွှတ်ကြီးပါလား။ စွတ်ဟောက်နေသော မဒီကို ရန်ပိုင်ထွန်း ပြုံးကြည့်မိသည်။

"ခင်ဗျား ပျင်းနေတယ် မဟုတ်လား"





"အအေးသောက်ရင် အပျင်းပြေလို့လား"

မေထက်၏ ခနဲ့တဲ့တဲ့အသံတွင် မကျေနပ်မှုတွေက ထင်းထင်းကြီး ပေါ်လွင်နေသည်။

"အပြောင်းအလဲ ဖြစ်တာပေါ့ဗျာ"

"မေထက် မသောက်ချင်ဘူး"

"ရပါတယ်၊ မေထက် သဘောလေ"

သူက မေထက်ကို ဘာမှမပြောဘဲ ခုံမှာ ပြန်ထိုင်လိုက်၏။

အအေးကို ငြိမ်သက်စွာ သောက်နေသည်ကိုကြည့်၍ မေထက် သက်ပြင်းချမိသည်။

သူက တကူးတကယူလာပြီးမှ မေထက် မသောက်တော့ ရှိုင်းနေမည်ပေါ့။

အားလုံးကို အရှုံးပဲ ပေးနေရတော့မှာလား။

အခုတလော မေထက် စိတ်တိုနေတတ်သည်။

ဘာရယ်မဟုတ်။ မျက်ရည်များက မျက်ဝန်းတွင် အိဝိုင်းသွားရသည်။ ပြီးတော့ လီမွန်ဘာလီကို ကောက်ယူကာ တစ်ချက် မော့ချလိုက်၏။

ရင်ထဲမှာ အေးခနဲဖြစ်သွားပေမယ့် ခေါင်းက ကြည်လင်သွားခြင်း မရှိ။

ရန်ပိုင်ထွန်း မေထက်ကို အံ့အားသင့်စွာ ကြည့်မိသည်။

ခုနတုန်းက မသောက်ဘူးဆို။

ကြောင်ငေးငေးအကြည့်ကို မေထက် မသိချင်ယောင်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်နေလိုက်ရသည်။

"ခင်ဗျား စိတ်ဆိုးနေတာလား"

"မဟုတ်ပါဘူး၊ နေခြည် ပြန်လာရင် ပြောလိုက်ပါနော်၊ မေထက် ပြန်သွားပြီလို့"

"ခင်ဗျား သူ့ကို မစောင့်တော့ဘူးလား"

"ဟင့်အင်း..."

မေထက် နေရာမှ ထသည်။

"ခင်ဗျားတစ်ယောက်တည်း ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်"

သူက မေထက်ကို ခြံဝအထိ လိုက်ပို့ပေးသည်။ မေထက် ဘယ်သူ့ ကိုမှ နှုတ်မဆက်ချင်တော့။

မေထက် အပြုအမူက ကလေးဆန်လွန်းနေပြီလားလို့ တွေးမိတော့ မေထက် ရှက်သွားရသည်။

"မေထက် ဒီနေ့ စိတ်တိုနေတယ်။ မေထက် ပြန်ပါရစေ တော့"

"ရပါတယ်ဗျာ။ ကျွန်တော် မေထက် မျက်နှာကိုကြည့်ရင် သိပါ တယ်။ မေထက် ဒီနေ့ ဒေါသဖြစ်နေတာ သိသာပါတယ်လေ"

မေထက် မလုံမလဲပြုံးရင်း ခပ်သွက်သွက် ထွက်ခဲ့ပါသည်။

မေထက် ပြန်ပါရစေတော့တဲ့။

ရန်ပိုင်ထွန်း ရင်ထဲ ကြည်နူးမှု လှိုင်းကလေး ဖြတ်ပြေးသွား ရ၏။





သည်မိန်းကလေး ချစ်ဖို့ကောင်းတာ မငြင်းနိုင်။

မေမေက စာရေးဆရာမလေး ပြန်သွားပြီလားတဲ့။

ရန်ပိုင်ထွန်း ခေါင်းညိတ်ပြမိသည်။

ဖြစ်များဖြစ်နိုင်လျှင် မေထက်ကို သည်ခုံလေးမှာ တစ်သက်လုံး ထိုင်ခိုင်းထားချင်တယ်။

မေထက် သွားဖာင်းမှာစိုးလို့ မထိုင်ခိုင်းရက်ပြန်ဘူး။

သူနှင့် မေထက် အတူထိုင်ခဲ့သော စားပွဲလေးတွင် သူ ပြန်ထိုင်မိသည်။

ခက်ခက်ထန်ထန် မျက်နှာလေးနှင့် အလိုမကျ ပြောနေ ဟန်လေးများကို မြင်ယောင် ကြားယောင်နေမိ၏။

ငါ ဘာဖြစ်နေတာလဲ။

မေထက်ကို သည်တစ်ခါပါနှင့်မှ နှစ်ကြိမ်သာ တွေ့ဖူးသေး တာ။

သူ မေထက်ကို ဘာလို့ သည်လောက် ဂရုစိုက်နေမိတာလဲ။

မေထက် ချစ်စရာ ကောင်းလို့လား။

သူမ၏ စွဲမက်စရာ အရည်အချင်းနှင့် ဂုဏ်တို့ကြောင့်လား။

လုံးဝ မဟုတ်ရပါ။

❷



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဦးခ ရော့လေ"

ဖွေးက ကော်ဖီပန်းကန်လုံးကို ဦးခအား လှမ်းပေးလိုက်သည်။

"အား... ဖွေးက တကယ်တော်တာပဲ"

ကော်ဖီကို ငုံ့သောက်ရင်းမှ လူခ ချီးကျူးစကား ဆိုမိသည်။

"ဖွေးက ထမင်းဟင်း ချက်တတ်လား"

"ချက်တတ်သားပဲ"

သည်နေရာမှာတော့ အဒေါ်နှင့်တူမ ကွာသွားပြီဟု နားလည်လိုက်၏။

မေထက်က ဘာမှ မချက်တတ်။

"ဖွေးက မုန့်မျိုးစုံလည်း လုပ်တတ်တယ်ရှင့်။ ယင်းမာတို့ကို အမြဲ လုပ်ကျွေးနေကျ"

"တယ်ဟုတ်ပါလား"





လူခ ဖွေးမျက်နှာ ဖြူဖြူသွယ်သွယ်လေးကို ငေးကြည့်မိ၏။

ရဲရဲစိုနေသော နှုတ်ခမ်းနှစ်မွှာကို အကြည့်အရောက် လူခရင်ထဲ လှုးခနဲ ဖြစ်သွားရသည်။

မေထက်နဲ့အတူဆုံးက အဲသည့်နှုတ်ခမ်း နီစွေးစွေးလေးပါပဲ။

"ဖွေးကို ချက်ဖို့ပြုတ်ဖို့ ဘယ်သူ သင်ပေးတာလဲ"

"ဒေါ်လေးထက်ပေါ့"

"မေထက်၊ မေထက် သင်ပေးတာ ဟုတ်လား"

"အင်း... ဒေါ်လေးထက်က အမြဲပြောတယ်၊ မိန်းမဆိုတာ အိမ်တွင်းမှုအတတ် အားလုံး တတ်ထားရမယ်တဲ့။ လုပ်တာမလုပ်တာက တစ်ပိုင်း၊ တကယ်အရေးကြုံလာရင် လုပ်နိုင်အောင် တတ်ထားဖို့ လိုတယ်တဲ့"

"ဪ..."

"ဒေါ်လေးထက်က အချက်အပြုတ်တင် တတ်တာ မဟုတ်ဘူး၊ သီးမွှေးထိုးတာတို့၊ ပန်းထိုးတာတို့၊ ရက်ကန်းတောင် ရက်တတ်သေးတယ်။ ပြီးတော့ အခုခေတ်စားနေတဲ့ ပန်းအိုးထိုးနည်းတွေလည်း တတ်တာပဲ။ အဲဒါ တွေတော့ ဖွေးကို မသင်ပေးသေးဘူး။ ဆယ်တန်းကျောင်းပိတ်မှတဲ့"

လူခ ဘာမှ မပြောဘဲ တိတ်လို့သာ နေမိသည်။

"ဒေါ်လေးနွေက တကယ်အချက်အပြုတ်ကောင်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



မေထက် သင်မထားဘူးလား"

"ဟင့်အင်း..."

"ဘာလို့ မသင်တာလဲ"

"ချက်တတ်ရင် ချက်မိမှာစိုးလို့"

"ဟ... တယ်ကောင်းတဲ့ စိတ်ကူးပဲ"

"အင်းလေ... မတတ်တော့ မလုပ်မိဘူး။ မကောင်းဘူးလား"

"မေထက် တကယ် မချက်တတ်ဘူး ဟုတ်လား"

"အင်း... အဟုတ်ကို မချက်တတ်တာ"

မေထက်နှင့်သူ အပြန်အလှန် ပြောခဲ့ကြသည့်စကားများ အတွေးထဲ ပြန်ရောက်လာသည်။

"ဦးခ..."

"ဟင်"

"ဖွေးတို့အိမ် လာလည်ဦးလေ"

"ဦးခ အားတော့မှ"

ဖွေးက နှုတ်ခမ်းလေးမဲ့ရင်း တစ်ဖက်သို့ လှည့်သွားသည်။ အလိုမကျသည့်ဟန်။

လူခနှင့် ဖွေးတို့ ရင်းနှီးမှုက တစ်စတစ်စ များပြားလာခဲ့သည်။

ဖွေးက ယင်းမာတို့အိမ်လာတိုင်း လူခဆီ ဝင်လာတတ်၏။ လူခကို ကော်ဖီဖျော်တိုက်တတ်သည်။





မုန့်ဆန်းဆန်းလေးများကို လည်း ယူလာတတ်၏။

လူခ ဂျူတီပြီးသည်နှင့် အိမ်ပြန်တတ်နေပါပြီ။

ဖွေးကို သံယောဇဉ်ဖြစ်နေခြင်းလား။

သူမဝေခွဲတတ်။ ဖွေး မလာသည့်နေ့ဆို သူ မနေတတ်...ဘာ အမှန်။

ဖွေးကို မသိမသာ မျှော်နေမိသည်။

ဖွေးက လိမ္မာလွန်းသည်။

လူခဆီကို တစ်ဦးတည်း ဘယ်တော့မှ လာလေ့မရှိ။

သူငယ်ချင်းတစ်ဦးမဟုတ်တစ်ဦး ပါလာတတ်သည်။

ဖွေး မျက်လုံးလက်လက်ကလေးများက သူ့ကို ဂရုတစိုက်ရှိမှန်း သိသာလွန်းသည်။

ဦးခ ခေါင်းလေးကိုပင် လူခ နှစ်ခြိုက်နေမိပြီကော။

"ဒီနေ့ ယင်းမာတို့အိမ် သွားချင်တယ်ဆိုပြီး မနည်းကြီး ပြောယူရတာ ဦးခရဲ့။ ဒေါ်လေးထက်က သိပ်မလွှတ်ချင်ဘူး"

"ဘာလို့လဲ"

"ဖွေးကို စိတ်မချလို့ နေမှာပေါ့"

"ဖွေးက စိတ်မချရရောဖြစ်အောင် နေတာကိုး"

"ဟင်... ဖွေး ဘယ်လိုနေလို့လဲ"

"အခု ဖွေး ဘယ်ရောက်နေသလဲ။ ဖွေးအိမ်မှာ ပြောခဲ့တဲ့ နေရာနဲ့ ရောက်နေတဲ့နေရာ တူရဲ့လား"

"ဒါကတော့..."



www.burmeseclassic.com

www.burmeseclassic.com



ဖွေး မျက်ဝန်းနက်နက်တွင် မျက်ရည်စတို့ ပြည့်တက်လာရ၏။

ဦးခရယ်...

ဖွေးကို အထင်သေးနေပြီလား။

ဦးခကို မမြင်ရရင် ဖွေး မနေနိုင်လို့ လာမိတာ။

သည်အိမ်ကလွဲရင် ဖွေး ဘယ်အိမ်မှ မသွားတတ်ပါဘူး။

ဖွေး သူ့ကို ရင်ထဲတွင် ဝမ်းနည်းမှုနှင့် နာကြည်းမှုတို့က ရောပြွန်း နှိပ်စက်နေကြသည်။

ဖွေး အနေအထိုင်က ဖွေးကို အထင်အမြင် သေးစေပြီကော။

ငြိမ်သက်၍ တွေဝေသွားသော ဖွေးကို လူခ ကြည့်သည်။

"ဖွေး..."

"ဟင်..."

ယင်းမာက ဖွေးကို ခေါ်လိုက်၏။

"တို့ ပြန်ကြရအောင်၊ တော်ကြာ မမီဘဲ နေဦးမယ်"

"ဘယ်သွားကြမလို့လဲ"

လူခ မနေနိုင် မထိုင်နိုင် ဝင်မေးဖြစ်ပြန်သည်။

"မင်္ဂလာဒုံကကား ကောင်းတယ်ဆိုလို့ သွားကြည့်မလို့"

မင်္ဂလာဒုံအထိ ရုပ်ရှင်သွားကြည့်ကြမလို့ကိုး။

"နှစ်ယောက်တည်းလား"

"အင်း... ယင်းမာတို့ သွားနေကျပဲ"





ဖွေး သူတို့စကားများကို စိတ်မဝင်စားနိုင်တော့။

လူခ မျက်နှာကိုသာ ငေးစိုက်ကြည့်နေမိသည်။

ဦးခရယ်၊ ဖွေး ဦးခဆီ မလာမိအောင် ထိန်းပါတော့မယ်။

ဖွေးဘာသာတစ်ယောက်တည်းပဲ ကျိတ်မှိတ်ခံစားတော့မယ်။

ဦးခက ဖွေး အကြင်နာတွေကို လျစ်လျူရှုနိုင်လိုက်တာ။

ဖွေးရဲ့ တွယ်တာမှု တစ်စွန်းတစ်စ စကားကိုတောင် သတိထားမိဘူးတဲ့လား။

ငိုချင်စိတ်ကို အနိုင်နိုင် ထိန်းနေရသည်။

"ဦးခလည်း လိုက်ခဲ့မယ်လေ။ ရထားနဲ့ သွားတာပေါ့"

"ဦးခ တကယ်ပြောတာလား။ အဲဒါဆို ပျော်စရာကြီး"

ယင်းမာက အားတက်သရော ပြောနေပေမယ့် ဖွေးက တော့နှမလှုပ်။

"ဖွေး ဦးခလည်း လိုက်ခဲ့မယ်တဲ့"

"အင်း..."

သည်လိုနှင့် ဖွေးတို့သုံးဦး ထွက်ခဲ့ကြသည်။

"ရထားစီးရတာ တကယ်ပျော်ဖို့ ကောင်းတယ်နော်"

"အင်း..."

ခါတိုင်းအချိန်ဆို ဖွေး အရမ်းပျော်နေမိမှာ။

ဦးခနဲ့ ဖွေး ခုလို လည်ပတ်သွားလာခွင့် ရလိမ့်မယ်လို့ ဖွေး ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ရဲပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဖွေး…"

"ဘာလဲ ယင်းမာရဲ့"

"နင်က စကားလည်း မပြောဘူး။ ဘာဖြစ်နေတာလဲ"

"ဘာမှ မဖြစ်ပါဘူးဟာ၊ ငါ စိတ်ညစ်နေလို့"

"ဟွန်း… ကြီးကျယ်လို့"

ယင်းမာ မကျေမနပ်နှင့် တစ်ဖက်ကို လှည့်သွားပေမယ့် ဖွေးမချော့မိ။

ရုံထဲမှာ ထိုင်မိကြတော့ ယင်းမာက အစွန်ခုံ။ အလယ်မှာ ဖွေး၊ ဘေးမှာ လူခ။

"ဖွေးတို့ မုန့်မစားကြဘူးလား။ လာလေ မုန့်သွားဝယ်ရအောင်"

"ဖွေး မလိုက်ချင်ဘူး။ ဦးခနဲ့ ယင်းမာသွား"

ဖွေးတစ်ယောက်တည်း ရုံထဲတွင်ထိုင်ရင်း ကျန်ရစ်ခဲ့သည်။

သည်နေ့လောက် ဖွေး တစ်ခါမှ ဝမ်းမနည်းဘူး။ စိတ်မကောင်း မဖြစ်ဘူးပါ။

ဖွေးကို အဲသည်လောက်ကြီး မပြောသင့်ပါဘူး ဦးခရယ်၊

ဖွေး ဦးခဆီလာတာ ဦးခကို ချစ်လို့ပဲ။

ဟန်မဆောင်နိုင်အောင် ချစ်နေမိတာ ဖွေး မှားနေသလား။

မာနမရှိတဲ့အချစ်မို့ တန်ဖိုးနည်းနေတာ ဖွေး သိပါတယ်၊

ဒါပေမယ့် ဦးခအပေါ်မှာ ဖွေး ဘာမာနမှ မထားချင်ဘူး။

"ရော့… ဖွေး"





ယင်းမာက မုန့်တွေ အများကြီး လက်ထဲထည့်ပေးလာသည်။

အချဉ်ထုပ်တွေကလည်း မနည်း။

တစ်ချိန်လုံး ငြိမ်သက်နေသော ဖွေးကို လူခ ငုံစောင်းကြည့်မိသည်။

ဖွေးက သူ့ကို ကြည့်မနေ။ ပိတ်ကားပေါ်မှာသာ အာရုံရောက်နေပုံပင်။

မုန့်များကလည်း ဖွေးလက်ထဲမှာ သည်အတိုင်း။

"ဖွေး"

"ဟင်…"

"အချဉ်ထုပ်တွေ မစားဘူးလား"

"စားမှာပေါ့"

ဖွေးက တစ်ခွန်းပဲ ပြန်ဖြေပြီး ယင်းမာပခုံးပေါ် ခေါင်း ာလေး တင်ထားလိုက်၏။

"ဖွေး နင်ဖျားနေပြီ ထင်တယ်"

"ရပါတယ်ဟာ၊ နည်းနည်းလေးပါ"

"ဖွေး ဖျားနေပြီ ဟုတ်လား"

လူခ အံ့ဩစွာ ဆိုမိသည်။

ဖွေးက ကိုယ့်ကိုကိုယ် ဒေါပွနေမိသည်။

ဘာလို့ ဖျားရတာလဲ။

မျက်လုံးများက တရှိန်းရှိန်း ပူတက်လာသည်ကို ဖွေး သတိ းမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်မလားဟင် ဖွေး"

"ရတယ် ယင်းမာ၊ ပြီးတော့မှာပဲဟာ"

"ဘယ်ဟုတ်မလဲ လာ ပြန်ကြမယ်"

လူခက မတ်တတ်ရပ်ပြီး ထွက်သွားသည်။

ဖွေးတို့နှစ်ယောက်လည်း သွက်သွက်ကလေး နောက်မှ လိုက်ခဲ့ရ၏။

"ဖွေး နင် ချမ်းနေပြီလား"

"မချမ်းပါဘူး"

ပြောသာ ပြောနေရသည်။ ဖွေးတစ်ကိုယ်လုံး တစစ်စစ် ကိုက်ခဲနေ၏။

ဖွေး အိမ်မြန်မြန်ရောက်ပါစေဟုသာ ဆုတောင်းနေမိသည်။

လူက ကောင်းကောင်းပင် မရပ်နိုင်တော့။

"ဖွေး အိမ်ရောက်ရင် အိပ်ပစ်လိုက် ကြားလားဟဲ့"

ယင်းမာက အကြံပြုသည်။

"နင့်အဖျားက နှစ်ရက်တောင် ခံမှာမဟုတ်ပါဘူး။ နင့်အဒေါ်က ဆရာဝန်ပဲ။ နောက်ဆို ဦးလေးကလည်း နိုင်ငံခြားပြန် ဆရာဝန်ကြီးဆိုတော့ နင် ဖျားရဲမှာတောင် မဟုတ်ဘူး"

"ယင်းမာ ဘာတွေ လျှောက်ပြောနေမှန်းကို မသိဘူး"

ဖွေး နေမကောင်းချိန်မို့ စိတ်တိုနေရသည်။

ဒေါက်တာရန်ပိုင်ထွန်း ဖွေးတို့အိမ်ကို လာလည်သည်ကို မြင်၍ ယင်းမာက စခြင်းပင်။





ယင်းမာစကားကြောင့် လူခ ဆတ်ခနဲ ဖြစ်သွားရသည်။

နိုင်ငံခြားပြန် ဆရာဝန်ကြီးဆိုတာ ဘယ်သူလဲ။

မေထက်နဲ့ ဘယ်လိုပတ်သက်နေလို့လဲ။

စိတ်ထဲက သိချင်သော်လည်း ဘာမှ မမေးမိ။

ဖွေးကို ယင်းမာက အိမ်တိုင်ရာရောက် ပြန်ပို့ပေးသည်။

လူခ အိမ်ပြန်ရောက်တော့ စောစောတုန်းကလို စိတ်တွေ ကြည် လင်မနေတော့။

မေထက် လက်ထပ်တော့မှာလား။

မေထက် သူ့ကို တကယ်မုန်းသွားပြီပဲဟု တွေးမိသည်။

သူလည်း မေထက်ကို မေ့နိုင်ဖို့ ကြိုးစားရပါဦးမည်။

သည်နေ့ ဖွေး ဘာလို့ ငြိမ်နေတာပါလိမ့်။

ေနမကောင်းလို့ဖြစ်မှာပါဟု လူခ ဖြေသိမ့်စွာ တွေးလိုက်မိသည်။

❷



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၃)

"ယင်းမာ ဖွေး မလာဘူးလား"

"ဟာ... ဦးခ လာလေ၊ အိမ်ထဲဝင်ပါဦး။ ဖွေး မလာဘူး"

လူခ ယင်းမာတို့အိမ်ဘက်သို့ လျှောက်လာရင်း မေးမိသည်။

ဖွေး သူ့ဆီမရောက်လာသည်မှာ ဆယ်ရက်ခန့်ပင် ရှိလေပြီ၊

ဖွေး နေမကောင်းသေး၍လား။

သူ ဖွေးကို မျှော်လင့်နေပေမယ့် ဖွေးက ပေါ်မလာခဲ့။

"ဖွေးလည်း ဘာဖြစ်နေမှန်းကို မသိဘူး။ ယင်းမာဆီလည်း မလာဘူး။ ကျောင်းလာတက်ပြီးတာနဲ့ ပြန်သွားရော"

"ကျောင်းလာတက်တယ် ဟုတ်လား"

"အင်း"

"နေကောင်းသွားပြီပေါ့"

"နေကောင်းတာ ကြာလှပြီပဲ"





"ဟုတ်လား"

ယင်းမာ စားပွဲပေါ်ရှိ စာအုပ်တစ်အုပ်ကို လှမ်းယူလိုက်သည်။

"ယင်းမာတောင် လာတော့မလို့၊ ဖွေးဆီက ခဏငှားလာတာ"

သူ ဖွေးစာအုပ်ကို ယူကြည့်မိသည်။ လက်ရေးဝိုင်းစက်စက်လေးများက ညီညီညာညာ သပ်သပ်ရပ်ရပ်။

စာအုပ် နောက်ဆုံးစာရွက်တွင် မင်နီလေးဖြင့် ဘောင်ခတ်ပြီး ရေးထားသော စာသားလေးများကို လူခ ဖတ်ကြည့်မိ၏။

သူကျေနပ်ရင် ကျေနပ်တယ်တဲ့။

ခေါင်းစဉ်လေးက တစ်မျိုးပဲ။

*သူ...*

*သူလိုချင်တာ ပေးချင်တယ်။*

*သူ့အတွက်ဆို ဘာပဲ လုပ်ပေးရ လုပ်ပေးရ။*

*သူ့ဆန္ဒတွေပြည့်ရင် ပျော်ပါပြီ။*

*သူ မကြင်နာ မုန်းသွားလဲ။*

*သူ ကျေနပ်ရင် ကျေနပ်တယ်။*

*သူ...*

*ခန့်ခန့်ထည်ထည် သူ့မျက်နှာနဲ့*

*ထွားထွားကျိုင်းကျိုင်း သူ့ခန္ဓာကိုယ်*



www.burmeseclassic.com

www.burmeseclassic.com



*မြင်လိုက်ရရင် ရင်ခုန်တယ်။*
*ရင်ခုန်သံကို မကြားသလို*
*ဥပေက္ခာပြုရက်လည်း*
*သူ ကျေနပ်ရင် ကျေနပ်တယ်။*
*သူ…*
*သူရယ်*
*သူ ကျေနပ်ရင် ဖွေး ကျေနပ်ပြီးသားပါ။*

လူခ နောက်တစ်ခေါက် ပြန်ဖတ်မိသည်။
ဖွေး ဘာတွေ ရေးထားတာပါလိမ့်။
လူခ နားမလည်။
"ဦးခ"
"ဟင်"
"ယင်းမာ ဖွေးဆီကို ဖုန်းဆက်ပေးရမလား"
"နေပါစေကွာ။ ကိစ္စထွေထွေထူးထူးမှ မရှိဘဲ"
လူခ တကယ်လည်း ဖွေးနှင့် မတွေ့ချင်။
ဖွေးအသံကိုလည်း မကြားချင်တော့။
ဖွေးနှင့် သူ ဝေးဝေးနေတာပဲ ကောင်းပါလိမ့်မည်။
"ကဲ… ဦးခ ပြန်မယ်"
"ဟုတ်ကဲ့"

ယင်းမာတို့အိမ်မှ ပြန်လာခဲ့ရသော်လည်း လူခ စိတ်ထဲ ရှုပ်ထွေးနေရသည်။





သူကျေနပ်ရင် ကျေနပ်တယ်တဲ့။ ဖွေးမှာ ချစ်သူရှိနေပြီလား။

ထိုက်ဦးဆိုသည့် ချာတိတ်သည် ဖွေး ရည်းစားများလား။
မဝေခွဲတတ်နိုင်အောင် ရှိသည်။

မေထက်နှင့် ဖွေးကို မေ့ထားနိုင်ဖို့ အလုပ်ထဲမှာ စိတ်နှစ်ထားရပါမည်။

"ဦးခ"

လူခ နောက်ကို ဖျတ်ခနဲ လှည့်ကြည့်မိသည်။

"ဟင်… ဖွေး"

"ဟုတ်တယ်လေ ဖွေးပါ။ အခုပဲ ဦးခ လာသွားတယ်လို့ ယင်းမာ ပြောတာနဲ့ ဖွေး နောက်ကပြေးလိုက်လာတာ။ အား မောသွားတာပဲ"

ဖွေးက နဖူးရှိ ချွေးစကလေးများကို လက်ကိုင်ပဝါနှင့် သုတ်ရင်း လူခကို ပြုံးပြသည်။

"ဖွေး မလာတာ ကြာပြီနော်။ နေကောင်းသွားပြီလား"

"အင်း…, ကောင်းသွားပါပြီ"

"ဖွေး ထမင်း စားပြီးပြီလား"

"ဟင့်အင်း၊ အစောကြီး ရှိသေးတာကိုး"

ဖွေးက ခုထိ အမောမပြေသေး။

ဖွေး ယင်းမာဆီရောက်တော့ 'နင့် ဦးခ ခုပဲ လာမေးသွားတယ်'တဲ့။

ဦးခက ဖွေးကို လာမေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖွေး မယုံလိုက်တာ။

ဒါပေမယ့် ယင်းမာ စနေတာ မဟုတ်မှန်း သိသည်မို့ ယုံလိုက်ရသည်။

တင်းထားသော စိတ်တွေ ဦးခ လာမေးသည်ဆိုရုံနှင့် အကုန်လုံး လျှော့ကျကုန်သည်။

ဖွေး ဦးခဆီ မသွားမိအောင် ဘယ်လောက်ကြိုးစားရသလဲ။

ဦးခ ဖွေးကို အရေးထားသားပဲ။

သည်အတွေးနှင့်အတူ ဖွေး မြူးသွားရသည်။

"ဦးခ မြို့ထဲမှာ ထမင်း သွားစားမလို့။ ဖွေး လိုက်မလား"

ဖွေး ဘယ်လို ပြန်ဖြေရမှန်း မသိ။

လိုက်ချင်လိုက်တာမှ တစ်ပိုင်းသေနေတာ မဟုတ်ဘူး။ တစ်ကိုယ် လုံး သေနေတာ။ ဖွေးကိုယ် ဖွေးအသိဆုံး။

သို့ပေမယ့် ဦးခ အထင်သေးမှာ ဖွေးကြောက်သည်။

ဖွေးကို နာအောင်ပြောထည့်လိုက်မှာ ဖွေး စိုးရိမ်မိ၏။

"ဖွေး လိုက်မှာလား"

"ဦးခက ဖွေး လိုက်ခဲ့ရင် အထင်သေးမှာလား"

"ဟ... အဲဒါ ငါ့ကို မေးရသလား။ နင့်ဘာသာ စဉ်းစားရမယ့် ကိစ္စကို"

"ဖွေး မစဉ်းစားတတ်လို့ပေါ့"

"ကောင်းတယ်။ ဖွေးကို လူတစ်ယောက်က ခိုးရာလိုက်ဖို့ ခေါ်လည်း အဲဒီလိုမေး၊ ကြားလား"





"ဦးခရယ်... ဖွေးကို အဲဒီလို မပြောပါနဲ့"

ကြေကွဲဆို့နင့်စွာပြောလာသော တုန်တုန်ယင်ယင် အသံလေးကြောင့် လူခ ဘာပြောရမှန်းပင် မသိတော့။

"ဆောရီး ဖွေး၊ ဦးခ ဖွေးကို စတာပါကွာ"

"ဦးခ စတာ မဟုတ်မှန်း ဖွေး နားလည်ပါတယ်။ အဲဒါကြောင့် ဖွေး ဦးခဆီ မလာတာ ဖွေး ပြန်တော့မယ် ဦးခ"

ဖွေးက ဝမ်းနည်းစွာပြောရင်း ရပ်နေရာမှ ချာခနဲလှည့်ကာ ထွက် သွားသည်။

"ဖွေး..."

ဦးခ ခေါ်ပေမယ့် ဖွေး လုံးဝ လှည့်မကြည့်။

"ဖွေး... ဟိတ်"

ဦးခ ဖွေးနောက်မှ ပြန်လိုက်ခဲ့၏။ ဖွေးက ယင်းမာတို့ အိမ်ထဲ ဝင်ရောက် ပျောက်ကွယ်သွားသည်။

တော်ပါပြီ ဦးခရယ်။

ဖွေး နားလည်ပါပြီ။

တကယ်တော့ ဖွေး ရူးမိတာပါ။

ဦးခ ဖွေးကို လုံးဝ မချစ်ပါဘူး။ ဖွေးကို ချစ်ရင် သည်လို ပြောရက်မလား။ ပြောထွက်မလား။

ဖွေးကို နည်းနည်းလေးမှ ငဲ့ညှာမှု မရှိပါလား ဦးခရယ်။

ဖွေး မငိုမိအောင်ထိန်းရင်း ယင်းမာရှိရာ စာကြည့်ခန်းသို့ လျှောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်... ဖွေး၊ ဦးခနဲ့ မတွေ့ဘူးလား"

"ဟင့်အင်း..."

ဖွေး ယင်းမာကို ညာလိုက်ရသည်။

"ဖွေး စာတွေ ပိုင်နေပြီလား"

"အင်း... မဆိုးပါဘူး"

ဖွေးက အချိန်နှင့် စာမှန်မှန်ကြည့်သည်။ စာသင်နှစ်အစမှ အခုအထိ ဖွေး တစ်နေ့မပြတ် စာကျက်ခဲ့သည်။

အခုဆို ဖွေး စာတွေ ပိုင်သလောက်ရှိပေပြီ။

ဦးခကို သတိရရင် ဖွေး စာကိုပိုကျက်သည်။ ဦးခကို လွမ်းတိုင်း စာချည်း ဖိကျက်နေမိ၏။

လူခ ယင်းမာတို့အိမ်ထဲ ဝင်လာခဲ့သည်။

"ဖွေး"

"ဟဲ့ ဦးခ အသံပါလား၊ နင်နဲ့ မတွေ့ဘူးဆို"

ဖွေး ဘာမှ ပြန်မပြောဘဲ ငြိမ်နေမိသည်။

"ဖွေး... ခေါ်နေတယ်လေ"

"ခေါ်ပလေ့စေ။ ဖွေး ဦးခနဲ့ မတွေ့ချင်တော့ဘူး"

"ဘယ်လိုဖြစ်တာလဲ။ ယင်းမာ ဘာလုပ်ပေးရမလဲ"

"သွား ဧည့်ခံလိုက်ပေါ့"

"ခုန တစ်ခါ ဧည့်ခံပြီးပြီ"

ယင်းမာကိုကြည့်၍ ဖွေး ရယ်ချင်မိပြန်သည်။

ဖွေးကြောင့် သူခမျာ စာကျက်ပျက်ရသည်။





"ဖွေး လူကြီးက ဘာမှန်းလဲ မသိဘူး"

ယင်းမာက မကျေမနပ်ပြောရင်း ထွက်သွားသည်။

"ယင်းမာ... ဖွေး ရှိတယ်မဟုတ်လား။ ခဏလောက် ခေါ်လိုက်ပါ"

"ဖွေးက မတွေ့ချင်ဘူးတဲ့"

"ဟာ..."

ယင်းမာ စိတ်တိုနေ၍ ပြောချလိုက်တော့သည်။

"ဒါဆိုလည်း ကောင်းပြီ၊ ဦးခ ပြန်သွားပြီလို့ ပြောလိုက်"

လူခ လာရာလမ်းအတိုင်း ပြန်လျှောက်လာခဲ့၏။

စိတ်ထဲမှာ ဗလောင်ဆူနေရပြီ။

ဖွေးကိုလည်း ဒေါပွနေမိ၏။

အခုလို ဦးခ လှည့်ပြန်သွားတော့လည်း ဖွေး မနေနိုင်ပြန်။

ဦးခ စိတ်ဆိုးသွားမှာ စိုးထိတ်နေမိတော့သည်။

ယင်းမာက မျက်နှာပျက်ပျက်နှင့် ပြန်ဝင်လာသည်။

"ပြန်သွားပြီလား"

"အင်း..."

"ဖွေး လိုက်သွားရမလား"

"မသိဘူးလေ၊ ဖွေးတို့ဇာတ်လမ်းက ရှုပ်နေတာပဲ။ ယင်းမာ စိတ်ကုန်တယ်"

ဖွေး ခဏငြိမ်သွားသည်။

"ဖွေး လိုက်သွားမယ်"

"ဘယ်သွားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မြို့ထဲမှာ ထမင်းသွားစားမှာတဲ့"

"သွားချင်သွားပေါ့"

ဖွေး အပြေးအလွှား ဦးခနောက် လိုက်ခဲ့ရပြန်၏။

"ဦးခ"

ဖွေးအသံမှန်း သိပေမယ့် သူ လှည့်မကြည့်တော့။

"ဦးခ... ဖွေးကို စိတ်ဆိုးသွားတာလား"

သူ့အရှေ့မှ ကာဆီးရပ်၍ ငိုမဲ့မဲ့မျက်နှာလေးနှင့် မေးလာသူကို လူခ ကြည့်မိသည်။ သူ ဘယ်လောက်ကြာကြာ ကြည့်မိမှန်း မသိ။

ဖွေး ခေါင်းလေးငုံ့သွားမှ သူ သတိဝင်လာရသည်။

"အရူးမလေး"

ဖွေးခေါင်းလေးကို မနာအောင် ဘဖွဖွထုရင်း ခွင့်လွှတ်ပြုံးနှင့် ပြောလေသည်။

"လိုက်ခဲ့မယ် မဟုတ်လား"

ဖွေး ခေါင်းညိတ်ပြလိုက်သည်။

"နေဦး၊ ဦးခ ကားထုတ်လိုက်ဦးမယ်"

ဦးလေး ထားခဲ့သောကားကို ဂိုဒေါင်ထဲမှပင် မထုတ်ဖြစ်ခဲ့။

ခုတော့ ဖွေးလေးက ကားတိုးနိုင်မည် မဟုတ်။

ထို့ကြောင့် ကားထားရာ ဂိုဒေါင်သော့ကို ရှာရပြန်သည်။

ဖွေးက အိမ်ရှေ့ရှိ အုတ်ခုံပြာပြာလေးဝယ် ထိုင်နေ၏။

ဖွေး သိက္ခာရှိမှုကို သူ မြတ်နိုးသွားရ၏။





သူ့အပေါ် ကလေးလို ဆိုးသည်မှလွဲ၍ ဖွေးတွင် ကလက်တက်တက် အမူအရာမျိုး မတွေ့ရ။

"ဦးခ မပြီးသေးဘူးလား"

"ပြီးတော့မှာပါဟ"

စိတ်မရှည်သံလေးနှင့် လှမ်းအော်နေပြန်သည်။

"ကဲ... လာ တက်"

လူခ ရှေ့ကားတံခါးတစ်ဖက်ကို ဖွေး တက်နိုင်ဖို့ ဖွင့်ပေးလိုက်သည်။

ဖွေး ကားပေါ်ရောက်သည်နှင့် ကားလေးက ညင်ညင်သာသာ ထွက်သွားသည်။

ဖွေး ကားမောင်းနေသော ဦးခ မျက်နှာတည်တည်ကို ငေးကြည့်နေမိ၏။

သိပ်ချစ်တာပဲ ဦးခရယ်။

ဖွေးသာ ယောကျ်ားလေးဆို ဦးခကို ဖွင့်ပြောလို့ ရမှာပဲ။

ဟင်း... မဖြစ်သေးပါဘူး။ ဖွေးက ယောကျ်ားလေးဆို ဦးခက မိန်းကလေးဖြစ်သွားမှာပေါ့။

အတွေးနှင့်အတူ ဖွေးပြုံးမိသည်။

"ဟိတ်... ကောင်မလေး"

"အမယ်..."

ဖွေး လန့်သွားရသည်။

"ဘာတွေများတွေးပြီး ပြုံးနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း…"

ဖွေး အရှက်ပြေရယ်သွမ်းရင်း မျက်လုံးလေးမှိတ်ပြီး ကားကူရှင်ပေါ် ခေါင်းမှီထားလိုက်သည်။

"ဦးခ"

"ဟင်…"

"ဖွေးကို ရောက်ရင် နှိုးလိုက်နော်"

"မနှိုးဘူး။ ကားပေါ်မှာ ထားခဲ့မယ်"

"ထားခဲ့ပေါ့"

အချိန်အခါမဟုတ်ဘဲ မိုးဖွဲလေးများ ရွာကျလာသည်။

"ဟင်… မိုးရွာလာပြီနော်"

"အင်းလေ"

ဖွေး မျက်လုံးလေးဖွင့်ရင်း ကားမှန်ကို လာရောက် ရိုက်ခတ်သော မိုးပေါက်လေးများကို ကြည့်မိသည်။

ဦးခ အကြင်နာကလည်း အချိန်အခါမဟုတ်ရွာတဲ့ မိုးဖွဲလေးများလို ဖြစ်မှာ ဖွေး စိုးရိမ်လိုက်တာရှင်။

ဦးခ သည်နေ့ ဖွေးကို တော်မှတော်ဂရုစိုက်သည် မဟုတ်လား။

ဦးခရဲ့ အကြင်နာနွေးနွေးကို ဖွေးတစ်သက်လုံး ထာဝရချင်စမ်းပါဘိ။

"ဦးခ ဖွေးကို မချစ်ဘူးလား"လို့ ဦးခ ပခုံးကို ဆွဲယမ်းရင်း မေးချင်လိုက်တာနော်။





ဖွေးရင်ထဲမှာ တစ်အားပျော်မြူးနေရသည်။

လူခ သမ္မတရှေ့မှာ ကားရပ်လိုက်သည်။

"ဖွေး ဒီမှာပဲ စားရအောင်နော်။ အနီးဆုံးပဲ"

"အင်းလေ၊ ဦးခ သဘောပါ"

ဦးခက အရင်ဆင်းလိုက်သည်။

"ဖွေးကို ရေစိုတော့မှာပဲ"

"ရပါတယ် မိုးဖွဲလေးပဲဟာ"

ဦးခနှင့် ဖွေး သမ္မတဟိုတယ်၏ အပေါ်ထပ်ကို တက်ခဲ့ကြသည်။

ဦးခ စားစရာများကို မှာနေချိန် ဖွေး အပြင်ဘက်ကို ငေးနေမိသည်။

မဟာရာလမ်းမကြီးမှာ ကားရောင်စုံတို့က ပြေးလွှားနေသလို လူများကလည်း ဟိုမှသည်မှ သွားလာနေကြသည်။

ပြတင်းပေါက် လိုက်ကာ မိုးပြာရောင်လေးများကို ဖြတ်၍ ဖွေးလှမ်း မြင်နေရခြင်းပါ။

"ဖွေး…"

ဦးခကို ဖွေး မော့ကြည့်မိသည်။

ဖွေးနှင့် ဦးခက မျက်နှာချင်းဆိုင်အနေအထားမို့ ဖွေး မနေရဲအောင် ဖြစ်နေရသည်။

"ဖွေး စာတွေရပြီလား"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



လူခ ဖွေးကိုကြည့်ရင်း မေထက်နှင့် တစ်ခါမှ နဂါးနီ စားတော်ဆက်မှာ စားသောက်ခဲ့ကြတာကို ပြန်သတိရမိသည်။

"မေထက်ကော နေကောင်းရဲ့လား"

"အင်း... ဒေါ်လေးထက် နေကောင်းပါတယ်"

ဖွေးက သူမ၏ လက်သည်းချွန်ချွန်လေးများကို ငုံ့ကြည့်နေ၏။

မေထက်က သည်လိုလက်သည်းရှည်မထား။

ပြည့်ပြည့်ဖောင်းဖောင်း လက်ကလေးတွင် လက်သည်းလေးက တုံးတိတိနှင့် သန့်ရှင်းလွန်းနေသည်။

"ဖွေး လက်သည်းရှည် ထားတာလား"

"အင်း..., ဘာဖြစ်လို့လဲဟင် ဦးခ"

"ဘာမှ မဖြစ်ပါဘူး"

"ဦးခ မကြိုက်ဘူးလား ဟင်"

ဖွေးစကားကို သူ ဖြေရန်ခက်ခဲနေမိသည်။

သူ မနှစ်သက်တာမှန်ပေမယ့် ဖွေး သည်လက်သည်းလေးများကို ဘယ်လောက် တယုတယ ပြုစုထားရမလဲ။

"ကြိုက်ပါတယ်"

ဦးခအသံက အသက်မပါသလိုပဲဟု ဖွေး တွေးဖြစ်သည်။

"ဖွေးတို့ မြန်မြန်ပြန်ရအောင်နော်။ ဒေါ်လေးထက် မျှော်နေမှာ"

"အင်း..."





ဦးခရှေ့မှာ ဖွေး မစားတတ်ပါဘူး။

ဖွေး ရှက်လွန်းမှန်းသိ၍ ဦးခက ဖွေးကို စသည်။

"ဖွေး"

"ဟင်..."

"ဖွေးအိမ်မှာ အစားကြီးတာ ဦးခ သိပါတယ်နော်။ အားမနာနဲ့ စား"

"အို ဦးခကလဲ"

ဖွေးက ကမန်းကတန်း လက်စသတ်လိုက်ရသည်။

"ဖွေး ဝပြီလား"

"အင်း..."

ရှက်စိတ်ကြောင့် နီရဲသော ဖွေးမျက်နှာလေးက ချစ်စရာ။

လူခ သက်ပြင်းတစ်ချက်ကို မသိမသာ ချမိသည်။

သူ ဖွေးကို ချစ်နေပြီလား။

ဖွေးဘက်ကကော။

ဖွေး သံယောဇဉ်ကို ဖွေးမျက်လုံးလက်လက်များက ဖော်ပြနေသယောင်ယောင်။

လူခ ထိတ်လန့်သွားရသည်။

သူနှင့်ဖွေး ချစ်သွားပါက မေထက် ဘယ်လိုထင်လေမလဲ။

သူနှင့်ဖွေးကို မေထက် သဘောတူပါ့မလား။

အစတုန်းက ဘာရယ်မဟုတ်။ ဖွေးကို သူပေါ်ဖြေပေးသဘောထားခဲ့သည်။

မေထက်နှင့်တူလွန်းသော သူမမျက်နှာလေးကို သူ



www.burmeseclassic.com

www.burmeseclassic.com



အနားမှာ ရှိစေချင်ခဲ့သည်။

အခုတော့...

လူခ ဆက်မတွေးရဲတော့။

"ပြန်ရအောင်နော် ဖွေး"

"အင်း..."

သူ ဖွေးကို တစ်လမ်းလုံး စကားမပြောဖြစ်တော့။

သူ့ကိုယ်သူ အပြစ်ရှိသူနှယ် ခံစားရသည်။

ဖွေးက ဆယ်တန်းပင် မဖြေရသေး။

ဖွေး မျက်နှာ ဖြူဖြူစင်စင်လေးကို သူသနားလွန်းစွာ ကြည့်မိ၏။

ဖွေးလေးရယ်။

ဦးခကို ကလေး သံယောဇဉ်တွယ်နေပြီလားကွာ။

သည်အတွေးက ဦးခကို ရင်မောစေသည်။

မေထက်တို့ လမ်းထိပ်တွင် လူခ ကားရပ်လိုက်သည်။

"ဦးခ"

"ဟင်..."

"ဖွေး သွားတော့မယ်နော်"

"အင်း"

ဖွေးက သူ့ကို နှုတ်ဆက်ပြီး ကားပေါ်မှ ဆင်းသည်။

"ဖွေး ဦးခဆီ နောက်တစ်လလောက်နေမှ လာတော့မယ် နော်။ စာမေးပွဲ ဖြေရတော့မယ်"

"အင်း... ဖွေး စာကျက်တော့နော်။ စာမေးပွဲပြီးမှ ဦးခ တွေ့ရမယ်"





"အင်းပါ"

ဖွေးက သူ့ကို ကျောခိုင်းထွက်ခွာသွားပေမယ့် သူ ဖွေး နောက်ကျောပြင်ကို လိုက်ကြည့်နေမိသည်။

အဖြူရောင် ဝမ်းဆက်လေးနှင့် ဖွေးက ချစ်စရာလေးပါ။

ဖွေးက အဖြူရောင်ကို နှစ်သက်ပုံရသည်။ အမြဲတမ်း ဝတ်ဆင်လေ့ ရှိ၏။

မေထက်ရေ ကိုခကို ခွင့်လွှတ်ပါတော့။

ကိုခကို အပြစ်တင်ချင်လည်း တင်တော့။

ဖွေး ကိုခအပေါ် သံယောဇဉ် တွယ်လာအောင် ကိုခ နေခဲ့မိပြီ။

သည်သံယောဇဉ်ကို ဘယ်လိုဖြတ်ပစ်ရမလဲ။

သို့ပေမယ့် လူခ စဉ်းစားဖို့ အချိန်ရှိပါသေးသည်။

ဖွေး စာမေးပွဲဖြေနေစဉ် သူ့ဆီလာလိမ့်မည် မဟုတ်။

သည်တစ်လအတွင်း သူ ဖွေးကို မေ့ပစ်ရမည်။

ဖွေး၏ မေတ္တာတရားက ကြီးမားလွန်း၍လားမသိ။

သူ ဖွေးကို သနားနေမိသည်။

အပြစ်ကင်းလှသော ဖွေး၏ မျက်နှာရှင်းသန့်သန့်ကို သူ မေ့နိုင်ဖို့ မလွယ်။

ဦးခကို ခွင့်လွှတ်တော့ကွာ။

ဖွေးနဲ့ ဦးခ မတန်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"ဟာ... ဦးရန်ပိုင်၊ လာလေ"

ဒေါက်တာ ရန်ပိုင်ထွန်းက နှုတ်ဆက်ကြိုဆိုလာသော ဖွေးကို ပြန် ပြုံးပြလိုက်သည်။ ဖွေး ပုံစံလေးက ကလေးလေး တစ်ဦးနှယ်။

ဒူးဆစ်ဖုံးအောင်ရှည်သော စကတ်လေးနှင့် တစ်မျိုး ဆန်း သစ်နေ ၏။

ရန်ပိုင်ထွန်း ဖွေးကိုကျော်၍ ခြံဝင်းအတွင်းသို့ ကြည့်မိ သည်။

လူတွေ မနည်းပါလား။

ပြိုးပြိုးပြက်ပြက် လက်နေသော လူများက ရောင်စုံမီးလုံး များနှင့် အပြိုင်။

ရပ်ထားသော ကားတန်းရှည်ကြီးကလည်း နည်းနည်း နောနော မဟုတ်။





ရန်ပိုင်ထွန်း ကားရပ်စရာ နေရာမရှိတော့၍ လမ်းထိပ်တွင် ပင် ရပ်ခဲ့ကာ လမ်းလျှောက်ခဲ့ရသည်။

"ဦးရန်ပိုင်၊ ဟိုဘက်ကို ကြွပါရှင်"

နေခြည်က ပြုံးရွှင်ကာ သူ့ကို လာခေါ်သည်။

သည်နေ့ မေထက်ကို၏ မွေးနေ့ပွဲ မဟုတ်လား။

သည်လောက် ထည်ဝါစည်ကားလိမ့်မည်ဟု သူ မတွေး ထားခဲ့။

မေထက်က အနုပညာ အသိုက်အဝန်းထဲက မဟုတ်လား။

ရုပ်ရှင်မင်းသမီး မင်းသားတွေ၊ စာရေးဆရာ ဆရာမတွေ၊ အဆို တော်တွေ အကုန်လိုလို ရောက်ရှိနေသည်ကို တွေ့လိုက်ရ သည်။

ဓာတ်ပုံကလည်း တဖျတ်ဖျတ်ရိုက်နေသည်။

ဘာကို ရိုက်နေမှန်းပင် မသိ။

မေထက်ကိုလည်း သူ ရှာမတွေ့။

နေခြည်က သူ့ကို အစွန်ဆုံးစားပွဲကို ခေါ်လာသည်။

"ထိုင်နော်... ကိုရန်ပိုင်"

နေခြည်ကလည်း သူ့ဘေးမှာ ဝင်ထိုင်လိုက်သည်။

"လူတွေ မနည်းပါလား"

"အင်း...မေထက်က နာမည်ကြီးပဲဟာ"

နေခြည်က သူ့စကားကို ပြန်ဖြေပြီး နေရာမှထသည်။

"ခဏနော် ကိုရန်ပိုင်"

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ဗျာ။ ကျွန်တော် ညွှန်းသည့် မဟုတ်ပါဘူး"

ရန်ပိုင်ထွန်း တစ်ဦးတည်း ကျန်ရစ်ခဲ့သည်။

ညင်ညင်သာသာ ထွက်ပေါ်နေသော သီချင်းသံက ချိုလွင်နေသည်။

သည်အချိန်တွင် ဖွေးက လူတစ်ဦးနှင့်အတူ သူထိုင်နေရာသို့ လျှောက်လာနေသည်။

"လာ... ဦးခ၊ ဒီမှာထိုင်"

လူခ ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

"သူက ဒေါက်တာရန်ပိုင်ထွန်းတဲ့ ဦးခ"

ဖွေးက ယောကျာ်းသားနှစ်ဦးကို မိတ်ဆက်ပေးသည်။

"ဦးရန်ပိုင်၊ သူက ဒေါက်တာလူခတဲ့"

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့"

ဖွေးက သူတို့နှစ်ဦးကို ထားခဲ့ကာ ပြန်လည်ထွက်ခွာသွားသည်။

လူခဆိုပါလား။

ရန်ပိုင်ထွန်း မသိမသာ အကဲခတ်နေမိသည်။

မေထက်ဆီမှ လူခ ဆိုသော နာမည်ကို သူကြားဖူးထားသည် မဟုတ်လား။

"တော်တော် စည်သားပဲဗျ"

လူခက စကားစလာသည်။



"ဟုတ်တယ်နော်။ ကျွန်တော် အဲဒီလောက် မထင်ထားဘူး"

စကားဝိုင်းက တိတ်ဆိတ်သွားပြန်သည်။

"ခင်ဗျား ဘယ်မှာ တာဝန်ကျနေလဲ"

"အလုပ်သမားဆေးရုံမှာ၊ ခင်ဗျားကော"

"မ-န-န-လ မှာ"

ဖွေးနှင့် နေခြည်က သူတို့ဘက် ပြန်လျှောက်လာကြ၏။

ပြီးတော့ ခုံမှာ အသီးသီး ဝင်ထိုင်ကြသည်။

"ဖွေး စာမေးပွဲဖြေနိုင်တယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ဖြေနိုင်ပါတယ်"

သည်အခိုက် ကက်ဆက်မှ သီချင်းသံတိတ်သွားသည်။

လှုပ်လှုပ်ရှားရှားဖြစ်နေသော လူများလည်း ငြိမ်သွား၏။ စကားသံများလည်း တိတ်တိတ်ဆိတ်ဆိတ်။

"ဒေါ်လေးထက် ဆင်းလာတော့မယ်"

ဖွေးက နေခြည့်ကို ပြောလိုက်၏။

ရန်ပိုင်ထွန်းနှင့် လူခ အိမ်ရှေ့အဝဆီသို့ ပြိုင်တူကြည့်မိကြသည်။

သည်လိုပါပဲ။ အားလုံးသည် မေထက် ဆင်းလာမည့်လမ်းကို စောင့်ကြည့်နေကြသည်။

"ဟာ... လှလိုက်တာကွာ"

သည်အသံကို စတင်ကြားလိုက်ရသည်။

မေထက် သိပ်လှပါလား။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာရန်ပိုင်ထွန်း မမှိတ်မသုန် စိုက်ကြည့်နေမိသည်။

မေထက်ကို အားလုံးက ပြုံးပြသည်။

ဓာတ်ပုံဆရာများက မေထက်ကို အလုအယက် ဓာတ်ပုံ ရိုက်ကြသည်။

မေထက်ကိုက စင်မြင့်ပေါ်သို့ တက်သွားပြီး နှုတ်ခွန်းဆက်စကားပြောသည်။

"မေထက်ရဲ့ မွေးနေ့ပွဲကို အခုလို လာရောက် ချီးမြှင့်တာကို မေထက် ဝမ်းသာဂုဏ်ယူမိပါတယ်။ အားလုံးပျော်ပျော်ပါးပါး စားနိုင်သောက်နိုင်ကြ ပါပြီလို့"

စကားဆုံးသည်နှင့် စင်မြင့်ပေါ်မှ ပြန်ဆင်းလာပြီး စားပွဲ တစ်ခုမှ တစ်ခုသို့ လိုက်လံနှုတ်ဆက်ရင်း မွေးနေ့လက်ဆောင်ကို ကိုယ်တိုင်ယူသည်။

"ကျွန်တော်က နာမည်နှစ်ခုပါတဲ့ ဖိတ်စာမှတ်လို့ တော်တော် အူကြောင်ကြောင် ဖြစ်သွားတယ်"

ရင်းနှီးသူများက မေထက်ကို စကြနောက်ကြသည်။

"ဟုတ်တယ်ဗျ။ မရှိတဲ့ နာမည်တစ်ခုကို လိုက်ရှာရတာ မောသွားတာပဲ"

"ဟင်း... ဟင်း ဖြည်းဖြည်းပေါ့ရှင်"

မေထက်က ရယ်ဟဟမျက်နှာလေးနှင့် ဆိုရှာသည်။

"ဟော... ဖွေးတို့က ဒီမှာကိုး။ မေထက် နေခြည်တို့ကို မမြင်ဘူး"





သူတို့ရှိရာသို့ ရောက်လာသော မေထက်ကို ဒေါက်တာ ရန်ပိုင်ထွန်း စူးစူးရှရှ ကြည့်မိသည်။

မေထက် ဘာအစကို ဝတ်ထားမှန်းမသိ။

ဘယ်လိုချုပ်ထားသည်ကိုလည်း မသိပါ။ သို့ပေမယ့် အရမ်းလှနေတာတော့ ငြင်းမရ။

ကျန်နေသော ခုံတစ်လုံးတွင် မေထက် ဝင်ထိုင်လိုက်၏။

မေထက် လက်ထဲမှ မွေးနေ့လက်ဆောင်များကို ကောင်မလေးချောချောများက ယူသွားပြီး စားပွဲပေါ် တင်ပေးကြ၏။

စားပွဲပေါ်တွင် လက်ဆောင်ထားစရာနေရာပင် မရှိတော့။

"မေထက်၊ ဘာမှ မစားသေးဘူးလား။ တို့နဲ့ ဝင်စားပါလား"

"မေထက် မဆာပါဘူး။ နောက်မှပဲ စားတော့မယ်။ နေခြည်တို့ ဝအောင်စား။ ကိုရန်ပိုင်ရော ကိုခရော အဝစားနော်"

မေထက်မျက်နှာလေးကို လူက ငေးနေမိသည်။

လှရက်လိုက်တာကွာ။

သူနှင့် မေထက် ခုတော့ သူစိမ်းတွေလိုပါ။

မေထက်က အားလုံးကို မေ့လိုက်နိုင်ပြီထင့်။

မေထက် မေ့နိုင်တာလည်း မဆန်း။

သူနှင့် မေထက် ချစ်သူသက်တမ်းက ခဏလေး။

သူပင် မေထက်ကို မိတ်ဆွေတစ်ဦးအဖြစ် ရဲရဲကြီး ရင်ဆိုင်နိုင်ခဲ့ပြီပဲဟာ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာရန်ပိုင်ထွန်းက လူခနှင့် မေထက်ကို အကဲခတ်သလို ကြည့်နေသည်မို့ မေထက် မသိမသာ မျက်နှာလွှဲနေမိသည်၊

"ဪ... မေထက်၊ ဒီမှာ"

ဒေါက်တာရန်ပိုင်ထွန်း လှမ်းပေးသော ရွှေဝါရောင်ဘူးလှလှလေးကို မေထက် လှမ်းယူရင်း...

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

လူခကလည်း ကတ္တီပါဘူးအနီလေးကို လှမ်းပေး၏။

"ကျေးဇူးအများကြီးတင်ပါတယ်"

"နေခြည်ကတော့ မပေးပါဘူး။ သူငယ်ချင်း အရင်းကြီးပဲဟာ။ နော် မေထက်"

"ဟင့်အင်း... ဘယ်ရမလဲ"

မေထက်စကားကြောင့် အားလုံး ရယ်မောမိကြသည်။

"မေထက် သွားဧည့်ခံလိုက်ဦးမယ်နော်"

အားလုံးကို ခြုံငုံနှုတ်ဆက်ရင်း မေထက် ထွက်သွားသည်။

"ဖွေး"

"ရှင်..."

"ဦးခ ပြန်တော့မယ်"

"ဟင်း ချက်ချင်းကြီး"

"ဟုတ်တယ် ဦးခ အလုပ်တစ်ခုရှိလို့"

လူခက နေရာမှ ထလိုက်ပြီး...

"ပြန်ခွင့်ပြုပါဦး ခင်ဗျာ"





နေခြည်နှင့် ဒေါက်တာရန်ပိုင်ထွန်းတို့ကို နှုတ်ဆက်လိုက်၏။

"ဦးခ"

"ဟင်..."

"ဖွေး လာခဲ့မယ်နော်"

"အင်းပါ"

ဖွေးက ဦးခနားကပ်၍ တိုးတိုးလေးပြောလိုက်သည်။

"ကဲ ဦးခ သွားမယ်"

ဖွေးက လူခကို ခြံဝအထိ လိုက်ပို့ပေး၏။

နေခြည်က ဖွေးနှင့် လူခကိုကြည့်ရင်း သက်ပြင်းတစ်ချက်ကို မသိမသာ ချမိ၏။

ဖွေးနှင့် လူခ ဘယ်အခြေအနေ ရောက်နေပြီလဲ။

မေထက် လုံးဝ သိပုံမပေါ်။ သတိလည်း ထားမိမည်မထင်။

ဖွေး မျက်လုံးလက်လက်လေးများကို ကြည့်၍ နေခြည် သန့်သွားရသည်။

ဒေါက်တာရန်ပိုင်ထွန်းက ဖွေးနှင့် လူခကို ကြည့်နေသည်။

"ကိုရန်ပိုင်"

"ဗျာ"

"ဧည့်ခံပွဲပြီးမှ ပြန်မှာ မဟုတ်လား"

"အင်း... ရတယ်လေ။ ကိစ္စရှိလို့လား"

"ကိစ္စတော့ မရှိပါဘူး"

နေခြည်က ခပ်သွက်သွက်ထပြီး အိမ်ဘက်သို့ လျှောက်သွားပြန်သည်။ သူတစ်ယောက်တည်း ကျန်ရစ်ခဲ့ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ ပျင်းနေပြီလား"

"မပျင်းပါဘူး"

မေထက်ပုံစံလေးက ပင်ပန်းနွမ်းနယ်လို့ နေပါပြီ။

"မေထက် မောနေပြီ ထင်တယ်"

"အင်း... ဒါနဲ့ ဖွေး ဘယ်ရောက်သွားပါလိမ့်"

"အိမ်ထဲ ဝင်သွားပြီထင်တယ်"

"ဒေါက်တာ ဒီမှာပျင်းရင် အိမ်ထဲကို သွားပါလား။ လာလေ"

မေထက်က သူ့ကို အိမ်ကြီးဘက်သို့ ခေါ်လာသည်။

အိမ်ထဲမှာတော့ လူရှင်းနေသည်။

ဖွေးက ဧည့်ခန်းတွင်ထိုင်ရင်း ငိုက်နေပြီ။

"ဖွေး"

"ဟင်... ဒေါ်လေးထက်"

"အိပ်ချင်ရင် သွားအိပ်ပါလား"

"ဧည့်သည်တွေ ပြန်သွားပြီလား ဒေါ်လေး"

"ရှိတော့ ရှိသေးတယ်။ ဘာလို့လဲ"

"ဒေါ်လေးထက် အိမ်ထဲဝင်လာလို့"

"ငါလည်း မောပြီဟာ"

မေထက် ဆက်ဆီပေါ်တွင် ထိုင်ချလိုက်ပြီး ညည်းလိုက်၏။

"ဒေါက်တာ ထိုင်လေ"

ရန်ပိုင်ထွန်း မေထက်၏ မောဟိုက်နေသော မျက်နှာလေးကို စိမ်ပြေနပြေ အကြာကြီး ကြည့်ပစ်လိုက်သည်။





ဖွေးက အိမ်ပေါ်ထပ်သို့ တက်သွား၏။

"မေထက် အအေးတစ်ခုခု သောက်လိုက်ပါလား။ ကိုယ် ယူလာခဲ့မယ်"

"အင်း"

သည်တစ်ခါတော့ သူ့ စေတနာအတွက် လိုက်လိုက်လှဲလှဲ ကျေးဇူး တင်ရတော့သည်။

သူ ဘာလို့ မေထက်အပေါ် ဂရုစိုက်နေရတာလဲ။

မေထက်မှာ လိုအပ်တာလေးတွေကို သူ သိနေတာရယ်၊ ပြီးတော့ လိုက်ဖြည့်ပေးနေတာရယ်၊ သူ မေထက်ကို နှစ်နှစ်ကာကာ မြတ်နိုးလို့များ လား။

သူ့မျက်လုံး စူးစူးများနဲ့ အကြည့်ရှိန်းရှရှကလည်း မေထက်ရင်ကို လှုပ်ရှားလာစေပြီး သူ့ကို သတိပြုမိအောင် စွမ်းဆောင်နိုင်စွမ်း ရှိနေသည် လေ။

"မေထက်"

"ရှင်..."

"ရော့လေ... သံပရာရည်"

သူ့ကို မေထက် ဖျော့တော့စွာ ပြုံးပြမိသည်။

သံပရာရည်ဖန်ခွက်ကို လှမ်းယူကာ တစ်ငုံသောက်ပစ် လိုက်၏။

အေးစိမ့်စိမ့်နှင့် ချဉ်ငန်ငန် အရသာက အမောကို ပြေစေပြီး ခေါင်းကို ကြည်လင်စေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာလို့ မသောက်တာလဲ"

သူက ဘာမှ ပြန်မပြောဘဲ ခေါင်းခါယမ်းပြသည်။

"မေထက် တကယ်လို့ မသောက်ရင်…"

သူက စကားကို ဖြတ်ထားလိုက်၏။

သည်လိုပြောတာ ဟိုတစ်ခါကိစ္စကို မကျေနပ်လို့များလား။

"မေထက် သံပရာရည် ကြိုက်ပါတယ်"

သူပြောတာ တခြား၊ မေထက် ပြောတာက တခြား။

သို့ပေမယ့် မေထက် အဲဒါပဲ ပြောချင်သည်။

ပြီးခဲ့တာတွေ ပြီးပါစေတော့။ အတိတ်ကို ပြန်မလှန်ချင်။

"ဧည့်သည်တွေဆီ သွားရဦးမယ်"

"သွားလေ"

သူ့ရှေ့မှဖြတ်ပြီး ထွက်လာခဲ့ရတာ မေထက် မလုံ။

မေထက်ကို သူ လိုက်ကြည့်နေမှာ မေထက် ရှံ့နေမိသည်။

ငါ ဆယ်ကျော်သက်လည်း မဟုတ်တော့ပါဘူး။

ရှက်နေရတယ်လို့။

မေထက် ကိုယ့်ကိုကိုယ် ဒေါသထွက်မိသည်။

ကိုခ တစ်ယောက်တော့ ပြန်သွားပြီ ထင်ပါရဲ့။

ကိုခအကြည့်တွေက တည်ငြိမ်လိုက်တာ။

အင်းလေ သူ ငါ့ကို ရင်ဆိုင်ရဲလို့သာ သည်ပွဲကို လာတာ ပေါ့။

မေထက်လက်ထဲတွင် လူခပေးခဲ့သော ကတ္တီပါဘူးကလေး





နှင့် ဒေါက်တာရန်ပိုင်ပေးသော ရွှေဝါရောင်ဘူးလေး နှစ်ဘူးရှိသည်။

သည်လိုပါပဲ။ မေထက်ဘဝမှာ မေထက်ရင်ကို လှုပ်ရှားစေခဲ့သော သည်ယောကျာ်းသားနှစ်ဦးရယ်ပါ။

တစ်ဦးက မေထက်ကို ဝေဒနာပေါင်းစုံ ပေးပစ်ခဲ့သူ။

နောက်တစ်ဦးက မေထက်ရင်ကို လှုပ်ရှားလာအောင် ပြုနိုင်ရက်သူ။

မေထက်သာ တကယ်လို့ လမ်းမှာ ကားမပျက်ခဲ့ရင် ကိုခကို ချစ်မိချင်မှ ချစ်မိမှာ။

သည်လိုပါပဲ။ မေထက် နေမကောင်းတာကြောင့်လည်း သူ့အချစ်ကို အလွယ်တကူ ခေါင်းညိတ်မိခဲ့ခြင်းပင်။

ကားပျက်တာက မေထက် ပထမ ကံဆိုးတာ။

နေမကောင်းတာက ဒုတိယ ကံဆိုးတာ။

မေထက် အဲသည်လိုပဲ တွေးမိတော့သည်။

သူ့ကိုမြင်လိုက်ရတော့ အနည်ထိုင်စပြုသော ဝေဒနာတို့ ပြန်လည် နိုးထလာရသလိုပါ။

မေထက် ရှင်နဲ့ မတွေ့ချင်တော့ဘူး ကိုခရယ်။

ခံနိုင်ရည်မရှိလို့တော့ မဟုတ်ပါဘူး။

မတွေ့ကြတာ အကောင်းဆုံးလို့ မေထက် ထင်တယ်။

❷



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၅)

လူခ ဖွေးတို့ လမ်းထိပ်မှာ ကားရပ်လိုက်သည်။

"ဖွေး သွားတော့မယ်နော်"

"အင်း"

သူနှင့် ဖွေး သည်နေ့ ရုပ်ရှင်သွားကြည့်ဖြစ်ကြ၏။

ရုပ်ရှင်ကားက တရုတ်သိုင်းကား။

လူခက သိုင်းကားမှ သဘောကျသူ။

သူ ကြည့်ကောင်းကောင်းနှင့် ကြည့်နေရာမှ ဖွေးဘက် လှည့်ကြည့်တော့ ဖွေးက မျက်စိမှိတ်ထားသည်။

"ဖွေး"

"ဟင်..."

"ကြောက်လို့လား"

"မဟုတ်ပါဘူး။ ဒါပေမယ့် ဖွေး မကြည့်ရဲဘူး"





"ဖွေးရယ်"

မငုံ့မရဲပုံစံနှင့် ဖွေးက ပိတ်ကားပေါ် လှမ်းကြည့်သည်။

"အား... တကယ် ရက်စက်တာပဲ"

"သိုင်းကစားတာပဲ ဖွေးရယ်၊ ဒီလောက်တော့ ရှိမှာပေါ့"

"ဦးခ ဒီကားတွေ ကြိုက်တယ်နော်"

"အင်း..."

ဖွေးက သူ့ကို တွေတွေလေးကြည့်သည်။

"ဖွေးကလည်းကွာ၊ ရုပ်ရှင်ပဲ"

"ဒီလောက်ကြီး တစ်ယောက်ပြီးတစ်ယောက် သတ်နေတာ ဖွေး မကြည့်ရဲတော့ဘူး"

လူခ မေထက်ကို သတိရလိုက်မိသည်။

မေထက်က သည်လို သိုင်းကားများကို တည်တည်ငြိမ်ငြိမ် ထိုင် ကြည့်လေ့ရှိသည်။

ဖွေးက ဘာ့လို့ မကြည့်ရဲတာပါလိမ့်။

ခုံတန်းပေါ်တွင် တင်ထားသော ဖွေး လက်ကလေးကို လူခ ဆုပ် ကိုင် ဖျစ်ညှစ်လိုက်သည်။ အားပေးသည့်သဘော။

ချွေးများနှင့် စိုနေသော လက်အေးအေးလေးက လန့်ထိတ် မှုကို ဖော်ပြနေသယောင်။

"ဖွေး"

"ဟင်..."

"မကြည့်ရဲရင် မျက်စိမှိတ်ထား"



www.burmeseclassic.com

www.burmeseclassic.com



"အပေါင်း... ဖွေးအဖြစ်က ရယ်စရာကောင်းနေပြီ။ ရုပ်ရှင်ကြည့်ဖို့ လာတာ မျက်စိမှိတ်ထားရမယ်လို့"

"ဒါကတော့ကွာ၊ ဖွေးမှ မကြည့်ရပဲနဲ့"

"ဦးခက ဒီကားကြီး ဘာလို့ကြည့်လဲ"

"ကြိုက်တာကိုး"

"ဖွေးတော့ မကြိုက်ပေါင်။ အင်္ဂလိပ်ကားပဲဖြစ်ဖြစ်၊ တရုတ်ကား ရော၊ ဂျပန်ကားရော၊ မြန်မာကားရော အချစ်ကား သန့်သန့်လေးပဲ ဖွေး ကြိုက် တာ"

"စိတ်ကလည်း နုလိုက်တာ"

စိတ်မရှည်သံနှင့် အပြစ်တင်သလိုပြောလာသော ဦးခစကားကြောင့် ဖွေး ပိတ်ကားပေါ် စိုက်ကြည့်ပစ်လိုက်သည်။

"မကြည့်ရဲဘူးဆို"

"ဦးခက မခံချင်အောင် ပြောတာကိုး"

မကျေမနပ်သံလေးတွင် ဒေါသစွက်နေသည်ကို သတိထား မိပေမယ့် သူ တုံ့ပြန်စကားမဆိုမိ။

ဖွေး ကြည့်ရဲပါပြီ။

ဖွေး လက်တစ်ဖက်ကို ဦးခက မြဲမြဲကြီးဆုပ်ကိုင်ထားသည် မဟုတ်ပါလား။

ဦးခက သတ္တိတွေ ဖွေးဆီ ရောက်လာသလိုပါပဲ။

သည်အကြင်နာမျက်ဝန်းပိုင်ရှင် ဖွေးနားမှာရှိနေရင် အေး အရာရာကို ရင်ဆိုင်ရဲမှာပါ။ သူ့အနားမှာရှိနေရင် ဖွေး... အေး ဘာကိုမှ မကြောက်တော့ပါဘူး။





သူ့အပြစ်တင်သံထဲမှာ ပါဝင်နေတဲ့ သံယောဇဉ်လေးတွေက ဖွေးကို သူ့လို သတ္တိရှိစေချင်မှန်း စိတ်ဓာတ်ခိုင်မာစေချင်မှန်း သိသာလွန်းသည်မို့ ဖွေး သိမ့်သိမ့်ကလေး ကြည်နူးရပါသည်။

ရုပ်ရှင်ပြီးသွားမှ သူက ဖွေးလက်ကလေးကို လွှတ်ပေး လိုက်သည်။

ဖွေးရင်ထဲ ဟာတာတာကြီး ဖြစ်သွားသည်။

"ဖွေး"

"အမေ့..."

ဖွေး အတွေးစတို့ ရပ်တန့်သွားရသည်။

ကားရပ်ထားတာပင် ကြာလှပြီကော။

ဖွေး ကားပေါ်မှ ဆင်းလိုက်သည်။

"ဖွေးကို ဘယ်တော့ လာခေါ်ဦးမလဲဟင်"

တိုးတိုးလေး မေးသံကို လူခ ကြားဖြစ်အောင် ကြားပါ သည်။

သူ ဖွေးကို တစ်ချက် စူးခနဲ ကြည့်မိသည်။

"ဘယ်တော့မှ လာမခေါ်တော့ဘူး ဖွေး"

သူ့စကားကြောင့် ဖွေး သူ့ကို တုန်လှုပ်စွာ မော့ကြည့်မိ သည်။

သူ့မျက်နှာတည်တည်က ခက်ထန်နေသည်မို့ ဖွေး အံ့ဩ သွားရသည်။

"ဦးခ တကယ်ပြောနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒါ နောက်စရာမှာ မဟုတ်ပဲ"

"ဦးခ ဘာတွေပြောနေတာလဲ။ ဖွေး နားမလည်ဘူး"

"မင်းလည်း ငါ့ဆီမလာနဲ့တော့။ ငါလည်း မင်းဆီ မလာဘူး"

"ဟင်..."

"မင်းနဲ့ငါ ခုလို သွားလာနေတာ မသင့်တော်ဘူး"

ဦးခစကားကြောင့် ဖွေးရင်ထဲ အောင့်သွားရသည်။

ပြောရက်လိုက်တာ ဦးခရယ်။

မျက်ရည်များက မျက်ဝန်းအိမ်တွင် ဖြစ်ထွန်းလာရသည်။

ဦးခပြောနေတာလို့ ဖွေး မယုံချင်ဘူး။ ဖွေး မယုံပါရစေနဲ့ ဦးခရယ်။

ဖွေး၏ ဆွေးဆွေးမြည့်မြည့်အကြည့်က လူခရင်ကို ဒိုင်းခနဲ ဆောင့်သည်။

ဘယ်လိုကြည့်လိုက်တာလဲကွာ။

ဖွေး၏ အကြည့်စိမ်းစိမ်းတွင် ရွံ့မုန်းဟန်၊ နာကြည်းဟန်၊ ကြေကွဲဟန်များက ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား။

လူခပြောမထွက်ပေမယ့် ပြောလိုက်ရသည်။

ကြာလာလျှင် သူ ဖွေးကို သံယောဇဉ်တွယ်မှာ စိုးသည်၊ သူ ဖွေး၏ အကြင်နာတွေကို မလွန်ဆန်မှန်း သူသိလာချိန်၌ စ၍ သူ အကြီးအကျယ် တုန်လှုပ်ချောက်ချားခဲ့ရသည်။

သူ့ကို မေထက် ဘယ်လိုမြင်မလဲ။

ဘယ်လိုထင်မလဲ။





ပြီးတော့ သူနှင့် ဖွေးကို မေထက် သဘောတူပါ့မလား။

ဖွေးနှင့်သူက အသက်ချင်းလည်း ကွာခြားလွန်းသည်။

ဖွေးက ငယ်သူမို့ အပြစ်မရှိပေမယ့် သူက စောင့်ထိန်းရပါလိမ့်မည်။

နုနုစင်စင် ဖွေးဘဝ သန့်သန့်လေးကို သူ ယူလိုက်ရင် တရားပါ့ မလား။

ဖွေးက ဦးခကို ဒေါသမျက်ဝန်းများနှင့် စိုက်ကြည့်ပစ်လိုက်သည်။ မျက်လုံးလက်လက်များက မီးဝင်းဝင်းတောက်လုမျှ။

"ဦးခ တကယ် ပြောတာ ဟုတ်လား"

ဖွေး အမေးကို ပြန်ဖြေရန် လူခတွင် အင်အားမရှိ။

"ဦးခရယ်၊ ဖွေးကတော့ ဦးခကို လေးစားလိုက်ရတာ၊ အထင်ကြီး လိုက်ရတာ၊ ဦးခ လူလည်၊ ယောကျ်ား မဟုတ်ဘူး"

ဖွေးက သူ့ကို စားတော့ ဝါးတော့မလောက် ရူးရူး ရဲရဲကြည့်ရင်း ရန်တွေ့နေပြန်သည်။

"ဦးခ ဖွေးကို သံယောဇဉ်မရှိရင် မကြင်နာနိုင်ရင် ဘာလို့ ဖွေးကို နှိပ်စက်ရတာလဲ။ ဘာလို့ ကြင်နာယောင် ဆောင်ခဲ့ရတာလဲ။ မျှော်လင့်ချက် တွေပေးပြီး ရက်စက်ခဲ့တာ။ ဦးခ မလွန်ဘူးလား"

ဖွေးစကားများက သူ့ရင်ကို ဓားနှင့်မွှန်းသည့်နှယ်။

"အစကတည်းက ဦးခ ဖွေးနဲ့ ကင်းကင်းနေခဲ့ပါလား။ ဦးခ ဖွေး အပေါ် အဲဒီလောက် မယုတ်မာသင့်ဘူး။ မလှည့်စားသင့်ဘူး"

"တော်တော့ ဖွေး"



www.burmeseclassic.com

www.burmeseclassic.com



သူ ဆက်မကြားချင်တော့။

"တော်မှာပါ ဦးခ၊ တော်မှာပါ။ စိတ်ချပါ။ ဖွေး ဦးခကို လုံးဝ အဆက်အသွယ်မလုပ်ပါဘူး။ ဦးခကို ဖွေး မုန်းသွားရပါပြီ။ ဖွေး ဦးခအပေါ်ထားခဲ့တဲ့ သံယောဇဉ်တွေကို ဦးခ စကားတွေက ဖျက်ဆီးပစ်လိုက်ပါပြီ။ ဖွေး ဦးခကို မုန်းတယ်၊ အရမ်းမုန်းတယ်"

ဖွေး ပါးပြင်ပေါ်သို့ မျက်ရည်စတို့က စီးကျလာသည်။

ဦးခကို မုန်းတယ်တဲ့လား ကလေးရယ်။

လူခ သည်းသည်းခိုက်ခိုက် ခံစားရသည်။

ဖွေး ဦးခကို တစ်ချက်ကြည့်မိသည်။

လူခကလည်း ကြည့်နေသည်မို့ အကြည့်ချင်း ဆုံသွားရလေသည်။

ဖွေးရဲ့... ဦးခပါးကို ချပစ်လိုက်ပါလား။

ဖွေးကို လိမ်ညာခဲ့တဲ့ ဦးခကို အပြစ်တစ်ခုခု ပေးပါတော့လား။

ဖွေးအဒေါ်က ဦးခရဲ့ ဟိုဘက်ပါးကို ချခဲ့တယ်။ ဖွေးက သည်ဘက်ပါးကို ချပစ်ခဲ့ပါလားကွာ။

ဖွေးက ချာခနဲလှည့်ပြီး ပြေးထွက်သွားသည်။

ဦးခရင်ထဲ ဟာ၍ကျန်ရစ်ခဲ့၏။

ကားလမ်းကို ဖြတ်အကူး လူခ မျက်လုံးတို့ ပြာဝေသွားရသည်။

တစ်ဖက်မှလာနေသော ကားကို ဖွေးကမမြင်။





"နှမ်း... ဖွေး ကားလာနေတယ်"

"ဒုန်း"

"အား..."

ဖွေး၏ စူးစူးရှရှ အော်သံလေးနှင့်အတူ ကားက တုံ့ခနဲ ရပ်သွားသည်။

လူခ တစ်ကိုယ်လုံးရှိ သွေးတို့ ခဲသွားပြီလား မသိနိုင်။

နေရာမှပင် ကြောင်ငေး ရပ်နေမိသည်။

ဦးစွာ သတိဝင်လာသူက ကားသမား။

"ဟိတ်လူ... ဘာဖြစ်နေတာလဲ"

သည်တော့မှ လူခ အသိစိတ်နှင့် ခန္ဓာကိုယ် ပြန်ကပ်မိသည်။

လမ်းသွားလမ်းလာများက ရှင်းလင်းလို့နေသည်မို့ တော်သေး၏။

"ကျွန်တော် ကားကို ရပ်ပစ်နိုင်လို့ပေါ့ဗျာ။ သူ လန့်ပြီး ခေ့သွားတာနဲ့ တူတယ်"

ကားက ဖွေးကို ဝင်ဆောင့်မိရုံသာ။

အခုမှ လူခ သူ့ကိုယ်သူ ဆရာဝန်ပါလားဆိုသည်ကို သတိရသည်။

ဖွေး လက်ကောက်ဝတ်ကလေးကို သူ စမ်းကြည့်သည်။

"ဆေးခန်းကို ခေါ်သွားမှပဲ"

လူခ ဖွေးကိုယ်လေးကို ပွေ၍ ကားပေါ်တင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖွေးကို ဝင်တိုက်မိသော ကားက လူခကားနောက်မှ လိုက်လာသည်။

လူသူ ကင်းရှင်းနေ၍လား။

အဖြစ်အပျက်ကပဲ မြန်ဆန်လွန်း၍လားမသိ။

မည်သူမှ မသိလိုက်ကြ။

ဆေးခန်းရောက်တော့မှ ဖွေးက သတိဝင်လာသည်။

ဆရာဝန်က လူခ သူငယ်ချင်းမို့ ပြုံးစိစိနှင့် နောက်နေ၏။

လူခ အပြင်က ကားသမားနှင့် စကားပြောရပြန်သည်။

ကားသမား ပြန်သွားတော့မှ လူခ ဖွေးနှင့် သူငယ်ချင်းဒေါက်တာ ရှိရာသို့ လာခဲ့၏။

ဖွေးက သူ့ကိုမြင်တော့ တစ်ဖက်သို့ လှည့်သွားသည်။

"ဖွေး..."

လူခခေါ်ပေမယ့် ဖွေးလှည့်လည်း မကြည့်၊ ပြန်လည်း မထူး။

"ငါ အပြင်သွားနေမယ်ကွာ"

လူခ သူငယ်ချင်းဖြစ်သူ၏စကားကို မကြားယောင် ဆောင်နေလိုက် ရ၏။

"ဖွေး..."

"ဦးခ ဘာပြောမလို့လဲ။ ပြောစရာရှိတာပြော။ ပြောပြီးရင် ဖွေး ပြန်တော့မယ်"

ဖွေး ခြေထောက်နှင့်လက်တွင် ဒဏ်ရာနည်းနည်း ရရုံကလွဲ၍ ဘာမှ မဖြစ်။





လူခ သက်ပြင်းတစ်ချက်ကို ချဖြစ်သည်။

ဖွေးကို ကားတိုက်မိသွားစဉ်က သူ ဘယ်လိုဖြစ်သွားမှန်းမသိ။ မျက်လုံးများပင် ပြာဝေသွားရသည်။

ဖွေး တစ်ခုခုဖြစ်သွားရင်...

သူ ဆက်မတွေးရဲ။

သူ ဖွေးကို မချစ်ဘဲ မနေနိုင်တော့ပါဘူး။

ဟန်ဆောင်နေရတာ ပင်ပန်းလှပြီ။

"ဖွေး"

"ခဏခဏ မခေါ်ပါနဲ့။ ဖွေး မကြားချင်ဘူး"

"ဖွေး နေကောင်းတယ် မဟုတ်လား"

"ဖွေး သေသွားလည်း ဦးခက ဝမ်းနည်းမှာ မဟုတ်ပါဘူး"

"ဖွေးရယ်"

ဖွေးမျက်နှာ ဖွေးဖွေးလေးကို သူ စူးစူးစိုက်စိုက်ကြည့်မိသည်။

"ဖွေး..."

ဖွေးက မျက်လွှာလေးပင့်၍ သူ့ကို ပြန်ကြည့်သည်။

"ဖွေး စိတ်ကြိုက်ပြောလိုက်ရလို့ ကျေနပ်သွားပြီလား"

ဖွေး ဘာမှ ပြန်မပြော။

"ဦးခကို စိတ်ညစ်အောင် လုပ်ရလို့ ကျေနပ်သွားပြီ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဖွေးက တစ်ဖက်သို့ လှည့်သွားသည်။

"ဖွေးရယ် ဖွေးကျေနပ်ရင် ဦးခက ကျေနပ်ပြီးသားပါ"

"ဟင်..."

"သူကျေနပ်ရင် ကျေနပ်တယ်တဲ့။ ဖွေး မကြားဖူးဘူးလား"

ဖွေး လူခစကားကြောင့် အံ့ဩသွားသည်။

ဦးခ ဘယ်တုန်းက တွေ့သွားတာပါလိမ့်။

ဖွေး စဉ်းစားမရ။

"အဲဒီ သူဆိုတာ ဘယ်သူလဲ"

လူခက ဖွေးမျက်နှာ လှည့်ထားရာဘက်သို့ လှည့်ရင်းမေးသည်။

မျက်နှာချင်းဆိုင်လာသော သူ့မျက်နှာကို ဖွေးမကြည့်ချင်။

ဖွေးကို ဘာလို့ လာချော့နေရတာလဲ။

ဖွေး ဦးခကို မယုံရဲတော့ဘူး။

"ပြောလေ၊ သူဆိုတာ ဘယ်သူလဲ"

"အဲဒီလူ သေပြီ"

ဖွေး စိတ်ပေါက်ပေါက်နှင့် ပြောချပစ်လိုက်သည်။

"ဟုတ်တယ်၊ အဲဒီလူ သေသွားပြီ ဖွေး၊ တကယ့်ကို သေသွားတာ"

လူခစကားကို ဖွေး နားမလည်။ ကြောင်အမ်းအမ်း ဖြစ်နေရသည်။

"အဲဒီလူက ဖွေးကို မချစ်ဘူး မဟုတ်လား။ ဖွေးကို





ရက်စက်တယ် လေ။ အခုရှိတဲ့လူက ဖွေးကိုချစ်တယ်၊ အရမ်းချစ်တယ်။ ဖွေးနဲ့လည်း မခွဲနိုင်တဲ့လူ"

"အို..."

ဖွေး ရှက်လန့်သွားရသည်။

အဲဒါ ဦးခ ဖွေးကို ချစ်စကားပြောတာလား။

ဟုတ်လားဟင် ဦးခ။

ဖွေး... ဖွေး ပျော်ရမှာလား။

ဦးခက ဖွေးကို အရမ်းချစ်တယ်တဲ့။ ဟုတ်ပါ့မလား။

"ဖွေး"

ဦးခက ဖွေးဆံပင်လေးများကို ဖွပစ်လိုက်သည်။

"ဦးခကို ချစ်တယ်နော်"

"ဟင့်အင်း၊ မချစ်ဘူး"

"ဖွေး၊ စကားကောင်းကောင်းပြော"

လူခ စိတ်မရှည်ချင်တော့။

လက်ချောင်းများ ထိုးသွင်း၍ သူ့ဆံပင်များကို သူ ဖွပစ်လိုက်သည်။

ဦးခပုံစံကိုကြည့်၍ ဖွေး တင်းမထားနိုင်တော့။

ရယ်ပစ်လိုက်မိသည်။

"ဦးခက တော်တော်ရယ်ရတယ်"

ဖွေး၏ ရယ်နေသောမျက်နှာလေးကိုကြည့်၍ လူခရင်ထဲ မြူးခနဲ ဖြစ်သွားပြီး မျက်နှာနုနုလေးကို ချစ်လွန်းစွာ ငေးကြည့်လျက်

www.burmeseclassic.com

www.burmeseclassic.com



တစိမ့်စိမ့် မြတ်နိုးနေမိတော့သည်။

ဖွေးရယ်...

ဦးခ ဘယ်လိုလုပ် မုန်းနိုင်တော့မလဲ။

ဖွေးရဲ့ သံယောဇဉ်ကွန်ရက်က ဦးခ လွတ်ထွက်နိုင်စွမ်းတွေ ဧ ာ့နည်းသွားပြီး ဦးခကိုယ်တိုင် သည်ကွန်ရက်ထဲမှာ ပျော်နေပြီမို့ မရုန်းထွက်ချင်တော့ပါဘူး။

❷



## အခန်း (၂၆)

"အဲဒီလိုတော့ ဘယ်ဟုတ်မလဲ ဖွေးရဲ့၊ ဆရာဝန်ဆိုတာ ငွေရဖို့တစ်ခုတည်း ကြည့်လို့မဖြစ်ဘူး။ လူနာတစ်ယောက်ကို ကုပေးနေချိန်မှာ ဆရာဝန် စိတ်အပြည့်အဝ ရှိနေတာပဲလေ"

ရန်ပိုင်ထွန်းက ဖွေးကို သေသေချာချာ ရှင်းပြသည်။

မျက်ဝန်းလေး ထောင့်ကပ်ရင်း မျက်နှာလေး မော့ကာ စိတ်ဝင်ပာစား နားထောင်နေရာမှ သူမက ဖျတ်ခနဲ မတ်တတ်ရပ် လိုက်သည်။

"ဒေါ်လေးထက် ပြန်လာပြီ"

လက်ခုပ်လေးတီးရင်း ခုန်နေသူကိုကြည့်၍ ရန်ပိုင်ထွန်း မပွင့်တပွင့် ပြုံးသည်။ ပြီးတော့ သူလည်း ခြံဝကို မရည်ရွယ်ဘဲ ကြည့်မိသွားရ၏။

မေထက်က တံ့ခနဲရပ်သွားသော ကားပေါ်မှ ဆင်းလာပြီး ဖွေးကို လှမ်း၍ ရယ်ပြလေသည်ကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖွေးက သူမ၏ခေါင်းလေးထဲ ပြေးသွားပြီး ကြိုရှာ၏။

မေထက်ရင်ထဲ သူ့ကိုမြင်လိုက်ရ၍ ထိတ်ခနဲဖြစ်သွားရခြင်းကို တစ်အားကြီး ထိန်းနေသော်လည်း ရင့်ခုန်မှုက လျော့မသွားဘဲ ပျော်မြူးသွားဟန် က မေထက်မျက်နှာမှာ ထင်းခနဲ။ ဖုံးမရ ဖိမရ ပေါ်လွင်လာရသည်။

မမြင်တာကြာပြီဖြစ်သော သည်မျက်နှာလေးကို အကြာကြီးကြည့် ဖြစ်သွားရသူကား ဒေါက်တာရန်ပိုင်ထွန်း။

မာနကြီးပြီး ခက်ထန်နေတတ်သလို သူ့ကိုလည်း ဘယ်အခါမှ ကောင်းစွာ မဆက်ဆံခဲ့သော မေထက်ကို သူ ဘယ်လိုမှ မုန်းမရဘဲ လက်နုနု လေးကိုတွဲ၍ ပိုင်ပိုင်ကြီး ဦးဆောင်ချင်သည့် စိတ်တို့ကသာ ချုပ်ထိန်းထားမရ ပွင့်ထွက်ပေါ်များလာရသည်။

"ဒေါက်တာ ရောက်နေတာကိုး"

"ဟုတ်ကဲ့"

မေထက်က ဆက်တီတွင်ဝင်ထိုင်ရင်းမှ ဖွေး နောက်ကျောကို အဓိပ္ပာယ်မဲ့ လှမ်းကြည့်နေသည်။

ရန်ပိုင်ထွန်း ဘယ်လို စကားစရမှန်းမသိ။

ပြောချင်တာတွေက အများကြီးပေမယ့် လူက မလှုပ်မယှက်ငြိမ် သက်လျက်။

"အန်တီ ရနကောင်းတယ်နော်"

မေထက် စကားစလာမှ သူ ပြန်ဖြေမိသည်။

"ကောင်းပါတယ်၊ မေမေက မေထက်ကို မေးနေသေးတယ်"





"ဟုတ်လား၊ အိမ်နီးနီးလေးပေမယ့် မေထက် မရောက်ဖြစ်ဘူး"

မေထက်ရာ မေထက်ဆန္ဒရှိရင် ဘယ်လောက်ဝေးဝေးပါ သွား အတွေးထဲမှာ ပြောဖြစ်သည်။

"ဟိုလေ... ဒေါက်တာလည်း မေထက်တို့အိမ်ကို အားရင် လာလည်ပါ။ မေထက်တို့က မိသားစုနည်းတော့ ခြောက်သည်ပံ ချောင် နေမိတာ"

"ကိုယ် လာချင်ပါတယ်။ မေထက်က အဲဒီလို ပြောမထားတော့..."

"အဟင်း... မေထက်ပြောဖို့ လိုသေးလို့လား"

ရန်ပိုင်ထွန်းနှင့် မေထက်တို့ အကြည့်ချင်း ဆုံမိကြသည်။

"ဒေါက်တာ ဒီနေ့ ဂျူတီမရှိဘူးလား"

"ဟင့်အင်း... မရှိဘူး"

"ဒါဆို အေးအေးပဲပေါ့။ မေထက် ရေချိုးလိုက်ဦးမယ်"

"ဟာ... ရပါတယ်၊ ကျွန်တော်ကြောင့် မေထက် အလုပ်ပျက်မခံပါနဲ့"

မေထက် ရေချိုးနေစဉ် သူက ဗီဒီယိုကြည့်နေလိုက်သည်။

အကြာကြီးနေမှ မေထက် သူ့အနားရောက်လာသည်။

"ဒေါက်တာ"

သင်းပျံ့ပျံ့ ရနံ့တစ်ခုနှင့်အတူ ခေါ်သံမြိန်မြိန်လေးကို တစ်ချိန်တည်း ကြားလိုက်ရသည်မို့ ဒေါက်တာရန်ပိုင်ထွန်း သူမကို မော့ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိထိုင်ခုံဘေးတွင် ဖက်ဖူးရောင်ဝတ်စုံလေးနှင့် လှနေသော မေထက်ကို တွေ့လိုက်ရ၏။

စောစောတုန်းကလို နွမ်းပန်းမှုများ သူ့မျက်နှာတွင် ရှိမနေတော့ချေ။

"ကော်ဖီသောက်ရအောင်"

ဘာတုံ့ပြန်စကားမှ မဆိုဘဲ စူးစူးကြီးကြည့်နေသော ရန်ပိုင်ထွန်း ကို မေထက် ဒေါ်ပွချင်ချင်။

"ဟို… ကော်ဖီသောက်ဖို့ လာခေါ်တာ"

ဒီတော့မှ သူ မတ်တတ်ရပ်လိုက်သည်။

ဘယ်လိုကြီးမှန်းလဲ မသိဘူး။

မကျေမနပ်အတွေးနှင့်အတူ မျက်နှာလေးကလည်း သုန်မှုန်သွားရသည်။

သူက တစ်ချိန်လုံး မေထက်ကို ကြည့်နေသည်။

မျက်ဝန်းနက်နက်များနှင့် အရမ်းကြီးပဲ ကြည့်နေတော့ ရင်ထဲ အလို မကျချင်။

"ဒေါ်လေးထက်"

ဖွေးက မေထက်အနားတွင်ရပ်ရင်း ခေါ်သည်မို့…

"ဘာလဲ ဖွေး"

"ဖွေး ယင်းမာတို့အိမ် ခဏသွားမယ်နော်"

"အင်း…"

ခေါင်းညိတ်လိုက်ရပေမယ့် ဖွေးကို စူးစူးစမ်းစမ်း ကြည့်ဖြစ်သွားရသည်။





ဖွေး အခုတလော ယင်းမာတို့အိမ် ခဏခဏသွားတာ သတိထားမိသည်။

ဖွေး ဘာလို့ အဲသည့်အိမ် သွားချင်နေရတာလဲ။

ဖွေးမှာ ရည်းစားရှိနေပြီလား။

မေထက် ဆက်ပင် မတွေးရဲတော့သဖြင့် ရပ်ထားလိုက်ရသည်။

ဖွေး အရွယ်ရောက်လာကတည်းက မေထက် အဲဒါကို အစိုးရိမ်ဆုံးပါပဲ။

ဖွေးက မမသက်သမီး မဟုတ်လား။

တစ်ဖွတ်ထိုး ဘာကိုမှ မစဉ်းစားဘဲ ထင်ရာစိုင်းသွားမှာ မေထက် အလန့်ဆုံး။

"မေထက်"

"ရှင်…"

ဖွေးကိုကြည့်၍ မျက်နှာလေး နွမ်းသွားသော မေထက်ကို ရန်ပိုင်ထွန်း ခေါ်လိုက်၏။

"ဖွေးကို မေထက် သိပ်ချစ်တယ်နော်"

"အင်း"

ရန်ပိုင်ထွန်း မေထက်ကို စူးခနဲ တစ်ချက်ကြည့်ရင်း…

"သံယောဇဉ်ဆိုတာမျိုးကို သိပ်ပြီး တွယ်နေရင် မကောင်းဘူး"

ရန်ပိုင်ထွန်းစကားကို မေထက် နားမရှင်း။ သို့ပေမယ့် ဆက်မမေးဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ စစ်တုရင် ဝါသနာပါလား"

"အင်း... မဆိုးပါဘူး"

"မေထက်နဲ့ ကစားရအောင်"

ရန်ပိုင်ထွန်းက ပခုံးတွန့်ရင်း...

"ကျွန်တော် နိုင်မယ် မထင်ဘူး"

"မေထက်လည်း မကျွမ်းပါဘူး။ ဒေါက်တာက မကစားခင်ကတည်းက ကြောက်နေတာကိုး"

ရန်ပိုင်ထွန်းနှင့် မေထက် စစ်တုရင် ကစားကြသည်။

ရန်ပိုင်ထွန်း လက်ဖြူဖြူသွယ်သွယ်လေးများကို ကြည့်နေမိ၏။

သုံးပွဲဆက်တိုက် သရေကျနေသည်မို့ ပျင်းလာရ၏။

ရန်ပိုင်ထွန်း မေထက်ကို ချီးကျူးမိသည်။ သည်လိုပါပဲ မေထက်လည်း ရန်ပိုင်ထွန်းကို လန့်သွားရသည်။

"ဒေါက်တာက ဘယ်ဆိုးလို့လဲ"

ရန်ပိုင်ထွန်း ပြုံးရုံသာ ပြုံးမိသည်။

"မေထက်"

သူ့ကို မျက်လွှာလှန်ကြည့်နေသည့် မိန်းကလေးကို ဘာပြောရမှန်း မသိအောင်ပင် တွေဝေသွားရသည်။

"မေထက် ကိုယ်တို့ တစ်ခုခု ထွက်စားရအောင်"

"ဒေါက်တာ့ သဘောပဲလေ"

"ကိုယ့်ကားနဲ့ သွားရအောင်"





သူနှင့် လိုက်သွားချင်ပေမယ့် သူ့ကို မလွန်ဆန်နိုင်ဘဲ ကြင်နာသွားမိ မှာ စိုးရိမ်သည်။

မေထက် စိတ်သိပ်နိုင်ခဲ့တာပါ။

ကိုခကိုတောင် မေ့အောင် ကြိုးစားနိုင်ခဲ့တာပဲကြည့်။

သူနဲ့တွေ့မှ မေထက်စိတ်တွေ အဖတ်ဆည်မရအောင် ပျော်ကုန် တာပါ။

ကိုယ့်ကိုကိုယ်ပင် မကျေနပ်ချင်တော့။

"မေထက် သွားမယ်လေ"

မေထက် ခေါင်းညိတ်မိသလား မသိ။ သူက ကားဆီသို့ လျှောက်သွားသည်။

"ဒေါက်တာ..."

"မေထက် ကိုယ့်ကို ဘာလို့ ဒေါက်တာလို့ခေါ်တာလဲ"

"လေးစားလို့"

"မေထက် လူလည်ကျပြီ။ လေးစားလို့ ခေါ်တာဆိုတော့ ကိုယ် ဘယ်လိုလုပ် ပြင်ခေါ်နိုင်းရမလဲ"

"ဒီအတိုင်းပဲ မကောင်းဘူးလား"

"တစ်မျိုးကြီးပဲ"

သူနှင့် စတွေ့စဉ်က ဝတ်ထားခဲ့သော ဖက်ဖူးရောင် ဝမ်းဆက်လေး ကိုပင် မေထက် ဝတ်ဆင်ထားလေ၏။

"မေထက်က ဘာလို့ အိမ်ထောင်မပြုသေးတာလဲ"

ကားမောင်းလာရင်းမှ ဘွင်းဘွင်းကြီး မေးချလိုက်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မေထက် မျက်နှာ ရဲတွတ်သွားရ၏။

"အဲဒါက…"

ဖြေရခက်နေသော မေထက်ပုံစံလေးကိုကြည့်၍ သူ အော်ရယ်မိတော့သည်။

"ကိုယ် မေထက်နဲ့ တိုင်ပင်မလို့"

"ဟင်…"

"ကိုယ် အိမ်ထောင်ပြုတော့မယ်။ သတို့သမီးလည်း တွေ့ထားပြီ။ သူ့ကို ဖွင့်ပြောရင် ကောင်းမလား"

"ဟင့်အင်း မကောင်းဘူး"

ရင်ထဲ မတင်မကျနှင့် အောင့်သက်သက် ဖြစ်သွားရသူက ရန်ပိုင်ထွန်း။

မေထက် သူ့မျက်နှာကိုကြည့်၍ ရယ်လိုက်သည်။

"ကလဲ့စားချေတာပေါ့ ဟုတ်လား"

"အင်း…"

ကားကို ကန်တော်ကြီးစောင်းတွင် ရပ်ရင်းမှ သူက…

"မေထက် ကိုယ့်ကို စဉ်းစားပေးနိုင်မလား"

တည်တည်နှင့် ဆိုလာသည်မို့ မေထက် ခေါင်းငုံ့မိသည်။

"ဟင်… မေထက်"

"ဟိုလေ… မေထက် မပြောတတ်ဘူး။ ချက်ချင်းကြီးတော့…"

"အင်းလေ… ကိုယ် မလောပါဘူး"





"ပြီးတော့ မေထက်မှာ ချစ်သူရှိတယ်"

"ဘာ…"

သည်တစ်ခါတော့ သူ တကယ်အံ့သြသွားရသည်။

"ချစ်သူရှိတယ် ဟုတ်လား"

"အင်း… အခုတော့ မေထက်နဲ့သူ ဘာမှမဆိုင်တော့ပါဘူး"

"ဪ…"

"သူ အခုရှိသေးလား"

"အင်း… ဒါပေမယ့် မေထက် သူ့ကို ဒီတစ်သက် လက်မထပ်နိုင်တော့ပါဘူး"

"သူနဲ့မေထက် ချစ်ခဲ့ကြတာ ကြာပြီပေါ့နော်"

"အင်း"

"ကိုယ့်မှာလည်း ရှိခဲ့ဖူးတာပါပဲ။ ဒါပေမယ့် ပြတ်သွားခဲ့တာ ကြာပါပြီ"

သူက ပွင့်လင်းသားပဲဟု တွေးမိသွားရသည်။

"အခုခေတ်မှာ ဒါတွေက မဆန်းပါဘူးလေ"

သူက ဖြေသိမ့်စွာတွေးရင်း မေထက်ကို စူးစူးစိုက်စိုက်ကြည့်သည်။

"ကိုယ့်ကောင်မလေးက နိုင်ငံခြားမှာ ကျန်ခဲ့တယ်လေ"

"အင်း… မေထက် စိတ်ဝင်စားပါတယ်"

"သူက ဒီကို မလိုက်နိုင်သလို၊ ကိုယ်လည်း သူ့ဆီမှာ မနေနိုင်ဘူး။ မေမေတို့တောင် မသိခဲ့ဘူး။ ဒါပေမယ့် အဲဒီတုန်းက



www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်မဟုတ်ပါဘူး။ အခု မေထက်ကိုတွေ့မှ ကိုယ် အချစ်ဆိုတာကို ယုံရဲတော့မလို ဖြစ်နေတယ်"

"ဒေါက်တာ အပြောကောင်းတယ်။ စာရေးပါလား"

"အင်း… စဉ်းစားရမှာပေါ့။ မေထက်ကိုယ်တိုင်က စာရေးနေတာ ဆိုတော့ ကိုယ်လည်း ရေးရင်ဖြစ်မှာပဲနော်"

"မသိဘူး"

သူ့မှာ ချစ်သူရှိခဲ့ခြင်းကို မေထက်ရင်ထဲ အလိုမကျချင်။

အူတိုတာလား၊ သဝန်တိုတာလား။

"သူနဲ့ပတ်သက်တဲ့ ပစ္စည်းလေးတွေ ကိုယ့်မှာ ရှိနေတယ် မေထက် ရဲ့"

"အင်း…"

"အဲဒါတွေ ဒီကန်တော်ကြီးထဲ လာလွှင့်ပစ်ရမယ်"

"ကလေးမှ မဟုတ်ပဲ"

"မလိုချင်ဘူးကွာ၊ ကိုယ် မေထက်ကိုပဲ ချစ်ချင်တော့တယ်"

မေထက်ကို မဖြေတတ်အောင် ဖြစ်သွားရသည်။

"မေထက်ကို စတွေ့တဲ့နေ့က ကိုယ် တော်တော်အသည်းယားတယ်"

"ဘာလို့လဲဟင်"

"ဒီလောက်လေးမှ ခံနိုင်ရည် မရှိဘူးလားလို့ပေါ့"

"မေထက် ဘဝမှာလေ ကားအက်စီးဒင့်ဆိုတာ တကယ်ထူးခြားတယ်။ တိုက်ဆိုင်တယ်ပဲ ခေါ်မလား။ ဒေါက်တာနဲ့ မေထက်နဲ့မဟုတ်ရင် တွေ့စရာ အကြောင်းမရှိဘူးနော်"





"အင်း…"

ရှန်ပိုင်ထွန်း မေထက်မျက်နှာလေးကို တစ်ဝကြီးငေးဝစ်လိုက်သည်။

ဘယ်လောက်ကြည့်ကြည့်။

ဘယ်လိုပဲကြည့်ကြည့်။

ဘယ်ဘက်ကပဲကြည့်ကြည့်။

ဘယ်တော့မှ ရိုးမသွား။

ကြည့်ရင်းကြည့်ရင်းမှ ပိုပိုချစ်လာရသည်ချည်း။

အိမ်မှာဆို သူ သည်လို ကြည့်ခွင့်မရ။

အခွင့်အရေးရတုန်း အဝကြည့်ထားတဲ့သဘောတော့ မဟုတ်ပါဘူး။ မေထက် သိမှာပါ။

ကိုယ် မေထက်ကို ဘယ်လောက် ကြင်နာနေမိပြီဆိုတာ ကိုယ့် မျက်လုံးတွေက မေထက်ကို ပြောပြကြမှာပါ။

ဖြစ်များဖြစ်နိုင်လျှင် သူ မေထက်ကို ပြန်ပင် မပို့ချင်တော့။

မေထက်ကို အမှုန့်ဖြစ်သွားအောင် ခြေပစ်လိုက်ချင်သည်။ ချစ်ရလွန်းလို့ပါ။

ခေါင်းကို ငုံ့ချလိုက်ရမှာလား။ သူ့အကြည့်စူးစူးကြီးကိုပဲ ရင်ဆိုင် ကြည့်ပစ်ရမှာလား။

ရှက်ရွံ့မှုနှင့် စိုးထိတ်မှုတို့ပေါင်းကာ မေထက် ရင်တို့ ပရမ်းပတာ ခါနေသည်မဟုတ်လား။

အကြည့်မြမြကို ရင်မဆိုင်ရဲသလို အပြောမြန်မြန်ဖြင့်လည်း မကြားဝံ့ပါ။ မေထက် လှုပ်ပင် မလှုပ်ဝံ့။



www.burmeseclassic.com

www.burmeseclassic.com



သူ မေထက်ကို အဲသည်လောက် အနေခက်အောင် မပြု သင့်ဘူး။

"ဒေါက်တာ"

"ဟင်..."

"မေထက်ကို အားမနာဘူးလား"

"ဟင့်အင်း"

သူက ပြောပြီး ရယ်သည်။

အခုမှပင် တက်သွားသော ရဟတ် ပြန်ဆင်းသည့်နှယ် မေထက် ရင်ထဲ အေးခနဲဖြစ်ပြီး သက်ပြင်းချလိုက်မိသည်။

"မေထက် ပြန်ချင်ပြီလား"

"အင်း"

သည်လိုကျတော့ အလိုက်သိနေပါရော။

သူက မြို့ထဲဘက်ကို ဦးတည်လိုက်၏။

သူ့ဘေးနားမှာရှိနေသော မေထက် အားရှိသလိုပါပဲ။

သူ့အကြင်နာနွေးနွေးက လွှမ်းခြုံထားသည်ထင့်။ မေထက် လုံခြုံချမ်းမြေ့ရပါပြီ။

"မေထက်"

"ဟင်"

"အိမ်တောင် မပြန်ချင်တော့ဘူးကွာ။ ဒီလိုပဲ လျှောက် မောင်းနေချင်တော့တယ်"

❁



## အခန်း (၂၇)

"ဘာ... ဘာပြောတယ် ဖွေး"

မေထက်အသံက ညှော်ခန်းတစ်ခုလုံး လျှံကျသွားသလား ထင်ရအောင် ကျယ်သွားရသည်။

မေထက် မယုံလိုက်တာ။

အို... မဖြစ်နိုင်တာတွေ။

မေထက် လုံးဝ မယုံချင်ဘူး။

လူခဆိုတဲ့လူ ဘယ်လိုလုပ်လိုက်တာလဲ။

လူမဆန်လိုက်တာ။

ယုတ်မာတာ။

မေထက်ကို မကျေနပ်လို့ သက်သက် ကလဲ့စားချေတာ နေမှာပေါ့။

ကိုခ ရက်စက်လှချည်လား။

မေထက် တူမက အခုမှ အငုံအဖူးသာသာလေးရယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဖွေးနဲ့ ဦးခ ချစ်နေကြပြီတဲ့။

တခြားလူ လာပြောရင် မေထက် မယုံနိုင်ဘူး။

ခုတော့ ဖွေးကိုယ်တိုင်က ပြောလာပြီမို့ မေထက် မယုံလို့ မရ။

မေထက်၏ ရဲသွားသော မျက်နှာက တဖြည်းဖြည်း ဖြူရော်သွားရ သည်။

ဝမ်းနည်းမှု၊ ကြေကွဲမှု၊ နာကြည်းမှုတို့ဖြင့် မေထက် ရင်တစ်ခုလုံး လျှော်ဖြစ်ထွန်းသည့်နှယ် တုန်လှုပ်နေရပြီကော။

ဒေါ်လေးနွေက မေထက်လက်ကို ဖွဖွဆုပ်ရင်း သတိပေး သည်။

မေထက် ဘယ်လိုခံစားရမယ်ဆိုတာ ဘယ်သူမှမသိနိုင်ပါ ဘူး။

ကိုခကို မေထက် မချစ်တော့တာ အမှန်ပါ။

သို့ပေမယ့် အခုလို ဖွေးနှင့် ဆက်နွယ်လာလိမ့်မည်ဟု လုံးဝ ထင်မထားခဲ့။

"သမီး စိတ်အေးအေးထားပြီး ဆုံးဖြတ်ကွယ်"

ဒေါ်လေးနွေ စကားကို မေထက် မတုံ့ပြန်မိ။

"ဖွေး သူ့ကို ချစ်လို့လား"

မာဆတ်ဆတ် မေးသံဟွင် ဒေါ်သတို့ စွက်နေမှန်း ကိုယ့် ဘာသာ သိနေသည်။

"ဟုတ်ကဲ့"

မငိုမရဲဖြေသံနှင့်အတူ ခေါင်းငုံ့သွားသော ဖွေးကို မေထက်





ကိုင်ဆောင့်ပစ်လိုက်ချင်တော့သည်။

"ဒါ ရည်းစားထားရမယ့် အရွယ်လား ဖွေး၊ ဟုင် ပညာ သင်ချိန်မှာ တခြားဟာတွေ စိတ်ဝင်စားတာ ကောင်းသလား"

ဖွေးက ခေါင်းငုံ့ထားရာမှ တစ်ချက်မော့ကြည့်သည်။

"ငါ ရင်နာတယ် ဖွေး၊ နင့်ကို ဒီအရွယ်ရောက်အောင် ပျိုးထောင်ခဲ့ တာ ငါ့ကိုယ်ငါ ဟုတ်လှပြီမှတ်နေတာ။ နင့်ခေါင်းထဲမှာ ဘာအသိဉာဏ်မှ မရှိပါလား။ မိဘမဲ့ဘဝမှာ ပညာကို ပြည့်ပြည့် ဝဝသင်ဖို့ စိတ်မကူးဘူး။ သိပ် မိုက်ပါလား ဖွေး"

မေထက် ခဏနားပြီးမှ ဆက်ပြောသည်။

"နင့်မှာ ပညာစုံပြီလား။ အသက်ကလည်း ငယ်ငယ်လေး။ အင်းလေ နောက်ဆုံးတော့ လူဆိုတာ ဇာတိပေါ်တာပဲ။ နင့်ကို ဒီလောက် စေတနာတွေ ထားခဲ့ဖို့ မကောင်းဘူး"

"ဒေါ်လေး ဖွေးကို ဒီလောက် မဆူပါနဲ့။ ဖွေးချစ်နေတဲ့လူက ဆရာ ဝန်တစ်ယောက်ပါ။ ပြီးတော့ ငွေကြေးချမ်းသာပြီးသားပဲဟာ"

ဖွေးစကားကြောင့် မေထက် ဝုန်းခနဲ ထရပ်လိုက်မိသည်။

"ညည်း ငါ့ကို ပြန်ပြောတာပေါ့လေ။ အတောင်စုံပြီ မဟုတ်လား"

"ဖွေးကို အရမ်းမနှိမ်ပါနဲ့။ ဖွေးကို ဒီအရွယ်ရောက်အောင် ပညာသင် ပေးခဲ့တာ ကျေးဇူးရှိပါတယ်။ ဒေါ်လေး စဉ်းစားကြည့် ပေါ့။ လင်ကောင်းတော့ တစ်သက်လုံးစံတဲ့"

မေထက် ဘာမှမပြောဘဲ မီးဝင်းဝင်းတောက်နေသော မျက် လုံးများနှင့်သာ ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖွေးဘဝကို ဖွေး ဖန်တီးချင်တယ်။ ဖွေးဘဝကို ဖွေး ပိုင်ချင်တယ်။ ဖွေး ဒီမှာ မပျော်တော့ဘူး။ ပြီးတော့ ဦးခနဲ့ မခွဲနိုင်ဘူး။ ဒေါ်လေးထက် သဘောမတူရင် ဖွေး ရွာပြန်တော့မယ်'

"ဘာ..."

တစ်ထိုင်တည်းနဲ့ ကျေးရူးအကုန်ကို ဆပ်ပစ်လိုက်တာပါလား။

တသသနှင့် အပင်ပန်းခံကာ ထုလုပ်ခဲ့သော ကြေပန်းပုရုပ်လေး ရှိုးကေ့စ်ထဲ ထည့်ခါနီးမှ ကျကွဲသွားရသည့်နှယ်။

မေထက်ရင်ထဲ မြက်မြက်ကျဉ်ကျဉ် ခံစားရလွန်းပါဘိ။

"ဖွေးကို မချုပ်ချယ်ပါနဲ့ ဒေါ်လေး။ ဖွေး ဒီထက်ပိုပြီး စိတ်ဆင်းရဲ မခံချင်တော့ဘူး"

"ဘာတွေများ ညည်းက စိတ်ဆင်းရဲနေရလို့လဲ။ ရွာမှာဆို ညည်း ဒီလို နေခွင့်ရမှာ မဟုတ်ဘူး"

"အဲဒီရွာမှာ ဖွေး ဖေဖေနဲ့မေမေတော့င် နေသွား သေသွား သေးတာပဲ။ ဖွေး ဧနေတော့ကော ဘာဖြစ်ရမှာလဲ"

ဖွေးက တစ်ခွန်းမခံ ပြန်ပက်နေသည်မို့ မေထက် မျက်ရည်များပင် ဝဲလာရသည်။

မေထက် စေတနာတွေကို နှစ်ပြားမတန်အောင် စော်ကားနေပါလား။

"ညည်းကို ဒီမှာ ခေါ်လာပြီး ထားခဲ့တာ ယောကျ်ားယူဖို့ မဟုတ်ဘူး။ ညည်း နည်းနည်းလေးဖြစ်ဖြစ် စဉ်းစားဖို့ကောင်းတယ်"





"အို်း... ဒါက ဒေါ်လေးတစ်ဖက်သတ် ပြောတာပဲ။ ယင်ယင်ကတည်းက ဖွေး ဘယ်မှာ လွတ်လပ်ခွင့် ရခဲ့လို့လဲ"

"ညည်းကို ခတ်ထားတဲ့ဘောင်က အကျယ်ကြီးပါ။ ဒါပေမယ့် ဒီ ဘောင်ထဲမှာ မပျော်ဘဲနဲ့ အပြင်ကို ခုန်ထွက်ချ ဘာ ညည်းမိုက်တာပဲ။ ဒီ လောက် ချုပ်ချယ်တာတောင် အခု ညည်း ရည်းစားရှိနေပြီ"

"မိုက်တယ်လို့ ပြောလို့ မရပါဘူး။ ဖွေး ဦးခကိုချစ်တာ မိုက်တာမှ မဟုတ်ဘဲ။ ဦးခဘဝထဲ ဖွေးရောက်သွားရင် ဘာလိုသေးလဲ"

တော်တော် အားကိုးပြီး ချစ်နေတာ ထင်ပါရဲ့လေဟု မသက်မသာ တွေးဖြစ်သည်။

"ဖွေး လိမ္မာလို့သာ ဒေါ်လေးသက်ကို ဖွင့်ပြောတာပေါ့"

"ဩော်... ဩော်... ဟုတ်ကဲ့ ချီးကျူးမိပါတယ်ရှင်။ ချီးကျူးပါတယ်"

မေထက်၏ ခနဲ့တဲ့တဲ့အသံတို့က တုန်တုန်ခိုက်ခိုက်။

ဖွေးကို လူခဘက်မှ သဘောတူပဲ့မလား။

ဖွေးဆိုတာ မမသက်ရဲ့သမီး အရင်းခေါက်ခေါက်။

သဘောမတူလည်း နောက်ဆုတ်မည် မဟုတ်မှန်းသိ၍ မေထက် ရင်ထဲ ဒိန်းခနဲ ဖြစ်သွားရသည်။

"သူတို့ဘက်က သဘောတူသတဲ့လား"

"ဖွေး မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခက်ပါလား မိဖွေး၊ ဒါတွေကို မလေ့လာဘူးလား"

"အဲဒါတွေက အဓိကမကျပါဘူး။ ဦးခ ဖွေးကို ချစ်ဖို့က သာ..."

"တော်စမ်း ဖွေး၊ ဒီလို မိုက်ရူးရဲစကားတွေ ဘယ်တော့မှ မပြောနဲ့"

"ဖွေးကို ဒေါ်လေး အော်နိုင်ပါတယ်။ ဖွေးက ဝဋ်ရှိသရွေ့ ခံရမှာပါ"

"ဘာ... ငါအော်တာကို နင် ဝဋ်တစ်ခုလို သဘောထားတယ် ဟုတ် လား။ အင်းလေ... ငါကတော့ တယုတယနဲ့ ပျိုးထောင်လိုက်ရတာ။ ရင်ဝကို ဖိနှပ်နဲ့ပေါက်ပြီး စုံကန်ထွက်သွားတာပေါ့လေ"

"ဒေါ်လေး သက်သက်အမြင်ကျဉ်းတာပါ။ ဖွေး အနုယူမှာမှ မဟုတ်ဘဲ။ စေ့စပ်ထားဖို့လောက်ပဲ ဖွေး ဆန္ဒရှိတာပါ"

မေထက် ပါးပြင်ပေါ်သို့ မျက်ရည်စများ သွယ်တန်းကျလာရသည်။

သူက သွေးအေးအေးနဲ့ ပြောနေနိုင်ပေမယ့် မေထက် မကြားလို တော့။

မထားသင့်တဲ့ သံယောဇဉ်ကြောင့် မေထက် စိတ်ဆင်းရဲရပြီ။

လူခ သင်းကကော ဘာလို့ မေထက်တူမကိုမှ ချစ်ရတာလဲ။





လောကကြီးမှာ မိန်းမ ရှားသလား။

"တော်က်..."

ဒေါ်လေးနွေက ခုထိ ဘာမှ ဝင်မပြောသေး။

"ညည်း ငါ့ကို စော်ကားနိုင်ပါတယ် ဖွေး၊ ညည်း စိတ်ချမ်းသာမယ် လို့ ထင်တာကို လုပ်ပစ်လိုက်၊ ဒါပဲ"

ချာခနဲ လှည့်ကာ အိပ်ခန်းရှိရာသို့ ပြေးထွက်လာခဲ့မိသည်။

မေထက် ဘယ်လိုမှ ဆောက်တည်ရာမရ။

ဖွေး သူ့အပေါ် သည်လောက် ရိုင်းပြလိမ့်မည်ဟု ဘယ်တုန်းကမှ မမျှော်လင့်ခဲ့။

မေထက် ဘာလုပ်ရတော့မလဲ မမသက်ရယ်။

မမသက်သမီး မေထက်ကို ပြောနေတာ ကြားစေချင်စမ်းပါဘိ။

ရက်စက်ပါပေ့။

ပြောထွက်ပါပေ့ ဖွေးရယ်။

မေထက် တစ်နေကုန် အခန်းထဲက မထွက်ဖြစ်တော့။

ဘယ်သူနှင့်မှလည်း မတွေ့ချင်။

"သမီး ထမင်းစားမယ်လေ"

"မေထက် မဆာပါဘူး ဒေါ်လေးရယ်။ မေထက် ရင်တွေပြည့်နေ သလိုပဲ"

"စိတ်လျှော့လိုက်ပါ သမီး၊ သမီးဘက်က တာဝန်ကျေခဲ့တာပဲကွယ်။ မလိမ္မာတာ ဘာတတ်နိုင်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဒေါ်လေးရယ်... သမီးကို ဘယ်အချိန်ကတည်းက ဒီလောက် မုန်းနေလဲ မသိဘူး”

“နောက်တော့ နားလည်လာမှာပေါ့ကွယ်”

ဒေါ်လေးနွေက မေထက်ဖို့ ကော်ဖီဖျော်လာသည်။

“သမီး”

“ရှင်...”

“ဒီလူခဆိုတဲ့ သူငယ်က ဖွေးကို တကယ်ချစ်ရဲ့လား”

“မေထက် မသိဘူး ဒေါ်လေး”

“အတည်ကြီးတာဆိုရင်တော့ တော်သေးတာပေါ့ကွယ်။ ဖွေးက ခေါင်းမာတယ်၊ ဂျစ်လေးပဲ”

“အခု သူ ဘယ်သွားလဲ”

“ယင်းမာတို့အိမ်တဲ့”

“ဪ...”

“မောင်လူခက ယင်းမာတို့အိမ်နားမှာ နေတာပဲကွယ့်”

“ဟုတ်လား”

“ဖွေး ပြောတာပဲ”

မေထက် ခုတင်ပေါ်မှဆင်းပြီး ပြတင်းပေါက်ဘေးမှာ သွားရပ်မိ သည်။ လရိပ်အေးအေးက မေထက်ကိုယ်ပေါ် ဖြာကျနေ၏။

မေထက် အကြင်နာတွေက ဖွေးအပေါ်မှာ လရောင်နှယ် ပါ။ ဒါပေမယ့် သူ မေထက်အပေါ် သိပ်ရိုင်းခဲ့တာပဲ။





ဖွေးစကားများကို အံ့သြတကြီး သူ နားထောင်ခဲ့ရသည်။

ပြတ်ပြတ်သားသား ပြောဝံ့သောစိတ်ကို ချီးကျူးရ မလောက်ပါပဲ လေ။

ဒေါ်လေးနွေက အောက်ထပ်ကို ပြန်ဆင်းသွားသည်မို့ မေထက် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

“သမီးရေ... မောင်ရန်ပိုင် လာတယ်”

ဒေါ်လေးနွေစကားကြောင့် မေထက် ပြတင်းပေါက်မှ ခွာမိသည်။

ဒေါက်တာရန်ပိုင်ထွန်းက ညနေဘက် သို့မဟုတ် ညဘက် လာတတ်သည်။

သူ့ရော မေထက်ပါ နေ့လယ်နေ့ခင်း မအား။

သည်ညတော့ မေထက် သူနှင့် စကားမပြောချင်။

အသက်မပါသော ခြေလှမ်းတို့နှင့် ဆင်းလာခဲ့ရသည်။

ရဲနေသော မျက်နှာ၊ မို့အစ်နေသော မျက်လုံးတို့က မေထက် ငိုထား မှန်း သိသာသည်မို့ ရန်ပိုင်ထွန်း စိုးရိမ်သွားရသည်။

ဆံပင်ထွေးထွေးကြီးက စုစဲရှုပ်ပွလျက်။

ခါတိုင်းနေ့များနှင့်မတူဘဲ မေထက်ပုံစံက တက်ကြွမှု လန်းဆန်းမှုတွေ ကင်းနေရသည်။

မေထက်က ဆက်တီတစ်လုံးမှာ ဖြည်းဖြည်းဝင်ထိုင်သည်။

“မေထက် နေကောင်းတယ်နော်”

“အင်း...”

“မေထက် ငိုထားတယ် ထင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"အင်း…"

မေထက် မညာချင်။

"ဘာဖြစ်လို့လဲ မေထက် ဟင်…"

မေထက် အကြာကြီး ငြိမ်နေသည်မို့ သူလည်း ဘာမှ မဆိုမိ။

မေထက် ရင်ထဲက ဝေဒနာ သူ့ဆီကူးစက်လာလေသလား။ သူ နုံးနုံးကြီး ဖြစ်သွားရသည်။

မေထက် ဘာဖြစ်လို့ပါလိမ့်။

မတွေးတတ်အောင် ရှိနေရသည်။

"ဖွေးနဲ့ အဆင်မပြေလို့"

သူ သက်ပြင်းတစ်ချက် ချမိတော့သည်။

"ဒါ ငိုစရာလားကွာ"

မေထက်က ကျောက်ရုပ်ကို မှုဆေးပေးထားသည့်နှယ်။

"ဖွေးက ဘာပြောလို့လဲ"

"ဖွေး လူတစ်ယောက်နဲ့ ချေစပ်တော့မယ်"

"ဟင်…"

သည်တစ်ခါတော့ ဒေါက်တာရန်ပိုင်ထွန်း အလွန်အမင်း အံ့သြသွားရသည်။

"ဖွေး ငယ်ငယ်လေးပဲ ရှိပါသေးတယ်"

"မေထက် သူ့အကြောင်း မပြောချင်ဘူး။ ကြားလည်း မကြားချင်ဘူး"

"မေထက် သူ့အပေါ် နာကြည်းနေပြီလား"





"အင်း…"

"စိတ်လျှော့လိုက်ပါ မေထက်ရယ်၊ သူ့ဘဝနဲ့ သူပေါ့"

"မေထက် အဲဒီလို မဖြေနိုင်ဘူး။ မေထက် သူ့ကို ဘယ်လို ပြုပြင်ယူခဲ့ရသလဲ၊ သူ့ဘဝကို ဒီထက်မက မြင့်စေချင်တယ်"

"ဒါကတော့ မေထက်ရယ်၊ သူနဲ့ကိုယ် စိတ်ချင်းမှ မတူပဲ။ ကိုယ်က ဘယ်လောက်ဖြစ်စေချင် ဖြစ်စေချင် သူ ကြိုးစားမှ ဖြစ်မှာပဲကွာ"

သူ့စကားကြောင့် ရင်ထဲ ပေါ့သွားရသလိုပင်။

"ကဲပါ မေထက်ရာ၊ ပျော်ပျော်နေစမ်းပါ"

"ဒေါက်တာမှ မခံစားရဘဲနဲ့"

"အဲဒီလိုတော့ မပြောပါနဲ့ မေထက်ရာ။ ကိုယ် မေထက်ကို စိတ်ချမ်းသာစေချင်တယ်။ မေထက် စိတ်ညစ်နေတာ တွေ့တော့ ကိုယ်ပါ ရောမှိုင်သွားရတယ်"

သူနှင့် စကားပြောနေရတာ စိတ်ချမ်းသာသည်မို့ မေထက် အကြာကြီး ထိုင်နေဖြစ်သည်။

"မေထက် အိပ်ချင်နေပြီ ထင်တယ်"

"ရပါတယ်"

ကားတစ်စီးက အိမ်ရှေ့တွင် ရပ်တန့်သွားသည်။

ဖွေးနှင့် ယင်းမာက ကားပေါ်မှ ဆင်းလာကြ၏။

မေထက် နာရီကိုကြည့်ရင်း မျက်နှာလေး ထန်သွားရသည်။

"ဒေါ်လေးထက်၊ ယင်းမာ လာပို့ခဲ့ပြီနော်"

"အဟင်း… လာ ထိုင်လေ သမီး"



www.burmeseclassic.com

www.burmeseclassic.com



"မထိုင်တော့ဘူး ဒေါ်လေး၊ ယင်းမာ ပြန်တော့မယ်။ မိုးချုပ်နေပြီ"

"အေး... အေး"

ယင်းမာတို့ ကားလေး ပြန်ထွက်သွားသလို ဖွေးလည်း အိမ်ထဲ ဝင်သွားသည်။

"စိတ်ကောက်သွားတာလား"

"အင်း"

"ပြန်တော့ လာသားပဲ"

မေထက် မျက်စောင်းတစ်ချက် ထိုးဖြစ်သွားရသည်။

"ဖွေး ကောင်လေးက ဘယ်သူလဲ မေထက်"

မေထက် ဖြေဖို့ ခက်နေရသည်။

"ဒေါက်တာ သိပါတယ်"

"ဩော်... ဟို ထိုက်ဦးဆိုတာလား"

"မဟုတ်ပါဘူး၊ ဦးလူခလေ"

"လူခ ဟုတ်လား၊ ဟာ အသက် တော်တော်ကွာတာပဲ"

"အင်း..."

"သိဖြင့်သိတဲ့ ပြောချင်ရသေးတယ်"

"ဟဲ... ဟဲ... ဟဲ ဒါက တော့..."

ဒေါက်တာရန်ပိုင်ထွန်းကို ကြည့်၍ မေထက် ရယ်မိတော့သည်။

စိတ်ညစ်နေချိန်မှာတောင် မေထက်ကို ရယ်အောင် စွမ်းဆောင်နိုင်သူပဲ။

❷



အခန်း (၂၈)

မေထက်ကို နှင်းဆီပွင့်ပန်းရောင်လေးကို ကတ်ကြေးလေးနှင့် ရိုးတံလေးအား ထောက်ခနဲ ဖြတ်လိုက်၏။

နေမကောင်းချင်သလို ရှိသည်မို့ အနွေးထည်ပွပွလေးကို ဝတ်ထားရသည်။

ကောင်းကင်တွင် ပြေးလွှားနေသော တိမ်ပြာတိမ်လိပ်တို့ကို အမှတ်တမဲ့ မော့ကြည့်နေမိသည်။

ဆည်းဆာချိန်မို့ နေမင်းက အနောက်ဘက်သို့ ဝင်လုလု။

မေထက် လက်ထဲတွင် နှင်းဆီပန်းများ တစ်ပွေ့ကြီး။

အိမ်ဘက်သို့ ပြန်ရန် လှည့်လိုက်မိသည်။

ဟင်... ကိုခ။

လူခက မေထက်ကို အဝေးကြီးမှရပ်၍ကြည့်နေသည်။

မေထက်၏ ထဘီအနားစတို့က လေတိုက်၍ တဖျပ်ဖျပ် လွင့်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်အရှည်ကြီးက ဟိုတုန်းကအတိုင်း။

မေထက် သူ့ကို တစ်ချက်ကြည့်ပြီး ခြေလှမ်းစသည်။

တဖြည်းဖြည်းနှင့် မေထက် သူ့နား ရောက်လာသည်။

သူ့ဘေးမှ ဖြတ်အလျှောက်...

"မေထက်"

မေထက် ခြေလှမ်းတို့ တုံ့ခနဲ ရပ်၏။

"ကိုခကို ခွင့်လွှတ်ပါကွာ"

ဘာကို ခွင့်လွှတ်ရမှာလဲ။

ပြီးတော့ သူ ဘာလုပ်ဖို့ လာတာလဲ။

"မေမေတို့ပါလာတယ် မေထက်"

သူ့စကားကြောင့် မေထက် ပိုလို့အံ့သြရပြန်သည်။

"ဖွေးကို လူကြီးတွေရှေ့မှာ စကားပြောထားချင်လို့"

"ဩော်..."

မေထက် သူ့ကို တကယ်ချက် မော့ကြည့်မိသည်။

"ဖွေးကို ရှင် တကယ်ချစ်တာလား"

"ကိုခ ယောကျ်ားကောင်းတစ်ယောက်ပဲ ဖြစ်ချင်တယ်"

သူ့စကားက အဓိပ္ပာယ်များစွာ ပါဝင်နေသည်။

"ပြီးတော့ သူ့ကို ကိုခ ချစ်နိုင်ပါတယ်လေ"

"မေထက် ဝမ်းသာပါတယ်"

"ကိုခ တရားရဲ့လား"

"မေထက် မဖြေတတ်ဘူး။ ဖြေဖို့လည်း မလိုပါဘူး"





"မေထက်, သဘောမတူဘူးလား"

"ဖွေးဘဝကို ဖွေး ပိုင်ပါတယ်။ သူကြိုက်သလို ဆုံးဖြတ်ဖို့ ပြောထား ပြီးပြီပဲလေ"

"အုပ်ထိန်းသူတစ်ယောက်အနေနဲ့ မေထက် ဆန္ဒ..."

"အဟင်း... ဒါက ဒေါ်လေးနွေပြောပါလိမ့်မယ်။ မေထက်က ကလေးပဲဟာ"

မေထက် ရွှဲ့ပြောတာမှန်း နားလည်လိုက်သည်။

"ဖွေးကို ရှင် သစ္စာရှိပါ။ မေထက် ဒီတစ်ခုပဲ ပြောချင်တယ်။ မေထက်ကို သွားခွင့်ပြုပါဦး"

မေထက် သူ့အနားမှ မပြေးရုံတစ်မည် ထွက်လာခဲ့သည်။

လူခ နေရာတွင် ငူတူတူကြီး ကျန်ရစ်ခဲ့သည်။

"အင်းလေ... မေမေ သားသဘောကို မဆန့်ကျင်တော့ပါဘူး။ အခုအချိန်မှာ မေထက်နဲ့ဆိုလည်း မေမေ သဘောတူမှာပါ"

မေမေ့စကားများ နားထဲက မထွက်။

မေထက်နဲ့ ကိုခ ဖူးစာကံ မပါဘူးနဲ့ တူပါရဲ့ကွာ။

"ဒါပေမယ့် သား။ မေမေ တစ်ခုတော့ ပြောထားမယ်။ ကိုယ့်ဒုက္ခ ကိုယ်ခံ ကိုယ့်သုခ ကိုယ်စံပဲ"

တစ်နှစ်အတွင်း ပြောင်းလဲသွားသော မေမေ့သဘောထားကို လူခ အံ့သြယူရသည်အထိ။

"သားနဲ့ဖွေး ချစ်နေကြပြီဆိုတာ ယင်းမာ အမေပြောလို့ မေမေ သိခဲ့ပါတယ်။ မေမေ တော်တော်မျက်စိလည်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



သားကို နားမလည် နိုင်အောင်ပဲ။ သားလုပ်ရပ်တွေ နည်းလမ်းတွေမကျဘူး။ ဒါပေမယ့် မေထက်နဲ့ သား ယူခဲ့ကြတာမှ မဟုတ်ပဲ"

မေမေက သည်လိုပြောခဲ့သည်။

သူ ဖွေးကို ချစ်ရပါမည်။

မေထက်ကို ကြင်နာနေမိပေမယ့် လက်တွေ့မှာ ဖွေးအကြင်နာကို သူ မလွန်ဆန်နိုင်ခဲ့။ ခုခံနိုင်စွမ်း မရှိခဲ့။

ဖွေး၏ ကလေးဆန်သော အပြုအမူလေးများကိုပင် သူ စွဲနေခဲ့ရလေပြီ မဟုတ်လား။

မေထက် ဖွေးကို သိပ်ချစ်တာ သူ သိနေသည်။

သဘောမှ တူပါ့မလားလို့ တွေးပူခဲ့ရသေး၏။

ခုတော့ မေထက်က သူနှင့် ဘာမျှမဆိုင်သလိုပါပဲလား။

လူခ မျှော်လင့်ထားခဲ့တာက မေထက် သူ့ကို မောက်မောက်မာမာနှင့် နစ်နာအောင် ပြောချမည်။ သို့မဟုတ် မျက်ရည်ဖြိုင်ဖြိုင်နှင့် ရန်တွေ့မည်။

သို့ပေမယ့် မေထက်က ဘာမှ မပြောဘဲ နေနေလေတော့ သူ ဘာ ဆက်လုပ်ရမှန်းပင် မသိတော့။

ဖွေးအပေါ် သစ္စာရှိဖို့တော့ သူ တစ်သက်လုံး ကြိုးစားရမည်။

မေထက်က သူ့ဆီက သည်တစ်ခုပဲ တောင်းဆိုခဲ့သည် မဟုတ်လား။

"ဦးခ"





"ဟော....ဖွေး အားပါ၊ အရမ်းလှကာပဲကွာ"

ဖွေးသူကို ရှက်ပြုံးလေးနှင့် ခေါင်းငုံ့သွားသည်။

"ဒေါ်လေးထက်နဲ့ တွေ့လားဟင်"

"တွေ့ပါတယ်"

"ဘာပြောသေးလဲဟင် ဦးခ"

"ဘာမှ မပြောဘူးကွ"

"ဖွေးကို လုံးဝ စကားမပြောဘူး၊ မပြောလည်းနေပေါ့၊ ဦးခပြောရင် ပြီးရော"

ဖွေး၏ ချစ်စဖွယ် ပြောဟန်လေးက သူ့ရင်ထဲအထိ ထိုးဖောက်သွားရသည်။

ဖွေးလက်ကလေးကို ဖွဖွဆုပ်ကိုင်ရင်း ဖွေးပခုံးလေးကို သူဖက်ထား လိုက်သည်။

"လာ မေမေတို့ဆီ သွားရအောင်"

"ဦးခ"

"ဟင်..."

"ဖွေးကို တကယ်ချစ်တာနော်"

"ဖွေးရယ်... ဘာလဲ မယုံဘူးလား"

"မယုံရဲတာပါ။ ဦးခက ဖွေးထက် အများကြီး မြင့်နေလေတော့..."

"ဖွေး ဦးခက ပြောရမှာပါကွာ"

"ဦးခကို ဖွေး မယုံရဲတာ အမှန်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖွေး ယုံအောင် ဦးခ ဘာလုပ်ပေးရမလဲ"

"ဟင့်အင်း… မလိုပါဘူး ဦးခရယ်။ ဖွေးလေ ဦးခကို မိုက်မိုက်မဲမဲ ကြီး ချစ်ခဲ့မိတာပါ။ ဖွေး အချစ်ကို ဦးခ နားလည်မယ် မထင်ပါဘူး။ ဒါပေမယ့် ဖွေးက သိပ်ချစ်နေတော့ ဦးခကို လုံးဝကြီး လျစ်လျူမရှုနိုင်ခဲ့တာပါ"

"ဖွေးလေးရယ်"

ဖွေး ကိုယ်လုံးအိအိလေးကို သူ လွတ်ထွက်သွားမည့် အလား တစ်အား ဖက်ထားလိုက်မိသည်။

"ဖွေး အားလုံးကို ဆန့်ကျင်ပြီး ဦးခကို ချစ်ခဲ့ရသလို ဦးခ အချစ် အားလုံးကိုလည်း ဖွေးတစ်ဦးတည်း ပိုင်ပါရစေ"

သူ့ရင်ခွင်ထဲမှ မျက်နှာလေးမော့၍ ပြောလာသော ဖွေးကို သူ တိုး၍ ပွေ့ထားမိတော့သည်။

"ဦးခ"

"ဖွေး… ဦးခ ဖွေးအချစ်ကို နားလည်ပါတယ်"

"ဖွေးက တစ်ခါတစ်ခါ ကလေးဆန်ချင်တယ်"

"ကလေးပဲကွာ"

"ဦးခ အလိုလိုက်ရမယ်နော်"

"ကွာ… ဦးခ ဖွေးကို မျိုချလိုက်ချင်ပြီ"

သည်လောက် လိမ္မာတဲ့ ချစ်သူလေးကို ပွေ့ချီထား လိုက်ချင်တော့ သည်။

"ဦးခ ဖယ်တော့"





မွှန်းမွှန်းကျပ်ကျပ်အသံလေးကြားမှ မလွှတ်ချင်လွှတ်ချင် လွှတ်ပေးလိုက်ရသည်။

ငယ်ငယ်ကတည်းက တိတ်တိတ်လေးချစ်ခဲ့ရသော တစ်နေ့ ထက် တစ်နေ့ ပိုလို့သာ မြတ်နိုးရသော သူ့ လက်မောင်းကို ပိုင်ပိုင် တွဲ၍ တစ်သက်လုံး လျှောက်လှမ်းချင်သော ဘဝလမ်းကို ခုတော့ ဖွေး လျှောက်ရတော့မှာပါ။

"ဖွေးလေး…"

"ဦးခရယ်"

သည်တစ်ခါတော့ ဖွေး ဦးခ လက်မောင်းကို လက်နှစ်ဖက် ဖြင့် ဆုပ်ကိုင်ရင်း ပခုံးပေါ် ခေါင်းမှီလိုက်မိ၏။

"ဦးခကို ဘာလို့ချစ်တာလဲ"

"ဦးခကို ဖွေး အားကိုးတယ်။ ပြီးတော့ မြတ်နိုးတယ်။ ဦးခ က သဘောထားပြည့်တော့ ညာတာတတ်မှာပဲလို့ တွေးပြီး ကြင်နာ နေမိတာပါ"

"ဦးခကို နိုးပြီးချစ်နေတာ ဘယ်လောက်ကြာပြီလဲ"

"ဦးခနော်"

"ဆရာဝန်ဆိုတော့ ရောဂါခံစားရချိန်ကို မေးရတာပေါ့ ဖွေးရဲ့"

"ဟွန်း…"

ဖွေးက ခြေဆောင့်မိဟန်ပြင်ပြီးမှ မဆောင့်တော့ဘဲ သူ့ကို မော့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးခ"

"ဟင်…"

"ဖွေးလေ ဦးခ ဆံပင်တွေကို ဖွပ်စ်ချင်လိုက်တာ"

"ဘာဖြစ်လို့ ဖွချင်ရတာလဲကွာ"

"ချစ်လို့"

"ဟောဗျာ၊ ဖွစေ ဖွစေ"

ဦးခက ခေါင်းထိုးပေးလာတော့ ဖွေး ရယ်ကြည့်နေမိပြန်သည်။

"ငရဲကြီးမလားမသိဘူး"

တွေးတွေးဆဆလေးပြောပုံကိုကြည့်၍…

"ဒါတော့ ဦးခလည်း မသိဘူး။ နေဦး… နေဦး"

ဦးခက လှည့်ထွက်ရန် ပြင်လိုက်သည်မို့ ဖွေး ကြောင်ငေးငေး ဖြစ်သွားရသည်။

"ဦးခ ဘယ်သွားမလို့လဲ"

"ဖုန်းသွားဆက်မလို့လေ၊ ငရဲမင်းကြီးကို လှမ်းမေးကြည့်မယ်။ ဖွေး က ကျွန်တော့်ဆံပင်တွေကို ဖွချင်လို့၊ အဲဒါ ငရဲ ကြီး မကြီး ပြောပါလို့"

"ဦးခရယ်"

ဖွေး ဦးခဆံပင်များကို လက်နှစ်ဖက်နှင့် ဖွပ်စ်လိုက်တော့သည်။

"သိပ်ဆိုးတာပဲကွာ။ ဆံပင်တွေ ပွကုန်ပြီ"





"ဦးခ မကျေနပ်ဘူးလား"

"အစကတည်းက ပြောထားသားပဲ။ သူကျေနပ်ရင် ကျေနပ်တယ် လို့"

"ဖွေး ပြောတာပဲ ပြန်ပြန်ပြောနေတယ်"

"ဦးခမှ မပြောတတ်ပဲဟာ"

"အဲဒါ ဖွေးကို မချစ်လို့ပေါ့"

"ဟာ … မဟုတ်ပါဘူး ဖွေးရာ။ ဦးခ အဲဒီလို စာမဖွဲ့တတ်ဘူး"

"ဟင့်အင်း… ဦးခ ဖွေးကို ချစ်ရင် ပြောတတ်မှာပါ"

"ခက်ပါလား"

"ဟင့်အင်း ပြောရမှာပဲ"

"ကဲ… ဖွေးချစ်ရင် ဦးခ ချစ်မယ်"

"ဟင်…ဒါဆို ဖွေး မချစ်ရင် မချစ်ဘူးပေါ့"

"ဟာ… မဟုတ်သေးပါဘူး။ ကဲ ဖွေးကကော သူမကျေနပ်ရင် မကျေနပ်ဘူးပေါ့"

"အင်းလေ၊ သူ့ဆန္ဒတွေမပြည့်လို့ သူ မကျေနပ်တော့မှ ဖွေးလည်း ဘယ်လိုလုပ် ကျေနပ်ပြီး ပျော်ရွှင်နိုင်တော့မလဲ။ သူ့ဆန္ဒတွေ ပြည့်မှသာ ဖွေး ပျော်ရွှင်နိုင်မှာပါလို့"

"ဟုတ်ပြီ၊ သူ့ဆန္ဒပြည့်ရင် ဒီကောင် ပျော်ပြီ"

"ဟင်… ကောင်းလည်း ကောင်းဘူး"

"မသိဘူး ဖွေးရာ၊ ဦးခ မော်ပြီ၊ မစဉ်းစားတတ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဖွေးက သူ့ကိုကြည့်၍ ရယ်နေလေသည်။

"ဦးခ ဒေါ်လေးနွေတို့ဆီ သွားရအောင်နော်"

"အင်း...."

ဖွေးက ရှေ့မှ သွက်သွက်လေး လျှောက်သွားသည်။

"ဖွေး နေဦးလေ"

"ဟင့်အင်း၊ ဖွေး ယှဉ်မလျှောက်ချင်ဘူး။ အိမ်ထဲမှာ လူကြီးတွေနဲ့"

လက်တခါခါ ခေါင်းတခါခါနှင့် ငြင်းနေသော ဖွေးပုံစံလေးကိုကြည့်ရင်း လူခ ရယ်နေမိတော့သည်။

လူကြီးအချင်းချင်း စကားပြောကြတော့ သူနှင့်ဖွေးတို့ ရှက်နေရသေးသည်။

မေထက်၏ အရိပ်အယောင်ကိုပင် မမြင်ရ။

အိမ်ပေါ်ထပ်မှ ယောင်၍ပင် ဆင်းမလာ။

"ဖွေး"

"ဟင်... ဒေါ်လေးနွေ"

"လိမ္မာရမယ်နော်၊ လူကြီးချင်း စကားပြောထားရုံပဲ ရှိသေးတယ်"

ဒေါ်လေးနွေက ပွင့်လင်းသူပီပီ ပြတ်ပြတ်သားသားပင် ပြောသည်။

လူခက ဖွေးကို မျက်လုံးတစ်ဖက် လှမ်းမှိတ်ပြ၏။

လူကြီးတွေနှင့်မို့ ဖွေး ခေါင်းငုံ့လိုက်ရသည်။





တယ်လီဖုန်းသံက မြည်လာသည်မို့ ဖွေး ထကိုင်ရ၏။

"ဘယ်ကလဲ ဖွေးလေး"

"စာပေတိုက်က ဒေါ်လေးထက်ကို ခေါ်ပေးပါတဲ့"

"ဟုတ်လား၊ ခေါ်ပေးလိုက်ပေါ့ကွယ် နေနေ၊ ဒေါ်လေးနွေပဲ ခေါ် လိုက်မယ်"

မေထက်က အပေါ်ထပ် သူမ အိပ်ခန်းရှိ ဖုန်းကိုဖြုတ်ထားလိုက်ပြီ ဖြစ်၏။

"သမီးထက်ရေ၊ ဖုန်းလာနေတယ်ကွယ့်"

ဒေါ်လေးနွေက လှေကားရင်းမှ လှမ်းအော်ပြောသည်။

မေထက်က လှေကားမှတစ်ဆင့် ဖြည်းဖြည်းလေး ဆင်းလာ၏။

လူခတို့ဘက်ကို တစ်ချက်ပင် မကြည့်ဘဲ ဖုန်းပြောနေသည်။

မေမေက မေထက်ကို အကဲခတ်နေသည်။

ဖုန်းချပြီးတော့ တစ်ချက်မှုမ်းပြုံးပြရင်း အပေါ်ထပ်သို့ ပြန်တက်သွားလေတော့သည်။

"အင်း... တူမကြီးကလည်း အချောသားပဲနော်"

မေမေ့စကားကြောင့် ဒေါ်လေးနွေက တစ်ချက်ပြုံးသည်။

"ကဲ... ကျွန်မတို့လည်း ပြန်ပါဦးမယ်"

"ဟုတ်ကဲ့"

လူခတို့ ပြန်သွားတော့ ဖွေးက ပြတင်းပေါက်နားတွင်



www.burmeseclassic.com

www.burmeseclassic.com



တွေတွေ လေး ရပ်နေသည့်မို့ ဒေါ်လေးနွေ ဘာမှ မပြောဘဲ ထမင်း စားခန်းဘက် ဝင်လာခဲ့သည်။

မေထက်ကလည်း အပေါ်ထပ်မှ ဆင်းလာ၏။

"သမီး၊ ထမင်းစားတော့မလား"

"ဟုတ်ကဲ့ ဒေါ်လေးနွေကော မစားသေးဘူးလား"

"ပြီးမှပဲ စားတော့မယ်၊ သမီးစားနှင့်"

မေထက် ငြိမ်ငြိမ်လေး ထမင်းစားနေလိုက်သည်။

"သမီးထက်"

"ရှင်... ဒေါ်လေးနွေ"

"ဒေါ်လေးနွေ သဘောတူလိုက်ပြီ၊ မိသားဖသားဝီဝီ လာ တောင်း ရမ်းတော့ ငြင်းဖို့ခက်တယ်။ ပြီးတော့ ဖွေးကလည်း သိပ် မေတ္တာရှိနေပြီဆိုတော့..."

"ကောင်းပါတယ်လေ။ မေထက် မကန့်ကွက်ပါဘူး"

"သမီးကို ချစ်တယ်တဲ့။ မောင်လူခ မိခင်က..."

"အဟင်း..."

မေထက် ခပ်မဲ့မဲ့ ရယ်မိသည်။

အင်းလေ မေထက် အားလုံးကို ခွင့်လွှတ်ဖို့ ကြိုးစားရတော့ မှာပေါ့။

သူတို့အားလုံး ပျော်နေကြတော့ မေထက် ကျေနပ်ရတော့ မှာပါ။

❷



## အခန်း (၂၉)

"မေထက် အကြာကြီး ခွဲရဦးမယ်ကွာနော်"

"အင်း..."

"ပြန်ပြန်လာချင်း လက်ထပ်မှာပဲ"

"အင်းပါ"

မေထက် ညနေဆို လေယာဉ်ကွင်း ဆင်းရတော့မှာပါ။

ပညာတော်သင်သွားရမည် မဟုတ်လား။

ဒေါက်တာရန်ပိုင်ထွန်း မေထက်မျက်နှာလေးကို ကြည့်နေ မိသည်။

"မေထက်ရယ်"

သူက မေထက် လက်ကလေးကို မချင့်မရဲ ဆုပ်ကိုင်လိုက် သည်။

"ဒေါက်တာ... မေထက် မလွမ်းချင်ဘူး။ မေထက် အမြဲ ကြိုးစားချင်တယ်။ ဟိုရောက်ရင် မေထက် တစ်အားကြိုးစားမှာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



အားလုံးထဲမှာ အထူးချွန်ဆုံးဖြစ်စေရမယ်"

"သိပ်ကောင်းပါတယ်။ ကိုယ် မေထက်အတွက် ဂုဏ်ယူနေမှာပါ"

မေထက် လုပ်သမျှကို သူ တစ်ချိန်လုံး ကြည့်နေခဲ့သည်။

စာအုပ်ကိစ္စအားလုံးကို ဒေါက်တာရန်ပိုင်ထွန်းအား မေထက် လွှဲထားခဲ့သည်။

ဒေါ်လေးနွေက မေထက်ကို ကျန်းမာရေး ဂရုစိုက်ဖို့ တတွတ်တွတ် မှာရှာသည်။

စိတ်ချပါ ဒေါ်လေးရယ်ဟု အကြိမ်ကြိမ် ပြောယူရသည်။

"မေထက်"

"ရှင်..."

"စာ မှန်မှန်ပြန်နော်"

"အင်းပါ၊ မေထက် ပရိသတ်တွေကိုလည်း မေထက် နှုတ်ဆက်ချင်လိုက်တာ"

"သူတို့ မေထက်အတွက် ဂုဏ်ယူမှာပါ"

"မေထက် စာမူတွေ ပို့လိုက်မယ်နော်"

"စိတ်ချ မေထက်၊ ကိုယ် အားလုံး တာဝန်ယူပါတယ်"

မေထက်ရင်ထဲ တစ်မျိုးကြီး ဖြစ်နေရသည်။

ဟာတာတာကြီးပါပဲ။

မြန်မာပြည်နှင့် အကြာကြီး ခွဲရမည် မဟုတ်လား။

ဘာပဲဖြစ်ဖြစ် ပညာတော်သင်ဖို့ သွားရမှာမို့ မေထက် ဂုဏ်ယူ ကျေနပ်မိသည်။





"မေထက်၊ ဖွေးကို မတွေ့ပါလား"

"ယင်းမာတို့အိမ်မှာ သွားနေတာ တစ်ပတ်တောင် ကျော်ပြီပဲ"

"မေထက်ကို သူ လိုက်မပို့ဘူးလား"

"သူမှ မသိပဲ"

"မသိဘူး ဟုတ်လား"

"အင်း... မေထက်လည်း မပြောမိဘူး။ မေထက်တို့မှ မတွေ့ကြတာ"

"ဖွေးက တကယ်ပြတ်နိုင်တာပဲကွာ"

သူက မေထက်ကို ကြင်နာစွာကြည့်ရင်း ပြောသည်။

မေထက် တုံ့ပြန်စကား မဆိုမိ။

မေထက်နှင့် ဖွေး စကားများပြီးသည့်နောက်ပိုင်း တစ်ခါမှ မျက်နှာချင်းမဆိုင်။

မိမိက အဝေါ်၊ သူက တူမ။

တောင်းပန်လာလျှင် ခွင့်လွှတ်ရမည်ပေါ့။

ခုတော့ သူမက မေထက်ကို လှည့်ပင်မကြည့်။

ဖွေးအကြောင်းတွေးမိလျှင် ရင်နာသည်မို့ မေထက် မေ့ထားခဲ့ပါ သည်။

မျက်နှာလေး ပျက်သွားသော မေထက်ကိုကြည့်၍ သူ စကား မှားသွားမှန်း နားလည်လိုက်သည်။

"မေထက် ပျော်လား"

သူ့စကားလမ်းကြောင်း ပြောင်းပစ်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"မေထက် မပျော်ပါဘူး။ ရင်ထဲမှာတော့ တစ်မျိုးကြီးပဲ"

"ကိုယ်လည်း ဒီလိုပဲ လှုပ်ရှားခဲ့ဖူးတာပါပဲ"

"ဟိုရောက်တော့ ပျော်လား"

"ပျော်တာပေါ့။ အရမ်းပျော်တာပဲ။ တဖြည်းဖြည်း အနည်ထိုင်လာ တော့မှ မြန်မာပြည်ကို လွမ်းတာ။ ချက်ချင်းတောင် ပြန်လာချင်တယ်"

"အဟင်း... ဒါနဲ့ မလွမ်းအောင် ပျော်စရာ ရှာရော ဆိုပါတော့"

မေထက် သူ့ကို ရိတာမှန်း နားလည်လိုက်၏။

"ဩော်... ခုမှ သတိရတယ်၊ မေထက် ဟိုမှာ ယောကျ်ားလေးတွေနဲ့ မရောရဘူးနော်"

"ဟင်း... ဟင်း... ဟင်း"

"မရယ်နဲ့ မေထက်၊ ကိုယ် တကယ်စိတ်ပူနေတာ"

"ဒါကတော့ မေထက် ကတိပေးမထားနိုင်ဘူး"

"မေထက် မစနဲ့ကွာ"

"ဟွန်း သည်းနေလိုက်တာ။ မေထက် အရမ်းကြိုးစားမှာ၊ အချိန်တောင် လောက်မှာ မဟုတ်ဘူး။ စာလည်း ရေးရဦးမယ်"

မေထက် မျက်နှာ လေးကို သူ ငေးကြည့်နေမိသည်။

မသွားခင်ကတည်းက လွမ်းရတော့ မလိုပါလား။

"မေထက်"

"ဟင်..."



အားလုံးပြင်ဆင်ပြီးတော့ မေထက်က သူ့ဘေးတွင် လာ ထိုင်သည်။

"ကိုယ် မခွဲချင်ဘူးကွာ"

"မေထက်လည်း ဒီလိုပါပဲ။ ဒါပေမယ့်..."

"ကိုယ် နားလည်ပါတယ် မေထက်ရယ်"

"ဒေါက်တာ"

"မေထက် ပြင်မခေါ်သေးဘူးနော်"

"ဘယ်လို ခေါ်စေချင်လဲ ဟင်"

ချစ်သူ့ဆန္ဒကို မေထက် လိုက်လျောချင်မိသည်။

"ကိုကိုလို့ခေါ်"

မေထက် ရှက်ပြုံးနှင့် မျက်လွှာချမိသည်။

"ကိုကို..."

တိုးတိုးညင်းညင်းလေး ခေါ်သံကြောင့် ရန်ပိုင်ထွန်း ကျေနပ် သွားရတော့သည်။

"မေထက်"

"ဟင်..."

"ချစ်တယ်ကွာ"

"ကိုကိုရယ်"

မေထက်ရင်ထဲက တဒိန်းဒိန်း ဖြစ်သွားရသည်။

ဒေါက်တာရန်ပိုင်ထွန်း မေထက်ကိုယ်လေးကို သူ့ဘက် လှည့်လိုက်သည်။ ပြီးတော့ အိထွေးထွေး ခန္ဓာကိုယ်လေးကို အကြာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးဖက်ထားမိ၏။

"မေထက်"

မေထက် ပြန်မထူး။

သူပို၍ ကျစ်စွာ ထွေးထားမိတော့သည်။ မေထက် ပါးပြင် ပေါ်သို့ အနမ်းနုနုတစ်ချက် ခြွေချမိ၏။

"မေထက် ကိုကိုဖို့ ဘာလက်ဆောင် ယူလာခဲ့ရမလဲဟင်"

"ကောင်မလေး ချောချောတစ်ယောက်"

"ကိုကိုနော် မနောက်နဲ့"

မေထက်က သူ့ရင်ခွင်မှ ရုန်းထွက်ရင်း မတ်တတ်ရပ် လိုက်သည်။

"ဧည့်သည်တွေ လာကြတော့မှာ"

"ရှုပ်တယ်ကွာ"

"ကိုကိုကလည်း သူတို့ လိုက်ပို့မလို့ လာတာပဲဟာ"

"လေယာဉ်ကွင်းက စောင့်ပေါ့"

"ကိုကို တစ်ယောက်ဟာလေ"

မေထက် ရေမိုးချိုးတော့ ဧည့်သည်တွေ ရောက်လာကြ တော့သည်။

အင်း... ဖွေးတစ်ယောက် မေထက်ကို တကယ် သံယော ဇဉ် ဖြတ်နိုင်တာပဲဟုတွေးပြီး စိတ်မကောင်းဖြစ်ရသေးသည်။

"မေထက်ရေ"

နေခြည်က အိမ်ထဲဝင်လာရင်း ခေါ်သည်။





"ဟော...ကိုရန်ပိုင်ကြီး ရောက်နေတာကြာပြီလား"

"အင်း..."

"မေထက်ကော"

"ရှိသားပဲ"

"မေထက်က ဘယ်လောက်များလဲလို့၊ နေခြည့်ကို အိမ် စောင့်ပြီး နေရစ်ခိုင်းတယ်"

မကျေမနပ်နှင့်ပြောရင်း နေခြည် အိမ်ထဲဝင်သွားသည်။

အားလုံး အိမ်ကထွက်ကြတော့ နေခြည်တစ်ယောက်သာ ကျန်နေခဲ့၏။

"နေခြည်၊ မေထက်မရှိတုန်း ဒေါ်လေးနွေ့ကို ဂရုစိုက်ပါ"

"အင်းပါ"

"ပြီးတော့ ဖွေးကိုလည်း..."

"စိတ်ချသွားစမ်းပါ"

စကားပင် မဆုံးသေး၊ နေခြည်က စိတ်မရှည်စွာဆိုသည်။

လူခနှင့်ဖွေးအကြောင်းကို သိပြီးကတည်းက နေခြည် မေထက်ကို ကရုဏာသက်ရသည်။

နေစိမ့်လွှန်းသောဖွေးကို ဒေါသထွက်ရသည်အထိ။

မေထက်တို့ကားလေး ခြံထဲကထွက်သွားမှ နေခြည် ဧည့်ခန်း ဆက်တီမှာ ထိုင်ဖြစ်သည်။

"ဘွားလေးရေ"

ခဏပင် မကြာသေး။

ခြံထဲသို့ ကားတစ်စီးဝင်လာပြီး ဖွေး ပြေးဆင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော... ဒေါ်လေးနေခြည်"

ဖွေး မျက်နှာရှင်ရှင်လေးကို နေခြည် တစ်ချက်ကြည့်ဖြစ်၏။

ဖွေးနောက်မှာ ရပ်နေသူက လူခ။

"ဦးခ လာလေ ထိုင်"

ဖွေးက အိမ်ထဲဝင်သွားပြီး ပြန်ထွက်လာသည်။

"ဘွားလေးတို့ မရှိကြဘူးလား"

"ဟင့်အင်း..."

နေခြည်က သည်လောက်ပဲ ဖြေသည်။

အဒေါ်တစ်ယောက်လုံး နိုင်ငံခြားသွားမှာကိုတောင် မသိရအောင် ညှို့လွှန်းသည်ဟု တွေးမိ၏။

"ဘွားလေး ဘယ်သွားလဲဟင်"

"လေယာဉ်ကွင်း သွားတာပေါ့"

"လေယာဉ်ကွင်း ဟုတ်လား"

"အင်းလေ၊ ညည်းလေးက အိမ်မှာမနေတော့ ဘယ်သိမလဲ။ ဒီနေ့ မေထက် နိုင်ငံခြားသွားမှာ"

"ဟင်"

ဖွေးက မယုံသလိုကြည့်သည်။

"ဒေါ်လေးနေခြည် တကယ်ပြောတာလား"

"နောက်စရာမှ မဟုတ်တာ"

"ဖွေး လုံးဝ မသိဘူး"

"ဦးခ သွဲ့သွဲ့လောက်တော့ ကြားမိသား။ ဒီလောက်





ချက်ချင်းကြီး မထင်ဘူး။ မေထက် တော်တော် သိုသိုသိပ်သိပ် နိုင်တာပဲ"

လူခ မှတ်ချက်ချမိသည်။

ဖွေးက တွေဝေစွာ ထိုင်နေ၏။

"ဦးခ ဖွေး လိုက်သွားချင်တယ်"

"အခုမှတော့ မီချင်မှ မီတော့မှာ"

နေခြည်က တားချင်ပေမယ့် ဖွေး လက်မခံ။

"ဖွေးကို လိုက်ပို့ပေးပါ ဦးခ၊ ဖွေး ဒေါ်လေးထက်ကို နှုတ်ဆက်ချင်တယ်"

"မကြာခင် ပြန်လာမှာပဲဟာ"

"ဟင့်အင်း၊ ဖွေး ဒေါ်လေးထက်ကို နှုတ်ဆက်ချင်ပါတယ်။ သူစိမ်းတွေတောင် လိုက်ပို့နှုတ်ဆက်ကြတာ။ ဖွေးက တူမအရင်းကြီးပါ"

"ကဲ... လာ၊ ဦးခ လိုက်ပို့မယ်"

ဖွေးက ကားရှိရာပြေးသွားပြီး ကားတံခါးဖွင့်ကာ စွေ့ခနဲ ထိုင်လိုက် သည်။

ဖွေးရင်ထဲမှာ ဒေါ်လေးထက်နှင့် လွဲသွားမှာ စိုးရိမ်နေရသည်။

စကားများသည့်နေ့က ဒေါ်လေး ငိုပုံကို ပြန်သတိရတော့ အပြစ်ရှိသလို ခံစားရသည်။

"ဦးခ မြန်မြန်လေး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း..."

"ဖွေး ဒေါ်လေးထက်နဲ့ မတွေ့ရရင်တော့ ဒုက္ခပဲ"

လှူခ ဖွေးကိုကြည့်၍ သက်ပြင်းချသည်။

ဖွေး စိတ်လေးနေပုံကြောင့် သူ မြန်မြန်မောင်းပေးရသည်။

လေယာဉ်ကွင်းထဲရောက်တော့ ဖွေး သက်ပြင်းချ၏။

လေယာဉ်က မထွက်သေးပါ။

ဒေါ်လေးထက်ကို ဖွေး ရှာနေမိသည်။

"ဟိုမှာ ဖွေးရဲ့"

လှူခက အရင်မြင်သည်။

မေထက်က သူတို့ဘက်ကို ကျောခိုင်းထားသည်မို့ မမြင်။

ဖွေး ဒေါ်လေးထက်နား ပြေးသွားသည်။

"ဒေါ်လေးထက်"

"ဟင်..."

မေထက် အံ့သြစွာလှည့်ကြည့်သည်။

ဖွေး ဒေါ်လေးထက်ကို အကြာကြီးကြည့်သည်။

မျက်ဝန်းအိမ်တွင် မျက်ရည်များ လျှံကျလာသည်ကို သတိပြုမိသည်။

"ဖွေးကို ခွင့်လွှတ်ပါ ဒေါ်လေးထက်"

မေထက်ရင်ထဲ ကျဉ်ခနဲ ဖြစ်သွားရသည်။

"ဖွေး မိုက်ပါတယ်၊ ဖွေး ဒေါ်လေးကို အရမ်းစော်ကားခဲ့မိတာပါ"





"ဒေါ်လေး ခွင့်လွှတ်ပါတယ်။ မင်း လိမ်လိမ်မာမာ နေ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

ဒေါ်လေးထက် ဆက်ဆံပုံက အေးတိအေးစက်ကြီးမို့ ဖွေ ပိုလို့ ဝမ်းနည်းရသည်။

"ဒေါ်လေး ဖွေးကို ခွင့်မလွှတ်နိုင်ဘူးလား"

"ရော်... ပြောပြီးပြီပဲ။ ဒေါ်လေး ခွင့်လွှတ်ပါတယ်လို့ အခေါ် နေရာမှာ ရှိနေတော့လည်း ခွင့်လွှတ်ပေးရမှာပေါ့။ ဒါပေမယ့် ဘယ်လိုပဲပြုပြင် ပြုပြင် လိုရာပုံ ဖြစ်မလာဘူးဆိုတာ သိရတော့ ဒေါ်လေး စိတ်မကောင်းပါ ဘူး"

ဖွေးက ခေါင်းငုံ့နားထောင်နေ၏။

"ဒေါ်လေးရဲ့ စေတနာတွေကို နောက်တော့ နားလည်လာပါလိမ့်မယ်။ ဟင်းမွှေတဲ့ယောက်မလို ဟင်းရဲ့အရသာကို မသိတဲ့အဖြစ် မရောက်ပါစေနဲ့။ ဒေါ်လေးနဲ့ ဝေးနေတဲ့အချိန်မှာ ဒေါ်လေး သွန်သင်မှုတွေကို ပိုမြင်လာမှာပါ"

"ဒေါ်လေးရယ်"

"ကိုယ်ပျိုးခဲ့တဲ့ ပန်းတစ်ပွင့် ဖြစ်မလာတာကိုတော့ ဒေါ်လေး အတော်ပဲ ရင်နာရတယ်။ ဒါပေမယ့် မင်းလေး ပျော်နေတယ် မဟုတ်လား။ ဒေါ်လေး ကျေနပ်တယ်"

လှူခက သူတို့နား ရောက်လာသည်။

ရန်ပိုင်ထွန်းကလည်း မေထက်ဘေးမှာ ရပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်လုပ်ချင်ရာကိုလုပ်ရရင် လူတွေက စိတ်ချမ်းသာကြတာချည်းပါပဲ။ ဖွေးလည်း ဖွေးဘဝကိုပိုင်ပြီး ဖွေးလျှောက်မယ့်လမ်းကို ဖွေးဘာသာ ရွေးရတာ ကျေနပ်နေမှာပါ။ ဖွေး ကျေနပ်ကြည်နူးနေမှတော့ ဒေါ်လေး တားလို့ဖြစ်ပါ့မလား"

မေထက်က လူခကို လှမ်းကြည့်ပြီး ပြုံးပြသည်။ ပြီးတော့ ဖွေးကို ဆက်ပြော၏။

"ဖွေး ကြိုက်သလိုလုပ်ရတာကို ဖွေး ကျေနပ်တယ်ဆိုရင် ဒေါ်လေး ကျေနပ်ရမှာပါ။ ဖွေးကျေနပ်ရင် ဒေါ်လေး ကျေနပ်ပြီးသားပါကွယ်"

မေထက်က ဖွေး ခေါင်းလေးကို လှမ်းပုတ်ပြီး...

"ဒေါ်လေး သွားမယ်၊ ပြန်လာမှ ဖွေးနဲ့ စကားအကြာကြီး ပြောရသေးတာပေါ့"

ဒေါ်လေးထက်က အားလုံးကို နှုတ်ဆက်သည်။

ဖွေး နေရာမှ မလှုပ်မယှက် ရပ်နေမိသည်။

ဒေါ်လေးထက်ရယ်။

ဒေါ်လေးထက် ဖြစ်စေချင်သလို ထူးထူးချွန်ချွန်ဖြစ်အောင် ဖွေး ဘဝတစ်လျှောက်လုံး ကြိုးစားသွားမှာပါ။

ဖွေး နားလည်ပါပြီ။

ဖွေးကို အစစအရာရာ ပြုပြင်သွန်သင်ခဲ့တဲ့ ဒေါ်လေး စေတနာ ဒေါ်လေး အကြင်နာကို ဖွေး မြင်လာပါပြီ။

မေမေက ဖွေးကို မွေးဖွားခဲ့ပေမယ့် ဒေါ်လေးက ဖွေး ဘဝကို ပဲ့ကိုင်ခဲ့သူပါ။



ဒါပေမယ့် ဒေါ်လေး စေတနာတွေကို ဖွေး စော်ကားမိခဲ့ပါတယ်။

ဖွေး နောင်တရမဆုံးပါဘူး ဒေါ်လေးထက်ရယ်။

မေထက် ဖွေးကို တစ်ချက်ကြည့်ပြီး လေယာဉ်ရှိရာသို့ ထွက်လာခဲ့၏။

ရန်ပိုင်ထွန်းက လက်ပိုက်ရင်း မေထက်ကိုကြည့်နေလေသည်။

လူခက ဖွေးကိုတစ်လှည့်၊ မေထက်ကိုတစ်လှည့်ကြည့်ရင်း အံ့သြ နေရသည်။

ဖွေးနှင့် မေထက် မသိစိတ်က တိုက်ဆိုင်လှချည်လား။

ဖွေး အမြတ်တနိုးဆိုလေ့ရှိသော စကားလေးကိုပင် မေထက်က ပြောသွားခဲ့သည်။

ဖွေးကျေနပ်ရင် ဒေါ်လေး ကျေနပ်ပြီးသားပါတဲ့။

ဖွေးက သူ့အား သည်စကားလုံးနှင့် အချစ်သက်သေထူခဲ့သည်။

ဖွေး၏ ကြီးမားလှသော ချစ်သေတ္တာက သည်စကားလုံးလေး ဖြစ်သည် မဟုတ်ပါလား။

ဖွေး သူ့ကိုချစ်လွန်း၍ ထိုစကားစုလေးကို မြတ်မြတ်နိုးနိုး သုံးခဲ့တာ သူ အသိဆုံး။

မေထက်က သည်လိုပြောလိုက်တော့ ဖွေးအပေါ် ထားရှိခဲ့တဲ့ စေတနာ အကြင်နာနဲ့ ခွင့်လွှတ်ပေးနိုင်မှုကို ဖွေး နားလည်သွားမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်တိုင်က ဖိတ်လှုံကျူလုမှု ခံစားရလွန်း၍ ရေးထား တာပါ။

သည်စကားစုလေးနှင့် ဒေါ်လေးထက် ဖွေးကို ဘယ်လောက် သံယောဇဉ်ရှိကြောင်း ပြသလိုက်ပြီပဲလေ။

"ဖွေး ပြန်ကြစို့"

ဒေါ်လေးထက်ကို ဖွေး လက်ပြနှုတ်ဆက်ဖို့ပင် မေ့လျော့ သွားခဲ့ရ သည်။

ဖွေး ရင်ထဲအထိ ထိုးဖောက်ဝင်ရောက်အောင် ပြော တာလား ဒေါ်လေးရယ်။

ဦးခက ဖွေးကို တံခါးဖွင့်ပေးသည်။

ဖွေးတို့ကားလေး မင်္ဂလာဒုံမှ ထွက်လာခဲ့ပေမယ့် ဖွေး စိတ်တွေက ဒေါ်လေးထက်နှင့်အတူ လိုက်ပါသွားရသည်။

လူခက တွေတွေကလေး ငေးနေသော ဖွေးကို ချစ်မဝစွာ ကြည့်နေမိသည်သာ။

ရွှင်လန်းချမ်းမြေ့ပါစေ။
**ပန်းသီခိုင်**

www.burmeseclassic.com